www.burmeseclassic.com

ညခင်လေးချစ်တိုက်

# မုညခင်



မိန်းမတစ်ယောက်ရဲ့ အတ္ထုပ္ပတ္တိ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com





## ချစ်စွာသော ကျွန်မ၏ ကာဗော်ပရိသတ်များသို့

ပရိသတ်များ၏ မေတ္တာဖြင့်ပင် ကျွန်မ၏ စာအုပ်များလည်း အုပ်(၃၀)တိုင်ခဲ့ပါပြီ၊ ပျော်ရွှင်ကျေနပ်စွာ ဖြတ်သန်းခဲ့ရသော အချိန်သည် မြည်မျှပင် ရှည်လျားပါစေ ခဏလေးဟုထင်ရတတ်ပြီး စိတ်ပင်ပန်းစွာ ဖြတ် သန်းခဲ့ရသောအချိန်သည် မည်မျှတို တောင်းပါစေအကြာကြီးဟု ထင်ရတတ်ပါသည်။ ကျွန်မအဖို့တော့ အုပ်(၃၀)ဆိုတာ ခဏလေးနှင့်ရောက်လာသလားဟုပင်ထင် ရပါသည်။အုပ်(၃၀)တိုင်အောင် ကျွန်မဖြတ် သန်းလာခဲ့ရသော ခရီးလမ်းက ချိုမြလှသည့်၊

www.burmeseclassic.com

www.burmeseclassic.com



ခါးတလှည့်ပင်ဖြစ်သော်လည်း ပရိသတ်များ၏မေတ္တာက ကျွန်မကို ထာဝစဉ်ချိုမြိန်ခြင်းတွေသာပေးခဲ့ပါသည်။ ထိုအတွက် ကျေးဇူးအထူးပင်တင်ရှိပါသည်။

အနယ်နယ်အရပ်ရပ်မှ စာဖတ်ပရိသတ်များ၏ ချစ်ခင်စွာဆုတောင်းပေးသောစာများ၊ သူတို့ရေးစေချင်သောအကြောင်းအရာလေးများကို ဆန္ဒပြုသောစာများကိုလည်း ကျွန်မလက်ခံရရှိခဲ့ပါသည်။ အခြေအနေအရ မိတ်ဆက်စာတိုင်းကို စာမပြန်နိုင်ခဲ့သည်ကိုလည်း ခွင့်လွှတ်စေချင်ပါသည်။ သို့သော်သူတို့ဆန္ဒပြုသောအကြောင်းအရာအတော်များများကို ကျွန်မ၏ဝတ္ထုများထဲတွင်ရေးသားဖြည့်စွမ်းပေးခဲ့ပါသည်။

ဤအုပ် ၅၀မတိုင်မီကပင်၊ ကျွန်မစာကိုဖတ်သောပရိသတ်များအတွက် တစ်စုံတစ်ရာအကျိုးရှိနိုင်မည့် အကြောင်းအရာများကို ကျွန်မရွေးချယ်ရေးသားခဲ့ပါသည်။ မိန်းကလေးများအတွက် အကျိုးတစ်စုံတစ်ရာဖြစ်ထွန်းရန်ရည်ရွယ်၍ " ကွဲအက်သွားသောမှန်ချပ်များ " ကို ရေးခဲ့ပါသည်။ စာဖတ်ပရိသတ်များထံမှ ထိုစာအုပ်ကို ကြိုက်နှစ်သက်ကြောင်း ကျွန်မထံစာရေးခဲ့သဖြင့်လည်း ကျွန်မပင်ပန်းရကျိုးနပ်ခဲ့ပါသည်။

ယခု အုပ် ၅၀ပြည့် အထူးထုတ်ကိုလည်း ကျွန်မပင်ပန်းကြီးစွာဖြင့်ရေးသားခဲ့ရပါသည်။ ရွှေရတုမို့ ထူးထူးခြားခြားလေးလည်းဖြစ်စေချင်၊ ပရိသတ်လည်း နှစ်ခြိုက်စေချင်၊ တစ်စုံတစ်ရာလည်းအကျိုးရှိစေချင်သော စေတနာက နည်းနည်းအစွန်းရောက်သောချိန်မှာ မကောင်းမှာ စိုးရိမ်သောက က ကျွန်မကို [illegible]ခဲ့ပါသည်။ ကျွန်မစာရေးသက်တမ်းတလျှောက်လုံးမှာ အပြင်းထန်ဆုံးခံစားရသည့် ခံစားမှုဖြစ်ပါသည်။ ထိုခံစားမှုဟာဘယ်လောက်ဆိုးသလဲဆိုရင်၊ ဝတ္ထုရေးဖို့ စားပွဲမှာထိုင်လိုက်တိုင်း ကျွန်မရင်တွေတုန်ကာဆက်ရေးလို့မရတော့ခြင်းပင်ဖြစ်သည်။

နောက်ဆုံးတော့ ကျွန်မ ခရီးတွေထွက်၊ အပန်းဖြေပြီး စိတ်အေးလက်အေးထားနိုင်ဖို့ကြိုးစားရပါသည်။ ပုံမှန်ဝတ္ထုရေးချိန်ထက် လေးဆလောက် အချိန်ယူပြီးမှ၊ ဤဝတ္ထုကိုရေးသားပြီးစီးခဲ့ပါသည်။ ဝတ္ထုဇာတ်သိမ်းရေးပြီးသွားချိန်တွင် ကျွန်မလည်း အရုပ်ကြိုးပြတ် ခြေကုန်လက် ပန်းကျသွားခဲ့ရပါသည်။

ကျွန်မ၏စာဖတ်ပရိသတ်များ ကျေနပ်နှစ်သိမ့်မှုရလျှင်တော့ ကျွန်မပင်ပန်းရကျိုးနပ်ပါပြီ. . . ။ ရှေ့ဆက်၍လည်းကျွန်မ၏စာဖတ် ပရိသတ်များအတွက် လုံးချင်းဝတ္ထုများ၊ ဝတ္ထုတိုများကို မေတ္တာစေတနာဖြင့် ကြိုးစားရေးသားသွားပါဦးမည်။

ကျွန်မ၏စာဖတ်ပရိသတ်များအားလုံး တစ်ဝတလျှောက်လုံး ကိုယ်ရောစိတ်ပါပြည့်စုံ အေးချမ်းကြပါစေ. . . ။



မေတ္တာဖြင့်. . .
ပုညခင်

www.burmeseclassic.com

www.burmeseclassic.com





မျက်နှာပေါ်လွှာ

ကျွန်မတို့အားလုံး၏ ရုပ်ကို စိတ်က[illegible] သည်ဟု ကျွန်မထင်ပါသည်။ စိတ်ကြည်လင်ရွှင်[illegible] ရုပ်ဆိုးသူပင်လျှင် နှစ်သက်ဖွယ် ဖြစ်လာ[illegible] စိတ်မချမ်းသာပါက ရုပ်လှသူပင်လျှင် အကြည်[illegible] သွားတတ်ပါသည်။ စိတ်က ကျွန်မတို့၏ဘဝတွေကို[illegible] လွှမ်းမိုးအကျိုး သက်ရောက်စေပါသည်။

ဇာတ်ကောင်များစွာ၏စရိုက်မျိုးစုံ၊ စိတ်မျိုးစုံကို ကိုင်တွယ်ဖန်တီးရသောကျွန်မအဖို့စိတ်၏သဘောသ





ဘာဝများကိုနားလည်ရန် လိုအပ်သည် ဟုသိရှိနားလည်ခဲ့ပါသည်။ထို့ကြောင့်ပင်စိတ်ပညာနှင့်ပတ်သက်သော စာအုပ်များစွာကို ဖတ်ရှုလေ့လာ ခဲ့ဖူးပါသည်။

ထိုမျှနှင့်အားမရနိုင်သောကျွန်မက ၂၀၀၅ ဇူလိုင်လမှစကာ ရန်ကုန်တက္ကသိုလ်တွင်ဖွင့်လှစ်သော အသုံးချစိတ်ပညာဒိပလိုမာသင်တန်း ကိုအချိန်လုံး၍ တက်ဖြစ်ခဲ့ပါသည်။

အိပ်ရာမှနိုးထစ နံနက်ခင်းတိုင်းကို ပါမောက္ခ ဆရာ၊ ဆရာမကြီးများ၏သင်ကြားမှုများဖြင့် ဖွင့်လှစ်ရသည်မှာ အလွန်မင်္ဂလာရှိလှပါသည်။

ကျွန်မ၏အုပ်၅၀ပြည့်ဝတ္ထုကို ဤသင်တန်း တက်ရင်းရေးသားရန် စိတ်ကူးရခဲ့ခြင်းဖြစ်ပါသည်။

စိတ်ပညာကိုနားလည်လာသည့်နှင့်အမျှ လူများ၏စိတ်ကို ကျွန်မနားလည်လာနိုင်ပြီး ကျွန်မ ဝတ္ထုရေးသားရာတွင်လည်း များစွာအကျိုးဖြစ်ထွန်းခဲ့ပါသည်။

ကျွန်မကိုစိတ်ပညာနှင့်ရင်းနှီးထိတွေ့စေခဲ့သော [illegible]သော တီချယ်ကြီး ပါမောက္ခဒေါ်အေးသန်း၊ [illegible] ဖြင့် သင်ကြားပို့ချပေးခဲ့သော ပါမောက္ခ [illegible]ဒေါ်မြင့်အေးဝင်း၊ ပါမောက္ခဒေါ်ခင်မျိုးရီ၊ တွဲ[illegible]ဦးအောင်သန်းဦးနှင့် ကျွန်မသိလိုသမျှကို [illegible]ရှည် ဖြေကြားပေးခဲ့သော ဒုပိုလ်မှူးကြီး [illegible](Senior Clinical Psychologist) [illegible]လား" ဟု မကြာခဏမေး၍တွန်းအားပေးရုံမျှ [illegible]စာရေးဖြစ်သည့်နေ့တွေအတွက်ဝမ်းသ[illegible] [illegible]မစာမရေးဖြစ်သည့် နေ့တွေအတွက်

www.burmeseclassic.com

www.burmeseclassic.com





စိတ်ပူပေးသော၊ ဝတ္ထုပြီးကြောင်းဖုန်းဆက်ပြောတိုင်း ကျွန်မနှင့်ထပ်တူပျော်ရွှင်ဝမ်းမြောက်တတ်သော၊ ကျွန်မ၏ကောင်းခြင်းဆိုးခြင်းမှန်သမျှကို နားလည်ခွင့်လွှတ်သည်းခံတတ်သည့်ကျွန်မ၏ချစ်လှစွာသော အန်တီကလျာ (ကလျာ (ဝိဇ္ဇာ-သိပ္ပံ)နှင့် ကျွန်မ၏ ကျေးဇူးတင်ထိုက်သော သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာများ၊ မိတ်ဆွေကောင်းများနှင့် သူငယ်ချင်းကောင်းများအား အထူးပင်ကျေးဇူးတင်ရှိပါကြောင်း လှိုက်လှဲစွာမှတ်တမ်းတင်အပ်ပါသည်။

ပုညခင်



## ပုညခင်၏ ထုတ်ဝေပြီးသော စာအုပ်များ

၁။ ရင်ခုန်ရဲတိုက် (ဗီဒီယို)
၂။ ပန်းအဆိပ်
၃။ မာနပြတိုက်
၄။ ချစ်သူများရဲ့ည (ဗီဒီယို)
၅။ ဆန့်ကျင်ဘက်မြားနှစ်စင်း၏ ချစ်ခြင်းဆုံမှတ် (ဗီဒီယို)
၆။ သမုဒ္ဒရာနှင့်တူသော အချစ်များအကြောင်း (ဗီဒီယို)
၇။ ညှို့ချက်ပြင်းသော ချစ်ခြင်း၏ခြေရင်း၌ (ဗီဒီယို)
၈။ ကောင်းကင်အနမ်း (ဗီဒီယို)
၉။ အဆိပ်ခကောင်းကင်
၁၀။ နှင်းဆီဖြူပုံပြင် (ဗီဒီယို)
၁၁။ ပုံပြင်ထဲက အချစ်အကြောင်း (ဗီဒီယို)
၁၂။ ချစ်ခြင်းရဲ့လှည့်ကွက် (ဗီဒီယို)
၁၃။ အစိမ်းချပ် (ဗီဒီယို)
၁၄။ လျှို့ဝှက်ရင်ခုန်သံ (ရုပ်ရှင်)
၁၅။ အချစ်ကိုပေးခဲ့သည်
၁၆။ ပင်လယ်ကဗျာ
၁၇။ တံတိုင်းကြီးခြား
၁၈။ ကာရန်အလွဲ (ရုပ်ရှင်)
၁၉။ အချစ်ရဲ့တန်ခိုးများ
၂၀။ မာယာအပြင်းစား
၂၁။ လှတဲ့တေး (ဗီဒီယို)
၂၂။ အိမ်တစ်စနှင့်နွယ်တစ်မျှင် (ဗီဒီယို)
၂၃။ လျှပ်ရောင်အလင်း ချစ်ခြင်းမီးအိမ်
၂၄။ ပျားရည်မြစ်ထဲမှာ
၂၅။ အနီရောင်မိုးတိမ် (ဗီဒီယို)



www.burmeseclassic.com

www.burmeseclassic.com




၂၆။ ချစ်ခြင်းကိုဖွင့်ဆိုကြသူများ
၂၇။ ချစ်သူရှိတဲ့မိန်းမ
၂၈။ ချစ်ခြင်းတရား၏ အလိုတော်အတိုင်း
၂၉။ အချစ်သစ်ရှာဖွေခြင်း(ဗီဒီယို)
၃၀။ အချစ်နှင့်ကကြိုး (ဗီဒီယို)
၃၁။ လျှို့ဝှက်တိတ်ဆိတ်သော. . .
၃၂။ ကြယ်တစ်ပွင့်နဲ့စံပယ်ဖြူ
၃၃။ ဧဒင်ရဲ့သစ်သီး (ဗီဒီယို)
၃၄။ နှင်းဒဏ္ဍာရီ
၃၅။ အိပ်မက်ကိုထုဆစ်သူများ (ဗီဒီယို)
၃၆။ ဗီးနပ်(စ်)ကြယ်နှင့် လုလင်ပျို (ဗီဒီယို)
၃၇။ အမည်ခံချစ်သူ
၃၈။ ချစ်သူသာ ပန်းတစ်ပွင့်ဖြစ်ခဲ့လျှင် (ရုပ်ရှင်)
၃၉။ ငြိတွယ် (ဗီဒီယို)
၄၀။ သစ္စာကြိုး
၄၁။ အချစ်ကိုစိတ်ထဲမှတ် လက်ဆယ်ချောင်းထောင် (ဗီဒီယို)
၄၂။ အချစ်သက်သက်အချစ်
၄၃။ ကဗျာမမီ (ဗီဒီယို)
၄၄။ နှစ်ပင်လိမ် (ဗီဒီယို)
၄၅။ ကွဲအက်သွားသောမှန်ချပ်များ
≺ အချစ်စစ်မရှာသူများ (ဝတ္ထုတိုစုစည်းမှု)
၄၆။ ပုံပြောသူများ
၄၇။ ညခင်းရဲ့လမင်း (ဗီဒီယို)
၄၈။ အချစ်ကပေးတဲ့တစ်စုံတစ်ရာ
၄၉။ အချစ်သည်ထိုကဲ့သို့လည်း. . .
ယခု မိန်းမတစ်ယောက်ရဲ့အတ္ထုပ္ပတ္တိ


BURMESE CLASSIC .com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com


www.burmeseclassic.com


| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | • | ၅၀၀၁၇၆၀၆၀၂ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | • | ၅၀၀၁၇၅၀၆၀၂ |
| ထုတ်ဝေခြင်း | • | ၂၀၀၆ ခုနှစ်၊ မတ်လ<br>ပထမအကြိမ် |
| အုပ်ရေ | • | ၁၀၀၀ |
| တန်ဖိုး | • | ၁၀၀၀ |
| အဖုံးဒီဇိုင်း | • | ကိုဆန်း |
| ကွန်ပျူတာစာစီ | • | ကိုသက်အောင်(ကမ္ဘာအေး) |
| ထုတ်ဝေသူ | • | ဒေါ်သင်းသင်းမာ(ယာယီ၈၅၆)<br>ပုညခင်စာအုပ်တိုက်<br>တိုက် ၆၁၊ အခန်း ၁၁၊<br>ကမ္ဘာအေးဘုရားလမ်း<br>(ပါရမီလမ်းထောင့်)၊ ရန်ကုန်။ |
| အတွင်းပုံနှိပ် | • | ဒေါ်ခင်ခင်ဝင်း<br>ကလျာပုံနှိပ်တိုက်<br>၁၅၂၊ ကျွန်းချွေမြိုင်လမ်း၊<br>သုဝဏ္ဏ၊ ရန်ကုန်။ |
| မျက်နှာဖုံးပုံနှိပ် | • | ဦးမြသိန်း<br>သိန်းမြင့်ဝင်း OFFSET<br>အမှတ် ၉၆၊ ၁၁ လမ်း၊<br>ရန်ကုန်။ |


ပုညခင် စာအုပ်တိုက်

အငြိ(၅၀) ပြည့် ရွှေရတုအမှတ်တရ

# ပုညခင်



# မိန်းမတစ်ယောက်ရဲ့အတ္ထုပ္ပတ္တိ

www.burmeseclassic.com

www.burmeseclassic.com

# ပဏာမ

www.burmeseclassic.com

www.burmeseclassic.com



❀ ❀ ❀

ပြတင်းတံခါးကို တွန်းဖွင့်လိုက်သောအခါ လရောင်သည် သူမ၏ အခန်းတွင်းသို့ စီးဝင်လာလေသည်။ ခုမှပဲ အမှောင်သည် ဘေးသို့ရှဲသွားသည်။ ညဟာ လမရှိရင် သိပ်ကြောက်စရာကောင်းမှာပဲ ...။

လရောင်သည် အနီရောင် တယ်လီဖုန်းလေးပေါ်သို့ ဆလိုက်ထိုးသလို လင်းဖြာကျလာသည်။

အမျိုးသမီးသည် ထိုတယ်လီဖုန်းရဲ့ လေးပေခန့် အကွာတွင် ရပ်တန့်ရင်း တုန်လှုပ်ချောက်ချားလျက်ရှိသည်။

Aircon ဖွင့်ထားသော အခန်းထဲတွင် ရှိနေပါလျက် သူမ ခန္ဓာကိုယ်တစ်ခုလုံး ချွေးဖြင့် စိုနစ်နေသည်။ ပြီးတော့ သူမ လက်ချောင်းလေးတွေတောင် မသိမသာ တုန်နေသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ပန်းနုရောင် ညဝတ်အင်္ကျီ၏ အဖျားစလေးတွေ ပုံအိကျနေသော ခြေထောက်တစ်စုံကတော့ ကြမ်းပြင်ကို ကုတ်ကတ်တွယ်ထားပြီး မရွေ့အောင် ထိန်းချုပ်ထားသည်။ သူမရဲ့ နှလုံးခုန်သံက ပုံမှန်ထက်မိုပြီး ကျယ်လောင်လာသည်။

အဲ့ဒီ တယ်လီဖုန်းဆီ သူမ သွားရမလား … မသွားရဘူးလား …။

အမျိုးသမီးသည် အံ့ဩဖို့ကောင်းစွာပင် ထိုနေရာ၌ တစ်နာရီခန့် ရပ်တန့်နေခဲ့ပြီးပြီ။ သူမရဲ့ ခြေဖျား လက်ဖျားတွေလည်း အေးစက်နာကျင် ထုံထိုင်းနေခဲ့ပြီ။

ရုတ်တရက် အခန်းပြတင်းတံခါး တစ်ချပ်က ခပ်ပြင်းပြင်း တိုက်လိုက်သော လေကြောင့် ဘမ်းခနဲ အသံမြည်သွားသည်။ အမျိုးသမီးက ဆတ်ခနဲ တုန်သွားပြီးမှ သက်ပြင်းကို ချသည်။ သိပ်လန့်တာပဲ။ သူမက အရာရာအတွက် လိုတာထက်ပိုပြီး ကြောက်လန့်နေတတ်သည်။ အဲ့ဒါ သူနဲ့တွေ့ပြီးမှပါ …။

စောစောတုန်းကလည်း အိပ်မက်တွေ မက်ခဲ့သေးသည်။ အိပ်မက်ထဲမှာတော့ သူမက အပြင်ကထက်ပိုပြီး သတ္တိကောင်းသည်။ ရဲရင့်သည်။ ဒါတောင်မှ သူမ လုပ်ချင်တာတွေကို အပြည့်အဝ မလုပ်ရဲခဲ့ …။ အိပ်မက်ထဲမှာတော့ သူမ မိုက်ချင်ပါသည်ကွယ် …။

ညဥ့်နှောင်းပိုင်းမို့ ထင်ရဲ့ … တိတ်ဆိတ်ခြင်းက





ပိုပြီး နက်ရှိုင်းကာ လေကလည်း ထန်လာသည်။ ဒီလိုအချိန်မျိုးမှာ ဖုန်းသံမြည်လာခဲ့လျှင် သူတို့လည်း နည်းနည်းတော့ ချောက်ချားသွားမှာပဲ။ သို့သော် ထိုချောက်ချားမှုဟာ သူမကိုတော့ မမီနိုင်ပါ။

လေပြင်းက ပြတင်းမှတစ်ဆင့် အခန်းတွင်းသို့ ခပ်ကြမ်းကြမ်း ဝင်လာသောအခါ သူမ၏ ခန္ဓာကိုယ်ပေါ်မှ သူမကိုယ်တိုင် Design ထွင် ချုပ်လုပ်ထားသော ပန်းနုရောင် ညဝတ်အင်္ကျီက လှုပ်လှုပ်သွားပြီး စိမ့်ခနဲ ချမ်းသွားသည်။ ထိုအခိုက် မီးပြတ်ကာ Aircon သံ သဲ့သဲ့ပါ ပျောက်သွားသည်။

ခဏကြာတော့ ကနုကမာသွေးရှိသော အမျိုးသမီးရဲ့ ခြေဖဝါး တစ်စုံသည် တယ်လီဖုန်းဆီသို့ ညင်သာစွာရွေ့လျက်ရှိလေသည်။

တရွေ့ရွေ့ နီးကပ်လာခဲ့ပြီ။ အသက်ရှူသံလည်း မြန်ဆန်လာသည်။

ပြတင်းတံခါးတည့်တည့်သို့ ရောက်လာခဲ့သည်။ တယ်လီဖုန်းပေါ် ကျရောက်နေသော လရိပ်သည် သူမ ခန္ဓာကိုယ်ပေါ်သို့ ဝေမျှကျရောက်လာသည်။

ပြတင်းမှ ဝင်လာသော လေကြောင့် သူမရဲ့ ကျောသပ်မှာ၊ ရင်ညွန့်တစ်ဝိုက်မှာ ဝဲဖြာကျနေသော ဆံနွယ်ရှည်များနှင့် သဝတ်အင်္ကျီက တဖျပ်ဖျပ်လှုပ်လှုပ်နေသည်။

အမျိုးသမီးရဲ့ ပန်းသွေးရောင်စိုသော လက်ချောင်း



www.burmeseclassic.com

www.burmeseclassic.com



ကလေးတွေသည် တယ်လီဖုန်း ခလုတ်တွေကို တစ်ခုချင်းနှိပ်လျက်ရှိသည်။

ဟင့်အင်း … ရပ်လိုက်တော့ …။

ဘယ်သူက အမိန့်ပေးလိုက်သလဲမသိပါ။ ၅ ကြိမ်မြောက် နှိပ်အပြီးမှာ သူမ လက်တွေကို ဖျတ်ခနဲ ရုပ်ဖယ်ကာ နောက်သို့ ခြေတစ်လှမ်းဆုတ်သည်။ တယ်လီဖုန်းကို တစ္ဆေတစ်ကောင်လို ကြည့်သည်။ ချက်ချင်းပင် ထိုတယ်လီဖုန်းဆီ ပြန်သွားချင်သည်။ တယ်လီဖုန်း ခလုတ်တွေကို ၆ ကြိမ်တိတိ ရဲရဲဝံ့ဝံ့ နှိပ်ပစ်လိုက်မည်။ ပြီးတော့ တည်ငြိမ်စွာ ပြောမည်။

"ကျွန်မ ကိုနိုင်သတိုးရဲ့ ချစ်သူပါ …"

ဒါကို ပြတ်သားစွာ ပြောမည်။

သူမဟာ သူ့ချစ်သူပဲ …။ ဒါဟာ အဖြစ်မှန်ပဲ …။ ဖုံးကွယ်လို့ မလိုအပ်သော အဖြစ်မှန်ဖြစ်သည်။ သူမ ဘာတစ်ခုမှ မဟုတ်တာ မလုပ်ခဲ့ဘူး။ ချစ်တာဟာ မဟုတ်တာ မဟုတ်ဘူး …။ 'ချစ်သူ' ဟူသော ပညတ်ချက်ကို သူမက တရားဝင် လိုချင်သည်။

ဘယ်သူသိမှာကို ကြောက်နေတာလဲ။ မကြောက်နဲ့။ ဆက်လိုက်တော့ …။ သူနှင့် ပတ်သက်သူအားလုံး၊ သူ့အသိုက်အဝန်း တစ်ခုလုံး ဒါကို သိကြားစေရမည်။

အမျိုးသမီးသည် တယ်လီဖုန်းဆီ တရွေ့ရွေ့ တိုးသွားသည်။ ပြီးတော့ ရပ်ပြန်သည်။ ဆက်လိုက်။ မဆက်နဲ့။ ကြောက်တယ်။ မကြောက်နဲ့။ သူမစိတ်တွေ ဗလောင်ဆူလာသည်။





လေတစ်ချက်အဝှေ့မှာ တယ်လီဖုန်း နံဘေးမှာ ပြန့်ကျဲနေသော စာရွက်တွေသည် စားပွဲအောက်သို့ တဖျပ်ဖျပ် လွင့်ကျပြန့်ကျဲသွားသည်။

အို … ဒါ သူမရဲ့ ခံစားချက်တွေကို ဖွင့်ပြရေးချထားတဲ့ စာရွက်တွေပဲ။ သူ့ကို မပေးဘဲ သိမ်းထားရမည့် စာရွက်တွေ ဖြစ်သည်။

အမျိုးသမီးသည် ဖျတ်ခနဲ ဒူးတုပ်ထိုင်ချကာ စာရွက်တွေကို သွေးရူးသွေးတန်း ကောက်ပြန်သည်။ ပြီးတော့ ထိုစာရွက်တွေကို တယုတယ သိမ်းဆည်းသည်။

သူမရဲ့ ခန္ဓာကိုယ်သည် ရုတ်တရက် နွမ်းနယ်လာပါသည်။ အသက်ရှုလို့ မဝအောင်ပင် မောဟိုက်လာသည်။ သူမ ငြိမ်ငြိမ်လေးနေလျက်နှင့် မောဟိုက်နေတတ်ခဲ့တာ ကြာပြီ။

အမျိုးသမီးသည် ခုတင်ပေါ်သို့ ညင်သာစွာ ထိုင်ချလိုက်ပြီး အိပ်ရာပေါ်သို့ လဲလျောင်းလိုက်သည်။ သူမ၏ ဆံပင်ရှည်များက အိပ်ရာထက်မှာ မည်းနက်ဖြာဝေသွားသည်။ ပုံအိ ပြန့်ကျနေသော ညဝတ်အင်္ကျီနှင့် ဆံပင်များပေါ်သို့ လရောင် လဲ့လဲ့က ဖြန့်ကျက်ထားသည်။ အလွန်လှပသော မိန်းမတစ်ယောက် ဆိုတာကို လရောင် ရေးရေးအောက်မှာပင် သေချာ တိကျစွာ ပြောနိုင်သည်။

သူမသည် သက်ပြင်းကို ရှိုက်ကာ ရှိုက်ကာ သာယာနှစ်သက်ဖွယ်သော အတွေးများကိုသာ ပြန်တွေးဖို့ ကြိုးစားကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



ချစ်သူက သူမရဲ့ ဆံပင်တွေကို သိပ်လှတာပဲလို့ ပြောခဲ့ဖူးသည်။ ထိုဆံပင်တွေကို အသာအယာ နမ်းရှိုက်ခဲ့ဖူးသည်။ ချစ်သူက သူမအပေါ် အမှန်တကယ်ချစ်မြတ်နိုးသည်ဟု ယုံကြည်ပါသည်။

ဖြူဖျော့ သွေးဆုတ်နေသော သူမရဲ့ မျက်နှာသည် တဖြည်းဖြည်း သူမရဲ့ ညဝတ်အင်္ကျီအသွေးလို ပန်းဖျော့ရောင် သမ်းလာသည်။

အမျိုးသမီးက ညာလက်ကို ညင်သာစွာ ဆန့်တန်းလျက် တယ်လီဖုန်း ပလပ်ကို ဖြုတ်ပစ်လိုက်ပြီး တယ်လီဖုန်းရှိရာဘက်သို့ ကျောခိုင်းကာ ဘေးတစ်စောင်း လဲလျောင်းလိုက်သည်။ ထို့နောက် မျက်လုံးအစုံကို အသာအယာ မှေးမှိတ်လိုက်သည်။

လရောင်သည် သူမ၏ အခန်းထဲသို့ ဖြာကျနေဆဲ။ လေပြည်သည် ခုတော့ သာသာယာယာပင် တိုက်ခတ်လျက်ရှိပြီး သစ်ရွက်တွေကို လေတိုးသံအား စည်းချက်ညီညီ ကြားနေရသည်။

ချော့သိပ်နေသလိုပဲ … ထိုအသံက သာယာသည်။

သို့သော် သူမ အိပ်ပျော်မှာ မဟုတ်ပါ။

"ငါဟာ ဂုဏ်သိက္ခာရှိတဲ့ မိန်းမ တစ်ယောက်ပါ"

အမျိုးသမီးသည် ထိုစကားကို တဖွဖွရေရွတ်လျက်ရှိလေသည်။

♥ ♥ ♥



# ပထမပတ်

www.burmeseclassic.com

www.burmeseclassic.com



❦ ❦ ❦

ညနေခင်းသည် ဆည်းဆာရောင် သမ်းလုပြီ။ ဝါဖန့်ဖန့် ဆည်းဆာရောင်သည် ဦးလင်းမောင်ရှိရာ အခန်းတွင်းသို့ မှန်ပြတင်းမှတစ်ဆင့် ဝင်ရောက်လာခဲ့သည်။ မကြာခင် မိုးချုပ်တော့မှာပေါ့ ...။ သို့သော် သူ့အလုပ်တွေက ခုထိ လက်စမသတ်နိုင်သေးပါ။

ဟောဒီ ဆေးခန်းရဲ့ အပြင်ဘက်မှာ သူနှင့် Counselling လုပ်ဖို့ ရောက်လာကြသည့် client ဘယ်နှစ်ဦး ရှိနေဦးမည် မသိပါ။

တစ်ယောက်ထွက်လာပြီး နောက်တစ်ယောက် ရောက်မလာမီစပ်ကြား ရသမျှ အချိန်ခဏလေးမှာ သူက ကုလား



www.burmeseclassic.com

www.burmeseclassic.com



ထိုင် နောက်မှီကို ခပ်လျော့လျော့မှီချပြီး ခေါင်းကို နောက်သို့လှန်ကာ ခန္ဓာကိုယ်ကို ဖြေလျှော့လိုက်သည်။ ဒီလိုမှမဟုတ်ရင် သူ့တစ်ကိုယ်လုံး အကြောတွေ အခြင်တွေ တောင့်တင်းသွားနိုင်ပါသည်။ သူ့ရှေ့သို့ ရောက်လာသမျှ လူအားလုံးရဲ့ ပြောသမျှစကားကို တစ်စက်ကလေးမှ ပျင်းရိငြီးငွေ့ဟန်မပြဘဲ စိတ်ပါဝင်စား နားထောင်ပေးခဲ့ရတာ ဘယ်လောက်ကြာပြီလဲ။ တစ်ယောက်ကို ပျမ်းမျှ တစ်နာရီ ...။ ငါးယောက်ဆိုတော့ ငါးနာရီခန့် ကြာခဲ့ပြီ။ သူ ပင်ပန်းနေပြီ။ သို့သော် ပင်ပန်းဟန်ပြလို့တော့ လုံးဝမဖြစ်ပါ။ နည်းနည်းလေး ပျင်းရိဟန်ပြလိုက်တာနဲ့ သူ တည်ဆောက်ထားသော ကုထုံးရဲ့ အကျိုးသက်ရောက်မှု လျော့နည်းသွားနိုင်ပါသည်။

"ဆေးတံလေးတော့ သောက်ဦးမှပါ ..."

သူက အင်္ဂလန်က သူ့တပည့် တစ်ယောက် ပို့ပေးသော ဆေးတံလေးကို တစ်ချက် နှစ်ချက် ဖွာလိုက်သည်။

ဟိုနိုင်ငံက psychologist တွေဆို သူ့ထက်တောင် ပင်ပန်းဦးမလား မသိ။ လူတွေဟာ ပိုက်ဆံချမ်းသာလေ စိတ်ပိုင်းဆိုင်ရာ ပြဿနာတွေ ပိုများလေပဲဟု သူထင်သည်။ ကိုယ်တို့ ဖွံ့ဖြိုးဆဲနိုင်ငံတွေထက် သူတို့ ဖွံ့ဖြိုးပြီး နိုင်ငံတွေက stress (ဖိစီးမှု) တို့၊ depression (စိတ်ကျဝေဒနာ) တို့ အဖြစ်များသည်ဟု ကြားဖူးသည်။





သူ့တပည့်လေးကတော့ ဟိုတလောကပဲ ဖုန်းဆက်သေးသည်။ သူအလုပ်လုပ်တာ အရမ်းလည်း ပင်ပန်းပြီး အရမ်းလည်း ပိုက်ဆံရသတဲ့ ...။

ကိုယ်ကရော ...။

ကိုယ်ကတော့ ... အင်း ... ။

သူက ဆေးတံကို ချထားရင်း ခပ်သဲ့သဲ့ ပြုံးလိုက်သည်။

ဘယ်လိုပဲဖြစ်ဖြစ် ဝါသနာပါသောအလုပ်မို့ သူ ကျေနပ်သည်။ အင်္ဂလန်မှာ ခုနစ်နှစ် ပညာသင်ပြီးတော့လည်း သူ့နိုင်ငံကိုပင် စာအုပ်သေတ္တာတစ်လုံးနှင့်အတူ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာခဲ့သည်။

ခုတော့ သူသည် မြန်မာနိုင်ငံမှာ လက်ချိုးရေလို့ရနိုင်သော စိတ်ပိုင်းဆိုင်ရာ ပြဿနာတွေကို ဖြေရှင်းပေးနိုင်သည့် psychologist တစ်ယောက်အဖြစ် ရပ်တည်နိုင်ခဲ့ပြီ။

သူက ဆေးတံကို ရှိုက်ဖွာဆဲ ... လှေကားထစ်များဆီက ခပ်ဖွဖွ ခြေသံကို ကြားရသည်။ သူက ဆေးတံကို ချထားပြီး ခန္ဓာကိုယ်ကို ပြန်မတ်လိုက်သည်။

သူရှိရာ အခန်းသို့ရောက်ရန် ဖြတ်ကျော်လာရမည့် လှေကား ၁၁ ထစ်ရှိသည်။ ထိုလှေကားများဆီက ခြေသံတွေကို သူ အတော်အတန် ခန့်မှန်းနိုင်သည်။ ယောကျာ်းလား၊ မိန်းမလား၊



www.burmeseclassic.com

www.burmeseclassic.com



စိတ်ထန်သူလား၊ သိမ်မွေ့သူလား၊ အပျင်းပြေ ခန့်မှန်းကြည့်ရင်း အတော်များများ မှန်လာတော့ သူက သူ့ရဲ့ အာရုံသိမှုကို အသိအမှတ် ပြုထားခဲ့သည်။

ခြေသံဟာ မိန်းမခြေသံပဲ ...။ တစ်လှမ်းချင်း ဖွဖွလှမ်းလာနေသည်။ ခြေသံဖွသော်လည်း ဒေါက်ဖိနပ်ကြောင့် တဒေါက်ဒေါက်အသံကို ကြားရသည်။ တိုးတိုးကလေးပါပဲ ...။ ခြေသံကို နားထောင်ရတာတော့ အလွန် စမတ်တကျရှိမည့် လမ်းလျှောက်ဟန်ဟု ခန့်မှန်းရသည်။ သို့သော် နည်းနည်းတော့ လေးတွဲနေသည်။

ဒီတစ်ယောက် ပြီးလျှင်တော့ ဒီနေ့အဖို့ သူပြန်နိုင်ပြီဖြစ်ကြောင်း ဆေးခန်းမှ ဝန်ထမ်းလေးက ကြိုတင်အကြောင်းကြားထားခဲ့သည်။

ဒီနေ့ ... သူ့ဆီရောက်လာသူတွေဟာ မိန်းမတွေသာ အများစုဖြစ်သည်။

စောစောကလေးကပဲ အလုပ်အလွန်များသော သူဌေးတစ်ယောက်ရဲ့ ဇနီးနဲ့ တွေ့ခဲ့ပြီးပြီ။ ငွေပုံကြီးအလယ်မှာ အိမ်ဖော်များစွာ ခြံရံလျက် ယောက်ျားထံက ရရှိမည့် အချိန်ကို မျှော်မော နေရသည့် မိန်းမတစ်ယောက်ရဲ့ အဖြစ်က လှပစွာ ဆိုးဝါးသည်။ ဥပေက္ခာရဲ့ ဒဏ်ကို ဘယ်သူ ကြာရှည်ခံနိုင်မလဲ ...။ သူမ deperssion (စိတ်ကျဝေဒနာ) ရနေခဲ့သည်။ ကိုယ့်ကိုယ်ကိုပင်





သတ်သေလုနီးပါး ဆိုးရွားနေသည်။ သူ့ကို ရင်ဖွင့်ပြီး သူ့ထံက ဆွေးနွေးနှစ်သိမ့်မှု ရပြီးချိန်မှာ အတော်အတန် တည်ငြိမ်မှုရသွားသည်။ နောက် တစ်ပတ်တွေ့ကြရင် အခြေအနေကောင်းလာဖို့ မျှော်လင့်ရသည်။

ခြေသံသည် သူနှင့် တဖြည်းဖြည်းနီးလာပြီး လှေကားထိပ်မှာ အဆုံးသတ်သွားချိန်မှာ အလွန်လှပသော မိန်းမတစ်ယောက်ကို တွေ့ရလေသည်။

အမှန်အတိုင်း ဝန်ခံချင်သည်။ သူ့ကုသမှု သက်တမ်းတစ်လျှောက် သူ့ဆီရောက်လာသမျှ မိန်းမတွေထဲမှာ သူမ အလှဆုံးပါ။

ပြီးတော့ ... အထူးခြားဆုံးက သူမရဲ့ ဝတ်စားဆင်ယင်မှု ဖြစ်သည်။ သူမ ဝတ်စားဆင်ယင်ပုံက အလွန် စမတ်ကျ အဆင့်မြင့်ပါသည်။ သူမနှင့် တန်းတူလှသည့် မိန်းမဆိုလျှင်တောင် သူမလောက်တော့ စမတ်ကျမည် မဟုတ်ပါ။

မြင်ဖူးနေကျ ... ရယ်ဒီမိတ် အဝတ်အစားမျိုးလည်း မဟုတ်။ ရှုပ်ရှုပ်ထွေးထွေး ထွင်ပြီး ဝတ်စားတာမျိုးလည်း မဟုတ်ဘဲ ရိုးရိုးရှင်းရှင်းနှင့် အဆင့်မြင့် စမတ်ကျနေသည်။ တကယ့်ကို very smart ပါပဲ ...။

သူမ လှေကားထိပ်မှာ ရပ်လာသော အနေအထားက ဘေးတစောင်းအနေအထားမို့ သူမရဲ့ ဆံပင်ရှည်တွေကို



www.burmeseclassic.com

www.burmeseclassic.com



သတိထားမိသည်။ တင်ပါးဖုံးထိရှည်သော ဆံပင်တွေကို ခပ်မြင့်မြင့် မြှောက်စည်းထားသည်။ နဖူးပေါ်မှာ ဆံပင် တစ်စတလေမှ ကျမနေ။ သူမပုံစံက တော်ဝင်ဟန်လည်းရှိသည်။

သူမက သူ့ထံ လျှောက်လာရင်းက သူ့ကို တစ်ချက် ပြုံးပြသည်။ ထိုအပြုံးက လှသော်လည်း နည်းနည်းနွမ်းသည်။ မျက်လုံးတွေက လှပပါလျက် မှိန်ဖျော့သည်။ ဖျော့တော့မှုတွေ ကြားကပင် ရဲရင့်၍ ယုံကြည်မှုအပြည့်ရှိသော မူလ ဟန်ပန်ကို မှန်းဆလို့ရသေးသည်။

"ထိုင်ပါ ..."

သူက လက်တစ်ဖက်ကို ဆန့်ထုတ်ပြလျက် သူမကို ထိုင်ခွင့်ပြုလိုက်သည်။ သူမက သူ့ရှေ့မှာ ညင်သာစွာထိုင်သည်။

မြင်ဖူးနေကျ လူတွေလို ခါးနဲ့လက်ပြင်ကို မသိမသာ ကိုင်းကာ ထိုင်ခြင်းမျိုးမဟုတ်။ ခပ်မတ်မတ် ထိုင်ပုံက စမတ်ကျ ရှိသည်။

အင်း ... ဒီပုံအတိုင်းဆို ကိုယ့်ဘက်က တော်တော် ကို ကြိုးစားအားထုတ်ရမယ့် case တစ်ခု ဖြစ်နိုင်သည်။ သူမရဲ့ ယုံကြည်မှုတွေကို ရဖို့ သူ အလွန်ပင်ပန်းရလိမ့်မည်။

သူက ပထမဦးစွာ သူမမျက်ဝန်းတွေကို တည့်တည့် စိုက်ကြည့်ရင်း eye contact ယူလိုက်သည်။

"နာမည်က ..."





"မေစစ်မင်း ပါ ဆရာ"

အလို ... တော်တော်ထန်တဲ့ နာမည်ပါလား။ အသံ ကိုက ပြတ်သားသည်။

"ကဲ ... ဆရာ့ဆီ ရောက်လာပြီဆိုတော့ မေစစ်မင်း အနေနဲ့ စိတ်ရော ကိုယ်ပါ သက်သောင့်သက်သာ ထားပြီး ကြုံတွေ့ နေရတဲ့ အခက်အခဲတွေ၊ ပြဿနာတွေကို ပွင့်ပွင့်လင်းလင်း ပြောပါ၊ ဆရာ နားထောင်ပေးမယ် ... ဟုတ်ပြီလား ..."

သူမက ခေါင်းမညိတ်၊ ခေါင်းမခါပါ။ သူ့ကိုသာ သံသယစိတ်ဖြင့် စိုက်ကြည့်နေသည်။ သူကလည်း အကြည့်မလွှဲဘဲ တည်ငြိမ်စွာ ကြည့်နေမိတော့ သူမက မျက်လွှာချသွားသည်။

သက်ပြင်းရှိုက်သံ ကြားရသည်။

ပြောဖို့ အားယူနေပြီ ထင်သည်။

အခန်းထဲမှာ တိတ်ဆိတ်မှုက ခဏကြာ ကြီးစိုးသွား သည်။

သူမက သူ့ကို အကဲခတ်သလို တစ်ချက်ကြည့်တော့ သူက သူမထံမှာ စိတ်ဝင်စားမှုပြကာ သူ့ခန္ဓာကိုယ်ကို ရှေ့သို့ နည်းနည်းကိုင်းညွတ်ရင်း နွေးထွေးသော မျက်ဝန်းများဖြင့် တုံ့ပြန် လိုက်သည်။ ယုံကြည်မှု၊ စိတ်ဝင်စားမှုနှင့် စာနာနားလည်မှုကို တော့ ကိုယ်တို့ စိတ်ပညာရှင်တွေက အပြည့်အဝ ပေးနိုင်ပါသည်။

သူမ ဘာကို စ,ပြောမှာပါလိမ့် ... ။ သူမ စ,ပြော



www.burmeseclassic.com

www.burmeseclassic.com



မည့် စကားက သူမရဲ့ အတွင်းစိတ်ကို လှစ်ပြနိုင်မည်လား ...။ သူ စိတ်ဝင်တစား နားစွင့်နေလိုက်သည်။

သက်ပြင်းချသံ သဲ့သဲ့လေးတစ်ချက် ပေါ်လာပြန်သည်။

"ကျွန်မဟာ ဂုဏ်သိက္ခာရှိတဲ့ မိန်းမတစ်ယောက်ပါ ဆရာ"

သူက ခေါင်းကို လေးနက်စွာ ညိတ်လိုက်ရင်း ...

"အိုကေ ... ဆရာ ယုံကြည်ပါတယ် ...၊ မေစစ်မင်း ရင်ထဲရှိတာ အားလုံး ပြောနိုင်ပါတယ် ..."

သူ့စကားအဆုံးမှာ သူမ အမူအရာတွေ စတင် ပျက်ယွင်းလာခဲ့တော့တာ ဖြစ်သည်။ သူ့ထံရောက်လာကာစက ခပ်မတ်မတ်ရှိခဲ့သော ခါးသည် မသိမသာ ကိုင်းညွတ်လာသည်။ မတ်နေသော ပခုံးသည် လက်ပြင်ကိုင်းသလိုမျိုး မသိမသာ ညွတ်လာသည်။

အလို ... သူမရဲ့ လက်တွေဟာ မသိမသာ တုန်ယင်လို့ပါလား။ သူမသည် သူမ လက်ထဲက တစ်ရှူးစလေးကို လုံးချေရင်း သူမရဲ့ စိတ်ခံစားမှုတွေကို ထိန်းချုပ်ဖို့ ကြိုးစားနေသည်။

သူမရဲ့ အားနည်းလှသော စိတ်အခြေအနေကို ကာကွယ်ဖို့ သူမကိုယ်တိုင် အားတင်းတည်ဆောက်လာပုံရသော တည်ငြိမ်စမတ်ကျသည့် ပုံစံသည် တဖြည်းဖြည်း ပြိုလဲလျက် ရှိလေပြီ ...။





ဒီလောက်ဆို ကိုယ် နည်းနည်းတော့ သဘောပေါက်စ ပြုပါပြီ ...။

သူမရဲ့ စကားကလည်း သူမကိုယ် သူမ ကာကွယ်သော စကားဖြစ်နိုင်သည်။ သူမရဲ့ ရင်ထဲက ခံစားချက်က ထို စကားနှင့် ဆန့်ကျင်နေနိုင်သည်။

"မေမေကလည်း ဂုဏ်သိက္ခာရှိတဲ့ မိန်းမတစ်ယောက်ပါ၊ သူ့သမီးလေးကိုလည်း သူ့လိုပဲ ဖြစ်စေချင်ခဲ့တာပါ ..."

သူမ အသံက စ,တင် တုန်ယင်လာသည်။

"ကျွန်မကလည်း မေမေ ဆုံးမသမျှ နာခံခဲ့ပါတယ်"

သူမ နဖူးစပ်မှာ ချွေးဥတွေ သီးလာသည်။

"ကျွန်မဟာ ဂုဏ်သိက္ခာရှိတဲ့ မိန်းမတစ်ယောက်ပါ ဆရာ"

သူမက ဒါကိုပဲ ထပ်ထပ်ပြောနေသည်။ ပြီးတော့ စကားအဆုံးမှာ မျက်ရည်တစ်စက် ပြုတ်ကျလာသည်။

"ပြီးတော့ ...ကျွန်မ ... ကျွန်မ သိပ်ရှက်တတ်ပါတယ် ဆရာ၊ အရှက်ရစေမယ့် အလုပ်၊ ဂုဏ်သိက္ခာမဲ့တဲ့ အလုပ်မျိုးတွေ ကျွန်မ မလုပ်ဘူး၊ ကျွန်မကို အရှက်ခွဲတဲ့ လူဆိုရင်လည်း အရမ်းမုန်းတယ်"

"ဒါပေါ့ ...ဒါ ဖြစ်သင့်ပါတယ် ..."

"ကျွန်မကြောင့် ဘယ်သူ့ကိုမှ ဒုက္ခမရောက်စေချင်ဘူး၊ ဘယ်သူ့ကိုမှလည်း ကျွန်မ ဒုက္ခမပေးချင်ဘူး၊ ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



ဂုဏ်သိက္ခာကို ကျွန်မ တန်ဖိုးထားတယ်၊ သူများကလည်း ကျွန်မ ဂုဏ်သိက္ခာကို မထိပါးစေချင်ဘူး …”

ထိုစကားအဆုံးမှာတော့ သူမသည် ဖုံးကွယ်မရနိုင်အောင် တုန်လှုပ်လျက်ရှိလေပြီ။ သေချာပြီ … သူမ ဒီပရက်ရှင် ရနေသည်။

သူက ခန္ဓာကိုယ်ကို ရှေ့သို့ အနည်းငယ် ကိုင်းညွတ်လိုက်ရင်း …

“မမေစစ်မင်း … ဆရာပြောတာ သေသေချာချာ နားထောင်နော်၊ ခု … ဆရာ့ဆီ မေစစ်မင်း ရောက်လာတာဟာ ဆရာ့ကို ယုံယုံကြည်ကြည်နဲ့ မေစစ်မင်းရဲ့ အခက်အခဲတွေကို ရင်ဖွင့်ပြဖို့ မဟုတ်လား၊ ဆရာနဲ့ မေစစ်မင်း ကြားမှာ ပွင့်လင်းမှုရှိဖို့ လိုတယ်၊ ခံစားချက်ကို ထိန်ချန်ဖို့မလိုဘူး၊ အပြန်အလှန် နားလည်မှုလည်း ရှိရမယ်လေ၊ ဒါမှသာ မေစစ်မင်းရဲ့ ပြဿနာအားလုံး ပြေလည်သွားမယ့် လမ်းစကို ရှာနိုင်မှာပေါ့ …”

သူက ညင်သာစွာပြောရင်း သူ့နံဘေး တစ်ရှူးဘူးထဲက တစ်ရှူးစ တစ်စ ထုတ်ယူကာ သူမထံ ကမ်းပေးလိုက်သည်။ သူမက ကျေးဇူးပါဟု တိုးတိုးပြောရင်း လှမ်းယူသည်။ ပြီးတော့ မျက်ရည်စကို သုတ်သည်။

ထို့နောက်တော့ အခန်းသည် ပြန်လည် တိတ်ဆိတ်





သွားပြန်သည်။ မှန်ပြတင်းမှ ဝင်လာသော ဆည်းဆာသည်ပင် အမှောင်ဘက်သို့ ကဲလာသည်။ မကြာခင် အခန်းတွင်းရှိ မီးများ လင်းလာသည်။

သူမက သူမကိုယ် သူမ ထိန်းနိုင်လာကာ ခန္ဓာကိုယ်ကို ပြန်မတ်လိုက်သည်။ ပြီးတော့ သူ့ကို တည့်တည့်ရင်ဆိုင်ကြည့်သည်။ ဒီတစ်ကြိမ်မှာတော့ သူမ မျက်ဝန်းထဲမှာ သူ့အပေါ် ယုံကြည်မှုတွေ တွေ့လာရတာမို့ သူ စိတ်သက်သာရာ ရသွားသည်။

“ကျွန်မအတွက် ဂုဏ်သိက္ခာဟာ သိပ်အရေးကြီးပါတယ် ဆရာ”

သူမက တိုးတိုး စ,တင်လိုက်သည်။ တင်းထားသော သူမ စိတ်ကိုလည်း ဖြေလျှော့လိုက်ပုံရသည်။

သူမ၏ အသံသည် တိတ်ဆိတ်နေသော အခန်းထဲမှာ တိုးတိုးညင်သာစွာ ပေါ်ထွက်လျက်ရှိလေသည်။

ထိုနေ့က သူမသည် သူမ၏ ဘဝအစိတ်အပိုင်း တချို့အား သူ့ကို ပြောပြခဲ့ပါသည်။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

# ဒေဝဒတ်

www.burmeseclassic.com

www.burmeseclassic.com



မေစစ်မင်းသည် နုးညွှံသလောက် ခက်ထန်၏ ။

ကြောက်တတ်သလောက် ရဲရင့်၏ ။

သိုဝှက်တတ်သလောက် ပွင့်လင်း၏ ။

အချစ်ကို ယုံစားပြီး အမုန်းသွဲလည်း ငြိတွယ်၏ ။

သူမသည် . . .

ဆန့်ကျင်ဘက် စရိုက်များဖြင့် ပွဲ့စည်းထားသော အလွန် နားလည်ရခက်သည့် မိန်းမတစ်ယောက် ဖြစ်လေသည်။

ပုညခင် စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com

## သူမ၏ ဝေဒနာ ...

www.burmeseclassic.com

www.burmeseclassic.com



✤ ✤ ✤

"အပျိုဖြစ်ပြီတဲ့ ... မေစစ် အပျိုဖြစ်ပြီတဲ့ ..."

မေစစ်မင်းသည် တစ်ကိုယ်တည်း ကြားသာရုံ တိုးတိုးလေး ရေရွတ်ရင်း မှန်ရှေ့၌ ရပ်လေသည်။ မှန်ထဲသို့ စူးစိုက်ကြည့်လိုက်သောအခါ ရှက်စနိုးဖြစ်နေသော ကလေးမလေးကို တွေ့လေ၏။ မေစစ်ရဲ့ မျက်ဝန်းတွေသည် ရှက်စိတ်၊ ဆန်းကျယ်စိတ်ဖြင့် အရည်ကြည်ကလေး လည်လျှက်ရှိသည်။ ထိုအခါ မူလကပင် တောက်ပသော မျက်ဝန်းသည် ပိုမို အရောင်လက်လာသည်။

မေစစ်ရဲ့ ပါးမို့ နှစ်ဖက်သည် ကြည့်ရင်းကပင် တဖြည်းဖြည်း သွေးရောင်လွှမ်းလာသည်။

ပုညခင် စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



မေစစ် ရှက်လှသည်ကွယ် ...။ မေစစ်ဟာ ဒီနေ့က စပြီး ကလေးမဟုတ်တော့ဘူးတဲ့၊ အပျိုဖြစ်ပြီတဲ့ ...။ စောစောကပင် မေစစ်တို့အိမ်က အဒေါ်ကြီး ဒေါ်အိမ်စိုးက မေစစ်ကို ပြောလိုက်သည်။

"မေစစ်ဟာ အပျိုကလေး ဖြစ်လာပြီကွယ့်၊ အနေအထိုင်က အစ သိုသိုသိပ်သိပ် နေရမယ်နော်၊ အမှန်တော့ ဒီလိုနေ့မျိုးမှာ ဒီလိုစကားမျိုးကို သမီးရဲ့ မေမေက ပြောရမှာ ... သမီးမေမေ ရိပ်သာဝင်နေလို့ ဒေါ်ကြီးက ပြောရ၊ သင်ရတာ၊ သမီး မိန်းကလေးဆိုတာ အမေနဲ့ ရင်အုပ်မကွာနေမှ သိသင့်တာကို သိသင့်တဲ့အချိန်မှာ သိရတာ ...၊ အဖေ မသိအောင် တီးတိုးသင်ရတာလေးတွေလည်း ရှိတယ် မဟုတ်လား"

မေစစ်သည် အဒေါ်ကြီးရဲ့ စကားအဆုံးမှာ မျက်ရည်လည်ခဲ့ရသေးသည်။ မေမေဟာ မေစစ်နဲ့ အတူနေပြီး ဘာဖြစ်လို့ ဝေးကွာနေရတာပါလိမ့် ...။ မေမေနဲ့ ဖေဖေ အဆင်မပြေတာကိုတော့ မေစစ် သိပါသည်။ ဖေဖေနဲ့ မေမေကလည်း အတူနေပြီး ဝေးလှသည်။ မေမေသည် ဖေဖေ့ကြောင့် စိတ်ဆင်းရဲသော အခါတိုင်းမှာ ဘုရားခန်းထဲတွင်သာ ဘုရားရှိခိုး တရားထိုင်ရင်း အချိန်ကုန်လေ့ ရှိသည်။ ပြီးတော့ ... တစ်လလျှင် တစ်ကြိမ်လောက်တော့ တရားစခန်း ဝင်သေးရာ မေမေနဲ့ မေစစ်ဟာ တဖြည်းဖြည်း





ကင်းကွာလာသည်။ မေစစ်သည် မေမေနဲ့ဆို စပ်နိုင်မှ ဆွေမျိုးနည်းနည်းတော်သော အဒေါ်ကြီး ဒေါ်အိမ်စိုးတို့ လင်မယားနှင့်သာ လက်ပွန်းတတီး ရှိရသည်။

ဖေဖေ့မှာတော့ နောက်အိမ်ထောင် ရှိသေးသည်ဆိုလား ... မေစစ်တော့ သေသေချာချာ မသိပါဘူး။ မေစစ် သိတာတော့ ဖေဖေနဲ့ မေမေဟာ တစ်ယောက်ကို တစ်ယောက် မချစ်တော့ခြင်း ဖြစ်သည်။

အချစ်ဆိုတာ ဘာလဲတော့ မေစစ် သေသေချာချာ မသိပါ ...။ မေစစ်ဆို ခွေးကလေး၊ ကြောင်ကလေးတွေကို ချစ်သည်။ အဲ့ဒါကြောင့် မေစစ် တစ်ခုခု စားနေတုန်း သူတို့ မေစစ်နား ရောက်လာလျှင် မေစစ် မစားတော့ဘဲ ချကျွေးသည်။ သူတို့ ခန္ဓာကိုယ်လေးကို တယုတယ ပွတ်သပ်ပေးသည်။ သူတို့ကလည်း မေစစ်ကို တိုးဝှေ့ပွတ်သပ်သည်။ မေစစ်သည် သူတို့ကို ဘယ်တော့မှ မရိုက်၊ အော်လည်းမအော်၊ ကြမ်းတမ်းစွာလည်း မပြော။ သူတို့ နေ့ထိုင်မကောင်းလို့ မှိုင်တွေနေလျှင် အစာချော့ကျွေးပြီး ဆေးခန်းလည်း ပြသေးသည်။ အချစ်ဆိုတာ ... လူလူချင်းပဲဖြစ်ဖြစ် လူနဲ့ တိရစ္ဆာန်ပဲဖြစ်ဖြစ် အဲဒီလောက်တော့ အနည်းဆုံး ရှိလိမ့်မည်ဟု မေစစ် ထင်၏။

ဖေဖေနဲ့ မေမေ့မှာတော့ အဲ့ဒီလောက်တောင် မရှိရှာ။ စရိုက်ချင်း ဆန့်ကျင်ဘက်လို ကွာခြားသော ယောကျ်ားနဲ့ မိန်းမ



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက် ချစ်ကြိုက်လက်ထပ်တဲ့ အဖြစ်ထိ ဘာ့ကြောင့်ရောက်လာခဲ့ကြပါလိမ့်ဟု မေစစ်က ဉာဏ်မမီတမီ တွေးကြည့်မိခဲ့ဖူးသည်။

မေစစ် အမြင်မှာတော့ မေမေဟာ နုဖပ်သည့် ပန်းပွင့်ကလေးဖြစ်ပြီး ဖေဖေကတော့ ခက်မာကြမ်းရှပြီး လူကိုသေစေသည့် ဓားလှံလက်နက်တစ်ခု ဖြစ်နေသည်။

ဖေဖေနှင့် မေမေ ရန်ဖြစ်သောအခါ ဖေဖေက ကြမ်းတမ်းစွာ ဆဲဆိုအော်ဟစ်တတ်ပြီး မေမေကတော့ ငြိမ်သက်အေးဆေးစွာ ဥပေက္ခာပြုသည်။ ဥပေက္ခာဟာ မေမေ့ လက်နက်ဖြစ်ပြီး ဒေါသက ဖေဖေ့လက်နက်ဖြစ်သည်။

အို ... ဒါတွေ မေစစ် မတွေးချင်ပါဘူး၊ မတွေးနဲ့။ မေစစ်က ပျော်ပျော်သာ နေချင်ပါသည်။

မေစစ်မင်းသည် မှန်ထဲက ကိုယ့်ရုပ်လွှာကို စူးစိုက်ကြည့်ပြန်သည်။ မနေ့ကအထိတော့ မေစစ်ဟာ ကလေးပဲဖြစ်ခဲ့သေးသည်။ ပြီးတော့ မေစစ်က ဒေါ်ကြီးအိမ်စိုးကို မေးခွန်းထုတ်ခဲ့သေးသည်။

"ဒေါ်ကြီးစိုး ... ဒေါ်ကြီးစိုး ယောကျ်ား ဦးဦးကျော်က ဒေါ်ကြီးစိုးကို အရမ်းဂရုစိုက်တာပဲနော်၊ ဟိုတစ်နေ့က ဒေါ်ကြီးစိုးကို ဦးဦး ခေါင်းဖြီးပေးနေတာ မေစစ် တွေ့လိုက်တယ်၊ ဖေဖေကျတော့ မေမေ့ကို ဒါမျိုး တစ်ခါမှ





ကြင်နာတာ မတွေ့ဖူးဘူး၊ ဖေဖေက မေမေ့ကို မချစ်လို့ထင်တယ်၊ ဦးဦးကျော်ကတော့ ဒေါ်ကြီးစိုးကို ချစ်လို့ ဒီလိုပြုစုတာ မဟုတ်လား"

"ကောင်မလေးဟာ ... ကလေးက ကလေးလိုနေတာ မဟုတ်ဘူး"

ဒေါ်ကြီးစိုးက ရက်စနိုး အပြုံးကြီးနှင့် မေစစ်ကို ပြောခဲ့၏။ ခုတော့ဖြင့် မေစစ်ဟာ ကလေးမဟုတ်ဘူးဟု ဆိုချေပြီ။

မှန်ထဲက မေစစ်မင်းသည် အလှသွေးကြွယ်လျက်ရှိတာကိုဖြင့် မေစစ် မငြင်းနိုင်ချေ ...။ ငယ်ငယ်က ပိန်ချောင်ကာ လည်ပင်းရှိုးကလေးတွေ၊ တံတောင်ဆစ်ကလေးတွေ ငေါလျက်ရှိသော မေစစ်ရဲ့ ခန္ဓာကိုယ်သည် ကွေ့ဝိုက်သည့်နေရာမှာ ကွေ့ဝိုက်ပြီး ပြည့်ဖြိုးသည့်နေရာမှာ ပြည့်ဖြိုးကာ ကောက်ကြောင်းပေါ်နေခဲ့ပြီ။ အသားကလေးတွေသည် သွေးရောင်လွှမ်းကာ ပြည့်တင်းနေသည်။ လွန်ခဲ့သော သုံးရက်ကပင် မေစစ် အသက် ၁၃ နှစ် ပြည့်ခဲ့သည်။ ဒေါ်ကြီးစိုးကတော့ အမျိုးမျိုးပြောသည်။ မေစစ်ဟာ အပျိုပေါက်ကလေးတဲ့၊ အပျိုစင်ကလေးတဲ့ ...။ မြီးကောင်ပေါက်ကလေးလို့လည်း ခေါ်လို့ရသတဲ့ ...။ ဝတ္ထုတွေ ဘာတွေ ဖတ်လေ့ရှိသော ဒေါ်ကြီးစိုးက မေစစ်ဟာ ပွင့်ဖို့အားယူသော ပန်းဖူးငုံလေးဟုလည်း ကဗျာဆန်ဆန် တင်စားသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



မေစစ်သည် ရဲလာသော ပါးလေးနှစ်ဖက်ကို လက်နှစ်ဖက်ဖြင့် အသာအဖွဖွအုပ်ကိုင်ကာ မျက်လုံးအစုံကို ညင်သာစွာ စေ့ပိတ်လိုက်သည်။ ထိုခဏမှာ မေစစ် အနားသို့ ဒေါ်ကြီးစိုး ရောက်လာကာ ...

"ကောင်မလေး ... ဒါ ဘာလုပ်နေတာလဲ ..."

"အမေ့ ..."

မေစစ်သည် ဖျတ်ခနဲ မျက်လုံးဖွင့်ကြည့်ရင်း ...

"အဟင်း ... ဟိုလေ မေစစ် အရမ်း စိတ်လှုပ်ရှားနေလို့ပါ"

"အစတော့ ဒီလိုပေါ့ကွယ် ... နောက်တော့ အသားကျသွားမှာပါ၊ သမီးမေမေလည်း သန်ဘက်ခါဆို တရားစခန်းက ထွက်ပြီ၊ သူပြန်လာတော့ သမီးအနေနဲ့ ဘယ်လို နေသင့် ထိုင်သင့်တယ်ဆိုတာတွေ ဒေါ်ကြီးထက် ပိုပြီး အသေးစိတ် ပြောပြပါလိမ့်မယ်"

"မေမေ ပြန်လာလည်း ဘုရားခန်းထဲပဲ ဝင်နေမှာ ဒေါ်ကြီးရဲ့၊ ဒေါ်ကြီးစိုးပဲ ပြောပြပါလားဟင် ..."

"ဒေါ်ကြီးစိုးက ခုပဲ ဈေးသွားရဦးမှာ၊ အေးလေ ... ခုလည်း နည်းနည်းတော့ ပြောခဲ့ပါ့မယ်၊ သမီး အရင်ကလို ဟိုဘက်အိမ်က ကောင်လေးတွေနဲ့ ပြေးလွှားခုန်ပေါက် မကစားသင့်တော့ဘူး၊ သိုသိုသိပ်သိပ် ကျစ်ကျစ်လျစ်လျစ်နေ၊ ဣန္ဒြေလေးနဲ့ နေ ...၊ စကားပြောရင် အသံကျယ်ကြီး





မပြောနဲ့၊ အော်လည်း မရယ်နဲ့၊ ဟော ... ကားဟွန်းတီးနေပြီ၊ ဒေါ်ကြီး ဈေးသွားဦးမယ် ..."

ဒေါ်ကြီးစိုးက အလျင်စလို ထွက်သွားတော့ မေစစ် ငြိမ်ငြိမ်လေး ထိုင်ကျန်ခဲ့သည်။ စိတ်လှုပ်ရှားခြင်း၊ ဆန်းကြယ်ခြင်း 'အပျို' ဟူသော အဖြစ်ကို စူးစမ်းလိုခြင်းဖြင့် မေစစ် ငြိမ်သက်နေပါသည်။ ပြီးတော့ မေစစ် တစ်ကိုယ်လုံး နုံးချည့်ထုံထိုင်းနေသလိုပင်။

ကားသံ ကြားရသည်။ ဒေါ်ကြီးစိုးနှင့် ဒရိုင်ဘာ ဦးဦးကျော်တို့ ထွက်သွားကြပြီ။

မေစစ်က သီချင်းလေး တိုးတိုးဖွင့်ကာ အိပ်ရာထက်မှာ အသာအယာ လဲလျောင်းနေလိုက်သည်။ နောက် နာရီဝက်ခန့် အကြာမှာတော့ ကားသံ သဲ့သဲ့ကြားရပြီး ဖေဖေ့အသံက ကျယ်လွင့်ဟိန်းထွက်လာသည်။

"မစိုး ...၊ မစိုး ...၊ ဟေ့ ... အိမ်မှာ ဘယ်သူမှ မရှိကြဘူးလား၊ အိမ်ကလူတွေ ဘယ်သွားသေနေကြသလဲ ..."

မေစစ်က ကမန်းကတန်း ထ,ကာ အိမ်ရှေ့သို့ ခပ်သွက်သွက် ထွက်လာတော့ ဖေဖေနှင့် ဧည့်သည် သုံးယောက်ကို တွေ့ရသည်။

"ဟို ... ဖေဖေ ... ဒေါ်ကြီးစိုးနဲ့ ဦးဦးကျော်က ဈေးသွားဝယ်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ခင်ရီကော ..."

"မမခင်ရီက သူ့အမေ နေမကောင်းလို့ ရွာခဏပြန်သွားပါတယ်"

"ဒါဆို အိမ်မှာနင်တစ်ယောက်တည်းပေါ့"

"ဟုတ်ပါတယ် ဖေဖေ ..."

ဖေဖေက ဒေါသတကြီး မျက်နှာထားဖြင့် ဆိုဖာပေါ်မှာ ဝင်ထိုင်ရင်း သူ့မိတ်ဆွေတွေကို ဖိတ်ခေါ်လိုက်ပါသည်။

"ထိုင်ကြဗျာ ... ကျုပ်အိမ်မှာကတော့ အဲဒီလိုပါပဲ၊ မိန်းမက အိမ်ရှင်မတာဝန် မကျေပွန်တော့ အိမ်ကို အုပ်စီးမယ့်သူ မရှိဘဲ တပ်ပျက်ကြီး ဖြစ်နေတော့တာ ..."

မေစစ်သည် ဖေဖေ အဲ့ဒီလိုပြောတာကို မကြိုက်ပေ။ မေစစ်က ကိုယ့်အိမ်တွင်းရေးကို သူတစိမ်း မသိစေချင် ...။ ဖေဖေကတော့ သူ့သူငယ်ချင်းတွေရှေ့မှာလည်း မေမေ့ မကောင်းကြောင်း ပြောချင်ပြောသည်။ မေမေဟာ ဘာမကောင်းလို့လဲ ...။ သူ့ဘာသာ ဘုရားရှိခိုးနေတာပဲ။ ဘာမှမဟုတ်တာလည်း မလုပ်။

မေစစ်က ဖေဖေ့ရှေ့မှာ ရပ်နေရ၏။ ဖေဖေ မသွားခိုင်းမချင်း မေစစ် ထွက်မသွားရဲချေ။ ဖေဖေက ဒေါသဖြစ်လျှင် အော်ငေါက်တတ်သည်။ ပြီးတော့ မေစစ်ကို ရိုက်သည်။

မေစစ်သည် ဒီနေ့တော့ဖြင့် ခါတိုင်းနေ့တွေထက်ပိုပြီး ဖေဖေ့ကို ကြောက်နေသည်။ စိတ်လှုပ်ရှားမှုကလည်း ပုံမှန်





ထက် နှစ်ဆပိုပါသည်။ ရှေ့လျှောက် မေစစ်ဘဝဟာ ဘယ်လိုပြောင်းလဲမှုမျိုးတွေ ကြုံရမှာပါလိမ့်ဟု မေစစ် တွေးသည်။ အပျို တစ်ယောက်ဟာ ဘယ်လို နေထိုင်ပြုမူရပါလိမ့်။ မေမေ့ကို မေးရဦးမည်။

မေစစ်သည် ဖေဖေ့ရှေ့မှာ ရပ်ရင်း အတွေးတွေ ဝေနေသည်။ ဖေဖေကလည်း သူ့မိတ်ဆွေတွေနှင့် စကားပြောလျက်ရှိသည်။ ဘာတွေပြောနေတာလဲ ... မေစစ် မသိပါ။ ဒီလိုအချိန်မျိုးမှာ မေစစ်က ကိုယ့်ကိုယ်ကိုသာ စိတ်ဝင်စားနေတာမို့ တခြားဘာကိုမှ စိတ်မဝင်စားနိုင်ချေ ...။

"ဟိတ် ... ပြောနေတာ မကြားဘူးလား"

"ဟင် ..."

ဖေဖေ့ အော်သံ ဟိန်းထွက်လာတော့မှ မေစစ်က ဖေဖေ့ကို အလန့်တကြား ကြည့်မိသည်။

"ရှင် ... ဘာ ... ဘာလဲဟင် ဖေဖေ"

"လမ်းထိပ် စတိုးဆိုင်မှာ Coca cola ဘူး သွားဝယ်ဖို့ ငါ ပြောနေတာ နှစ်ခါရှိပြီ ..."

"မေစစ် မကြားလိုက်လို့ပါ"

"စိတ်မှ မဝင်စားတာ၊ ဘယ်ကြားမလဲ၊ သွား ... စက်ဘီးယူသွား၊ ကိုကာကိုလာ လေးဘူးဝယ်ခဲ့၊ ရေခဲသေတ္တာထဲမှာ ဘာမှမရှိဘူး၊ ဒေါ်စိုးတို့ကလည်း ဝယ်ထည့်ထားဖို့ စိတ်ကူးမရှိဘူး၊ အလုပ်လုပ်တာ စေတနာမှ မပါတာ ..."



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေက မြည်တွန်တောက်တီးလျက်ရှိသည်။ မေစစ်မှာတော့ တစိမ့်စိမ့် ချွေးပြန်လာသည်။ ဟင့်အင်း … မေစစ်မသွားချင်ဘူး၊ မေစစ် မသွားပါရစေနဲ့ ဖေဖေ …။

ဒီလိုနေ့မျိုးမှာ မေစစ် စက်ဘီးမစီးချင် …။ ပြီးတော့ လမ်းထိပ် စတိုးဆိုင်ကိုရောက်ဖို့ လက်ဖက်ရည်ဆိုင်ရှေ့က ဖြတ်ရမည်။ အဲ့ဒီဆိုင်က ကောင်ကလေးတွေဟာ မေစစ်ကို တွေ့တိုင်း မျက်လုံးကျွတ်ကျမတတ် လိုက်ကြည့်သည်။ ပါးစပ်ကလည်း စ,နောက်တတ်သေးသည်။ အဲ့ဒီဆိုင်ရှေ့က မေစစ် ကျော့လုံလုံနှင့် ဖြတ်မသွားရဲတာ သေချာသည်။

"သွားလေ … ဘာလုပ်နေတာလဲ"

ဖေဖေက မေစစ်ကို ဒေါသသံဖြင့် လှမ်းပြောသည်။ မေစစ်က ဘာမှပြန်မပြော၊ လှုပ်လည်းမလှုပ်။ နေရာမှာသာ ပေရပ်နေသည်။

"ငါပြောနေတာ မကြားဘူးလား မေစစ်မင်း …"

"မေစစ် … မေစစ် မသွားချင်ဘူး ဖေဖေ …"

"ဘာ …"

ဖေဖေ အော်လိုက်တော့ မေစစ် လိပ်ပြာလွင့်မတတ် တုန်သွားသည်။ ဖေဖေက မေစစ်ရှေ့ တိုးလာကာ …

"ဘာဖြစ်လို့ မသွားချင်တာလဲ၊ အကြောင်းပြချက်ကို ပြောပါဦး …"





ဘုရားရေ … မေစစ် ဘယ်လိုပြောရမှာလဲ။ ညော်သည် ယောကျ်ားကြီးတွေ ရှေ့မှာ ဖေဖေဆိုတဲ့ ယောကျ်ားတစ်ယောက် ရှေ့မှာလေ။ ဒေါ်ကြီးစိုးရေ ပြန်လာပါတော့ …၊ မေစစ် ဘယ်လို ပြောရမလဲ …။

"ပြောလေ … မေစစ်မင်း …"

မေစစ်က နှုတ်ခမ်းကို တင်းတင်းစေ့ကာ ခေါင်းခါလိုက်သည်။

"အံမယ် … နင်က ငါ့ကို အာခံနေတာလား …"

မေစစ်က ဘာမှပြန်မပြောဘဲ ခေါင်းငုံ့ထားသည်။ ဖေဖေ့ရဲ့ ဒေါသမျက်နှာကို မေစစ် ကြောက်သည်။

ဖေဖေသည် ရုတ်တရက် သူ့မိတ်ဆွေတွေဘက်သို့ လှည့်ကာ လက်ဆန့်ဝှေ့ယမ်းလိုက်ရင်း …

"အဲ့ဒါသာ ကြည့်ပါတော့ဗျာ …၊ အမေလုပ်တဲ့သူက သားသမီးကို ဆုံးမရကောင်းမှန်း မသိတော့ သမီးက မလိမ္မာ၊ အဖေကို ရိုသေရကောင်းမှန်း မသိ …"

မေစစ် တစ်ကိုယ်လုံး ဖျဉ်းခနဲ တောင့်တင်းကာ ရင်ဝက တဒိတ်ဒိတ် ခုန်လာသည်။ ပါးနှစ်ဖက်မှာ ထူပူလာသည်။

မပြောပါနဲ့ ဖေဖေ၊ တစိမ်းတွေရှေ့မှာ ဘာမှမပြောပါနဲ့၊ သမီးရှက်လို့ပါ။ သူတို့ ပြန်သွားတော့မှ ဖေဖေ ကြိုက်သလို ပြောပါ။ ရိုက်ချင်လည်း ရိုက်ပါ။



www.burmeseclassic.com

www.burmeseclassic.com



မေစစ် မျက်လွှာပင့်ကြည့်လိုက်တော့ ကရုဏာသက်သလိုလို မျက်ဝန်းတွေနှင့် ဆုံသည်။ ယောကျ်ားကြီးတွေရဲ့ မျက်ဝန်းတွေ ...။ ဟင့်အင်း မေစစ် မကြိုက်ဘူး။

မေစစ်က အားလုံးရှေ့မှ ချာခနဲလှည့်ထွက်လိုက်သည်။

"အံမယ် ... ဒါက ဘယ်လဲ ..."

ဖေဖေက မေစစ်လက်ကို လှမ်းဆွဲတော့ မေစစ် ချာခနဲ ပြန်ပါသွားသည်။

"ဒါ ... ဘာအချိုးချိုးတာလဲ မေစစ်၊ ငါခိုင်းတာကို မလုပ်ရဘူးလို့ နင့်အမေက မှာထားလို့လား၊ နင့်အမေ စကားကို သိပ်နားဝင်နေပြီပေါ့လေ ... ဟုတ်လား"

မေစစ် နားတွေအူလာသည်။ ရှက်စိတ်ဖြင့် မျက်လုံးတွေ ပြာကာ ချွေးသီးချွေးပေါက်တွေ ကျလာသည်။

"နင့်မှာ အပြစ်ရှိသလား ... ပြော"

ဟင့်အင်း ... မေစစ်မှာ အပြစ်မရှိပါဘူး ...။

မေစစ်က ခေါင်းခါလိုက်သည်။

"ဒီလောက် အာခံနေတာတောင် အပြစ်မရှိဘူး ဟုတ်လား"

ဖေဖေက အော်တော့ မေစစ်က လန့်ဖျပ်ယောင်ယမ်းပြီး ခေါင်းညိတ်လိုက်သည်။

"လူကလေးက လက်တောက်လောက်နဲ့ ငါ့ကို အာခံရဲတယ်၊ ဒါ နင့်အမေ စနက်ပဲဖြစ်မယ် ..."





ဖေဖေက ကြက်မွေးတံမြက်စည်းကို ပြေးဆွဲလိုက်သည်။

"ဟိုဘက်လှည့်စမ်း ... လက်ပိုက်ထား ..."

ဘုရား ... ဘုရား ... ဖေဖေ မေစစ် တင်ပါးကို ရိုက်တော့မှာ။ တစိမ်းယောကျ်ားကြီးတွေရှေ့မှာ မေစစ် အပျိုစဖြစ်တဲ့ ဟောဒီလို နေ့မျိုးမှာ ...။

"ကိုဇော်ထင်ရာ ... မလုပ်ပါနဲ့ဗျ၊ စိတ်ကိုလျှော့မှပေါ့ဗျာ"

ယောကျ်ားကြီး တစ်ယောက်က ပြေရာပြေကြောင်း ပြောသော်လည်း ဖေဖေက လက်မခံချေ။

"ဒီတစ်ကြိမ် လွှတ်ထားရင် နောက်ဆို ဒါ့ထက်ပိုဆိုးတော့မှာပေါ့ဗျ၊ သားသမီးဆိုတာ မိဘ ဘာပြောပြော နာခံရမှာပေါ့၊ ဒီလို အသေးအမွှားလေးကအစ အာခံနေရင် ဒါ့ထက်ကြီးမားတဲ့ ကိစ္စတွေကျ ကိုယ့်ဖာတ် ကိုယ်မနိုင်ဘဲ ဒုက္ခရောက်ရတော့မှာပေါ့၊ ငယ်တုန်း ဆုံးမထားမှဗျ၊ ကြီးလာလေ အရိုးရင့် အရေထူလေ ဆုံးမလို့ နားမဝင်လေပဲ ..."

ဖေဖေက စကားဆုံးသည်နှင့် တံမြက်စည်း ကိုင်ထားသော လက်ကို မြှောက်လိုက်သည်။

မေစစ်သည် ရုတ်တရက် အံကြိတ်ကာ ချာခနဲလှည့်ပြီး ဖေဖေ့ လက်ထဲက တံမြက်စည်းကို ဝင်လုရင်း ...

"ဖေဖေ ... ဖေဖေ ... မလုပ်ပါနဲ့၊ မေစစ် တောင်းပန်ပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ဧည့်သည်တွေရှေ့မှာ မရိုက်ပါနဲ့၊ သူတို့ပြန်သွားမှ ကြိုက်သလောက်ရိုက်ပါ၊ သေအောင်ရိုက်ပါ၊ မေ့စစ် ကျောကုန်းကို ရိုက်ပါ ...”

“အောင်မာ ... ဖယ်စမ်း ... အာမခံစမ်းနဲ့၊ ဒီလို ကြောက်တတ်ရင် အစကတည်းက လူရှေ့မှာ ငါ့ကို အရှက်မခွဲနဲ့၊ နင် လူတွေရှေ့မှာ ငါ့ကို အာခံတာ ငါ ဘယ်လောက် ရှက်ရသလဲ၊ ဒီအရွယ် သမီးတစ်ယောက်ကိုတောင် မနိုင်ဘူးလို့ အပြောမခံနိုင်ဘူး ...”

ဖေဖေက မေစစ် လက်နှစ်ဖက်ကို ပူးကပ်လိမ်လိုက်ပြီး နံရံဘက်သို့ တွန်းပို့လိုက်သည်။ မေစစ်သည် နံရံကို လက်ထောက်လျက် ကပ်မိသွားသည်။

မေစစ် တင်ပါးပေါ်သို့ တံမြက်စည်းရိုးက ဆက တိုက် ကျရောက်လာသည်။ တစ်ချက်၊ နှစ်ချက်၊ သုံးချက် ...၊ လေးချက် ...။

မုန်းတယ်၊ မုန်းတယ်။ မုန်းတယ် ...။

ဘယ်နှစ်ချက်မှန်း မသိတော့ချိန်မှာ မေစစ် ဒူးတွေ ညွတ်ကျသွားပြီး သတိလစ်သွားလေသည်။

♥ ♥ ♥





❦ ❦ ❦

မေစစ်သည် ဘ၀ကို မုန်းသွားသည်။ လောကကြီးကို မုန်းသွားသည်။ ဘာကိုမုန်းမသိ မုန်းသွားသည်။ ဘာကိုမုန်းမသိ ကြောက်သွားသည်။ မေစစ်ရဲ့ ဘ၀သည် လုံခြုံမှုမရှိဟု ခံစားလာရသည်။

အပျိုစစ်ကလေး မေစစ်မင်းသည် တဖြည်းဖြည်း အလှသွေးလည်း ကြွယ်ခဲ့ပြီ။

ကြောက်တတ်သော၊ ရှက်တတ်၍ သိမ်မွေ့နူးညံ့ ကလေးဆန်သော မိန်းမပျိုကလေးသည် ဖေဖေနှင့် မေမေကြောင့် ပင် အရောင်အသွေး ပြောင်းလာသည်။

အစကတော့ အဖြူ။ ခုတော့ အနီ ...။



www.burmeseclassic.com

www.burmeseclassic.com



လသာသော ညများတွင် မေမေသည် ဘုရားခန်းထဲမှ ထွက်ခဲ့ကာ မေစစ်ကို ခေါ်ပြီး ခြံထဲသို့ဆင်း၍ လမ်းလျှောက်လေ့ရှိ၏။ ပြီးတော့ လရောင်အောက်က စိမ်းမြနေသော မြက်ခင်းပေါ်မှာ ထိုင်သည်။ ထိုညများမှာ မေမေ့ပေါင်ကို ခေါင်းအုံးပြီး လကို ငေးမော့ကြည့်နေသော မေစစ်ကို မေမေက ဝမ်းနည်းနာကျင်သော စကားများ ပြောပြလေ့ရှိပါသည်။

"မိန်းမတစ်ယောက်အတွက် ဂုဏ်သိက္ခာဟာ အရေးအကြီးဆုံးပဲ သမီး၊ မေမေတို့ မျိုးရိုးဟာ ဂုဏ်သိက္ခာကို အသက်ထက်ပိုပြီး မက်မောတယ် …။

"မေမေ့ မိဘတွေ၊ မေမေ့ ညီအစ်ကို မောင်နှမတွေ အားလုံးဟာ လူ့ဘဝကို ဂုဏ်သိက္ခာရှိရှိ ဖြတ်သန်းခဲ့တဲ့ သူတွေချည်းပဲ၊ အများအလယ်မှာ ဂုဏ်သရေရှိလူတွေအဖြစ် ရပ်တည်နေနိုင်ခဲ့ကြတယ် …။

"မေမေ့ကျမှ ကံတရားက ချွတ်ချော်တိမ်းပါးပြီး သမီး ဖေဖေနဲ့တွေ့တယ်၊ စိတ်ခံစားမှု တစ်ခုတည်းနဲ့ ချစ်ခဲ့မိတယ်၊ ချစ်သူဘဝတုန်းကတော့ သူတို့မျိုးရိုး မမြင့်တာ၊ ပိုက်ဆံမရှိတာ၊ ပညာသိပ်မတတ်တာကို ချွတ်ယွင်းချက်လို့ မမှတ်ခဲ့ဘူး၊ အချစ်မှာ ဒါတွေဟာ အရေးမကြီးဘူးလို့ပဲ တွေးခဲ့တယ်၊ သူ့ရဲ့ ယုယမှုတွေမှာ သာယာပြီး သူ့စရိုက်ကြမ်းတာကိုလည်း မရိပ်မိခဲ့ဘူး၊ ဒီလိုနဲ့ အချစ်နဲ့





မှာနစ်ပြီး သူနဲ့လက်ထပ်ခဲ့ရတယ်၊ လက်ထပ်ပြီးမှ သူဟာ ဂုဏ်သိက္ခာမဲ့တဲ့ ယောကျ်ားဆိုတာ တဖြည်းဖြည်း သိလာတယ် …။

"မေမေ့ကို ငုတ်တုတ်ထားပြီး သူ ပွေရှုပ်တယ်၊ ဒေါသကြီးတယ်၊ နှုတ်ကြမ်းတယ်၊ ဆင်ခြင်တုံတရား မရှိဘူး၊ အတ္တကြီးတယ်၊ ဒီလိုယောကျ်ား တစ်ယောက်ကို မေမေ ဘယ်လိုချစ်နိုင်ပါတော့မလဲ သမီးရယ် …။

"မေမေ့ ဘဝဟာ ရှင်လျက်နဲ့ ငရဲကျနေသလိုပါပဲ"

မေမေ့ မျက်ရည်စက်တွေက မေစစ်မျက်နှာပေါ် ကျလာပြီး မေစစ်ရဲ့ မျက်ရည်တွေနှင့် ရောသွားသည်။ မေစစ်က ရှိုက်သံမပါအောင် ထိန်းရင်း …

"ဒီလောက် စိတ်ဆင်းရဲနေရတာတောင် မေမေ ဘာလို့ ဖေဖေနဲ့ ခွဲမနေတာလဲဟင် …"

မေစစ်က မော့ကြည့်နေမိတာမို့ မေမေ နာကြည်းစွာ ပြုံးလိုက်တာကို လရောင်အောက်မှာ မြင်ရသည်။ မေမေက တီးတိုးပြောသည်။

"ဂုဏ်သိက္ခာပေါ့ကွယ် … ဂုဏ်သိက္ခာကြောင့်ပေါ့၊ မေမေ အိမ်ထောင်မပျက်ချင်ဘူး၊ တစ်ခုလပ်ဆိုတဲ့ နာမည်ကို မလိုချင်ဘူး …"



www.burmeseclassic.com

www.burmeseclassic.com



'ဂုဏ်သိက္ခာအတွက် တစ်သက်လုံး စိတ်ဆင်းရဲခံသွားမလို့လား မေမေ' ဟု မေစစ်က မေးချင်သော်လည်း မမေးရဲ။ မေမေက ဆက်ပြောပြန်သည်။

"သမီးလည်း ဂုဏ်သိက္ခာရှိတဲ့ မိန်းမတစ်ယောက်အဖြစ် ရပ်တည်နိုင်အောင် ကြိုးစားရမယ်၊ တစ်နေ့ကျရင် ဂုဏ်သရေရှိ ယောကျ်ားတစ်ယောက်နဲ့ ဂုဏ်သိက္ခာရှိစွာ လက်ထပ်ရမယ်၊ ဂုဏ်သိက္ခာမဲ့တဲ့ အလုပ်မျိုးတွေ မလုပ်ရဘူးနော်"

မေစစ်က အသာအယာ ခေါင်းညိတ်ပြလိုက်သည်။ သို့သော် ဂုဏ်သိက္ခာဆိုတာ ပတ်ဝန်းကျင်က သတ်မှတ်ပေးတဲ့ စည်းမျဉ်းတစ်ခုလား၊ ကိုယ်တိုင်က သတ်မှတ်တာလား။ ဂုဏ်သိက္ခာဆိုတာ ဘာလဲ။ မေစစ် သေသေချာချာ မသိပါ။ မေမေ့စကားတွေက မေစစ် စိတ်နှလုံးကို ထိခိုက်စေတာတော့ အမှန်ပင်။ ပြီးတော့ ဖေဖေ့ကို မေစစ် မုန်းသည်။ အရှက်ခွဲခံရတဲ့ နေ့ကိုလည်း မေစစ် မမေ့။ အဲ့ဒါဟာ ဒဏ်ရာတစ်ခုပဲ။ အဲ့ဒီ ဒဏ်ရာက မေစစ်ကို ပြောင်းလဲသွားစေသည်။

မေစစ်သည် ခုတော့ အလွန်ရှက်တတ်သော အပျိုစင်ကလေးရဲ့ စိတ်ကို နှလုံးသားရဲ့ နေရာ နက်နက်ထဲမှာ သိုဝှက်မေ့ပျောက်ထားလိုက်ပြီး ဘာမဆို မျက်နှာမော့ကာ ရင်ဆိုင်တတ်လာသည်။





တစ်နေ့ မေစစ် တစ်ယောက်တည်း ကျောင်းလာချိန်မှာ မေစစ်တို့ အတန်းထဲက ကောင်မလေးတွေ တီးတိုးပြောလိုက်တာကို ကြားလိုက်ရသည်။

"ဟဲ့ … သူ့အဖေကလည်း သိပ်ရှုပ်တာပဲတဲ့ဟဲ့ သိလား၊ မိန်းမတွေမှ အများကြီးတဲ့ ဟိဟိ …"

မေစစ်သည် ရုတ်တရက် ချာခနဲ လှည့်ကာ သူတို့ကို ရင်ဆိုင်လိုက်တော့ သူတို့အားလုံး ပါးစပ်ပိတ်သွားကာ မေစစ်ကို မျက်လုံးအပြူးသားဖြင့် ကြည့်နေသည်။ မေစစ်က သူတို့ထံ တစ်လှမ်းချင်း ပြန်လျှောက်လာကာ …

"ငါ့အဖေအကြောင်း ပြောနေကြတာ မဟုတ်လား၊ ငါ့အဖေက ရှုပ်တယ်ဆို၊ အဲ့ဒါ ငါလည်း သိပါတယ်၊ ဒါပေမယ့် ဘာဖြစ်လဲ … ငါ အခု ပျော်နေတာပဲ၊ ငါ့အဖေမှာ ပိုက်ဆံတွေ အများကြီး ရှိတယ်၊ ငါ့ကို အစားကောင်းကောင်း ကျွေးနိုင်တယ်၊ အဝတ်လှလှ ဆင်နိုင်တယ်၊ မုန့်ဖိုးများများ ပေးနိုင်တယ်၊ ငါ့အဖေ ပေးတဲ့ မုန့်ဖိုးနဲ့တောင် နင်တို့ကို မုန့်ဝယ်ကျွေးဖူးသေးတယ်လေ၊ နောက်လည်း ဝယ်ကျွေးဦးမယ် သိလား၊ ဩော် … နင်တို့ သိချင်ရင် ပြောရဦးမယ်၊ ခုတလော ငါ့အဖေနဲ့ တွဲနေတဲ့ မိန်းမက သိပ်လှပြီး သိပ်ငယ်တာပဲ ဆံရား၊ ငါဖြင့် သူ့ကို သိပ်သဘောကျတာပဲ"

မေစစ် ပြောပြီး လှည့်ထွက်လာတော့ နောက်မှာ အသံတွေ ဆူညံကျန်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဝိုး ... မိုက်တယ်ကွာ"

"မဟုတ်မှလွဲရော ... သူရူးသွားပြီလား"

"အေးလေ ... ပုံမှန်မှ မဟုတ်တာ"

မေစစ်ကတော့ ဂရုမစိုက်၊ ဘာကိုမှ ဂရုမစိုက်။ ရှက်စိတ်ဟာ လူကို သေစေနိုင်လောက်အောင် နာကျင်စေတတ်မှန်း သိခဲ့ပြီမို့ မရှက်မိအောင် နေသည်။ စိတ်ကို ပြောင်းပြန်လှန်ပစ်လိုက်သည်။

မေစစ် ဖေဖေနဲ့ မိန်းကလေးတစ်ယောက်ကို တွဲတွေ့လိုက်ရသော နေ့က မေစစ်နှင့် သူငယ်ချင်း သုံးယောက် ရုပ်ရှင်ကြည့်ကြဖို့ သမ္မတရုပ်ရှင်ရုံသို့ ရောက်နေခဲ့သောနေ့ ဖြစ်သည်။

မေစစ်၊ နှင်းနှင်း၊ လပြည့်နှင့် ဝသန်တို့ လေးယောက်သည် အာလူးကြော်ထုပ်ကြီးကို တစ်ယောက်တစ်လှည့် နှိုက်စားရင်း သမ္မတရုံအပေါ်ထပ် ဝရန်တာမှာ ရုပ်တန့်ကာ လှေကားထစ်တွေဆီ လှမ်းငေးနေခဲ့သည်။ ထိုအခိုက်မှာ ဖေဖေနှင့် မိန်းမတစ်ယောက် လက်ချင်းတွဲကာ လှေကားထစ်တွေအတိုင်း ခပ်ဖြည်းဖြည်း တက်လာတာကို အပေါ်စီးမှ မြင်လိုက်ရသည်။

"ဟယ် ... ဟိုဟာ ... ဟိုဟာ ..."

ပထမဦးဆုံး စ,မြင်သူ နှင်းနှင်းက လွှတ်ခနဲ အာမေဍိတ်သံပြုကာ ပါးစပ်ထဲ ထည့်လုဆဲဆဲ အာလူးကြော်က ပြုတ်ကျသွားသည်။





"နှင်းကလည်းဟယ် ...၊ ဟဲ့ ... မေစစ် ဟိုမှာ ကြည့်စမ်း ... ဟိုဝေါ်ရှိကို ကြည့်စမ်း၊ အရမ်းလှတယ် ဆရာ၊ အဲ့ဒါ နောက်အပတ် ရုံတင်မယ့် ကားလေ"

ဝသန်က အချိန်မီ ဖုံးဖိလိုကာ မေစစ်ကို ဖျတ်ခနဲ ဆွဲပြီး ကြည့်ပြီးသား ဝေါ်ရှိတွေကို ဇွတ်အတင်း ပြနေသည်။ ထိုအခိုက်တွင် ဘာမှ အရိပ်သုံးပါး နားမလည်၊ အကင်းမပါးသော လပြည့်က သူ့အသံကျယ်ကြီးဖြင့် အလန့်တကြား ထ,အော်လိုက်သည်။

"ဟယ် ... ဟိုမှာ ... နင့်အဖေ ... နင့် အဖေ"

"ဟဲ့ ... လပြည့် ... နင်ဟာလေ ..."

ဝသန်က တားမြစ်သေးသော်လည်း မမီတော့ချေ။ မေစစ်က ချာခနဲ လှည့်ကြည့်လိုက်သောအခါ လှေကားထိပ်သို့ ရောက်နေပြီဖြစ်သော ဖေဖေတို့ နှစ်ယောက်ကို တွေ့လေသည်။ မေစစ်သည် သူငယ်ချင်းများရှေ့မှာမို့ အလွန်ပင် ရှက်ရွံ့သိမ်ငယ်ကာ ကိုယ့်ကိုယ်ကို ပရွက်ဆိတ်လေးလောက် ဖန်ဆင်းပြီး နေလိုက်ချင်သည်။ သို့သော် မေစစ်က သိမ်ငယ်စိတ်ကို အပြုံးဖြင့်ဖုံးကာ ဖေဖေတို့ဆီ ခပ်သွက်သွက် လျှောက်သွားလိုက်သည်။

"ဖေဖေ ... ဖေဖေ ... နေပါဦး ..."

"ဟဲ့ ... မေစစ် ..."

မေစစ်က ရုပ်ရှင်ရုံထဲ ဝင်လုဆဲဆဲ ဖေဖေ့နောက်သို့



www.burmeseclassic.com

www.burmeseclassic.com



ပြေးလိုက်သွားတော့ သူငယ်ချင်းတွေက ပါးစပ်အဟောင်းသားဖြင့် အံ့သြသွားသည်။

ဖေဖေက မေစစ်ကို တွေ့တော့ မလုံမလဲဖြစ်သွားပုံရသည်။ အမျိုးသမီးကတော့ ဖေဖေ့လက်ကို တွဲထားဆဲပင် ...။ မေစစ်က ဖေဖေ့ကိုရော ထိုအမျိုးသမီးကိုပါ အားပါးတရ ပြုံးပြလိုက်ရင်း ...

"ဖေဖေတို့ ရုပ်ရှင်လာကြည့်ကြတာလား၊ သမီးတို့ သူငယ်ချင်းတွေကလည်း ရုပ်ရှင်လာကြည့်တာ၊ မမက သိပ်လှတာပဲနော်၊ မမ ... သမီး နာမည် မေစစ်မင်းပါ၊ လမ်းတွေ့ရင် နှုတ်ဆက်နော်၊ ဩော် ... ဖေဖေတို့ ရုံထဲမှာစားဖို့ စားစရာ ဝယ်ပေးလိုက်ဦးမယ်၊ ခဏလေးနော် ..."

ဖေဖေက ဘာမှပြန်မပြောနိုင်ဘဲ ကြက်သေ သေနေသည်။ မေစစ် သူငယ်ချင်းတွေက 'သူရူးသွားပြီလား' ဟု ဇဝေဇဝါ ရေရွတ်နေသည်။ မေစစ် အမူအရာတွေထဲမှာ ထေ့ငေါ့သည့် အပြုအမူမျိုးလည်း မပါ။

မေစစ်က ရေသန့်တစ်ဘူး၊ အာလူးကြော် တစ်ထုပ်၊ နေကြာစေ့ တစ်ထုပ် သွားဝယ်ပြီး အမျိုးသမီး လက်ထဲထည့်ပေးလိုက်ရင်း ...

"ဖေဖေက နေကြာစေ့ ကြိုက်တယ် မမ၊ ဒါပေမယ့် သူဟာသူ ခွာစားဖို့တော့ ပျင်းတယ်၊ မမပဲ ခွာကျွေးလိုက်ပါ၊ မေစစ် သွားမယ်နော် ... ဘိုင့်ဘိုင် ..."





မေစစ်က မြူးကြွစွာပင် သူငယ်ချင်းတွေထံ ပြန်လှည့်လာသည်။ မေစစ် ရင်ဆိုင်ရသည့်မှာ သူငယ်ချင်းများရဲ့ ကရုဏာရိပ် လွှမ်းနေသော မျက်ဝန်းများဖြစ်သည်။ ဟင့်အင်း ... ရင်မဆိုင်ချင်ဘူး။ အဲဒီလို မျက်လုံးတွေကို မေစစ် မုန်းသည်။ ဝသန်က မေစစ် လက်ကို ဖေးမဆွဲခေါ်လိုက်သည်။ နှင်းနှင်းက မေးသည်။

"မေစစ် ... နင် ပုံမှန်တော့ ဟုတ်ပါတယ်နော် ..."

မေစစ်သည် ဆံပင်တွေ ဖွားခနဲ လွင့်သွားအောင် ခေါင်းမော့လှန်၍ ဟက်ဟက်ပက်ပက် ရယ်ရင်း ...

"ဘာလဲ ... နင်တို့က ငါ့ကို ရူးနေတယ်ထင်လို့လား"

"နင်ကလည်းဟယ် ... ငါတို့က နင့်ကို သနား ..."

"တော်စမ်းပါ ... ဘာသနားစရာ ရှိလို့လဲ၊ နင်တို့ မှားနေပြီ၊ ငါ လုံးဝ မခံစားရဘူး သိလား၊ ဘာမှမဖြစ်ဘူး၊ အားလုံး ပုံမှန်ပဲ၊ ငါ အမြဲပျော်နေတာပဲ၊ ... ဟင်း ... ဟင်း ..."

မေစစ်သည် သူငယ်ချင်းများ ရှေ့မှာတော့ ပိပိရိရိ ရယ်မောနိုင်လေသည်။ သို့သော် အိမ်ရောက်တော့ ဖေဖေက မေစစ်ကို ရိုက်သည်။ သူ့ကို အရှဲ့တိုက်လို့ဟုဆိုသည်။ မေစစ်က အခန်းကို အမှောင်ချကာ တိတ်တိတ်ကလေး ကျိတ်ငိုသည်။ ဒီအကြောင်းတွေ ဘယ်သူ့ကိုမှ ပြောမပြချင်။

ငယ်ငယ်တုန်းကတော့ ဖေဖေနဲ့ မေမေ ရန်ဖြစ်တိုင်း



www.burmeseclassic.com

www.burmeseclassic.com



မေစစ် ငိုသည်။ မေစစ်သည် မျက်လုံးတွေကို မှိတ်ထားရင်းကပင် မေစစ်ကို မေစစ် ပြန်မြင်လာသည်။ အဲဒီတုန်းက မေစစ်ဟာ ရှစ်နှစ်အရွယ်ပဲ ရှိသေးသည်။ ဖေဖေ့ အော်ဟစ်သံတွေကြောင့် မေမေ ငိုသည်။ မေမေငိုတော့ မေစစ်လည်း ငိုသည်။ အဲ့ဒီတော့ မေစစ်ကို ဖေဖေက 'မငိုနဲ့၊ ငိုရင် ရိုက်မယ်' ဟု ခြိမ်းခြောက်သည်။ မေစစ် ငိုမိတော့ ရိုက်သည်။ ဘုရားရေ... မေစစ် တစ်ကိုယ်လုံး နာကျင်တုန်လှုပ်လာပြီ။

မေစစ်သည် အတွေးထဲကရုန်းထွက်လိုတာမို့ အခန်းထောင့်က ကက်ဆက်ဆီ ဝုန်းခနဲ ထ,ပြေးသွားကာ ကက်ဆက်ခလုတ်ကို နှိပ်လိုက်ပြီး volume ကို မြှင့်လိုက်သည်။ ပြီးတော့ ကက်ဆက်သံကို ဖုံးအောင် မေစစ် သီချင်းအော်ဆိုသည်။ နောက်တော့ သီချင်းသံကို အကာအကွယ်ယူကာ မေစစ် ငိုလိုက်မိလေသည်။

ထွက်ပေါက်တစ်ခု လိုအပ်သည်။

မေစစ် ဘဝမှာ ထွက်ပေါက်တစ်ခုတော့ လိုအပ်သည်။

အဲ့ဒါ ဘာဖြစ်နိုင်မလဲ။

♥ ♥ ♥





❀ ❀ ❀

"ငါ့ကိုချည်းပဲ အပြစ်တင်မနေနဲ့ သီရိ၊ ငါ ဒီလိုဖြစ်နေတာ မင်းအပြစ်တွေ အများကြီးပါတယ်ကွ၊ မင်းဘက်က မိန်းမတစ်ယောက်ရဲ့ တာဝန် မကျေပွန်လို့၊ တစ်ကိုယ်ကောင်းဆန်လို့ ဖြစ်ရတာ၊ ယောကျ်ားပဲကွ၊ အိမ်ထဲမှာ မသာယာရင် အပြင်မှာ သာယာမှု ရှာမှာပေါ့၊ ဒါ ထုံးစံပဲ"

"ဒါက အကြောင်းပြချက် သက်သက်ပါ ကိုဇော်ထင်ရယ်၊ တကယ်တော့ ရှင့် ဗီဇအကျင့်စရိုက်ကိုက နိမ့်ခဲ့လို့ ဒီလို ပြုမူတာပါ ..."

"အေး... ငါက နိမ့်တယ်၊ အောက်တန်းကျတယ်ဆိုရင် ငါ့ကိုယူတဲ့ မိန်းမကလည်း ငါနဲ့ အဆင့်တူလို့သာ ငါ့ကို



www.burmeseclassic.com

www.burmeseclassic.com



ယူတာပေါ့၊ မင်းဘာသာ ဘာကြီးပဲဖြစ်နေနေ ဘာအမျိုးအနွယ်ကြီးပဲ ဖြစ်နေနေ ...၊ မင်းတို့ ဆွေကြီးမျိုးကြီးထဲမှာ မင်းတစ်ယောက်ပဲ နိမ့်ကျနေလို့ ငါနဲ့တွေ့တာပေါ့ ... ”

“အချစ်ကို ကိုးကွယ်မိတဲ့ အချိန်တုန်းကတော့ မင်းသားခေါင်း စွပ်ထားတဲ့ ဘီလူးကို ဘီလူးလို့ ဘယ်မြင်နိုင်ပါ့မလဲရှင်”

“မင်း ... ”

ဖေဖေနှင့် မေမေသည် မေစစ်ရှေ့မှာပင် ပြင်းထန်စွာ တိုက်ပွဲဖြစ်ပွားလျက် ရှိသည်။ ဖေဖေက အပြင်းအထန် တိုက်စစ်ဆင်လျက်ရှိပြီး မေမေက စစ်အေးတိုက်ပွဲ ဆင်နွှဲလျက်ရှိသည်။

မေစစ်သည်ကား အချဉ်ထုပ် စားရင်း ထိုတိုက်ပွဲကို အေးအေးလူလူ ထိုင်ကြည့်လျက်ရှိသည်။ ထွက်ပြေးပြီး ငိုရှိုက်မနေချင် ...။ ခံစားရသမျှကို ကျွမ်းကျင်စွာ ဟန်ဆောင်နိုင်မည့် အတတ်ပညာကို မေစစ် တတ်မြောက်ချင်သည်။ တစ်ခုခု ကောက်ပေါက်သံ၊ ကွဲရှသံ၊ တောက်ခတ်သံ အများကြီးပဲ ဆူညံနေသည်။ ဆူစမ်းပါ ... ဘယ်လောက်ထိ ဆူနိုင်မလဲ၊ မေစစ် ထိုင်ကြည့်မည် ...။

“ဟဲ့ ... သမီးလေး ဘာလုပ်နေတာလဲ၊ လာ ... လာစမ်း”

ဖေဖေတို့ ရန်ပွဲကို မှုန့်စားရင်း အေးအေးလူလူ ထိုင်ကြည့်နေသော မေစစ် နံဘေးသို့ ဒေါ်ကြီးစိုး ရောက်လာသည်။





“ဟင့်အင်း ... မေစစ် ကြည့်နေတာ ... ”

“ဘာဖြစ်လို့ ကြည့်နေရတာလဲ၊ ပျော်စရာကောင်းတဲ့ ကိစ္စမှ မဟုတ်တာ၊ ဝေးဝေးမှာ သွားနေစမ်းပါအေ၊ ရှက်စရာကြီးပါ၊ ညည်း မရှက်ဘူးလား ... ”

မေစစ်သည် နေကြာစေ့ တစ်စေ့ကို ထောက်ခနဲ ဖောက်ကာ အခွံကို နောက်ပြန်ပစ်လိုက်ရင်း ...

“ဘာလို့ ရှက်ရမှာလဲ ... မရှက်ပါဘူး”

ဒေါ်ကြီးစိုးသည် သူ့ရင်ဘတ်သူ ဖိထားသည်။

“ဒုက္ခပါပဲ ...၊ ကဲ ... လာပါ မေစစ်ရယ်၊ ကိုယ့်အခန်းထဲ ကိုယ်ဝင်နေပါ”

“သူတို့တောင် ဖြစ်ရဲသေးတာ၊ မေစစ်က ဘာလို့ မကြည့်ရဲရမှာလဲ ... ”

“မေစစ်ရယ် ... ဒေါ်ကြီးစိုး တောင်းပန်တယ်၊ လာပါကွယ် အခန်းထဲ သွားနေနော် ... ”

မေစစ်သည် ဒေါ်ကြီးစိုး စကားကိုလည်း နားမဝင်ဘဲ ပေထိုင်နေသည်။

ခုလောက်ဆို အိမ်နီးချင်းတွေလည်း နားစွင့်နေလောက်ပြီ။ ခဏနေလို့ မေစစ် အပြင်ထွက်လျှင် သနားပါတယ် ဟူသော အကြည့်မျိုးဖြင့် ဝိုင်းကြည့်ကြလိမ့်မည်။

မေစစ်သည် အခန်းထဲသို့ ဝင်လာခဲ့ကာ ကိုယ့်ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



ကို အလှဆုံး ဖြစ်အောင် ပြင်ဆင်သည်။ နှုတ်ခမ်းနီကို တောက်ပသည့် အရောင် နီရဲရဲကိုသာ ဆိုးသည်။ ခရမ်းရောင် တောက်တောက် အဝတ်အစားတွေကို ဝတ်သည်။ ပြီးတော့ ၁၆ နှစ်သမီးလေး မေစစ်မင်းသည် ကျူရှင်သွားရန် ခေါင်းမော့၍ အိမ်ကထွက်လာလေသည်။

မေစစ်ရဲ့ ကျူရှင်သွားဖော် သူငယ်ချင်းက မေစစ်ကို ဆီးမေးသည်။

"ဟဲ့ … မေစစ် … နင့်အဖေနဲ့ အမေ ရန်ဖြစ်ပြန်ပြီလား၊ ခုန ဆူဆူညံညံ အသံတွေ ကြားတယ် …"

မေစစ်သည် ရွှန်းစိုတောက်ပသော နှုတ်ခမ်းနှစ်လွှာကို စေ့ကာ အလှဆုံးပြုံးလိုက်ရင်း …

"ဟင်း … ဟင်း … ဒီလိုပါပဲ၊ အချစ်စမ်းတာပေါ့ဟာ၊ ခဏနေ ပြန်တည့်သွားမှာပေါ့၊ ဖေဖေနဲ့ မေမေက ရန်သာဖြစ်ပေမယ့် တစ်ယောက်ကို တစ်ယောက် သိပ်ချစ်ကြတာဟ၊ အဲ့ဒါကြောင့် မခွဲဘဲ အမြဲတူတူ နေနေကြတာပေါ့၊ ရန်ဖြစ်ပြီးရင် ပြန်ချစ်သွားကြမှာလေ၊ အဲဒီလို ရန်ဖြစ်တာကလည်း တစ်မျိုးတော့ ပျော်စရာကောင်းပါတယ်ဟာ …"

သူငယ်ချင်း စုစုက မေစစ်ကို မယုံနိုင်သလို ကြည့်တော့ မေစစ်က မျက်နှာကို ပိုပြုံးထားသည်။ မေစစ်တို့ အိမ်နားတစ်ဝိုက်မှာ ပြူတစ်ပြူတစ်နှင့် လှမ်းအကဲခတ် နားစွင့်နေကြသူတွေကိုတောင် ဝေ့ကြည့်ပြီး ပြုံးပြခဲ့သေးသည်။





ကျူရှင်ရောက် နောက်ကျတာမို့ မေစစ်နှင့် စုစုက နောက်ဆုံးတန်းမှာ ဝင်ထိုင်လိုက်သည်။

"မေစစ်မင်း …"

ထိုင်ပြီး စာကူးနေဆဲမှာ ဆရာမရဲ့ ခေါ်သံကို ကြားရသည်။ အတန်းထဲက လူတွေအားလုံးရဲ့ ခေါင်းက မေစစ်ထံ ချာခနဲ လှည့်လာသည်။

"မတ်တတ်ထပါ …"

မေစစ်က ဘာမှန်းမသိဘဲ မတ်တတ်ထရပ်လိုက်ရသည်။

"အထက်တန်းကျောင်းသူဆိုတာ အလွန်အကျွံ အလှမပြင်ရဘူးလို့ ဆရာမ ပြောထားတယ် မဟုတ်လား၊ ဆရာမတို့ ကျူရှင်က ကျူရှင်ဆိုပေမယ့် ကျောင်းသားတွေကို စည်းလွတ်ဝါးလွတ် မထားဘူး၊ ဆရာမ သေသေချာချာ ပြောထားရက်နဲ့ ဘာဖြစ်လို့ ဒီလောက် နီရဲတွတ်နေတဲ့ နှုတ်ခမ်းနီကို ဆိုးလာရတာလဲ …"

တကယ်တော့ မေစစ်က မေစစ်ရဲ့ ညှိုးနေတဲ့ မျက်နှာကို အရောင်တင်ချင်ခဲ့တာပါ …။ မေစစ် လှချင်လို့မဟုတ်ပါဘူး။ သို့သော် … အားလုံးရှေ့မှာ မေစစ်က ဘာဖြစ်လို့ အမှန်အတိုင်း ပြောရမှာလဲ …။

မေစစ်သည် အောက်နှုတ်ခမ်းအတွင်းသားကို ကျိတ်ကိုက်လိုက်ပြီး …



www.burmeseclassic.com

www.burmeseclassic.com



"လှချင်လို့ ဆိုးလာတာပါ ဆရာမ ..."

ရယ်သံတွေ ဝေါခနဲ ထွက်လာသည်။ မေစစ်က ဂရုမစိုက်သလို ခပ်တည်တည် ရပ်နေသည်။

"ကဲ ... ကဲ ... သွား၊ သန့်စင်ခန်းထဲဝင်ပြီး ဖျက်ပစ်လိုက်တော့၊ နောက်ဆို လှချင်ရင်လည်း အရောင်ဖျော့ဖျော့ပဲ ဆိုး ..."

မေစစ်က ကြိုးသိုင်းဖေါက်ဖြင့် ဖိနပ်သံ တဖေါက်ဖေါက်ဖြင့် အတန်းသားတွေရှေ့ကနေ ခပ်တည်တည် ဖြတ်လျှောက်သွားသည်။

သန့်စင်ခန်းထဲ ရောက်တော့ မှန်ရှေ့မှာ ရပ်လိုက်ပြီး နှုတ်ခမ်းကို လက်ခုံဖြင့် ဘယ်ပြန်ညာပြန် ခပ်ကြမ်းကြမ်း ဖိပွတ်သုတ်လိုက်သည်။ နှုတ်ခမ်းနီတွေက ပါးစပ်တစ်ဝိုက်မှာ ပေကျံသွားသည်။ ပြီးတော့ မေစစ် သန့်စင်ခန်းထဲမှ ခပ်တည်တည် ပြန်ထွက်လာသည်။

"ဗိုး ..."

အတန်းထဲမှာ အသံတွေ ဆူညံသွားပြန်သည်။ စုစုက တစ်ရှူးထုပ်ကို သူ့အိတ်ထဲက ထုတ်ကာ မေစစ် လက်ထဲ အတင်းထိုးထည့်လိုက်ရင်း ...

"ဟဲ့ ... နင့်ဟာက မစင်ဘူး"

"ငါသိသားပဲ ..."





"အဲဒါဆိုလည်း သုတ်လိုက်လေဟာ ..."

"သုတ်ဆိုလို့ သုတ်ပြီးပြီလေ၊ စင်တာ မစင်တာက အရေးမကြီးဘူး၊ ဆရာမပြောတဲ့ အထဲမှာ စင်အောင်သုတ်လို့မှ မပါတာ ..."

"ခက်တာပဲဟယ် ... နင်ကလဲ ..."

"မေစစ်မင်း ..."

"ဟဲ့ ... ခေါ်နေပြီ ... ခေါ်နေပြီ၊ ဒုက္ခပဲ"

ဒီတစ်ခါတော့ ဆရာမ ခေါ်သည်နှင့် မေစစ်က သွက်လက်စွာ ထရပ်လိုက်သည်။

"နှုတ်ခမ်းနီ ဖျက်ခိုင်းတာ ဘာလို့ စင်အောင် မဖျက်သလဲ"

"စင်အောင်ဖျက်ဆိုရင် ဖျက်လိုက်ပါ့မယ် ဆရာမ ..."

မေစစ်က နောက်တစ်ကြိမ် သန့်စင်ခန်းထဲ ပြန်ဝင်လာကာ စုစုပေးလိုက်သော တစ်ရှူးစဖြင့် စင်ကြယ်အောင် သုတ်ပစ်လိုက်သည်။

ထိုနေ့ ညနေ အတန်းပြီးတော့ မေစစ်ကို ပြုံးစိစိဖြင့် လိုက်ကြည့်နေသော ကျောင်းသားတွေ့ရှေ့ကနေ အပြုံးမပျက်ဘဲ လျှောက်လာခဲ့သည်။ စုစုက မေစစ်ကို အကဲခတ်သလိုကြည့်ရင်း ...

"ဆရာမကလည်းဟာ ... အတန်းသား အားလုံးရှေ့မှာမှ ပြောရတယ်လို့ ..."



www.burmeseclassic.com

www.burmeseclassic.com



"ကိစ္စမရှိပါဘူး၊ ငါမှ မရှက်တာ ..."

"မညာစမ်းပါနဲ့ဟယ်၊ နင့်စိတ်ကို ငါရိပ်မိပါတယ်၊ နင် ဘာလုပ်ချင်လဲဟင်၊ တခြားကျူရှင် ပြောင်းတက်မလား"

"မပြောင်းပါဘူး ... ဘာလို့ ပြောင်းရမှာလဲ၊ အဲ့ဒီ ကျူရှင်မှာပဲ ခေါင်းမော့ပြီး ဆက်တက်မယ် ..."

"အရှုံးမပေးတဲ့ စိတ်ကတော့ ကောင်းပါတယ် မေစစ်ရယ်၊ ဒါပေမယ့် ..."

"ဒါပေမယ့် ဘာဖြစ်လဲ ..."

"နင် ... ကိုယ့်ကိုယ်ကို အမြဲ ညာတာတော့ မကောင်းဘူး"

"မညာပါဘူး၊ ငါ မညာဘူး ..."

မေစစ်သည် ပြတ်သားစွာငြင်းရင်း မေစစ်ရဲ့ မျက်ဝန်းတွေကို စုစုမြင်မှာ စိုးကာ တစ်ဖက်သို့ လှည့်၍ဖွက်လိုက်လေသည်။

♥ ♥ ♥



## ဒုတိယပတ်

www.burmeseclassic.com

www.burmeseclassic.com

# သူမနှင့် ယောက်ျားလေး သူငယ်ချင်းများ

www.burmeseclassic.com

www.burmeseclassic.com



❀ ❀ ❀

အမြဲတမ်း သိမ်ငယ်စိတ်၊ မလုံခြုံစိတ်တို့ကို အားခဲ တွန်းလှန်နေရသော မေစစ်မင်းသည် အရွယ်ရောက်လာသောအခါ တစ်စုံတစ်ယောက်ထံမှ အထူးပြု တန်ဖိုးထားမှု၊ ဂရုစိုက်မှုနှင့် ကြင်နာစောင့်ရှောက်မှုကို မွတ်သိပ်စွာ တောင့်တလာလေသည်။

တကယ်တော့ ဘဝဆိုတာ လူတစ်ယောက်ကို အားလုံး အဆိုးချည်းပဲ ပေးထားတာလည်း မဟုတ်၊ အားလုံး အကောင်းချည်း ပေးထားတာလည်း မဟုတ်၊ လောက,က တရားမျှတသည်။

မေစစ်မင်းထံသို့ ကံတရားက အကောင်းဆုံး ပေးအပ်ထားသည်မှာ လှပသည့် အဆင်းဖြစ်သည်။

ပုညခင် စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



နဖူးပြင်လေး ရှင်းသွားအောင် နောက်လှန်ဖြီး၍ ခပ်မြင့်မြင့် စည်းထားသော ဆံပင်တွေကြောင့်ပင် မေစစ် မျက်နှာ ပြည့်ပြည့်ဖူးဖူးလေးက ထင်းနေသည်။ မျက်ခုံးနှစ်ဖက်က ပြုပြင် စရာမလိုဘဲ စင်ရော်တောင်လို ပုံစံကျကာ မျက်ခုံးမွေးတွေက စုစည်းမည်းနက် သိပ်သည်းသည်။ နှာဂံက အဖျားမှာ အနည်းငယ် လေး ကော့ကာ ထိပ်ဖျားမှာ အနားသတ်လှပသည်။ မျက်ဝန်း အိမ်ကျယ်ပြီး မျက်ရစ်ထစ်ရှားကာ မျက်တောင်တွေက ကော့မနေဘဲ ခပ်စိပ်စိပ် စင်းကျနေသည်။ မေစစ် မျက်နှာပေါ်မှာ ဆွဲဆောင်မှု အရှိဆုံးက နှင်းဆီငုံလို ဖူးကြွနေသော နှုတ်ခမ်းတစ်စုံ ဖြစ်သည်။

ခပ်ငယ်ငယ်က နွဲ့နှောင်းသည်ဟု ထင်ရသော မေစစ်သည် အပျိုပီပီ ဖြစ်ချိန်မှာ ကိုယ်ဟန်အမူအရာ ပြောင်းသွား သည်။ လမ်းလျှောက်လျှင် မတ်မတ်ကြော့နှင့် စမတ်တကျရှိကာ သိမ်မွေ့သည့် အမူအရာတော့ မရှိချေ…။ မေစစ် ပုံစံက အနည်းငယ် ထီမထင်ဟန်လည်း ပေါက်သည်။ လောကမှာ ကိုယ့်ကိုယ်ကိုမှလွဲ၍ ဘယ်သူမှ မယုံကြည်အပ်ဟု ယူဆထားကာ တခြားသူအပေါ် သံသယဖြင့် မယုံသင်္ကာဖြစ်တတ်သော မိန်း ကလေးတစ်ယောက်လည်း ဖြစ်လာသည်။

ယောကျ်ားလေးများနှင့် ပတ်သက်ပြီး မေစစ် စ,တင် ခံစားရသည်မှာ မေစစ်ကို ပျာပျာသလဲ အောက်ကျို့ ဂရုစိုက်ကြ ခြင်း ဖြစ်သည်။





မေစစ်ရဲ့ မိန်းကလေး သူငယ်ချင်းတွေဟာ မေစစ်ကို ခင်မင်ကြသော်လည်း သူတို့လောက်တော့ အထူးပြု အောက်ကျို့ ဂရုမစိုက်နိုင်ချေ။ ဘယ်သူကမှလည်း မေစစ်ကို အရှင်သခင် တစ်ပါးလို ပျာပျာသလဲ လုပ်မနေနိုင်။ တန်းတူရည်တူသာ ပေါင်းသင်းတာမို့ မေစစ်ကချည်း တစ်ဖက်သတ်အနိုင်ယူလို့လည်း မရချေ။

မေစစ် တစ်ဖက်သတ် အနိုင်ယူလို့ရတာ၊ မေစစ် ဘယ်လောက်ဆိုးဆိုး သည်းခံနိုင်သူတွေဟာ ယောကျ်ားလေးတွေ ချည်းသာ ဖြစ်ပါသည်။

ယောကျ်ားလေးတွေထဲမှာမှ ဝေယံ၊ နန္ဒနှင့် ကောင်းထက်တို့ သုံးယောက်က မေစစ်ကို ပို၍ ဂရုစိုက်ကြလေ သည်။ သူတို့ ဂရုစိုက်မှုတွေက အင်မတန် သာယာဖို့ကောင်းသည်။ မိန်းကလေးတစ်ယောက်ရဲ့ ဖြစ်တည်မှုကို ပိုပြီး မြင့်မားစေတယ် ထင်သည်။ မေစစ် နည်းနည်းတောင် ဘဝင်မြင့်မိသလိုပဲ …။

ဝေယံက သူဌေးသားဖြစ်ပြီး ငွေကို ရေလိုသုံးနိုင်သူ ဖြစ်သည်။ ရုပ်ရည်ကလည်း ကြည့်ပျော်ရှုပျော်ထက် ပိုသေးရာ မျိုးတိုင်းကြိုက်တဲ့ နှင်းဆီခိုင် ဖြစ်သည်။ သို့သော် ဝေယံက မျိုးတိုင်းကို စိတ်မဝင်စားဘဲ မေစစ်တစ်ယောက်ကိုသာ အထူး ဂရုပြု စိတ်ဝင်စားလေရာ မိန်းကလေးအများစုက မေစစ်ဆိုလျှင် မနာလိုချင်စရာချည်း ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဝေယံသည် တစ်မနက်တွင် အလွန်လှပသော နှင်းဆီ ပန်းပွင့်ကြီးများကို မေစစ်ထံ ယူလာပြီး ...

"မေစစ် ... ဒါ ... မေစစ်အတွက် ကိုယ့်လက်ဆောင်၊ မိန်း ကလေး အများစုက ပန်းလှလှလေးတွေဆို ကြိုက်တတ်လို့ နင့်အတွက် ယူလာတာ၊ မနက်အစောကြီး ထပြီး နှင်းဆီ ခြံကို ပြေးရတာဟ ... ၊ အစောဆုံးရောက်မှ အပွင့်အလှဆုံး တွေရမှာလေ၊ ပင်ပန်းလိုက်တာ ပြောမနေနဲ့တော့၊ အိပ်ပျက် လည်း ခံရသေးတယ်၊ ဒါပေမယ့် ဒါတွေက အရေးမကြီး ပါဘူး ... နင်ပျော်ဖို့ပဲ အရေးကြီးတယ်၊ ရော့ ... ယူလေဟာ"

ဝေယံ ပွေ့ထားသော ပန်းတွေဟာ ဘယ်လောက် များသလဲဆိုရင် သူ့မျက်နှာကိုတောင် ကွယ်နေသည်။ သူ့ခေါင်း ထိပ်ဖျားကလေးသာ ပေါ်နေပြီး အသံကိုသာ ကြားရသည်။ မေစစ်က တဟင်းဟင်း ရယ်သွမ်းသွေးမိကာ ...

"ငါ ပန်းကြိုက်တယ်လို့ နင့် ဘယ်သူပြောလဲ ဝေယံ ..."

"ဒီလိုလေဟာ ... မိန်းကလေးဆိုတာ နူးညံ့တဲ့ စိတ်နှလုံး ရှိတတ်ကြတော့ ပန်းလှလှလေးတွေ မြင်ရင် သဘောကျ မှာပဲ ဆိုပြီး ..."

"ငါမှာ နူးညံ့တဲ့ စိတ်နှလုံးရှိတယ်လို့ နင့် ဘယ်သူပြောလဲ ဝေယံ ..."

"နင်ကလည်းဟာ ... နင်က ဒီလောက်လှတဲ့ ဥစ္စာ ..."





"လှတိုင်း စိတ်နှလုံးနူးညံ့ရမှာလား"

"ဘာပဲဖြစ်ဖြစ်ဟာ ငါယူလာတဲ့ ပန်းတွေကိုတော့ နင် သဘောကျတယ်မဟုတ်လား၊ သဘောကျလိုက်ပါဟာ ..."

"အင်း ... မဆိုးပါဘူး၊ ပန်းတွေက လှသားပဲ ..."

"နင် ယူမှာလား ..."

"အေးလေ ... ယူတာပေါ့"

"နင် ငါ့ကို ကျေးဇူးတင်လား ..."

"ဘာအတွက်လဲ ..."

"ပန်းတွေယူလာတဲ့ အတွက်လေ ..."

"သြော် ... အေး ... ကျေးဇူးတင်ပါတယ်"

"ဒါဆို ငါ အပင်ပန်းခံရကျိုး နပ်ပြီပေါ့ဟာ၊ ကျေးဇူးပြု ပြီး ငါ့ကို သနားရင် တစ်ချက်လောက် ပြုံးပြပါလားဟာ၊ နင်ပြုံးတာ မြင်ရခဲလို့ပါ ..."

ပန်းတွေ ကွယ်နေတာမို့ ဝေယံက မေစစ်ကို ကောင်းကောင်း မြင်ရတာလည်း မဟုတ်ချေ။ မေစစ်က နှုတ်ခမ်း ကို ဖျတ်ခနဲ ရွဲ့ပြလိုက်ရင်း ...

"အေး ... ပြုံးလိုက်ပြီနော် ..."

"ဟာ ... နေ ... နေပါဦးဟာ၊ မမြင်ရဘူး၊ ပန်းတွေ ခဏ ဖယ်ထားလိုက်ဦးမယ် ..."

"မမီတော့ဘူး ... ပြုံးပြီးပြီ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟာကွာ ... မမြင်ရဘူးဟ၊ နောက်တစ်ချက် ပြုံးပြဟာ"

"မရတော့ဘူး၊ နင်က တစ်ချက်လောက်ပဲ ပြုံးဆိုလို့ ငါ တစ်ချက်ပဲ ပြုံးလိုက်တာ"

ဝေယံက မခံချိမခံသာ ဖြစ်ကျန်ခဲ့သည်။ မေစစ်က ပန်းတွေ အများကြီးကို ပွေ့ယူကာ လှည့်ထွက်လာသည်။

"ဟာ ... ပန်းတွေ အများကြီးပဲ၊ လှလိုက်တာ"

"မေစစ် ... ပန်းတွေ ဘယ်ကရလာတာလဲ"

အားလုံးက တအံ့တဩ ဝိုင်းမေးကြသည်။ မေစစ်သည် အတန်းထဲ ဝင်လာကာ ရှေ့ထွက်ရပ်လိုက်ရင်း အသံကျယ်ကျယ်ဖြင့် ကြော်ငြာလိုက်သည်။

"အတန်းထဲက မိန်းကလေးတွေ အားလုံးအတွက် ဘင်ယောက် ပန်းတစ်ပွင့်စီ ပေးမယ် ..."

"ဝိုး ... ကြိုက်တယ်"

"ငါက အနီယူမယ် ..."

"ငါ့ကို အဝါတစ်ပွင့်ပေး ..."

မိန်းကလေးအားလုံး မေစစ်ထံ ဝိုင်းလာကြသည်။ မေစစ်က တစ်ယောက်တစ်ပွင့်စီ ဝေပေးလိုက်သည်။

"မလုကြနဲ့နော်၊ ပန်းတွေက အများကြီးပဲ၊ လူစေ့ရမယ်၊ ဒီပန်းတွေက ရိုးရိုးပန်းတွေ မဟုတ်ဘူးနော်၊ မနက်အစောကြီး အိပ်ပျက်ခံပြီး နှင်းဆီခြံမှာ ပြေးဝယ်လာခဲ့တဲ့ ပန်းတွေ၊





မိန်းမလှလေး တစ်ယောက်ရဲ့ အပြုံးတစ်ချက်အတွက် ဆက်သတဲ့ ပန်းတွေ ..."

မေစစ် ပန်းတွေဝေပေးနေတာကို ဝေယံက တစ်နေရာမှ ရပ်ကြည့်ငေးမောလျက် ရှိသည်။ သူ့မျက်နှာကလေးလည်း ဆီးစေ့လောက် ငယ်နေသည်။

ပန်းတွေအားလုံး ဝေပေးပြီးသွားတော့ မေစစ်က လက်နှစ်ဖက်ကိုခါကာ ဝေယံ့ရှေ့မှ ဖြတ်လျှောက်လိုက်သည်။

"မေစစ်ရာ ... နင် အရမ်းရက်စက်တယ်ဟာ၊ လုပ်ရက်တယ်၊ ငါ့စေတနာကို စော်ကား လှောင်ပြောင်ရက်တယ်"

"ငါ အဲဒီလိုလုပ်လို့ နင် စိတ်ဆိုးတယ်မဟုတ်လား"

"စိတ်မဆိုးပါဘူး၊ နင် ဘာလုပ်လုပ် ငါ ဗွေမယူပါဘူး။ စိတ်မကောင်းဘဲ ဖြစ်မိတာပါ ..."

မေစစ်သည် ဝေယံရဲ့ သည်းခံနိုင်မှုကို အံ့ဩသွားသည်။ မိန်းမချင်းသာဆို ဒီလောက် မထီမဲ့မြင်ပြုလျှင် စိတ်ဆိုးပြီး တစ်သက်အပြတ်တွေ ဘာတွေ ဖြစ်သွားနိုင်သည်။ မေစစ်သည် ရှေ့ဆက်မသွားတော့ဘဲ ဝေယံဘက် တည့်တည့်လှည့်၍ ရပ်လိုက်ရင်း ...

"မဆိုးဘူး ... နင့် သည်းခံနိုင်မှုက တော်တော်မြင့်တာပဲ ..."

မေစစ်သည် ဝေယံရဲ့ သည်းခံမှုကို အသိအမှတ်



www.burmeseclassic.com

www.burmeseclassic.com



ပြုလိုက်ပြီးနောက်တွင် ဝေယံကို သူငယ်ချင်းအဖြစ် လက်ခံခင်မင် ခွင့် ပြုလိုက်သည်။

ဝေယံက မေစစ်ကို အလွန် သည်းခံဂရုစိုက်လေ သည်။ ကျောင်းခန်းထဲမှာသန့်ရှင်းရေးလုပ်ကြလျှင် သူက မေစစ် လက်ထဲက တံမျက်စည်းကိုပါ ယူကာ တံမျက်စည်း နှစ်ချောင်းကို ဘယ်ညာနှစ်ဖက်ကိုင်ပြီး တစ်ပြိုင်တည်း လှည်းသွားသည်။ မေစစ် က ရေဆာလိုက်တာဟု ညည်းညူမိလျှင် ရေတစ်ခွက် အမြန်ပြေး ခပ်ပြီး ယူလာသည်။ ဗိုက်ဆာလိုက်တာဟု ညည်းမိလျှင် မုန့်ဈေး တန်းသို့ အမြန်ပြေးပြီး စားစရာတစ်ခုခု ဝယ်လာကျွေးသည်။ မေစစ်မိဘထံက မရဖူးသော အရာတွေကိုပင် သူ့ထံကရသည်။ အိမ်မှာ စိတ်ဆင်းရဲသမျှတွေကို ကျောင်းကျမှ ဗိုလ်လုပ် ခွင့်ရကာ မေစစ် ကျေနပ်လှသည်။ ကျေနပ်သည်နှင့်အမျှ သူ့ကိုလည်း ခင်မင်လိုအပ်လာသည်။

သူ့အပြင် နောက်ထပ်နှစ်ယောက်ကလည်း သူ့ထက် မလျော့သော ဂရုစိုက်မှုများဖြင့် ဂရုစိုက်လေသည်။

နန္ဒကိုတော့ ကျူရှင်မှာ တွေ့ခဲ့တာဖြစ်သည်။ ညက ညဦးပိုင်းမှာ ဖေဖေနဲ့ မေမေ ရန်ဖြစ်ကြသည်။ သူတို့ ရန်ဖြစ်ပြီး အိပ်သွားကြချိန်မှာ မေစစ်က မအိပ်နိုင်ဘဲ အမှောင်ထဲမှာ မျက်လုံး ကြောင်နေသည်မှာ တစ်ညလုံးဖြစ်သည်။ ကျူရှင်ရောက်တော့ မေစစ် အိပ်ငိုက်နေရာ နန္ဒက မေစစ်စာအုပ်ကို ယူပြီး လက်ချာလိုက် ပေးသည်။ ပြီးတော့ စနိုးတာဝါတစ်ခု သွားဝယ်လာကာ ...





"မေစစ် ... အိပ်ချင်နေတယ် မဟုတ်လား၊ ရော့ ... ဒါလေး နဲ့ သုတ်လိုက် ..."

နန္ဒက အဲဒီလို ဂရုစိုက်တော့ မေစစ် ပျော်သည်။ ပြီးတော့ သူ့ကိုခင်သည်။

သူက ဝေယံလိုတော့ ပိုက်ဆံ မချမ်းသာချေ ...။ သို့သော် သူ့မှာ လှပသော စိတ်ကူးများစွာ ချမ်းသာသည်။

သူက ဝေယံလို နှင်းဆီပန်းတွေကို ဈေးကြီးပေးပြီး မဝယ်နိုင်သော်လည်း အလကားရသည့် ခရေပန်း အကြွေတွေကို ဆောင့်ကောက်ဖို့လောက်တော့ တတ်နိုင်လေသည်။

ခိုက်ခိုက်တုန်အောင် ချမ်းသော ဆောင်းမနက်ခင်း များတွင် နန္ဒသည် ခရေပန်းကြွေတွေ သွားကောက်ပြီး လက်ကိုင် ပဝါ အနွမ်းလေးဖြင့် ထုပ်ယူလာသည်။ ခရေပွင့်တွေက နှင်းများ ဖြင့် စိုလူးနေပြီး သူ့ခန္ဓာကိုယ်ကလည်း အနွေးထည်ဝတ်မထား လို့ ချမ်းတုန်နေသည်။ သူက ထိုပန်းထုပ်ကလေးကို အသာချပြီး ကြိုးကလေးဖြင့် သီသည်။ မေစစ်က သူ့ရှေ့မှာထိုင်ချကာ ...

"ပန်းတွေက ဘာလုပ်ဖို့လဲ နန္ဒ ..."

"နင့်အတွက် သွားကောက်လာတာလေ၊ ပန်းကုံးဖြစ်အောင် သီပေးမလို့ ..."

"သီပြီးရင် ..."

"နင့်ခေါင်းမှာ ခွေပြီးပန်ပေါ့ ..."



www.burmeseclassic.com

www.burmeseclassic.com



"မပန်ချင်ပါဘူး၊ နင့်ပန်းတွေက မြေကြီးပေါ်က ကောက်လာတဲ့ ပန်းအကြွေတွေ ..."

"ဒီလိုတော့ မပြောပါနဲ့ဟာ၊ ငါလည်း ငါတတ်နိုင်သလောက်လေး နင့်စိတ်ပျော်အောင် လုပ်ပေးချင်တာပါ ..."

နန္ဒက အားဆေးနူးညံ့စွာ ပြောသည်။ မေစစ်က နည်းနည်းတော့ သနားသွားကာ သူ့ပန်းကုံးပြီးတော့ ယူထားလိုက်သည်။ သို့သော် ခေါင်းပေါ်မှာတော့ မပန်ဘဲ လက်မှာ ပတ်ထားလိုက်သည်။

သူက မနက်စောစောတိုင်း ခရေပန်း တစ်ထုပ်၊ အကြော် ပူပူနွေးနွေး တစ်ထုပ်နှင့်အတူ မေစစ်ထံ ရောက်လာတတ်သည်။ မေစစ်က အကြော်ပူပူနွေးနွေးကို ဆားကလေးနဲ့တို့ပြီး ထမင်းကြမ်းနဲ့ စားရတာကို ကြိုက်ကြောင်း ပြောပြီးကတည်းက သူက သူ့မုန့်ဖိုးကလေး ရှိစုမဲ့စုဖြင့် ဝယ်လာကျွေးသည်။

သူ့ထံမှာ မေစစ် သဘောအကျဆုံးက ဘာဂျာလှလှလေးတစ်ချောင်း ရှိနေခြင်းဖြစ်သည်။ သူက ဘာဂျာကောင်းကောင်း မှုတ်တတ်သည်။ မေစစ် မျက်နှာ မကြည်သာလျှင် သစ်ပင်အရိပ်အောက်သို့ ခေါ်သွားပြီး မေစစ်ကို ဘာဂျာမှုတ်ပြတတ်သည်။ နန္ဒကို အဲ့ဒါကလေးတွေကြောင့်ပင် ခင်မင်ရပြီး သူ့ဂရုစိုက်မှုကို အလွန်ကျေနပ်မိ၏။

ကောင်းထက်ကတော့ မေစစ်တို့ အိမ်ဆေးသို့ မကြာ





ခင်ကမှ ပြောင်းလာသည့် အိမ်နီးချင်းတစ်ယောက်ဖြစ်သည်။ သူကတော့ မေစစ်တို့ ကျောင်းကမဟုတ်ပါ။

တစ်နေ့တော့ သူတို့အိမ်ဘက်ကသီချင်းသံကို မေစစ်ကြားလိုက်ရသည်။ မေစစ် အခန်းနှင့် တည့်တည့် သူတို့အိမ်ဘက်အခန်းမှာမီးရောင် ပြာလဲ့လဲ့ကလေး လင်းပြီး ခန်းဆီးပြာပြာကလေးလည်း လှုပ်နေသည်။ အသံဟာ အဲ့ဒီအခန်းကလာသည်။ မေစစ် မကြားဖူးသော အင်္ဂလိပ်သီချင်းသံ ဖြစ်သည်။ မေစစ်သည် ထိုဆားသံကလေးကို ကြားကြားချင်း ကြိုက်သွားကာ သေသေချာချာ နားထောင်ချင်လာသည်။

မေစစ်က အိမ်ပေါ်မှ ဆင်းလာကာ ခြံစည်းရိုးအစပ်သို့ အသာကပ်သွားပြီး မျက်လုံးကလေး မှိတ်ကာ နားစွင့်ထားသည်။ ခဏနေတော့ ရျာန်ဝင်လာကာ တခြား ဘာမှမသိတော့ဘဲ ခန္ဓာကိုယ်ကလေးကိုယိမ်းရင်း မျက်လုံးမှိတ်ကာနားထောင်နေသည်။

ထိုခဏမှာ သီချင်းသံဆုံးသွားတော့ မေစစ် မျက်လုံးတွေကို ဖွင့်လိုက်သည်။

"အမလေး ..."

မေစစ် မျက်နှာနားမှာ ကောင်လေးတစ်ယောက်မျက်နှာကို အနီးကပ်မြင်လိုက်ရတာမို့ လန့်အော်လိုက်မိသည်။ ဆော်တော်ဆိုးတဲ့ ကောင်ကလေးကတော့ မေစစ်ကို ပြုံးပြလိုက်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"လန့်သွားလား ... မလန့်ပါနဲ့၊ နင် ဘာလုပ်နေမှန်းမသိလို့ လှေ့လာနေတာပါ ..."

"သီချင်း နားထောင်နေတာဟဲ့ ..."

မေစစ်က ရှက်ရှက်နှင့် အော်လိုက်တော့ သူက ပခုံးနှစ်ဖက်ကို အင်္ဂလိပ်မင်းသားလို ဟန်ပါပါတွန့်ကာ ...

"လန့်လိုက်တာကွာ၊ ဒီလောက် အော်ဖို့လိုလို့လား၊ မိန်းကလေးပဲ တိုးတိုးသက်သာ ပြောမှပေါ့၊ နင် ဒီသီချင်းကြိုက်ရင် ငါ လက်ဆောင်ပေးမယ်လေ၊ အဲ့ဒါ ဆလင်းဒီယွန်ဆိုတဲ့ သီချင်း၊ နာမည်က The Power of Love တဲ့၊ ငါ ကူးပေးမယ်၊ မနက်ဖြန် ဒီနေရာကို ဒီအချိန်ပဲ လာခဲ့၊ ငါ့နာမည်က ကောင်းထက်တဲ့ ... ၊ ဘိုင့်ဘိုင် ... ဆီးယူ ..."

သူက မေစစ်ကို လက်ပြနှုတ်ဆက်ပြီး ထွက်သွားသည်။ ခြေလှမ်း သုံးလေးလှမ်း လှမ်းပြီးတော့မှ ချာခနဲ ပြန်လှည့်ကြည့်လာကာ လှမ်းအော်ပြောလိုက်သည်။

"ကောင်မလေး ... မင်း အရမ်းလှတာပဲ၊ ကိုယ် တကယ်ခင်သွားပြီ ..."

သူက ပြောပြီးတာနှင့် သူ့အိမ်ထဲသို့ လှစ်ခနဲ ပြေးဝင်သွားလေသည်။

တတိယမြောက် သူ့ထံမှ ဂရုစိုက်မှုကိုလည်း မေစစ်ရခဲ့ပါသည်။





သူက မေစစ် ကြိုက်သည့် သီချင်းလေးတွေ ကူးလာပေးသည်။ အင်္ဂလိပ်လို အဓိပ္ပာယ်ကို မေစစ် နားမလည်လျှင် ရှင်းပြပေးသည်။

သူက အရုပ်သေးသေးလေးတွေ ဝယ်လာပြီး မေစစ်အတွက် လက်ဆောင်ပေးတတ်သေးတာမို့ မေစစ် ခုတင်ပေါ်မှာ ထားစရာနေရာတောင် မရှိတော့ ...။ ပြီးတော့ ကောင်းထက်ထံမှာ ပြိုင်ကား လှလှလေးလည်းရှိရာ မေစစ် စိတ်မပျော်လျှင် သူ့ကားဖြင့် ခေါ်သွားပြီး မေစစ်တို့ ကားလျှောက်စီးကြသည်။ ပြီးတော့ ကားမောင်းလည်း သင်ပေးသေးသည်။ သူနဲ့တွေ့ရတိုင်း မေစစ် ပျော်သည်။

မေစစ်သည် ဝေယံ၊ နန္ဒ၊ ကောင်းထက်တို့ သုံးယောက်လုံးကို အထူးပင် ခင်မင်မိသည်။ သူတို့ရဲ့ ဂရုစိုက်မှုတွေကိုလည်း မက်မောလှပါသည်။

သို့သော် မကြာခင်မှာပဲ မိန်းကလေးတွေရဲ့ တီးတိုးအတင်းစကားတွေကို မေစစ်ပြန်ကြားရသည်။ ဝသန်က မေစစ်ကို တည့်တည့်ပဲ လာပြောသည်။

"မေစစ် ... နင့်ကို သူများတွေ ပြောကုန်ကြပြီ သိလား၊ နင်က အရမ်းရုပ်တာပဲတဲ့၊ ရည်းစား သုံးယောက်တောင် တစ်ပြိုင်တည်း ထားနေတယ်တဲ့၊ ယောကျ်ားလေးတွေနဲ့ဆို အရမ်းရောတာပဲတဲ့ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား ... ငါ ဂရုမစိုက်ပါဘူး"

မေစစ်က ခပ်သာသာပဲ ဖြေသည်။ မေစစ်ကို အဲဒီလို ပြောတဲ့သူတွေဟာ သူတို့ သုံးယောက်လောက် မေစစ်ကို ဂရုစိုက်နိုင်ကြလို့လား ...။ ပတ်ဝန်းကျင်ရဲ့ အပြောကြောင့်တော့ မေစစ် ရထားတဲ့ ပျော်ရွှင်မှုတွေကို လွှင့်မပစ်လိုက်နိုင်ပါ။

"နင် အနေအထိုင် ဆင်ခြင်သင့်တယ် မေစစ်ရယ်"

"ငါတို့က ရိုးရိုးခင်ကြတာပဲ၊ သူငယ်ချင်းတွေပဲ၊ ဘာကို ဂရုစိုက်ရမှာလဲ ..."

"နင်ကသာ ရိုးရိုးခင်တာ၊ ဟိုလူတွေက ရိုးရိုးမှဟုတ်ရဲ့လား၊ ယောကျ်ားလေးတွေကို နင် လျှော့မတွက်နဲ့နော်၊ ယောကျ်ားလေးတွေအကြောင်း နင် ဘာသိလို့လဲ ..."

ဝဿန့် သတိပေးစကားက မေစစ် နားထဲ မဝင်ချေ။ မေစစ်ကတော့ ကိုယ်ရိုးသားရင်ပြီးတာပဲဟု ထင်သည်။ သူတို့ရဲ့ ဂရုစိုက်မှုတွေကိုလည်း ဆုံးရှုံးမခံနိုင်ချေ။

မေစစ် စိတ်ထဲမှာ ဂရုစိုက်ခံချင်တာ တစ်ခုပဲသိသည်။ ချစ်တာ မချစ်တာတွေ မေစစ် နားမလည်။ အချစ်ဆိုတာ ဘာမှန်းလည်း မသိ။ ရင်လည်း မခုန်ဖူးချေ။

သို့သော် မကြာခင်မှာပဲ ယောကျ်ားလေးတွေရဲ့ အစျွတ္တကို မေစစ် သိခွင့်ရလိုက်သည်။

ပထမဦးဆုံး စ,ဖောက်သူက အလွန်ရိုးသား နုံအ





သည်ဟု မေစစ် ထင်ထားသော နန္ဒဖြစ်သည်။ အဲဒီနေ့က မေစစ်သည် အိမ်မှာ နေရတာ စိတ်ညစ်လာကာ ကျူရှင်လည်း မတက်၊ ကျောင်းလည်း မတက်ဘဲ ကျူရှင်နားက ခရေပင်ကြီး အောက်မှာ သွားထိုင်နေမိလေသည်။ ထိုခဏမှာ သစ်ရွက်ခြောက်တွေကို ဖိနင်းသံကြားရကာ မေစစ် လှည့်ကြည့်လိုက်တော့ နန္ဒကို မြင်ရသည်။ နန္ဒက ခရေပန်းတွေကို မေစစ်ခေါင်းပေါ် ကြဲချလိုက်ရင်း ...

"ရှာလိုက်ရတာ မေစစ်ရာ၊ ဒီမှာ တစ်ယောက်တည်း ဘာလာလုပ်နေတာလဲ၊ ကျူရှင်လည်း လာမတက်ဘူး ..."

"ငါ စိတ်ညစ်လို့ပါဟာ ..."

"ဘာဖြစ်လို့ စိတ်ညစ်တာလဲ ..."

"ဒီလိုပါပဲဟာ ... ဘာရယ် မဟုတ်ပါဘူး"

"ကဲ ... နင် စိတ်ညစ်ရင် ငါ ဘာဂျာမှုတ်ပြမယ်၊ နားထောင်"

နန္ဒက လွယ်အိတ်ထဲက ဘာဂျာကို ထုတ်ယူလိုက်ပြီး မေစစ်ဘေးမှာ ထိုင်လိုက်သည်။ သူ ဘာဂျာ စမှုတ်တော့ မေစစ်လည်း မျက်လုံးကလေး မှိတ်ကာ နားထောင်နေလိုက်သည်။ ခဏကြာတော့ ဘာဂျာသံ ဖျတ်ခနဲ ပျောက်သွားကာ မေစစ်ရဲ့ ပါးတစ်ဖက်ကို လေလာတိုးတာကို သိလိုက်သည်။ မေစစ်က လန့်သွားကာ မျက်လုံးကို ဖျတ်ခနဲ ဖွင့်လိုက်တော့ မေစစ်ကို နမ်းဖို့ ကြိုးစားနေသော နန္ဒမျက်နှာကြီးကို ဘွားခနဲ အနီးကပ် မြင်လိုက်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



မေစစ်သည် ပြုံးခနဲ ခုန်ထရပ်လိုက်ပြီး ...

"နင် ... ဒါ ဘာလုပ်တာလဲဟင် ..."

ဟု အော်လိုက်သည်။

နန္ဒက မျက်နှာငယ်လေးဖြင့် ခေါင်းငုံ့နေကာ ...

"ဟို ... ဟို ... စိတ်မဆိုးပါနဲ့ဟာ၊ နင်က အရမ်းချစ်စရာကောင်းလို့ပါ၊ နင့်ကို ငါ ချစ်လို့ပါ၊ နင်နဲ့ ချစ်သူတွေဖြစ်ချင်လို့ပါ ..."

"ချစ်သူတွေ ဖြစ်ချင်တယ် ... ဟုတ်လား"

"ဟုတ်တယ် ..."

"ချစ်သူဆိုတာ ဘယ်လိုမျိုးလဲ ..."

နန္ဒက ခေါင်းကုတ်နေသည်။ မေစစ် မေးတာကို မဖြေနိုင်။

"ငါသိတော့ သိတယ်၊ ဒါပေမယ့် ရှင်းမပြတတ်ဘူး"

မေစစ်သည် ယောကျ်ားလေးတွေရဲ့ 'အချစ်' ဆိုတာကြီးကို ခံယူဖို့သတ္တိမရှိ၊ လိုလည်းမလိုချင်။ ဒီအတိုင်းပဲ ဂရုစိုက်မှုကိုသာ လိုချင်သည်။ သို့သော် သူက တစ်ဆင့်တက်ခဲ့ပြီ။

"ဒီမှာ နန္ဒ ...၊ ယောကျ်ားနဲ့ မိန်းမဆိုတာ ရိုးရိုးခင်လို့မရဘူးလား ..."

"ရတော့ ရပါတယ်၊ ဒါပေမယ့် ကြာရင်တော့ နည်းနည်းပိုရင်းနှီးချင်တာပေါ့"





"ချစ်သူဖြစ်ရင် ပိုရင်းနှီးလာမယ်လို့ ဆိုလိုတာလား ..."

"အေးပေါ့ ..."

"ဥပမာ ဆိုပါတော့ ... နင့်ကို ငါက ချစ်တယ်လို့ ပြောလိုက်ပြီပဲ ထားပါတော့၊ အဲ့ဒီ စကားကို ပြောလိုက်ရင် နင်နဲ့ ငါနဲ့ ဆက်ဆံရေးက ဘာဖြစ်သွားမလဲ၊ မပြောလိုက်ရင်ကော ဘာဖြစ်သွားမလဲ ..."

"နင့် မေးခွန်းတွေက ငါ့ကို ဦးနှောက်စားစေတယ်"

"ဒါဆို ရှင်းရှင်းပဲ မေးမယ်၊ နင်နဲ့ငါ ချစ်သူဖြစ်ရင် နင် ငါ့ကို ဘယ်လိုဆက်ဆံမှာလဲ ..."

"အဲ့ဒါက ဟိုဟာ ... လက်ကလေးတော့ ကိုင်ကြည့်မယ်ဟာ ..."

"တစ်ဖက်လား ... နှစ်ဖက်လား"

"ပထမတော့ တစ်ဖက်ပေါ့၊ နောက်တော့ နှစ်ဖက် ကိုင်ချင်ကိုင်မှာပေါ့ ..."

"ပြီးတော့ရော ..."

"ပခုံးကလေးတော့ ဖက်မှာပေါ့ ..."

"ပြီးတော့ရော ..."

"ငါပြောရင် နင် စိတ်ဆိုးမှာလား ..."

"ပြောသာ ပြောပါ"

"ဟို ... နမ်း ... နမ်းချင်တယ်ဟာ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို နင်က ဒါတွေလုပ်ချင်လို့ ငါ့ကို ဂရုစိုက်ခဲ့တာပေါ့ ဟုတ်လား၊ နောက်ဆုံးမှာ ဒီဘူတာပဲ ဆိုက်ချင်လို့ ငါ့ကို သည်းခံအလိုလိုက်ခဲ့တာပေါ့၊ ဖြားယောင်းသွေးဆောင်ခဲ့တာပေါ့ ..."

"အဲဒီလိုတော့ မဟုတ်ပါဘူး"

"ဒါဆို နင့်ကို ငါက ချစ်တယ်လို့ မပြောရင် ဘာဖြစ်သွားမလဲ ..."

"ငါ စိတ်ညစ်ရမှာပေါ့၊ စိတ်ဓာတ်ကျမှာပေါ့၊ မျှော်လင့်ချက် မဲ့သွားမှာပေါ့၊ စိတ်ဓာတ်ကျလွန်းလို့ နင့်ကို အရင်လို ဂရုစိုက်နိုင်မှာ မဟုတ်တော့ဘူးပေါ့ ..."

"ဒါဆို နင်ပြောတဲ့သဘောက နင့်ကို ငါ ပြန်မချစ်ရင် ငါ့ကို အရင်လို ဂရုမစိုက်ဘူးဆိုတဲ့ သဘောပေါ့၊ တစ်နည်းအားဖြင့် ငါ့အချစ်ကို မရရင် နင့်ရဲ့ သည်းခံ ဂရုစိုက်မှုတွေကို မပေးနိုင်တော့ဘူးပေါ့ ..."

"ဒီလိုတော့လည်း မဟုတ်ပါဘူး ..."

"ကောင်းပြီလေ ... ဘယ်လိုပဲ ဖြစ်ဖြစ်ပါ၊ နင့်ကို ငါ အဖြေတစ်ခုတော့ ပေးရမှာပေါ့ ... ဟုတ်လား၊ အဲဒါဆို နောက်တစ်ပတ် တနင်္ဂနွေနေ့ နေ့လယ် ၁၂ နာရီတိတိမှာ ကျောင်းနောက်က ဘောလုံးကွင်းအလယ်တည့်တည့်ကို လာခဲ့၊ အဲ့ဒီကျ ငါ အဖြေပေးမယ်၊ ငါ မလာမချင်း စောင့်နော်"





"အေးပါ ... နင် တကယ်ပြောတာနော်"

"တကယ်ပေါ့ ..."

မတ်လရဲ့ အပူဆုံးအချိန် အပူဆုံးနေရာ ကွင်းခေါင်ခေါင်ကို ရွေးချိန်းလိုက်မှန်းတောင် သတိမပြုမိလောက်အောင် နန္ဒက အူမြူးနေပါသည်။

ထိုတနင်္ဂနွေနေ့ မတိုင်မီ ရက်အနည်းငယ်အတွင်းမှာပင် ကောင်းထက်နဲ့ ဝေယံရဲ့ ဓာတ်ပုံရုပ်တွေလည်း ထပ်မံပေါ်ပေါက်လာလေသည်။ နည်းဗျူဟာနဲ့ စကားလုံး အသုံးအနှုန်းတွေသာ ကွဲချင်ကွဲမည်။ လိုရင်းကတော့ မေစစ်နဲ့ ချစ်သူဖြစ်ကြဖို့ပင်။

ထိုနေ့က ကောင်းထက်နှင့် မေစစ်တို့ ကားလျှောက်စီးကြပြီး အပြန်မှာ ကောင်းထက် သူငယ်ချင်းတစ်ယောက်နှင့် တွေ့လေသည်။ ကောင်းထက်က ထိုသူ့ရှေ့ရောက်တော့ ခပ်တည်တည်ပင် မေစစ်လက်ကို ဖျတ်ခနဲ ဆွဲလိုက်ရင်း ...

"ဒါ ... ကိုယ့်ချစ်သူလေ ..."

ဟု မိတ်ဆက်ပေးလိုက်သည်။ မေစစ်သည် ရုတ်တရက် ထောင်းခနဲ ဒေါသထွက်သွားကာ မေစစ် လက်ကို ဆတ်ခနဲ ပြန်ရုန်းလိုက်တော့ အလွန် လူလည်ကျသော ကောင်းထက်က တဟဲဟဲရယ်ကာ ...

"ဟဲ ... ဟဲ ... အခု သူ ကိုယ့်ကို စိတ်ကောက်နေတာလေ"

ဟု ပြောပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှင် … မဟုတ်တာ မပြောနဲ့"

မေစစ်က အော်လိုက်တော့ သူက ပြုံးကာ …

"တွေ့လား … သူက စိတ်ကောက်ရင် အဲဒီလို ဒေါသကြီးတာ၊ ကိုယ် မနည်းပြန်ချော့ရဦးမယ်၊ နောက်မှ တွေ့မယ်ကွာ … ဘိုင့်ဘိုင် …"

ဟု ပြောပြီး မေစစ်ကို ကားပေါ်သို့ တွန်းတင်လိုက်သည်။

မေစစ်သည် ဒေါသဖြင့် တုန်လာကာ …

"ရှင် … ဘယ်လိုလူလဲ၊ ဘာဖြစ်လို့ မဟုတ်တာ လျှောက်ပြောတာလဲ …"

"ကိုယ်ပြောတဲ့ စကားထဲမှာ မဟုတ်တာပါလို့လား၊ မေစစ်က ကိုယ့်ချစ်သူပဲဟာ …"

"ဘာ … ရှင် ရူးနေလား …"

"ကိုယ် မရူးပါဘူး၊ မင်းပဲ စဉ်းစားကြည့်လေကွာ၊ မင်းနဲ့ကိုယ်က ယောကျ်ားလေးနဲ့ မိန်းကလေး၊ သွေးမတော်သားမစပ်ဘဲ ကိုယ်က မင်းကို အရမ်းဂရုစိုက်တယ်၊ အလိုလိုက်တယ်၊ စိတ်ပျော်အောင် ဖန်တီးပေးတယ်၊ မင်းခိုင်းသမျှ မငြိုမငြင် လုပ်ပေးတယ်၊ အဲဒါ မင်းကိုချစ်လို့ပေါ့၊ ကိုယ်ချစ်တဲ့ မိန်းကလေးမို့လို့သာ ဒီလောက် သည်းခံလိုက်လျောတာပေါ့၊ မင်း အချစ်ကို ရချင်လို့သာပေါ့၊ မင်းကိုယ်





တိုင်ကလည်း ကိုယ့်ဂရုစိုက်မှုတွေကို လိုတယ်၊ လက်လည်းလက်ခံတယ် မဟုတ်လား၊ အဲဒါကြောင့် ကိုယ့်စိတ်ထဲမှာကိုယ်တို့နှစ်ယောက်ဟာ ချစ်သူတွေလို့ အလိုလို ခံစားယူဆလိုက်တာပဲလေ၊ ဒါ ကိုယ့်အလွန် ရှိလို့လား …"

"ဒါဆို ရှင်နဲ့ ခုလို ခင်ခင်မင်မင် ဆက်နေချင်ရင် ရှင့်ချစ်သူဖြစ်မှ ရမယ်ဆိုတဲ့ သဘောပေါ့နော် …"

"ဒါပေါ့ … ဒါကို ကိုယ်တို့ အလိုလို နားလည်သဘောပေါက်သင့်တာ၊ ဩော် … မင်းကြိုက်တဲ့ ဆလင်းဒီယွန်ရဲ့ သီချင်းခွေ အသစ်ထွက်တာ ကိုယ်ဝယ်လာတယ်၊ မင်းကြိုက်မှာပါ၊ နားထောင်ကြည့်လိုက်ဦး …"

ကောင်းထက်က ကားထဲက ကက်ဆက်ထဲ ခွေထည့်ဖွင့်လိုက်သည်။ ဒီတစ်ခါတော့ သူ့ဖြားယောင်းမှုနောက်သို့ မေစစ်မပါတော့ပါ။

"ရှင်က မေစစ်ကို ချစ်တယ်ပေါ့နော်"

"ဟုတ်တယ် … ကိုယ် မေစစ်ကို ချစ်တယ်"

"ဒါဆို မေစစ်ဆီက အလားတူ အဖြေမျိုးတော့ ကြားချင်မှာပေါ့ …"

"ကြားချင်တာပေါ့၊ ဘယ်လိုပြောလိုက်ပါလိမ့် …"

"ဒါဆို ရှင် ကြားချင်တဲ့ အဖြေ မေစစ်ပေးမယ်၊ လာမယ့်တနင်္ဂနွေ နေ့လယ် ၁၂ နာရီတိတိမှာ မေစစ်တို့ ကျောင်းရဲ့



www.burmeseclassic.com

www.burmeseclassic.com



နောက်ဘက် ဘောလုံးကွင်း အလယ်မှာ စောင့်နေ၊ ကား ယူမလာခဲ့နဲ့နော်၊ ဘောလုံးကွင်းထဲ ကားမောင်းလာလို့ မရဘူး"

"အိုကေ … ကိုယ် လာခဲ့မယ်"

"မေစစ် မလာမချင်း စောင့်နော်"

"အိုကေ … အိုကေ …"

မေစစ်သည် သူတို့ကို စိတ်ချဥ်ပေါက်လျက်ရှိကာ ဒေါသလည်း ဖြစ်နေသည်။ မေစစ်နဲ့ ချစ်သူမဖြစ်ရရင် မေစစ်ကို စွန့်ပစ်သွားမယ့် ယောကျ်ားမျိုးတွေမို့ အံ့လည်းအံ့သြကာ ဒေါသလည်း ဖြစ်သည်။ ယောကျ်ားတွေ၏ ဂရုစိုက်မှုရဲ့ ပန်းတိုင်ဟာ တစ်ခုတည်းပဲလား။ ဇာတ်ရပ်က ဒီလိုလား။ ကောင်းကြပါပေ့ ကွယ်။

မရှေးမနှောင်းကလေးမှာပဲ ဝေယံ ဇာတ်ရပ်က ပေါ်လာပြန်သည်။ တနင်္ဂနွေ မတိုင်မီ အချိန်မီရုံကလေးပါပဲ။ သူ့ကျတော့ တစ်မျိုးဖြစ်သည်။

သူက မေစစ်နှင့် သူ သမီးရည်းစားတွေ ဖြစ်ကြောင်း လျှောက်ပြောထားတာ ပွနေတော့မှ မေစစ် ပြန်သိရသည်။

မေစစ် သူငယ်ချင်း လပြည့်က ထိုသတင်းကို ယူ လာသည်။

"မေစစ်ရေ … ဟိုကောင် ဝေယံရယ် လုံးဝမထင်ရဘူး





သိလား၊ နင့်အကြောင်းတွေ သွားပုပ်လေလွင့် လျှောက် ပြောထားတာ ပွနေတာပဲ၊ နင်က သူ့ရည်းစားတဲ့၊ ခဏ ခဏ ချိန်းတွေ့ကြတယ်တဲ့၊ အစုံပဲ သိလား …"

မေစစ်သည် ဒီတစ်ခါတော့ 'ဟုတ်လား၊ ဂရုမစိုက် ပါဘူး' ဟု ထိမထင် မပြောနိုင်တော့ချေ။ ဝေယံ့ကိုသာ ဒေါသတကြီး လိုက်ရှာလေသည်။ ဝေယံ့ကို ကျောဘက်ကနေတွေ့တော့ မေစစ်က သူ့အင်္ကျီကုပ် ကော်လံစကို ဆွဲကာ မေစစ်ဘက်သို့ လှည့်လိုက် ရင်း …

"ဝေယံ … လူယုတ်မာ၊ နင် ဘာမဟုတ်တာ သတင်းလွှင့် ထားတာလဲ …"

ဟု အံကြိတ်မေးရာ ဝေယံက တဟဲဟဲရယ်ရင်း …

"စိတ်မဆိုးပါနဲ့ မေစစ်ရာ၊ ငါက နင့်ကိုချစ်လို့ ကြံမိကြံရာ ကြံတာပါ၊ ခွင့်လွှတ်ပါ၊ ဒီသတင်းတွေကြောင့် နင်ရှက်ပြီး မထူးပါဘူးဆိုပြီး ငါချစ်ရေးဆိုတဲ့အခါ အလွယ်တကူ လက်ခံလိုက်ရင် ငါတကယ်ပျော်ရမှာမို့လို့ပါ၊ စိတ်ကူးယဉ် ပြီး စိတ်ကူးတွေ တကယ်ဖြစ်လာနိုးနဲ့ လျှောက်ပြောမိတာ ပါ"

"သြော် … သြော် … ဟုတ်လား၊ နင့်အကြံလေးက လှလိုက် တာနော်၊ အေးလေ … စိတ်ကူးဆိုတာ တကယ်ဖြစ်မလာ ဘူးလို့ ဘယ်ပြောနိုင်ပါ့မလဲ၊ နင့်ဘက်က ဒီလိုပြောရက်မှ



www.burmeseclassic.com

www.burmeseclassic.com



ငါက အဖြေမပေးရင် ဘယ်တရားပါ့မလဲ နော် ...”

မေစစ်သည် ဝေယံ့ကိုလည်း ဘောလုံးကွင်းအလယ်သို့ ချိန်းဆိုလိုက်သည်။ အချိန်နှင့် နေ့ရက်ကလည်း ရှေ့လူနှစ်ယောက်နှင့် အတူတူဖြစ်၏။

♥ ♥ ♥





❦ ❦ ❦

တနင်္ဂနွေနေ့လယ်တွင် မေစစ်သည် မေစစ် လိုချင်သော သံယောဇဉ်အဖြူသန့်ကလေးကို မပေးနိုင်ကြသော လူသုံးယောက်ကို နှိပ်ကွက်ဖို့ ဘောလုံးကွင်းကြီးအနီးသို့ရောက်ရှိလာသည်။

မတ်လ၏ နွေလယ် နေသည် ချစ်ချစ်တောက်ပူပြင်းလျက်ရှိပြီး မေစစ်သည် သူတို့ကို ညှဉ်းဆဲလိုသေးတာမို့ ချိန်းထားသော အချိန်ထက် နာရီဝက် နောက်ကျပြီးမှ ရောက်လာလေသည်။

အဝေးမှ လှမ်းကြည့်လိုက်သောအခါ တံလျှပ်တွေ ထနေသော ဘောလုံးကွင်းအလယ်တည့်တည့်တွင် လူသုံးယောက်သည် ခွဲနေပဲဖြင့် ရပ်လျက်ရှိသည်။ သူတို့ခေါင်းတည့်တည့်လောက်တွင် နေမင်းသည် ပြိုင်ဘက်ကင်းစွာ ပူလျက်ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



မေစစ်သည် ဘောလုံးကွင်းအစွန် ကုက္ကိုပင်အောက်တွင် အေးဆေးစွာ ရပ်တန့်ကာ သူတို့သုံးယောက်ကို လှမ်းကြည့်နေပြီးမှ အလွန်ကြီးမားသည့် ထီးကျားကြီးကို ဖွင့်ဆောင်းကာ သူတို့ထံ တစ်လှမ်းချင်း လှမ်းလာလေသည်။

မေစစ်ကိုတွေ့တော့ သူတို့အားလုံး ရုတ်ရုတ်သဲသဲ ဖြစ်သွားကြကာ ...

"မေစစ် ... နင် ဘယ်လိုလုပ်လိုက်တာလဲ၊ သူတို့ကိုပါ ချိန်းထားတယ် ဟုတ်လား"

နှုတ်သီးကောင်း လျှာပါး ဝေယံက စ,တင်လိုက်သည်။ ဟိုနှစ်ယောက်ကလည်း ရှုံးသိုးသိုးဖြင့် ရှုစိရှုစိဖြစ်နေကာ ...

"ဒါ ... ဘာသဘောလဲ မေစစ် ..."

"ကိုယ်တို့ကို သက်သက် နှိပ်စက်တာလား"

မေစစ်က သူတို့အားလုံးကို လက်ကာပြလိုက်ရင်း ...

"နေကြပါဦး ... မေစစ်ပြောတာ နားထောင်ပါဦး"

ဟု ပြောတော့မှ အားလုံး ခဏငြိမ်သွားသည်။

"ငါ့ကို ချစ်တဲ့လူက သုံးယောက်တောင် ဖြစ်နေတယ်လေ၊ အဲဒါကြောင့် သုံးယောက်လုံးကို မျက်နှာစုံညီ အဖြေပေးရအောင် ချိန်းလိုက်တာပါ ..."

"နင် ... ဒီအချိန် ဒီနေရာကြီးမှာ တမင်သက်သက် နှိပ်စက်ချင်လို့ ငါတို့ကို ချိန်းတာ မဟုတ်လား ..."





"အေးလေ ... သူ့ကျတော့ ထီးကြီးနဲ့၊ ငါတို့ကျတော့ ငါးကျည်းခြောက်ကျပ်တိုက် ဖြစ်တော့မယ်"

"ဒီလောက်ပူမှန်းသိရင် sunscreen လိမ်းလာပါတယ်၊ ခုတော့ အသားတွေကို နေလောင်ကုန်ပြီ"

"ကိုယ်ကတော့ အင်္ကျီလက်ရှည် ဝတ်လာမိလို့ တော်သေးတယ်"

အံမယ် ... သူတို့ချင်းတောင် စည်းလုံးနေပါပကော။ ရန်တိုက်ပေးဦးမှ ... ။

"ကဲ ... ဆူညံမနေကြပါနဲ့၊ ငါ ပြောတာ နားထောင်ပါဦး၊ ငါ ဘယ်သူ့အချစ်ကို လက်ခံမယ်ဆိုတာ နင်တို့ စိတ်မဝင်စားကြဘူးလား"

ရုတ်တရက် မီးကို ရေနဲ့သတ်သလို ဖြစ်သွားသည်။

"ဒီလိုရှိတယ် ... နင်တို့ သုံးယောက်လုံးက ငါ့ကို ဂရုစိုက်ကြတယ်၊ သည်းခံ အလိုလိုက်ကြတယ်၊ အဲဒီတော့ ငါက သုံးယောက်လုံးကို ဆုံးရှုံးမခံနိုင်ဘူး ဖြစ်နေတယ်၊ အဲဒါ ငါ ဘယ်လိုလုပ်ရမလဲ ..."

"သေလိုက်ပေါ့ ..."

ကောင်းထက်က လွှတ်ခနဲ တီးတိုးရေရွတ်လိုက်သည်။ ကျန်နှစ်ယောက်ရဲ့ မျက်နှာကလည်း အီလည်လည်ဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"နင်တို့ ကြားချင်ရင်တော့ ပြောပါ့မယ်၊ ငါလေ နင်တို့ သုံးယောက်လုံးကို ..."

"တော်တော့ ..."

မေစစ် စကားမဆုံးခင် သုံးယောက်လုံးက ပြိုင်တူ အော်လိုက်ကြသည်မှာ ဝက်ဝက်ကွဲသွားသည်။

မေစစ်သည် ရယ်ချင်စိတ်ကို ထိန်းကာ ...

"ပြောပါရစေဟာ ..."

"မကြားချင်ဘူး ..."

သုံးယောက်သား ပြိုင်တူအော်ကြပြန်ကာ နားတွေကို ပိတ်ထားလိုက်ကြသည်။

"ငါ နင်တို့ကို အရမ်း ..."

မေစစ်က သူတို့ မြင်ကွင်းတည့်တည့်မှာ ရပ်ကာ ပါးစပ်လှုပ်ရုံပြောတော့ သူတို့က မျက်စိတွေကိုပါ မှိတ်ပစ်လိုက်ပြီး ဘောလုံးကွင်းထဲမှ ကစဉ့်ကလျား ပြေးထွက်သွားကြတော့သည်။

မိန်းမတွေထက် ယောကျ်ားတွေက ပိုပြီး မုန့်ဝေမစားနိုင်တာ သေချာသွားသည်။

မေစစ်က ညစ်ကျယ်ကျယ်လေး ရယ်မောကျန်ရစ်ခဲ့ပါသည်။

♥ ♥ ♥





❦ ❦ ❦

အဲဒီနေ့မှ စကာ သူတို့က မေစစ်ကို မခေါ်ကြတော့ချေ။ နှင်းဆီနဲ့ ခရေတွေလည်း နိဂုံးချုပ်ကာ ဘာဂျာသံတွေသည်း မကြားရတော့။ ဆလင်းဒီယွန်ရဲ့ သီချင်းသံတွေလည်း နားဆင်ခွင့် မရတော့ချေ။

သူတို့က မေစစ်ကို 'စုန်းမ' ဟု တိတ်တခိုး အမည်ပေးကာ ဝေးဝေးကရှောင်၏။ ဝေယံဆို မေစစ်ကို တွေ့ချင်ပေါ်လိုလှတာ နှင်းဆီပန်းတွေ ဝယ်လာပြီး မေစစ်ရှေ့မှာပင် တခြား ကောင်မလေးတွေကို ဝေပေးလိုက်သေးသည်။ နန္ဒကတော့ တခြား ကောင်မလေးတစ်ယောက်နှင့် လက်တွဲကာ မေစစ်ရှေ့မှ ခေါင်းမော့ လျှောက်၏။ ကောင်းထက်ကတော့ သူ့ပြိုင်ကားပေါ်မှာ



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးတစ်ယောက်ကို တင်ကာ မေစစ်တို့အိမ်ရှေ့မှ အခေါက်ခေါက် ဖြတ်လေသည်။

မေစစ်သည် အလွန် ပြောင်းလဲလွယ်သော ယောကျ်ားတွေရဲ့ သဘောထားကို နားမလည်နိုင်ဖြစ်ရ၏။ သူတို့ စိတ်ရင်းကိုလည်း သဘောမပေါက်နိုင်ချေ။ မေစစ်ဘဝမှာ အဖေဟူသော ယောကျ်ားတစ်ယောက်နှင့်သာ ရင်းနှီးဖူးသည်။ ဒါတောင်မှ စိတ်ချင်းက ဝေးလှသည်။ မေစစ် နားမလည်နိုင်သော ယောကျ်ားတွေထဲမှာ ဖေဖေက ထိပ်ဆုံးမှာပါသည်။

မေစစ်သည် ဝေယံတို့ကို နားလည်း နားကြည်းကာ သူတို့ရဲ့ ပျာပျာသလဲ ဂရုစိုက်မှုတွေကိုလည်း တောင့်တသည်။ သို့သော် အဲ့ဒါတွေရဖို့ သူတို့နဲ့တော့ ချစ်သူမဖြစ်နိုင်ချေ။ အချစ်ဆိုတာ ဘာလဲ မသိပေမယ့် မချစ်တာဟာ ဘယ်လိုဆိုတာတော့ မေစစ် နားလည်သည်။ ဖြစ်နိုင်လျှင် သူတို့ကို သူငယ်ချင်းလိုခင်ချင်သည်။ သို့သော် အဲဒါ မဖြစ်နိုင်ကြောင်း သူတို့က မီးနီပြသွားတာမို့ မေစစ် ဝမ်းနည်းသည်။

မေစစ်က တီးတိုးညည်းညူမိ၏။

"ယောကျ်ားလေးနဲ့ မိန်းကလေးဆိုတာ ချစ်သူမဖြစ်ဘဲ ခင်လို့ မရဘူးလား ..."

မေစစ်က သက်ပြင်းချမိ၏။ ခုတော့ မေစစ်ဘဝသည် ပျင်းခြောက်ခြောက်ကြီး ပြန်ဖြစ်သွား၏။ ဖေဖေနဲ့ မေမေ ရန်ဖြစ်





တိုင်းလည်း စိတ်ဖြေသာစရာ ဘယ်မှာရှာရမည် မသိချေ။ ဂရုစိုက်မှု တစ်ခုခု မရဘဲ မေစစ် မနေနိုင်။ အဲ့ဒါ တဖြည်းဖြည်း သေချာလာသည်။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com





❀ ❀ ❀

ယောကျ်ား တစ်ယောက်ယောက်ရဲ့ ဂရုစိုက်မှုကို ထာဝစဉ် ရနိုင်ဖို့ဆိုတာ အဲဒီ ယောကျ်ားရဲ့ ချစ်သူဖြစ်ဖို့ လိုသည်ဟု မေစစ်စိတ်တွင် ထင်မြင်ယူဆခဲ့ပြီးနောက် အချိန်အတန်ကြာလျှင် ယောကျ်ားတစ်ယောက်နှင့် မေစစ် တွေ့ဆုံရလေသည်။

ထိုယောကျ်ားက သိပ်မချောသော်လည်း ဆွဲဆောင်မှုတော့ ရှိလှပါသည်။

သူက အလွန်ယဉ်ကျေးပြီး မေစစ်ကိုလည်း အောက်ကျို့လှပါသည်။

သူ့ရဲ့ စ,တင်မှုက သိပ်တော့မဆန်းချေ။ မေစစ်ကို မေစစ် တက်နေသည့် ဖက်ရှင်ဒီဇိုင်း သင်တန်းကျောင်းရှေ့မှာ



www.burmeseclassic.com

www.burmeseclassic.com



သူ စတွေ့ခဲ့ပြီးနောက် မေစစ်နောက်သို့ တကောက်ကောက် နောက်ယောင်ခံလိုက်လေသည်။ ကြာတော့ မေစစ် သွားလေရာမှာ သူ့ကိုတွေ့ကာ မေစစ်နှင့် မျက်မှန်းတန်းလာသည်။ ဒီလိုနှင့် တစ်လအကြာ ညနေခင်းတစ်ခုမှာ မေစစ်က ဒီဇိုင်းသင်တန်းကျောင်းမှအထွက် လူများစွာရဲ့ အလယ်မှာ အသင့်စောင့်နေသော သူက မေစစ် ခြေရင်းမှာ ဖျတ်ခနဲ ဒူးထောက်ထိုင်ချလိုက်ရင်း ...

"ညီမလေး နာမည် ဘယ်သူလဲတော့ ကျွန်တော် မသိဘူး၊ ဒါပေမယ့် ညီမလေးကို ကျွန်တော် အရမ်းချစ်တယ်၊ ညီမလေးကို ကျွန်တော် စောင့်ရှောက်ပါ့မယ်၊ ကျွန်တော့်အချစ်ကို စဉ်းစားပေးပါလို့ တောင်းပန်ပါတယ်"

ဟု နူးညံ့စွာ ပြောရာ မေစစ်နှင့်အတူ သင်တန်းမှ ထွက်လာသူအားလုံးက သူ့ကို အထူးအဆန်းသဖွယ် ဝိုင်းကြည့်ရင်း ရယ်လည်း ရယ်မောကြ၏။ မေစစ်သည် ရှက်သွေးဖြာသွားကာ ...

"အို ... ထပါ ... ဘာလုပ်တာလဲ၊ ကျွန်မကို အရှက်မခွဲပါနဲ့ ..."

ဟု ခပ်ဆတ်ဆတ်ပြောလိုက်တော့မှ သူက ထရပ်လာကာ လိပ်စာကတ်လေးတစ်ခု ပေးပါသည်။

"ဒါ ... ကျွန်တော့် visiting card ပါ၊ ကျေးဇူးပြုပြီး ယူထားပါ၊ မေစစ်ကို ချစ်နေတဲ့ ကျွန်တော့် နာမည်က ထွန်းခေါင်ပါ၊ အသိအမှတ်ပြုပေးပါ"





မေစစ်သည် သူ့ကို စေ့စေ့ကြည့်မိကာ ...

"နေစမ်းပါဦး ... မသိလို့ မေးပါရစေ၊ ယောကျ်ားတွေရဲ့ အချစ်ဆိုတာ ဘယ်သူမှန်းမသိတဲ့ မိန်းကလေးတစ်ယောက်ကို အဝေးက လိုက်လိုက်ကြည့်နေရင်းလည်း ဖြစ်တတ်တာပဲလား ..."

"အချစ်ဆိုတာ ဘယ်တော့မဆို၊ ဘယ်နေရာမဆို၊ ဘယ်အချိန်မဆို ဖြစ်တယ်၊ အချစ်မှာ မဖြစ်နိုင်ဘူးဆိုတာ မရှိပါဘူး"

အလို ... အဆိုအမိန့်က တယ်လာပါလား။ မေစစ်သည် သူ့ကို နည်းနည်းတော့ သဘောကျသွားသည်။ သူက လက်နှစ်ဖက်ကို နောက်ပစ်ရပ်လျက် ကိုယ်ကိုယို့၍ လမ်းဖယ်ပေးကာ ...

"သူများတွေ ဝိုင်းကြည့်နေကြပြီ၊ ညီမလေး ဂုဏ်သိက္ခာကို စော်ကားမိသလို ဖြစ်ခဲ့ရင် တောင်းပန်ပါတယ်၊ ညီမလေး သွားရင် သွားတော့လေ ...၊ ညီမလေးမှာ ဘာပဲလိုအပ်လိုအပ် ကျွန်တော့်ကို ဖုန်းဆက်လိုက်ပါ၊ ကျွန်တော် ဘာမဆို ကူညီပါ့မယ်"

အဲဒီလိုနှင့် သူ့ကို မေစစ် ဝါဖြည်းဖြည်း လက်ခံလာခဲ့ရတာ ဖြစ်သည်။ သူဟာ လူအများအလယ်မှာ မေစစ်ရှေ့မှာ ဒူးထောက်ခဲ့တာကလွဲရင် ဂုဏ်သရေရှိ ရည်မွန်ယဉ်ကျေးသော



www.burmeseclassic.com

www.burmeseclassic.com



လူတစ်ယောက်ဟု မေစစ် ထင်သည်။ သူ့ကတ်မှာ ရေးထားတဲ့ အတိုင်းဆို သူက ကုမ္ပဏီတစ်ခုမှာ မန်းနေးဂျင်းဒါရိုက်တာလည်း ဖြစ်သည်။

မေစစ်ကို ဂရုစိုက်မည့်သူ တစ်ယောက် ရှိလာတာမို့ မေစစ် ပြန်လည်ပျော်ရွှင်လာသည်။ စိတ်ဆင်းရဲမှုတွေကို ခံနိုင်ရည် ရှိလာကာ မေစစ် ဝါသနာပါ၍ တက်နေသော ဒီဇိုင်းသင်တန်းကိုလည်း ပိုပြီး စိတ်ဝင်စားလာသည်။

သူက မေစစ် သင်တန်းသွားတိုင်း ကြိုပို့ပေးသည်။ သူ ကြိုပို့ပေးတာက သူ့ကိုယ်ပိုင်ကားနှင့်တော့ မဟုတ်။ တက္ကဆီငှား၍ ဖြစ်စေ၊ တစ်ခါတစ်ရံ ဝေးဝေးလံလံ လမ်းလျှောက်ပြီးမှ ဘတ်စ်ကား တိုးစီးလို့ဖြစ်စေ လိုက်ပို့ခဲ့တာ ဖြစ်သည်။

သူက ကုမ္ပဏီက ဒါရိုက်တာဆိုသော်လည်း သူ့မှာ ကိုယ်ပိုင်ကားတော့ ရှိပုံမရချေ။ သို့သော် ... ဒါတွေက အရေးမကြီး။ မေစစ်ကို သူ ဂရုစိုက်စောင့်ရှောက်တာသာ အရေးကြီးသည်။ မေစစ်က ဒါကိုသာ မက်မောသည်။

သူ့ ဂရုစိုက်မှုတွေကို မေစစ် လက်ခံပြီး တစ်နေ့မှာ သူက ထပ်မံတောင်းဆိုခဲ့သည်။

"ညီမလေး ... ကျွန်တော့်ကို အဖြေပေးတော့လေကွာ ...၊ ကျွန်တော် စောင့်ရတာ မောလှပြီ"

မေစစ်သည် ရင်ထဲ ဒိန်းခနဲတော့ တုန်သွားသည်။





ဒီအတိုင်းလေးပဲ နေလိုက်ချင်သော်လည်း သူ့ ဥပေက္ခာပြုလိုက်မှာကို ကြောက်သည်။ မေစစ် အထီးမကျန်ချင်။

"မေစစ်က ကိုထွင့်ကို မချစ်ဘူးဆိုရင် ကိုထွင့် ဘာလုပ်မလဲဟင် ..."

မေစစ်က သွေးတိုးစမ်းပြီး မေးလိုက်တော့ သူက ချက်ချင်း ညှိုးငယ်သွားကာ ...

"ဘယ်တတ်နိုင်မလဲကွာ၊ လက်လျှော့ရတော့မှာပေါ့၊ ညီမလေး ငြင်းရင်တော့ ကျွန်တော် နိုင်ငံခြားကိုပဲ ထွက်သွားတော့မယ်၊ ညီမလေးနဲ့ တွေ့စက ကျွန်တော် စင်ကာပူက ရုံးခွဲမှာ အလုပ်သွားလုပ်ဖို့ စီစဉ်နေတာ၊ ညီမလေးနဲ့ တွေ့တော့မှ အစီအစဉ်ပြောင်းသွားတာ ..."

မေစစ်သည် စိုးရိမ်စိတ်ဖြင့် ရင်တွေခုန်လာသည်။ မေစစ် မချစ်ရင် သူက ပုံစံတစ်မျိုးဖြင့် မေစစ်နားက ထွက်ခွာသွားဦးမည်။ ဟင့်အင်း ... သူ့ကို မေစစ် လိုအပ်သည်။ အနည်းဆုံးတော့ ထွက်ပေါက်ကလေးတစ်ခုအနေနဲ့ပဲဖြစ်ဖြစ်ပေါ့ ...။ ဖေဖေနဲ့ မေမေဆီက မရတဲ့ ဂရုစိုက် ကြင်နာမှုကလေးတွေကို သူ့ထံက မေစစ် ရနိုင်သည်။ အဲဒီအတွက် သူ မေစစ်နားမှာ ရှိနေဖို့ လိုသည်။

"စိတ်ခာတ်မကျပါနဲ့ ကိုထွင့်ရဲ့၊ မေစစ် မကြာခင် အဖြေပေးမှာပါ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်တော့လဲ … ဘယ်လောက် စောင့်ရဦးမှာလဲ …"

"သိပ် မစောင့်ရတော့ပါဘူး၊ ဒီလ ၄ ရက်နေ့က မေစစ် မွေးနေ့လေ၊ အဲဒီနေ့ကျ အဖြေပေးမယ် …"

"အရမ်းကြာချင်နေပြီကွာ၊ ခုကတည်းက ရင်ခုန်နေပြီ …"

သူက စိတ်လှုပ်ရှားစွာ ပြောတော့ မေစစ်က ရင်မောစွာ သက်ပြင်းချသည်။

မေစစ် ရင်ထဲမှာ လေးလံနေသည်။ ပြီးတော့ တစ်စုံတစ်ရာကို တွေးမိသွားကာ လန့်သွားသည်။

ဘုရားရေ … ယောကျ်ားတစ်ယောက်ရဲ့ ဂရုစိုက်မှုကို မဆုံးရှုံးချင်တာနဲ့ဘဲ မေစစ်မှာ ချစ်သူတစ်ယောက် အဖတ်တင်တော့မှာပါလား …။

♥ ♥ ♥





❦ ❦ ❦

မေစစ် မွေးနေ့ရောက်ဖို့ တစ်ရက်အလိုမှာ ကံကြမ္မာက မေစစ်ဘက်က ရပ်တည်လိုက်သည်။

ထိုနေ့က မေစစ် သူငယ်ချင်း တစ်ယောက် အစာအိမ် သွေးကြောပေါက်ပြီး ဆေးရုံတင်လိုက်ရတာမို့ မေစစ်က သင်တန်း မသွားတော့ဘဲ ဆေးရုံသို့ အမြန်သွားရသည်။ မေစစ် သင်တန်း မတက်ကြောင်း ကိုထွန်းဆီ ဖုန်းဆက်ဖို့လည်း အချိန် မရတော့ပါ။

နောက်တော့ မေစစ် သတိရသည်မှာ ကိုထွန်းရဲ့ ကုမ္ပဏီရုံးခန်းဟာ မေစစ်ရောက်နေသည့် ပုဂ္ဂလိကဆေးခန်းနှင့် အလှမ်းနီးသော နေရာမှာ ရှိခြင်းပင်။ လိပ်စာအရဆိုလျှင် လမ်း



www.burmeseclassic.com

www.burmeseclassic.com



လျှောက်သွားရုံနှင့် ရောက်နိုင်သည်။ လမ်းလည်းကြုံနေတာမို့ ဒီနေ့ မေစစ်ကို လာမကြို့ဖို့ ဝင်ပြောမည်ဟု စဉ်းစားကာ မေစစ် လမ်းလျှောက်လာခဲ့သည်။

ကုမ္ပဏီဆိုင်းဘုတ်ကို တွေ့တော့ မေစစ်က ကုမ္ပဏီရဲ့ ရုံးခန်း မှန်တံခါးကို တွန်းဖွင့်ဝင်လိုက်ပြီး ရီဆက်ရှင်မှာ စုံစမ်းလိုက်သည်။

"ကို ... အဲ ... ဦးထွဋ်ခေါင်နဲ့ တွေ့ချင်လို့ပါရှင်"

သူ့ကုမ္ပဏီမှာ သူ လူကြီးမို့ မေစစ်က လေးလေးစားစား 'ဦး' တပ်ခေါ်လိုက်တော့ ရီဆက်ရှင်က အမျိုးသမီး ဝန်ထမ်းက မျက်ခုံးပင့်ကြည့်သည်။ သူမ အကြည့်က တစ်မျိုးကြီးပင်။

"သူ ဒီနေ့ မလာဘူး၊ သူက ခဏခဏ ခွင့်ယူတတ်တယ်"

သူမ ပြောပုံက လေးလေးစားစား မရှိဟု မေစစ် ထင်သည်။ ကိုယ့်အထက်လူကြီးကို ဒီလိုပြောတာလည်း သဘာဝ မကျချေ။

မေစစ်သည် စိတ်ထဲ မတင်မကျနှင့် ... သူ့ကုမ္ပဏီ ထဲမှ ပြန်ထွက်လာသည်။ ဘယ်လိုပါလိမ့်။ မေစစ် တွေးမရချေ။

နောက်တော့ မေစစ်က အကြံရကာ သူ့ရုံးခန်းသို့ ဖုန်းခေါ်လိုက်သည်။ သူ့ဆီ မေစစ် တစ်ခါမှ ဖုန်းမခေါ်ဖူးခဲ့ပါ။ သူကလည်း အမြဲအလုပ်များကြောင်း၊ အစည်းအဝေးတွေ တက်နေ





လျှင် ဖုန်းမကိုင်အားကြောင်း မေစစ်ကို ပြောထားခဲ့ဖူးပါသည်။ ခုတော့ မေစစ် ဆက်ကြည့်ဖို့ လိုအပ်လာသည် ထင်၏။

"ဟဲလို ... ( ... ... ) ကုမ္ပဏီကပါလားရှင်"

"ဟုတ်ပါတယ် ..."

"မန်နေးဂျင်း ဒါရိုက်တာ ဦးထွဋ်ခေါင်နဲ့ ပြောပါရစေရှင်"

"ရှင် ..."

တစ်ဖက်က အာမေဋိတ်သံ ကြားရသည်။ တစ်ဆက် တည်း ရယ်သံသဲ့သဲ့ကိုပါ ကြားရသည်။

"ကိုထွဋ်ခေါင်က MD မဟုတ်ပါဘူးရှင်၊ လုံခြုံရေးဝန်ထမ်း ပါ၊ သူ အခု ခွင့်ယူထားပါတယ်ရှင် ..."

ဖြစ်ရလေ ...။ မေစစ်သည် အံ့သြလွန်းလို့ လဲသေ ချင်သွားသည်။ သူ့ရဲ့ ဟန်ဆောင်ထားမှုဟာ အင်မတန် ပြောင် မြောက်၏။

"ကျေးဇူးပြုပြီး သူ့အိမ်လိပ်စာလေးများ ရနိုင်မလားရှင် ..."

"ဟုတ်ကဲ့ ... ရပါတယ်"

တစ်ဖက်က ကိုထွဋ်ခေါင်ရဲ့ လိပ်စာကို ရွတ်ပြသည်။ မေစစ်သည် လိပ်စာကို ရေးမှတ်ရင်း ကိုယ်ကြုံခဲ့ရသော အဖြစ် သနစ်ကို ရင်သပ်ရှုမော ဖြစ်နေပါသည်။ ဒီလို အလိမ်ခံရသည့် အဖြစ်ကို ယုံတောင်မယုံချင်ပေ ...။

မေစစ်သည် ထိုနေ့ညနေမှာပင် သူ့လိပ်စာကို ရှာဖွေ သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ရပ်ကွက်သည် အိမ်ကလေးများ ပြွတ်သိပ်နေသော ဆင်ခြေဖုံးရပ်ကွက်မျိုး ဖြစ်သည်။

မေစစ် ရောက်သွားသောအချိန်ဟာ ညနေစောင်းပြီမို့ ဒယီးဒယိုင်ဖြစ်နေသော အရက်မူးသမား တချို့နှင့်တောင် လမ်းမှာ ဆုံရသေး၏။

လမ်းကျဉ်းထဲသို့ မေစစ် ကွေ့ဝင်လိုက်စဉ် ရန်ပွဲတစ်ခုနှင့် တည့်တည့်တိုးတော့၏။ ယောကျ်ား သုံးလေးယောက် လုံးထွေးနေပြီး ခွေးတွေကလည်း ဝိုင်းဟောင်လျက်ရှိသည်။ မေစစ်သည် ရန်ပွဲဆိုလျှင် ဘယ်လို ရန်ပွဲပဲဖြစ်ဖြစ် ခါးသည်းလှ၏။ ရန်ဖြစ်သံကြားလျှင်ပင် လန့်တတ်သေး၏။ တစ်ခါတစ်ခါ အပေါ်ယံက မကြောက်ချင်ယောင်ဆောင်ပြီး စိတ်ထဲမှာတော့ တုန်ယင်နေသည်။

မေစစ်သည် လူသူရှုပ်ရှုပ်ထွေးထွေးထဲလည်း တိုးရှေ့မသွားရဲတာမို့ လမ်းဘေးမှာကပ်ကာ မျက်နှာလွှဲ၍ ရပ်နေမိဆဲ ဆူညံသံတွေ မေစစ်နားထဲဝင်လာသည်။

"ထွန့်ခေါင်ရာ ဒေါသကို ထိန်းမှပေါ့ကွာ၊ မင်းမလည်း ထစ်ခနဲရှိ ရိုက်မယ် ပုတ်မယ် တကဲကဲနဲ့ ငပွကြီးကို ဖြစ်လို့ ..."

"ဖယ်စမ်းပါဗျာ၊ ဒီကောင် ကျုပ်ကို မထီလေးစား လုပ်နေတာ ကြာပြီဗျ၊ နည်းနည်းတော့ ဆုံးမလိုက်မှ ဖြစ်မယ်"





ဘုရားရေ ... ဒါ ကိုထွန့် အသံပါလား ...။

မေစစ်သည် လွှဲဖယ်ထားသော မျက်နှာကို ထိုလူတွေဘက်သို့ တရွေ့ရွေ့ ပြန်လှည့်လာတော့ ကိုထွန့်ကို ဘွားခနဲ တွေ့ရလေသည်။

ကိုထွန့်က မေစစ်ကို မမြင်ဘဲ ရှေ့သို့သာ မဲနေသည်။ မေစစ်ဆီ လာတိုင်း လူကြီးလူကောင်းဆန်ဆန် ပုံစံဖြင့် ပုဆိုးကလေးကို ခပ်ရှည်ရှည် ဝတ်တတ်သော ကိုထွန့်သည် ခုတော့ ပုဆိုးကို ခါးမှာ လုံးထွေးကာ ခပ်တိုတိုဝတ်ထားပြီး ရှပ်အင်္ကျီလက်ရှည်ကို ဖြစ်သလို ပင့်တင်ထား၏။ ချွေးသံတရွှဲရွှဲဖြင့် လူတွေကြားထဲမှာ ရုပ်ပျက်ဆင်းပျက် တွန်းထိုးရုန်းကန်နေသေး၏။

သူ့ကြည့်ရတာ ဂုဏ်သိက္ခာ မဲ့လှသည်။ သူ့အပြုအမူတွေက ဂုဏ်သိက္ခာကင်းမဲ့ကာ အောက်တန်းလည်း ကျလှ၏။

မေစစ် လောကကြီးမှာ အကြောက်ဆုံးသော ယောကျ်ားဟာ အဲဒီလို ဒေါသကြီးပြီး စရိုက်ကြမ်းသည့် ယောကျ်ားမျိုး ဖြစ်သည်။

မေစစ်သည် တဒိန်းဒိန်း ခုန်နေသော ကိုယ့်ရင်ဘတ်ကို လက်ဖြင့် ဖိထားကာ ထိုမြင်ကွင်းထဲမှ မျက်နှာလွှဲဖယ်လိုက်သည်။ ပြီးတော့ ထိုလမ်းထဲမှ မပြေးရုံတမယ် လှမ်းထွက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



သူဟာ ဒီလောက် ဗိုဗိုရီရီ ဟန်ဆောင်ကောင်းတာ မင်းသားပဲ လုပ်ဖို့ကောင်းတော့သည်။

♥ ♥ ♥





❦ ❦ ❦

အဲဒီနောက်တော့ မေစစ် ဘဝမှာ အပြောင်းအလဲတွေ ဖြစ်လာသည်။ မေမေသည် နွေနေ့တစ်နေ့ရဲ့ မနက်ခင်းတစ်ခုမှာ သူ့အိပ်ရာထက်တွင် ဦးနှောက်သွေးကြောပြတ်လျက် ညင်သာစွာ သေဆုံးသွားခဲ့သည်။ အဲ့ဒီနေ့ကဆို မေစစ်သည် ငိုတောင် မငိုမိဘဲ မေမေ့ မျက်နှာကို တစ်ချိန်လုံး ထိုင်ကြည့်နေသည်။

နောက် ၆ လ အကြာမှာ ဖေဖေက မိန်းမတစ်ယောက်ကို တရားဝင် လက်ထပ်ကာ အိမ်ပေါ်ခေါ်တင်လာသည်။ ပြီးတော့ မေစစ်ကို ပြောသည်။

"သမီး ... သူက ဖေဖေ့ ဇနီး ဒေါ်ကေသီခိုင် တဲ့၊ သမီး



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို အမေတစ်ယောက်လို သဘောထားရမယ်နော် …"

"ဟုတ်ကဲ့ပါ ဖေဖေ …"

မေစစ်က ပြုံးပြုံးကလေး တုံ့ပြန်လိုက်သည်။ စိတ်ထဲမှာတော့ ထိုမိန်းမကို လည်ပင်းညှစ်နေသည်။

အဲဒီ ကာလဟာ မေစစ် ဘဝမှာ စိတ်ဖိစီးမှု အခံရဆုံး ကာလဖြစ်သည်။ ထိုမိန်းမဟာ မေမေ မသေခင်ကတည်းက ဖေဖေနှင့် တွဲနေသော မိန်းမဖြစ်သည်။ သူမဟာ အိမ်ကို ရောက်လာကတည်းက တစ်ချက်လွှတ် အာဏာဖြင့် အားလုံးကို အုပ်စီးတော့သည်။

မေစစ် ငယ်ငယ်လေးကတည်းက သစ္စာရှိ လူယုံသဖွယ် အိမ်ကိုထိန်းသိမ်းပေးသော ဒေါ်အိမ်စိုးတို့ လင်မယားကိုလည်း အစေခံသဖွယ် ဆက်ဆံတော့ရာ ဒေါ်ကြီးစိုးက မကြာခဏ မျက်ရည်ကျသည်။

"သမီးရယ် … ဒီမိန်းမ တော်တော် တရားလွန်လာတာ ဒေါ်ကြီးတော့ မခံနိုင်တော့ဘူးကွယ်၊ မနေ့ကဆို ဒေါ်ကြီး ချက်တဲ့ ဟင်းက တောချက်မို့လို့ အဆင့်နိမ့်တယ်၊ စားမကောင်းဘူးဆိုပြီး ပြောလိုက် ဆိုလိုက် နှိမ်လိုက်တာ နှစ်ပြားမတန်ဘူး၊ အိမ်ဖော်က အိမ်ဖော်လို မနေဘူးဆိုတာတွေလည်း ပါတယ်၊ ဒေါ်ကြီးဖြင့် စိတ်ဆင်းရဲလွန်းလို့ ဒီအိမ်ကတောင် ထွက်သွားလိုက်ချင်ပါတယ်ကွယ်၊ ဒေါ်ကြီး





တို့ လင်မယား ဘယ်နေရာမှာပဲ လုပ်ကိုင်စားစား ထမင်းတော့ မငတ်ပါဘူးကွယ်"

မေစစ်သည် ဒေါ်ကြီးစိုး စကားတွေကို နားထောင်ရင်း ရင်ထဲမှာ ဆတ်ဆတ်ခါလာသည်။ ဒေါ်ကြီးစိုးကို မေစစ်ချစ်သည်။ မေမေတောင် မပေးနိုင်ခဲ့သော ဂရုစိုက်မှုတွေကို ဒေါ်ကြီးစိုးက မေစစ်ကိုပေးခဲ့သည်။ ဒေါ်ကြီးစိုးနှင့်ခွဲရမှာ မေစစ်ကြောက်သည်။

ထိုနေ့က မေစစ်သည် ဖေဖေ့ရှေ့ သွားရပ်ကာ …

"ဒေါ်ကေသီခိုင်ကို မေစစ် မကြိုက်ဘူး"

ဟု ခါးခါးသည်းသည်း ပြောလိုက်တော့ ဖေဖေ့မျက်နှာက တင်းသွားကာ …

"အကြောင်းပြချက်ကို ပြောပါဦး …"

"သူက အာဏာရှင်ဆန်တယ်၊ အဆင့်အတန်း ခွဲခြားတယ်၊ ဒေါ်ကြီးစိုးတို့ကို နှိမ်တယ်"

"အဆင့်အတန်းဆိုတာ ခွဲသင့်ရင် ခွဲရမှာပဲ သမီး၊ မတူတာကို တန်းတူထားပြီး ဆက်ဆံရင် တစ်နေ့နေ့မှာ ရောင့်တက်လာတတ်တယ်၊ ဘာပဲပြောပြော ကေသီဟာ ဒီအိမ်က အိမ်ရှင်မ၊ သူ့မှာ လုပ်ပိုင်ခွင့်တွေ ရှိတယ်၊ သမီးရဲ့ အမေနေရာမှာလည်း ရပ်တည်နေရတယ်၊ သမီး သူများပြောတာ နားမဝင်ပါနဲ့၊ ကေသီ့စကားကို နားထောင်ပါ …၊ ကေသီခိုင်းရင် လုပ်ပါ"



www.burmeseclassic.com

www.burmeseclassic.com



“ကောင်းပါပြီ ဖေဖေ ...”

မေစစ်သည် ဖေဖေ့ရှေ့မှ နာကြည်းစွာ လှည့်ထွက်လာသည်။

နောက် တစ်ပတ်အကြာမှာ ဒေါ်ကြီးစိုးတို့ လင်မယား အလုပ်မှ နုတ်ထွက်သွားကြသည်။ သွားကာနီးတော့ ဒေါ်ကြီးစိုးက မေစစ်ကို ဖက်ကာ မျက်ရည်ကျသည်။

“သူ့ဒဏ်ကို မခံနိုင်လွန်းလို့သာ သွားရတာပါ သမီးရယ်၊ သမီးကိုတော့ စိတ်မချဘူးကွယ်၊ သူ ဘာပြောပြော သမီး မျက်ရည်မကျနဲ့နော်၊ သမီး ဝါသနာပါတဲ့ ဖက်ရှင်ဒီဇိုင်း ပညာကို ကြိုးစားသင် ... ဟုတ်ပြီလား ...”

“စိတ်ချပါ ဒေါ်ကြီးစိုး၊ မေစစ် ဘယ်တော့မှ မရှုံးစေရပါဘူး၊ ဘဝကို မေစစ် ဘယ်တော့မှ အရှုံးမပေးဘူး ...”

အဲဒီနေ့က မိုးတွေ သည်းထန်စွာ ရွာနေခဲ့သည်။ မေစစ်သည် ဒေါ်ကြီးစိုးတို့ လင်မယားကို ခြံဝထိ လိုက်ပို့ပေးသည်။ တက္ကဆီပေါ် သူတို့တက်ပြီး ထွက်ခွာသွားကြသည်။ မေစစ်ဘဝမှာ အမေလို ခင်တွယ်ခဲ့ဖူးသော၊ ငယ်ငယ်က ဖေဖေနဲ့ မေမေ ရန်ဖြစ်တိုင်း တိုးဝင်နေကျ ရင်ခွင်တစ်ခု ပျောက်ဆုံးသွားသည်။ ဒေါ်ကြီးစိုးက မေစစ်ကို မျက်ရည်စက်လက်ဖြင့် လက်ပြသွားတာကို မိုးစက်တွေကြားက မြင်ရသည်။

မေစစ်သည် ဝေးသွားသော ကားလေးကို မျက်





တဆုံး ငေးကြည့်နေမိသည်။ ထိုခဏမှာ လေက ပြင်းစွာတိုက်လိုက်ရာ မေစစ် ကိုင်ထားသော ထီးက အဝေးသို့ လွင့်သွားသည်။ မေစစ်က လိုက်မကောက်တော့ဘဲ မိုးရေထဲမှာ ဆက်ရပ်နေသည်။ ပြီးတော့ ဘယ်ကိုမှန်း မသိ တရွေ့ရွေ့ လျှောက်သွားနေမိလေသည်။

အဲဒီနေ့ တစ်နေ့လုံး မေစစ် လျှောက်သွားနေသည်။ မိုးရွာတော့ အဝတ်အစားတွေ စိုရွှဲသွားပြီး နေပူတော့ ခြောက်သွားသည်။ မေစစ်သည် ထိုခဏမှာ အရာအားလုံးကို မေ့သွားသည်။ မေစစ်ရဲ့ ငယ်ဘဝကို မေ့သွားသည်။ ဖေဖေနဲ့ မေမေရဲ့ ရန်ပွဲတွေကို မေ့သွားသည်။ မေစစ်ရဲ့ ယောကျ်ားလေး သူငယ်ချင်းများကို မေ့သွားသည်။ အတိတ်မှန်သမျှ အားလုံးကို ခဏမေ့သွားလေသည်။

အဲဒီနေ့က အိမ်ပြန်ရောက်တော့ မေစစ် ဖျားသည်။ ပြင်းထန်စွာ ဖျားသည်။ ကိုယ်တွေ ချစ်ချစ်တောက်ပူနေသည်။ မေစစ် ဖျားတာကို ဘယ်သူမှလည်း မသိ၊ မေစစ်ကလည်း ဘယ်သူ့ကိုမှ ပြောမပြချေ။ မေစစ်တို့ အိမ်မှာ ခိုင်းမှသာ လုပ်တတ်သော အိမ်ဖော် မခင်ရီတစ်ယောက်သာ ရှိပြီး သူကလည်း ခုလောက်ဆို သူ့အလုပ်ပြီးပြီမို့ တီဗီရှေ့မှာ မော့နေကာ အရာအားလုံးကို မေ့နေလောက်ပြီ။

“မေစစ် ... မေစစ် ...”

မေစစ်ကို ခေါ်သံကြားရတော့ မေစစ် မှုန်ဝါးဝါး နိုးလာပြီး ဆတ်ခနဲ ထ,ထိုင်လိုက်သည်။ ဒေါ်ကေသီခိုင်ကို တွေ့



www.burmeseclassic.com

www.burmeseclassic.com



တော့ စိတ်ထဲမှာ ချောက်ချားသွားသည်။ မေစစ် သူ့ကို ကြောက်ပြီးတော့ မုန်းသည်။ သို့သော် ဖေဖေက မှာထားသည်။ သူ့ကို ရှိသေပြီး သူခိုင်းတာ လုပ်ရမယ်တဲ့ ...။

"အစောကြီး ရှိသေးတာ အိပ်ပြီလား မေစစ်ရဲ့ ... အန်တီ့ကို တစ်ခုလောက် ကူညီစမ်းပါ ..."

"ဟုတ်ကဲ့ ..."

"ဒီမှာကြည့်ပါဦး ... အန်တီ့အင်္ကျီလေးမှာ စွန်းနေတာ တွေ့လား ...၊ ဒါက အရမ်းဈေးကြီးတဲ့ ပိုးသားလေ၊ ခင်ရီရယ် ဘယ်လိုလုပ်လိုက်တယ် မသိဘူး၊ အနီစက်ကလေးတစ်စက် စွန်းနေတာ ... အဲဒါ မနက်ဖြန် မနက် သမီး ဖေဖေနဲ့ တက်ရမယ့် ညေ့ခံပွဲမှာဝတ်ရမယ့် အင်္ကျီလေ ...၊ အစွန်း ချွတ်ဆေးကလေးနဲ့ ချွတ်ပေးပါလား သမီးရယ်၊ အန်တီ အပြင်သွားစရာရှိလို့ပါ၊ ခင်ရီနဲ့လည်း စိတ်မချလို့လေ"

"ဟုတ်ကဲ့ ..."

"အဲဒီ ခင်ရီတစ်ယောက်ဟာ တော်တော် နမော်နမဲ့နိုင်တယ်၊ အရောင်ကျွတ်တဲ့ အဝတ်တွေနဲ့ ရောလျှော်လိုက်လို့ အန်တီ့အင်္ကျီတွေ ပစ်ရတာ မနည်းဘူး၊ ကဲ ... အန်တီ စိတ်ချမယ်နော်၊ သမီး အဖေ ဒီည ထမင်းစားပြီး စားဖို့ သစ်သီးတွေ မရှိတော့လို့ သွားဝယ်ပေးလိုက်ဦးမယ် ..."

"ဟုတ်ကဲ့ ..."





ဒေါ်ကေသီခိုင်က ဖေဖေ့ကို အကြောင်းပြကာ ထွက်သွားသည်။ မေစစ်က အိပ်ရာထဲမှ ဒယီးဒယိုင် ထ,လာကာ ရေချိုးခန်းထဲ ဝင်လာသည်။ ရေထိတော့ စိမ့်ခနဲ ချမ်းသွားသည်။ အဲ့ဒီညမှာ သူခိုင်းတာ မေစစ်လုပ်သည်။

နောက်နေ့တွေမှာလည်း သူခိုင်းသမျှ လုပ်သည်။ မခိုင်းတာလည်း အလိုက်တသိလုပ်သည်။ ဖေဖေကလည်း ကျေနပ်နှစ်သိမ့်နေပြီး ဒေါ်ကေသီခိုင်ကလည်း ပျော်ရွှင်နေသည်။

သူတို့ ညေ့ခန်းထဲမှာ ရယ်မောနေကြချိန်တွင် မေစစ်သည် ခြံထဲမှာ ... အမှောင်ထဲမှာ တစ်ယောက်တည်း ရပ်ကာ ချောက်ချားနေတတ်သည်။

အဲ့ဒီ နောက်ပိုင်းအချိန်တွေမှာ အထီးကျန် ချောက်ချားမှုတွေသာ မေစစ်ကို ကြီးစိုးလာသည်။ ဒီပတ်ဝန်းကျင်၊ ဒီအိမ်၊ ဒီခြံကပင် မေစစ်ကို ချောက်ချားစေသည်။

ခုတော့ မေစစ်ဘဝမှာ မေမေလည်း မရှိ၊ ဒေါ်ကြီးစိုးလည်း မရှိ။ ဝေယံလည်း မရှိ၊ နန္ဒလည်း မရှိ။ ကောင်းထက်လည်း မရှိ ...။ မကြာခင်က ရှိခဲ့ဖူးသည့် ထွင့်ခေါင်ကိုကျတော့ မေစစ် ကြောက်ရွံ့ ရွံမုန်းသွားသည်။

မေစစ်ကို ဘယ်သူမှ ဂရုမစိုက်ကြတော့ဘူးလား ...။

ဖြူစင်တဲ့ ချစ်ခြင်းမေတ္တာကို ပေးပါ။ ကရုဏာကို ပေးပါ။ လုံခြုံမှုကို ပေးပါ ...။ ငြိမ်းချမ်းမှုကို ပေးပါ ...။



www.burmeseclassic.com

www.burmeseclassic.com



မစစ်သည် ဖိုးလမင်းကြီးကို မော့ကြည့်ကာ ထမင်းဆီဆမ်း တောင်းသလို တောင်းနေခဲ့လေသည်။

♥ ♥ ♥



# တတိယပတ်

www.burmeseclassic.com

www.burmeseclassic.com

# သူမနှင့် အချစ်ဟုယူဆရသော အရာများ

www.burmeseclassic.com

www.burmeseclassic.com



❀ ❀ ❀

ဆောင်းဦးတစ်နေ့တွင် မေစစ်သည် မေစစ် အသက် ၂၀ တိတိ နေထိုင်ခဲ့ဖူးသော အိမ်ကြီးကို ကျောခိုင်းစွန့်ခွာလာခဲ့လေသည်။ မေစစ်တို့ ခွဲခွာခန်းက လွမ်းစရာလည်း မကောင်းခဲ့ပါ။

ဖေဖေသည် သူ့ကို ဦးချကန်တော့နေသော မေစစ်ကို ကျောခိုင်းရင်းက ပြောသည်။

"အတောင်စုံတော့ မိဘရင်ကို စုံကန်ချင်တာ ဆန်းတော့ မဆန်းပါဘူး၊ ဒီလောက် လိုလေသေးမရှိ ပြည့်ပြည့်စုံစုံ ထားတဲ့ မိဘနဲ့အတူ မနေချင်ဘူးဆိုလည်း ကြိုက်သလိုပဲ"

လိုလေသေးမရှိ ထားသတဲ့ ...။ တကယ်တော့



www.burmeseclassic.com

www.burmeseclassic.com



မလိုတာတွေ ပေးထားပြီး လိုတာကျ မပေးတာကို ဖေဖေသိရဲ့လား ဟု မေးချင်သော်လည်း မမေးရဲ…။

ဒေါ်ကေသီခိုင်ကတော့ လှပစွာ မျက်ရည်ကလေး ဝဲပြရင်း …

"သမီး ဘာမကျေနပ်တာ ရှိလို့လဲဟင် …၊ အန်တီ့အပေါ် မကျေနပ်တာ ရှိရင်လည်း ပြောပါ၊ အန်တီ ပြင်ပါ့မယ်ကွယ်၊ ခုလိုကြီးတော့ ထွက်မသွားပါနဲ့"

"တားမနေနဲ့တော့ ကေသီ …"

ဒေါ်ကေသီခိုင်က သရုပ်ဆောင်ကောင်းတော့ ဖေဖေက သူမကို ဖေးမသည်။ မေစစ်သည် ရင်ထဲက ပွင့်ကွဲထွက်မတတ် ခံစားမှုတွေကို မျိုသိပ်ရကာ …

"မေစစ်က ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်ပြီး ဝါသနာပါတဲ့ အလုပ်ကို အောင်မြင်အောင် လုပ်ချင်လို့ သွားတာပါ…"

ဟု နူးညံ့စွာ ပြောရသည်။

အဲ့ဒီနောက်တော့ မေစစ်က ခရီးဆောင်အိတ် တစ်လုံးသာ ယူဆောင်ကာ အိမ်မှ ထွက်ခွာလာသည်။

ထိုခြံကြီးမှ လွန်မြောက်သောအခါ၊ ထိုပတ်ဝန်းကျင်မှ လွန်မြောက်သောအခါ … မေစစ်ထံမှ ချောက်ချားစိတ်တွေ ပျောက်သွားပြီး ပုံမှန် ပြန်ဖြစ်လာသည်။





မေစစ်က မေစစ် တက်နေသော ဖက်ရှင်ဒီဇိုင်း သင်တန်းမှာ ထူးချွန်သူမို့ ထိုသင်တန်းမှာပင် အလုပ်ပြန်ရသည်။ ဘလောက်(စ်)အင်္ကျီ၊ ကုတ်အင်္ကျီ၊ ဘောင်းဘီ၊ စကဒ်၊ သတို့သမီးဝတ်စုံ အမျိုးမျိုးကို ဒီဇိုင်းထွင်ရ၊ ညှပ်ရ၊ ချုပ်ရ၊ အားလုံးလုပ်ရသည်။ မေစစ်က ထိုသင်တန်းက ပေးသော အဆောင်မှာပင် နေသည်။

မေစစ်သည် ကိုယ့်ရဲ့ အထီးကျန်မှု၊ စိတ်မလုံခြုံမှု၊ နာကျင်မှုများကို မေ့ပစ်ရန် အလုပ်ကိုသာ ကြိုးစားလုပ်ပြီး ပညာကို ကြိုးစားသင်ယူသည်။ စီးပွားရေးတက္ကသိုလ်ကို အဝေးသင်သာ ယူပြီး ဖက်ရှင်ဒီဇိုင်းပညာ သင်တန်းဘက်ကို အချိန်ပိုပေးထားလိုက်သည်။

မေစစ် အောင်မြင်ချင်သည်။ ထင်ရှားကျော်ကြားချင်သည်။ မေစစ်ရဲ့ အောင်မြင်မှုတွေက မေစစ်ဘဝရဲ့ နာကျင်မှုတွေကို ဖုံးလွှမ်း ပျောက်ပျက်စေမည်ဟု ထင်ခဲ့၏။ မေစစ်သည် ဘဝကိုတော့ မရှုံးချင်။ အပေါ်စီးမှ အနိုင်ယူချင်သည်။ ဂုဏ်သိက္ခာရှိ အောင်မြင်ကျော်ကြားသော မိန်းမတစ်ယောက်အဖြစ် အများတကာရဲ့ လေးမောအားကျမှုကို လိုချင်လေသည်။

ထိုအတောအတွင်း မေစစ်သည် အလုပ်, အလုပ်ဟုသာ စိတ်ထဲမှာ စွဲမြဲနေပြီး ကျန်တာတွေ ဘာမှ မတွေးနိုင်အောင် ဖြစ်ရသည်။ မေစစ် မအားချင်။ အားလျှင် အားငယ်သည့် အတွေး



www.burmeseclassic.com

www.burmeseclassic.com



တွေ ဝင်လာနိုင်သည်။ စိတ်မလုံခြုံမှုနှင့် အထီးကျန်မှုဟာ ထင်ရှားလာမည်။

ထိုပတ်ဝန်းကျင်မှာ အဆင်ပြေနေဆဲ ... ပြဿနာတစ်ခုကို ကြုံရပြန်သည်။

မေစစ်တို့ သင်တန်းက မိန်းကလေးတချို့သည် ဘာကြောင့်မှန်းမသိ မေစစ်ကို သိပ်မလိုလားကြချေ ...။ ပြီးတော့ တချို့က အလုပ်မှာ ခိုကတ်ချင်ကြသေးရာ သူတို့က တစ်စု၊ မေစစ်က တစ်စု ဖြစ်နေသည်။

မေစစ်တို့ သင်တန်းဆရာမက အိမ်ထောင်သည်ဖြစ်ပြီး သူ့အမျိုးသားကလည်း သင်တန်းသို့ မကြာခဏ လာရောက်လေ့ရှိပါသည်။ ထိုအခါမျိုးမှာ ဆရာမ အမျိုးသားက မေစစ်ကို ဂရုတစိုက် စကားဆိုတတ်သည်။

"မေစစ်မင်းရဲ့ ဆရာမကတော့ ခဏခဏ ချီးကျူးနေတယ်၊ မေစစ်မင်းက သိပ်တော်တာပဲတဲ့"

"ဒီလောက်လည်း မဟုတ်ပါဘူးရှင် ..."

"အဆောင်မှာ နေရတာကော အဆင်ပြေရဲ့လား"

"ဟုတ်ကဲ့ ... ပြေပါတယ် ..."

"စားရေးသောက်ရေးကော ..."

"ဒီလိုပဲ ကြုံသလို ဝယ်စားလိုက်တာပါပဲ၊ အားရင်တော့ ချက်စားတယ်၊ အဆင်ပြေပါတယ် ..."





ထိုသူက မေစစ်နှင့် စကားလာပြောပြီး မေစစ် cutting ချနေတာကို အတန်ကြာသည်အထိ ရပ်ကြည့်နေတော့ တခြား သင်တန်းသူတွေရဲ့ အကြည့်က တစ်မျိုးဖြစ်ဖြစ်လာသည်။

ရက်အနည်းငယ် အကြာမှာတော့ ဆရာမရဲ့ မေစစ်အပေါ် ဆက်ဆံပုံကလည်း တစ်မျိုးဖြစ်လာကာ အပြစ်ရှာတတ်လာသည်။ အကြောင်းမည်မည်ရရ မရှိဘဲ မေစစ်ကို စိတ်တိုချင်တိုနေတတ်သည်။

မီးလောင်ရာ လေပင့်သည့် ပြဿနာတစ်ခုကလည်း မကြာခင် ပေါ်ပေါက်လာပြန်သည်။

မေစစ်တို့ဆီမှာ အဝတ်အစား လာအပ်နေကျ စုံတွဲတစ်တွဲရှိ၏။ အမျိုးသားက ရုပ်ရည် ချောမောပြီး အမျိုးသမီးက ရုပ်ရည် သိပ်မချောဘဲ အသက်လည်း နည်းနည်းကြီးသည်။ အမျိုးသမီး အဝတ်အစား အပ်တိုင်း အမျိုးသားပါ ပါလာတတ်သည်။ ထိုအမျိုးသား ရောက်လာတိုင်း မျက်စိက မေစစ်ထံမှာသာ ကွယ်ငြိနေသည်။ သူ့အမျိုးသမီးက အဝတ်အစား ဒီဇိုင်းတွေ ရွေးချယ်နေချိန်မှာ ထိုအမျိုးသားက မေစစ်ကိုသာ မျက်စိစားပွဲထိုင်နေတော့ရာ မေစစ်က မသိချင်ယောင်ဆောင်နေသော်လည်း ဘာဆို သိချင်သူများက လေလာစူးစမ်း အကဲခတ်ရင်း တီးတိုးစကားဆိုတတ်လာသည်။

နောက်ရက်များမှာတော့ ထိုအမျိုးသမီး မပါတော့ဘဲ



www.burmeseclassic.com

www.burmeseclassic.com



အမျိုးသား တစ်ယောက်တည်း ရောက်လာကာ သူ့အတွက် အနောက်တိုင်းဝတ်စုံတစ်စုံ အပ်သည်။ သူက မေစစ်ထံသို့သာ ဦးတည်လာကာ ...

"မေစစ်မင်းက ဒီသင်တန်းကျောင်းမှာ နာမည်ကြီးပဲ ...၊ တော်လည်း တော်တယ် ကြားတယ်၊ မေစစ်မင်း လက်ရာတွေကို သဘောကျမိတာနဲ့ လာအပ်တာပါ၊ ကျွန်တော့် ဝတ်စုံကိုတော့ မေစစ်မင်းပဲ အစအဆုံး တာဝန်ယူ ချုပ်ပေးပါ"

သူ့ပုံစံ၊ သူ့အကြည့်၊ သူ့အပြုအမူတွေဟာ မရိုးသားဟု မေစစ် ခံစားရသည်။ သူက သူ့ခန္ဓာကိုယ်ကို မေစစ်က ပေကြိုးတိုင်းပေးဖို့တောင် အသင့်ပြင်ကာ မေစစ်နား တိုးလာသည်။ ကျန်တဲ့ သင်တန်းသူတွေကလည်း မေစစ်ကို အကဲခတ်နေကြပြီ။ မေစစ်သည် ထိုသူ့ကို သဘောမကျသော်လည်း ကိုယ့် customer မို့ ခပ်တင်းတင်း မပြောရဲဘဲ ညင်ညင်သာသာ ပြောရသည်။

"ကျွန်မ သဘောနဲ့ ကျွန်မ ဆုံးဖြတ်လို့ မရပါဘူးရှင်၊ ဒီမှာ အတော်ဆုံး ဖက်ရှင်ဒီဇိုင်နာက ကျွန်မတို့ ဆရာမပါ၊ သူက တာဝန်ခွဲဝေပေးမှ ကျွန်မ တာဝန်ယူလို့ ရပါတယ်"

"တခြားသူတွေက မေစစ်မင်းတို့ ဆရာမကို အတော်ဆုံးလို့ သတ်မှတ်ပေမယ့် ကျွန်တော်ကတော့ မေစစ်မင်းကိုပဲ အတော်ဆုံးလို့ သတ်မှတ်ပါတယ်၊ မေစစ်မင်း ချုပ်ပေးတာ





ကိုပဲ တန်ဖိုးထား ဝတ်ချင်လို့ တကူးတက လာအပ်ရတာပေါ့ဗျာ ..."

မေစစ်သည် ထိုစကားတွေကို အော်ဂလီဆန်လာသည်။ ဒေါသဖြင့် အော်ထုတ်လိုက်ချင်သည်။ သို့သော် ဒေါသကို ထိန်းထားရတာမို့ မျက်နှာပေါ်က အကြောကလေးတွေပင် တဆတ်ဆတ် တုန်လာသည်။

"အဲဒါဆိုလည်း ဆရာမကိုသာ သွားပြောပါတော့ရှင် ..."

"မပြောချင်ပါဘူး ... မေစစ်မင်းနဲ့ပဲ ပြောချင်တယ်ဗျာ၊ ဟဲ ... ဟဲ ..."

"ရှင် ... အရှက်မကွဲချင်ရင် ထွက်သွားလိုက်ပါ ..."

မေစစ်က အံကြိတ်သံဖြင့် ခပ်တိုးတိုးပြောလိုက်သည်။

ထိုအချိန်မှာပင် မေစစ်တို့ ဆရာမ ရောက်လာခဲ့ပါသည်။ ဆရာမကို တွေ့တော့မှ ထိုသူက ထွက်ခွာသွားတော့သည်။

ဆရာမက မေစစ်ကို ဘာမှမမေးဘဲ ခပ်တင်းတင်း လှမ်းကြည့်သည်။ ပြီးတော့ လေသံ မာမာဖြင့် ပြောလိုက်သည်။

"ဒီသင်တန်းမှာ အရှုပ်အရှင်းကိစ္စတွေ ဘာမှမဖြစ်ချင်ဘူး နော်၊ အားလုံး ကိုယ့်စည်းနဲ့ကိုယ် နေကြပါ ...၊ မေစစ်မင်း ယောကျ်ားလေး customer တွေကို ဆက်ဆံတဲ့ မင်းရဲ့ ပုံစံကို ပြောင်းဖို့ ဒီနေ့ပဲ သတိပေးလိုက်ပါတယ် ..."

မေစစ်သည် ထိုစကားအတွက် ဆတ်ဆတ်ခါအောင်



www.burmeseclassic.com

www.burmeseclassic.com



နာကျင်သွားလေသည်။ သူ့အမျိုးသားနဲ့ ပတ်သက်ပြီး စကတည်းက မေစစ်အပေါ် အမြင်မကြည်လှသော ဆရာမရဲ့ ထိုးနှက်ချက်က အားလုံးအလယ်မှာမို့ အရှက်ခွဲခံရသည်ဟု ခံစားရသည်။

တစ်ယောက်တည်း ရပ်တည်နေရတာမို့ အထင်သေးကြသလားဟု နာကျင်တွေးဖြင့် စိတ်မလုံခြုံမှုကို ပြင်းထန်စွာ ခံစားလာရသည်။

ဣတ္ထိ ရုပ် ခန် ဟု ဆိုသော်လည်း ဒီအချိန်မှာတော့ မေစစ်ရဲ့ အလှဟာ မနမဟုတ်ဘဲ မိန်းမများက မနာလိုစရာ၊ ယောကျ်ားများက တပ်မက်စရာ ဖြစ်နေသည်။

ခုလို ဘဝအနေအထားမှာ မေစစ်ရဲ့ အလှဟာ မေစစ်အတွက်တော့ 'ရန်သူ' ပါပဲ။

မေစစ်သည် မေစစ် ကြိုးစားရပ်တည်နေသည့် လက်ရှိ ပတ်ဝန်းကျင်ကိုလည်း ကြောက်သွားပြန်သည်။ မျက်လုံးပေါင်းများစွာက မေစစ် ဘာမဟုတ်တာ လုပ်မယဲ့ဟူသော အတွေးဖြင့် စောင့်ကြည့်နေသည်ဟု ခံစားရပြန်သည်။ နေရထိုင်ရတာ အမြဲစိတ်ကျဉ်းကျပ်နေသည်။ ဆရာမရဲ့ သံသယကိုလည်း မေစစ် မခံစားနိုင်။ အငြိုးနှင့် ဖိနေသည်ဟု ခံစားရသည်။

အဲ့ဒီနောက်တော့ ထိုနေရာကို မေစစ် ကျောခိုင်းလာခဲ့ပါသည်။

♥ ♥ ♥





❦ ❦ ❦

ဖက်ရှင် ဒီဇိုင်းသင်တန်းမှထွက်ခွာလာပြီးနောက်တွင် မေစစ်သည် အဆောင်သစ်ကို ပင်ပင်ပန်းပန်း လိုက်ရှာဌားရသည်။ လက်ထဲရှိသမျှငွေကို ချွေတာသုံးကာ အလုပ်သစ် ရှာရသည်။

ကံကောင်းထောက်မစွာပင် ဗိုလ်ချုပ်ဈေးက ဖက်ရှင် ဒီဇိုင်း ဆိုင်တစ်ဆိုင်မှာ မေစစ် အလုပ်ရလေသည်။

မေစစ် နေရသည်မှာ လှည်းတန်းဘက်က အဆောင်တစ်ခုမှာဖြစ်ပြီး သွားရတာက ဗိုလ်ချုပ်ဈေးမှာမို့ ဘတ်စ်ကားစီးရတာက အချိန်ကုန်ပြီး အလုပ်သွား အလုပ်ပြန်ချိန်မှာ ကားတွေလည်း ကျပ်လှသည်။

မေစစ်သည် ထိုအတောအတွင်း စိတ်ဓာတ်ကျကာ



www.burmeseclassic.com

www.burmeseclassic.com



ဝမ်းနည်းအားငယ်စိတ်တွေ လွှမ်းမိုးဖိစီးလျက်ရှိသည်။ ဒီလိုအချိန်မျိုးမှာ တိုင်တည်စရာ ရင်ခွင်တစ်ခုလိုအပ်ပါသည်။ ထိုရင်ခွင်ဟာ မေစစ်ကို လွှမ်းမိုးနွေးထွေးစေမည့် မေစစ်က ယုံကြည်အားထားရသည့် ရင်ခွင်တစ်ခုလည်း ဖြစ်ရမှာပေါ့။

လောကကြီးမှာ ဘယ်သူ့ကမှ ကိုယ့်ကိုဂရုမစိုက်ဘူးလို့ ခံစားရတဲ့ခံစားမှုဟာ ဘယ်လောက် ဆိုးသလဲ။ ဒါ့ကြောင့် မေစစ်က မေစစ်ကို ဂရုစိုက်လာသူတွေကို မက်မောတွယ်ငြိခဲ့မိဖူးသည်။ ခုတော့ သူ့လမ်းသူသွားကြပြီ။

မေစစ်သည် အလုပ်ပြီးသည်နှင့် အားငယ်သည့်စိတ်ဝင်လာကာ တွေဝေငေးမောနေတတ်သည်။ ပတ်ဝန်းကျင်မှာ လူတွေအများကြီးရှိသော်လည်း သူတို့က သပ်သပ်၊ မေစစ်က သပ်သပ် ခွဲထွက်နေသလိုခံစားရသည်။ ဒီလိုအချိန်မှာ ချစ်သူတစ်ယောက်သာရှိခဲ့ရင်...တစ်ယောက်တည်းနေရရင်တောင် အထီးကျန်မှာမဟုတ်။ ခုတော့ အများနဲ့နေတာတောင် အထီးကျန်နေရသည်။

မေစစ်သည် တစ်ယောက်ယောက်ကို ချစ်ချင်နေပြီး တစ်ယောက်ယောက်ရဲ့ ချစ်တာကိုလည်း ခံယူချင်လာသည်။ ဒါမှသာ စိတ်လုံခြုံမှုကိုခံစားရမည်ထင်သည်။ ချစ်သူ တစ်ယောက်ရဲ့ ကာကွယ် စောင့်ရှောက်မှုကို မေစစ် လိုလားတောင့်တခံယူချင်မိ၏။ အဲဒါဆို ဘဝဟာ သိပ်ကို သာယာလုံခြုံမှာပဲ။ အချစ်ဟာ သာယာ





ပျော်ရွှင် စရာကောင်းမှာပဲဟု စိတ်ကူးယဉ်မျှော်လင့်မိ၏။ ခုတော့ ရင်ထဲမှာ လွတ်ဟာလှသည်။

တစ်နေ့တော့ မေစစ်သည် ထိုအချစ်ကို စတင်တွေ့ရှိလေသည်။ (အချစ်ဟုသာ မေစစ်ယူဆမိခဲ့ပါသည်)

အဲဒီနေ့က ဗိုလ်ချုပ်ဈေးကအပြန် ဒိုင်နာကားပေါ်မှာ မေစစ် တွေဝေငေးမောစွာ လိုက်ပါလာသည်။ မေစစ်နောက်နားမှာ ယောက်ျားတစ်ယောက် ရပ်နေသည်။ ကားက ဘရိတ်အုပ်ရပ်လိုက်တိုင်းမှာ ထိုသူက လိုတာထက်ပို၍ မေစစ်ဘက်သို့ ယိမ်းယိုင်လာသည်။ ပထမတော့ ကိုယ့်အတွေးနှင့်ကိုယ်မို့ သတိမပြုမိ။ နောက်တော့မှ ထိုသူ့အနေအထားဟာ ပုံမှန်မဟုတ်တာကို သတိထားမိလာသည်။ မေစစ်သည် ကိုယ်ကိုယို့၍ ထိုသူနှင့် ဝေးရာသို့ တိုးရွှေ့ရပ်လိုက်၏။ ထိုသူ့ထံမှ အရက်စော်ကလည်း နံလှပြီး အကြည့်ကလည်း ရူးရဲလှသည်။

မေစစ်သည် ဆိုင်မှာအလုပ်လုပ်ရတာကို မပင်ပန်းသော်လည်း ဘတ်စ်ကား တိုးစီးသည့်အလုပ်ကိုတော့ ပင်ပန်းလွန်းလို့ စိတ်ကုန်သည်။ မေစစ်ဘတ်စ်ကားပေါ်တက်သွားလျှင် ဝိုင်းကြည့်တတ်သည့် ယောက်ျားတွေရဲ့ မျက်လုံးကိုလည်း မုန်းသည်။ အများအလယ်မှာ ထင်းနေသော မေစစ်အလှက လူတကာ ပြစ်မှားစရာဖြစ်နေသလား မသိချေ။

မှတ်တိုင်တစ်တိုင်ရောက်၍ ဘတ်စ်ကားရပ်စဉ် နောက်ဘက်မှ အသံတစ်သံကို ကြားရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟောလူ...ခင်ဗျား လွန်လွန်းပြီနော်၊ ကျုပ်ကြည့်နေတာ အမြင်မတော်ဘူး"

လူတစ်ယောက်က မေစစ်နောက်မှာ ကပ်နေသော အမူးသမားကို ဖယ်ထုတ်လိုက်ပြီး မေစစ်နောက်နား ဝင်ရပ်ကာကွယ်ပေးလိုက်သည်။ မေစစ်က ထိုသူ့ကိုလှည့်ကြည့်ပြီး ကျေးဇူးတင်ပြုံး ပြုံးပြလိုက်သည်။

ထိုယောကျ်ားက မေစစ်ကို တခြားယောကျ်ားတွေ မတွန်းတိုက်အောင် တစ်လမ်းလုံးကာကွယ်စောင့်ရှောက်ပေးခဲ့သည်။ သူ့ပုံစံက ယုံကြည်စရာကောင်းသော ရိုးသားသည့်အသွင်ရှိသည်ဟု မေစစ်ထင်သည်။

လှည်းတန်းရောက်လို့ မေစစ် ကားပေါ်ကဆင်းတော့ သူလည်း ဆင်းလာသည်။ မေစစ်က သူ့ကိုပြုံးပြမိရင်း...

"ကျေးဇူးတင်ပါတယ်ရှင်"

"ရပါတယ်...ကိစ္စမရှိပါဘူး"

"ရှင်က လှည်းတန်းမှာပဲ နေတာလား"

"မဟုတ်ဘူး...ဝဂ္ဂီဘက်မှာနေတာ"

"ဟင်...ဒါဆို ဘာဖြစ်လို့ ဒီကျမှဆင်းတာလဲ"

"ခင်ဗျားကို စိတ်မချလို့လိုက်ပို့တာပါ၊ သိပ်မဝေးပါဘူး၊ ကျွန်တော် လမ်းပြန်လျှောက်သွားမှာပေါ့"

"အားနာစရာရှင်...အဝေးကြီးလျှောက်ပြန်ရမှာ"





"ကိစ္စမရှိပါဘူး၊ အညောင်းပြေတာပေါ့၊ ကျွန်တော်လည်း တစ်နေ့လုံး ရုံးမှာ ထိုင်နေရတာ"

"ရှင်က ဘယ်မှာအလုပ်လုပ်တာလဲ"

"၃၆ လမ်းက ကုမ္ပဏီတစ်ခုမှာပါ၊ ကျွန်တော့်နာမည် သီဟပါ"

"ကျွန်မနာမည် မေစစ်မင်းပါ၊ ဗိုလ်ချုပ်ဈေးက 'Queen' ဖက်ရှင်ဒီဇိုင်းမှာ အလုပ်လုပ်ပါတယ်"

"သွားရပြန်ရတာလည်း မလွယ်ဘူးနော်၊ ဘတ်စ်ကားတွေက အရမ်းကျပ်တာပဲ"

"ဟုတ်တယ်...ကျွန်မလည်း အဲဒါကိုပဲ စိတ်ညစ်နေတာ"

သူက မေစစ်အဆောင်ထဲ လိုက်ပို့ပေးပြီးမှ လမ်းလျှောက် ပြန်သွားသည်။

မေစစ်သည် အဲဒီနေ့ကစလို့ ယောကျ်ားတစ်ယောက်ရဲ့ ကာကွယ်စောင့်ရှောက်ခံရခြင်းအရသာကို ခံစားမိသွားသည်။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com





❀ ❀ ❀

နောက်နေ့တွေမှာတော့ သူက မေစစ်ကို နေ့စဉ်နေ့တိုင်း ပြန်လိုက်ပို့ခွင့်ရဖို့ တောင်းဆိုလိုက်သည်။ ညနေဆိုလျှင် သူ့အလုပ်ရှိရာ ၃၆ လမ်းမှ ဗိုလ်ချုပ်ဈေးထိ လမ်းလျှောက်လာပြီး မေစစ်ကိုကြိုသည်။ ဘတ်စ်ကားပေါ်မှာ ဘယ်သူကမှ မထိပါးရအောင် ကာကွယ်စောင့်ရှောက်၏။

မေစစ်ရဲ့ ညနေခင်းများသည် အသက်ဝင်လှုပ်ရှားလာခဲ့ရသည်။ သူနှင့် စကားတပြောပြော ကားစီးသွားလျှင် ရောက်လို့ ရောက်မှန်းပင် မသိလိုက်။ စိတ်ထဲမှာလည်း ဘာအတွက်မှ စိုးတထိတ်ထိတ် မဖြစ်တော့ဘဲ လုံခြုံနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကာကွယ်စောင့်ရှောက်ခြင်းအရသာကို မေစစ် မက်မောသွားလေပြီ။

မကြာခင်မှာဘဲ သူက မေစစ်ကို ချစ်ရေးဆိုခဲ့သည်။ မေစစ်ကလည်း အချိန်သိပ်မဆွဲဘဲ ခေါင်းညိတ်ခဲ့သည်။ ဒါနဲ့ပဲ မေစစ်တို့နှစ်ယောက် ချစ်သူတွေဖြစ်သွားကြသည်။

ပထမတော့ မေစစ်တို့နှစ်ယောက် အရမ်းပျော်ကြသည်။ ပိတ်ရက်တွေမှာ ဘုရားသွားသည်၊ အင်းလျားကန်ပေါင်သွားသည်၊ ရုပ်ရှင်ကြည့်သည်၊ လျှောက်လည်ကြသည်။ သူက ပိုက်ဆံ သိပ်မချောင်လည်သူမို့ ကုန်ကျစရိတ်ကိုတော့ တစ်ဝက်စီ ခံရသည်။

သူက ချစ်မြတ်နိုးကြောင်းတွေ ဖွဲ့နွဲ့ပြောသောအခါ မေစစ်က ကျေနပ်စွာနားထောင်ပြီး သူကြားချင်သော ချိုသာစကားတွေကိုလည်း ပြောရသည်။

ထိုအဦးအစကာလ လွန်မြောက်သောအခါ လက်တွေ့ဘဝက စိတ်ကူးယဉ်တွေကို ပြန်လည်လွှမ်းမိုးလာသည်။

မေစစ်က ဘဝမှာ အဆင်မပြေမှုတွေကြုံရတိုင်း သူ့ကို ရင်ဖွင့်ဖော်တစ်ဦးအဖြစ် သဘောထားကာ ပြောပြရင်ဖွင့်မိစမြဲပင်။

*"မေစစ် ညက အိပ်မပျော်ဘူး သိလား"*

"ဘာဖြစ်လို့လဲ"





သူက ခပ်ပြုံးပြုံးမေးသည်။ မေစစ်က မပြုံးနိုင်ဘဲ...

"စိတ်ညစ်လို့ပေါ့ ကိုရယ်၊ အဆောင်မှာနေရတာ အခန်းဖော်နဲ့ အဆင်မပြေဘူး၊ အလုပ်မှာလည်း အဆင်မပြေဘူး"

"ဟာကွာ...ကိုယ်ကတော့ ကိုယ့်ကိုလွမ်းလို့ အိပ်မပျော်ဘူး ထင်တာ...မမိုက်ပါဘူးကွာ"

"နားထောင်စမ်းပါ ကိုရယ်၊ မေစစ် အကောင်းပြောနေတာ၊ မေစစ်ခုတလော အရမ်းစိတ်ညစ်တယ်၊ မေစစ်အခန်းဖော်က စည်းကမ်းလည်း မရှိဘူး၊ စရိုက်လည်းကြမ်းတယ်၊ သူ့ပစ္စည်းတွေ စည်းကမ်းမရှိထားပြီး ပျောက်တော့ မေစစ်ကိုပဲ မယုံသင်္ကာကြည့် ကြည့်တယ်၊ သူနဲ့မနေချင်လို့ တခြားအခန်းပြောင်းဖို့ကျတော့လည်း မေစစ်တို့အဆောင်မှာက အခန်းလွတ် မရှိတော့ဘူး၊ တခြားအဆောင် ရှာချင်ပေမယ့် အချိန်လည်း မရှိဘူး၊ ရဖို့လည်း မလွယ်ဘူး၊ မေစစ်ဖြင့် အဆောင် ပြန်ရောက်ရင် စိတ်ညစ်နေရတာပဲ..."

"ဩော်...ဒါဆိုလည်း ဘယ်တတ်နိုင်မလဲ၊ သည်းခံပြီးနေပေါ့"

သူက အဲဒီစကားကလွဲပြီး မေစစ်ကိုနှစ်သိမ့်မှုမပေးချေ၊ မေစစ်အတွက် အဆောင်လိုက်ရှာပေးမယ်လို့လည်း မပြောချေ။ သို့သော် နားထောင်ပေးသည့်အတွက်တော့ ကျေးဇူးတင်



www.burmeseclassic.com

www.burmeseclassic.com



ရသည်။ သူ့ကိုပြောလိုက်ရတိုင်း မေစစ်ရင်ထဲ ပေါ့ပါးသွားသည်။ မေစစ် သူ့ကိုအားကိုးယုံကြည်သည်။

အလုပ်မှပြန်လာချိန်များတွင်လည်း သူက မေစစ်လက်ကလေးကိုကိုင်ထားကာ ပခုံးကလေးဖက်ပြီး ကာကွယ်ပေးထားတာကိုလည်း မသာယာနိုင်ဘဲ မေစစ်အလုပ်မှာ အဆင်မပြေတာတွေကိုသာ ရင်ဖွင့်မိ၏။

"ဒီနေ့...ဆိုင်မှာ ပြဿနာတွေတက်ကြတယ်၊ အင်္ကျီလာအပ်နေကျအမျိုးသမီးက ဆိုင်ကချုပ်ပေးလိုက်တဲ့အင်္ကျီကို မကြိုက်လို့ ကွန်ပလိန်းတက်ရင်း စကားများကြတာ၊ ဆိုင်ရှင်မမက ခုတလော သိပ်နေမကောင်းတော့ အမြဲစိတ်တိုနေတာ၊ ဆိုင်က အခြေအနေ သိပ်မကောင်းတော့ ဝန်ထမ်းတွေလည်း လျှော့မယ်ပြောတယ်၊ ဝန်ထမ်းတွေ လျှော့တဲ့အထဲမှာ မေစစ်ပါရင်တော့ အလုပ်သစ်ထပ်ရှာရဦးမယ်"

"ဩော်...ဩော်"

သူ့ထံမှ အဲဒီလောက်သာ တုံ့ပြန်မှုရသည်။ အဲဒီနောက်ပိုင်းကာလတွေမှာတော့ သူ့ဆက်ဆံရေးဟာ စိမ်းလာသလိုပဲဟု မေစစ်ခံစားရသည်။ မေစစ်က စကားစ,လိုက်တာနှင့်...

"ဟာ...ခုမှ သတိရတယ်၊ ကိစ္စလေးတစ်ခုချိန်းထားတာ အချိန်မီ သွားရဦးမယ်"





ဟုပြောပြီး ထသွားတတ်သည်။ မေစစ် အားငယ်ဝမ်းနည်းချိန်မှာပြောသည့်စကားတွေကို 'ဩော်...ဟုတ်လား၊ အင်း...အင်း' ဟု ပြောကာ ဝတ်ကျေတန်းကျေ နားထောင်ရုံမှအပ ဘာမှမတုံ့ပြန်။ မေစစ်အားငယ်ချိန်မှာမှိုဖို့ သူ့ပခုံးကလေးသောင် တိုးမပေးတော့ချေ။

အဲဒီနောက်တော့ သိဟာက မေစစ်ဘဝထဲမှ ရုတ်တရက် ပျောက်သွားသည်။ ပုံမှန် လာကြိုနေကျမှာ လာလည်းမလာ၊ ဘာမှလည်းအကြောင်းမကြားတာမို့ မေစစ်စိတ်ပူလာသည်။ သူ့ရုံးကို ဖုန်းဆက်ကြည့်တော့လည်း သူအလုပ်ထွက်သွားပြီဟု ဆိုသည်။

မေစစ်က ထိုရုံးမှပင် သူ့လိပ်စာကို စုံစမ်းရသည်။

သူ မဆက်သွယ်တာ ၁၀ ရက်ရလာချိန်မှာတော့ မေစစ်က သူ့အိမ်သို့လိုက်သွားလေသည်။

ယောကျ်ားလေးတစ်ယောက်အိမ်ကို လိုက်မသွားသင့်မှန်းသိသော်လည်း သူ့အတွက် စိုးရိမ်လှတာမို့ မေစစ် အရဲကိုးသွားရသည်။

သူ့အိမ်က ရှစ်လွှာမြောက်တိုက်ခန်းကလေးဖြစ်သည်။ မေစစ် ဘဲလ်နှိပ်လိုက်တော့ အန်တီကြီးတစ်ယောက်ထွက်လာသည်။

"ဘာကိစ္စရှိလို့လဲ ကွယ့်"



www.burmeseclassic.com

www.burmeseclassic.com



"ဟို…ကိုသီဟနဲ့ တွေ့ချင်လို့ပါရှင်"

"သြော်…လာပါ ဝင်ပါ"

မေစစ်က ဧည့်ခန်းထဲမှာ ခပ်ယိုယို ဝင်ထိုင်သည်။ အန်တီကြီးက "သားရေ…ဧည့်သည်လာတယ်" ဟု နောက်ဘက် လှည့်ပြောပြီး မေစစ်ဘက်သို့ ပြန်လှည့်လာကာ…

"ဒါနဲ့ သမီးက သားနဲ့ဘယ်လိုပတ်သက်သလဲကွယ့်"

"ဟို…သူ့…သူ့ ချစ်သူပါ"

"မဟုတ်ဘူး မေမေ"

ကြိုတင်ကြံရွယ်ခြင်းမရှိဘဲ အမှန်အတိုင်း လွှတ်ခနဲ ပြောလိုက်မိသည့် မေစစ်စကားအဆုံးမှာ သူ့အသံက ရုတ်တရက် ထွက်ပေါ်လာခဲ့၏။ တစ်ဆက်တည်း ပြောပြန်သည်။

"သူက အဲလိုပဲမေမေ အရမ်းနောက်တတ်တယ်၊ သား အရင်အလုပ်လုပ်ခဲ့တဲ့ ရုံးဟောင်းက သူငယ်ချင်းပါ၊ သား တာဝန်ကို သူဆက်ယူရတာလေ၊ စာရင်းဇယားလေးတွေ ပြန်ရှင်းစရာရှိလို့ ချိန်းထားတာ"

မေစစ်သည် အံ့သြလွန်းလို့ သူ့ကိုမျက်လုံးအပြူး သားကြည့်နေသည်။ ပြီးတော့ ဒေါသဖြင့် နာကျင်လာသည်။

"သား သူ့ကိုပြန်ပို့လိုက်ဦးမယ်"

သူက မေစစ်ကိုအပြင်သို့ခေါ်ထုတ်လာပြီး လေကား ထစ်တွေကို ခပ်ကြမ်းကြမ်း နင်းဆင်းသွားနှင့်သည်။ မေစစ်သည် သူ့နောက်သို့ အပြေးလိုက်လာရကာ…





"ရှင်…ရှင် ဘယ်လိုလုပ်လိုက်တာလဲ၊ ဒါ ဘာသဘောလဲ ဟင်"

"ခုထိတောင် မင်းနားမလည်သေးဘူးလား"

"နားမလည်ဘူး"

"အေး…နားမလည်ရင် ပြောမယ်၊ မင်းကို ငါ လက်ထပ်ဖို့ မရည်ရွယ်လို့ ငါ့အမေကို အမှန်အတိုင်း မပြောတာဘဲ"

"ဘာ…"

မေစစ် မျက်လုံးတွေ ရုတ်တရက် ပြာသွားသည်။ ဆွံ့အသွားသည်။ စော်ကားခံလိုက်ရလေပြီ။

"ငါ မင်းကို ထားခဲ့တာလေ၊ စိတ်ကုန်သွားလို့ အဆက် အသွယ်မလုပ်ဘဲ ထားခဲ့တာ၊ မင်းပဲစဉ်းစားကြည့်လေကွာ၊ ယောကျ်ားပဲ…သာယာပျော်ရွှင်ချင်လို့သာ ရည်းစားထား တာပေါ့၊ ခုတော့ မင်းက တဆိတ်ရှိ မင်းအပူတွေပဲ ငါ့ဆီ လာလာပုံချနေတော့ ငါတကယ်စိတ်ကုန်သွားတယ်၊ မင်းနဲ့ တွေ့တိုင်း အပူဟပ်သလိုခံစားရတယ်၊ မင်းဒဏ်ကို ငါမခံ နိုင်ဘူး၊ လှတာမက်ပေမယ့် နားပူတော့ မခံနိုင်ဘူး"

သြော်…သူ့အချစ်က ဒီလိုတဲ့လား…။ မေစစ်သည် ဘာမှမပြောချင်တော့လောက်အောင်၊ သူ့ရှေ့မှာ တစ်စက္ကန့်မှ ရပ်မနေချင်တော့လောက်အောင် နာကြည်းသွားသည်။ ယောကျ်ား တွေရဲ့အချစ်ဆိုတာ သာယာပျော်ရွှင်မှုအတွက်သက်သက်ပဲလား။ အေးလျှင်သာ အတူရှိချင်ပြီး ပူလျှင်တော့ မျှမခံချင်ဘူးတဲ့လား။



www.burmeseclassic.com

www.burmeseclassic.com



မေစစ်သည် အံတစ်ချက်ကြိတ်ကာ သူ့မျက်နှာကို လွှဲရိုက်လိုက်ပြီး ချာခနဲပြေးထွက်လာခဲ့ရလေသည်။

အဲဒါ မေစစ် ပထမဆုံးခံစားရသော 'အချစ်' ဖြစ်သည်။

♥ ♥ ♥





ခုတော့ မေစစ်မင်းသည် မသေချာသော 'အချစ်' တာကို မေ့ပစ်ထားကာ အလုပ်ကိုသာ အာရုံစူးစိုက်ကြိုးစား သည်။ အလုပ်သည်သာ မေစစ်အတွက် ဖြေသာစရာကျန် ော့သည်။

နှစ်အနည်းငယ်ကြာသောအခါ မေစစ်မင်းသည် ောင်မြင်စပြုသော ဖက်ရှင်ဒီဇိုင်နာတစ်ယောက်ဖြစ်လာခဲ့၏။ ချုပ်ဈေးက မေစစ်အလုပ်လုပ်သော ဆိုင်ရှင် ဆုံးပါးသွားပြီး ောက်တွင် ထိုဆိုင်ကို မေစစ်က စုဆောင်းထားသော ငွေတချို့ င်းကာ ကျန်ငွေကို အရစ်ကျစနစ်ဖြင့် ဝယ်လိုက်နိုင်သည်။ ကြာခင် နေစရာ တိုက်ခန်းတစ်ခန်း ဝယ်ယူနိုင်ပြီး မေစစ်ရဲ့



www.burmeseclassic.com

www.burmeseclassic.com



လက်ထောက် ကောင်မလေးတစ်ယောက်နှင့် အတူနေသည်။ ဒီဇိ[illegible] နယ်ပယ်တွင် မေစစ်နာမည်က ထိုးထွင်းလာပြီး အနုပညာသ[illegible] များ ကြားတွင်လည်း နာမည်ရလာခဲ့သည်။ အထူးသဖြင့် ပွဲတ[illegible] ဝတ်စုံများ၊ မင်္ဂလာဝတ်စုံများချုပ်ရာတွင် ပို၍ နာမည်ကြီး[illegible] သည်။

ဖြတ်သန်းခဲ့ရသော ထိုကာလတွေမှာ မေစစ်[illegible] အလုပ်ထဲတွင်သာ နစ်မြုပ်နေကာ အချစ်ရေးကို စိတ်မဝင်[illegible] ခဲ့တာမို့ မေစစ်ဆိုင်မှ ကောင်မလေးတွေကပင် မေစစ်ကို အံ့[illegible] ကြသည်။ စူးစမ်းကြသည်။

မေစစ်လက်ထောက် စန္ဒီက တစ်နေ့တော့ မေစစ်[illegible] မေးခွန်းထုတ်လာသည်။

"မမ"

"အင်ဟင်"

"မမ ချစ်သူက နိုင်ငံခြားမှာလားဟင်"

မေစစ်က ရုပ်ရှင်မင်းသမီးတစ်ယောက် ညှော်ခံပွဲ[illegible] ဝတ်မည့် ဝတ်စုံပေါ်မှာ ပန်းထိုးဖို့ ဒီဇိုင်းဆွဲနေရင်းက မျက်[illegible] ဝင့်မိကာ...

"စန္ဒီ့မေးခွန်းက တစ်မျိုးပါလား၊ ဘာလို့ဒီလိုမေးရတာလ[illegible]

"မမက လှလည်းလှတယ်၊ တော်လည်းတော်တယ်၊ အော[illegible] လည်း အောင်မြင်တယ်၊ အိမ်ထောင်ပြုသင့်တဲ့အရွယ်လည်[illegible]





ရောက်နေပြီ၊ မမကို ချစ်တဲ့သူတွေလည်း ဝိုင်းနေမှာပဲ၊ မမမှာ ချစ်သူမရှိတာ မဖြစ်နိုင်ဘူးထင်တယ်၊ ဒီမှာလည်း ဘယ်ယောက်ျားနဲ့မှ တွဲတာမတွေ့တော့ မမချစ်သူက နိုင်ငံခြားမှာများ ရောက်နေသလားလို့ပါ"

"တယ်တော်တဲ့ ခန့်မှန်းချက်ပါလား စန္ဒီရယ်"

မေစစ်က ရယ်မောမိပါသည်။ ခုတော့ ရယ်မော[illegible]ပြီ။ သို့သော် ရယ်လိုက်တိုင်း ရင်ထဲမှာ နည်းနည်းတော့ [illegible]သည်။

မေစစ်ဟာ အလုပ်မှာ အောင်မြင်သလောက် အချစ်[illegible]မှာတော့ ကံမကောင်းဘူးထင်သည်။ မေစစ်ကပဲ မချစ်တတ်လို့ [illegible]လား...။

မေစစ်သည် ခုချိန်မှာတော့ မာနသရဖူဆောင်းထား[illegible]သော မိန်းမတစ်ယောက်ဖြစ်ခဲ့ပြီ။ မေစစ်အောင်မြင်သည်။ [illegible]စစ်မှာ ပိုင်ဆိုင်မှုတွေရှိသည်။ မေစစ် မပိုင်နိုင်တာဆိုလို့ ချစ်ခြင်း[illegible]တွာပဲရှိသည်။

တစ်နေ့မှာတော့ မပိုင်နိုင်သော ချစ်ခြင်းကို မေစစ် [illegible]ပ်မံ တွေ့ရလေသည်။

မေစစ်ရဲ့ ဝတ်စုံဒီဇိုင်းတွေကို မက်မက်မောမော [illegible]တတ်သော မော်ဒယ်မိန်းကလေးတစ်ယောက်ရဲ့ မွေးနေ့ပွဲ[illegible]စ်ခုမှာ သူနှင့်ဆုံခဲ့ရတာ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူက ထိုမော်ဒယ်မိန်းကလေးဖြင့် ကြော်ငြာများ ရိုက်ကူးသည့် လုပ်ငန်းရှင်တစ်ယောက်ဖြစ်သည်။

ထိုနေ့ညနေခင်းက ဖက်ရှင်ဒီဖိုင်းနာ မေစစ်မင်း အလှက မင်းသမီးများထက်တောင် ထင်ပေါ်နေခဲ့သေးသည် မေစစ် ဒီဇိုင်းထွင်ထားသော ချည်ထည်ဝတ်စုံခပ်ဆန်းဆန်း မဟာဆန်ဆန်ချုပ်ထားပြီး ဆံပင်ရှည်များကိုတော့ မဟာနဖူးပေ အောင် အပြောင်သိမ်းကာ ထိပ်လယ်နား မကျတကျမှာ စုစည်း ထားသည်။ ဘာလက်ဝတ်စားမှမဝတ်ဘဲ လည်တိုင်ရှင်းရှင်းမှ ပုလဲလေးတစ်ကုံးသာ ဝတ်ဆင်ထားခဲ့သည်။

Hotel Nikkol ရဲ့ pool side မှာ ကျင်းပသောပွဲ မေစစ်က အချိုရည် ဖန်ခွက်ရှည်လေးကိုကိုင်ကာ မှောင်ရိ ခပ်ကျကျ ရေကူးကန်နားမှာ တစ်ယောက်တည်းရပ်ရင်း ညှို့ အလယ်က လူတွေကို လှမ်းကြည့်နေမိသည်။ မေစစ်က အခ အနားတွေကို မလွှဲမရှောင်သာ တက်ရလေ့ရှိသော်လည်း Su type မဟုတ်ပါ။ အားလျှင် တစ်ယောက်တည်း တွေးလို့ဖြစ် နေချင်သည်။ ဒါမှမဟုတ် ဖြစ်နိုင်လျှင် ကိုယ့်ကို နားလည်နိုင်သည့် သူနှင့် နှစ်ဦးတည်းရှိချင်သည်။ သို့သော် ဘယ်သူကမှ မေစစ်ကို နားမလည်နိုင်တာဟာဖြင့် ဝမ်းနည်းစရာတော့ ကောင်းသည်။

"ဟယ်...မမမေ...ကြည့်စမ်း...လှလိုက်တာ၊ အဲဒီ ဒီဇိုင်း လေး မိုး ကြိုက်လိုက်တာ၊ တကယ်ပဲ...သူ့ကျ လှလှလေး ချုပ်ထားတယ်၊ မိုးကျ အရင်ချုပ်မပေးဘူး"





မော်ဒယ် မိုးပုလဲက မေစစ်ကိုတွေ့ပြီး မေစစ်ဝတ်စုံ ကို အံ့သြဆန်းကျယ်နေသည်။ မကြာခင် တခြားမင်းသမီးတွေ၊ မော်ဒယ်တွေပါ မေစစ်နား ရောက်လာကာ...

"မမမေနော်...မရဘူး...အဲဒါမျိုး မွန့်ကို အမြန်ဆုံးချုပ်ပေး ရမယ်၊ မနက်ဖြန်ညနေ ရအောင်ချုပ်ပေး၊ မနက်ဖြန်ညနေ သွားစရာပွဲတစ်ခုရှိတာ ခုထိဘာဝတ်မယ်မဆုံးဖြတ်ရသေး ဘူး"

"ဟယ်...မေ့ဝတ်စုံက ချစ်စရာကလေးနော်၊ ဆန်းလည်း ဆန်းတယ်"

သုံးလေးယောက် ရောက်လာပြီး ဝိုင်းပြောနေကြ တာမို့ မေစစ်က အပြုံးကလေးဖြင့် အလိုက်သင့် တုံ့ပြန်နေရသည်။

"ဟယ်...မိုးရေ...ဟိုမှာ ကိတ်မုန့် လှီးတော့မယ်တဲ့၊ ခေါ်နေပြီ"

"လာပြီ...လာပြီ"

မိုးက ရုတ်တရက်လှည့်ထွက်လိုက်ရာ မေစစ်လက် ထဲက ဖန်ခွက်ရှည်မျော့မျော့လေးကို တိုက်မိသွားလေသည်။ ဖန်ခွက်က ကျမကွဲသော်လည်း အအေးတွေဖိတ်စဉ်သွားသည်။ အင်္ကျီကို မစွန်းလို့ တော်ပါသေးသည်။

"ဆောရီး...ဆောရီးနော်၊ မမမေ ဘာဖြစ်သွားသေးလဲ"

"ရတယ်...ရတယ်၊ သွားပါ၊ ဘာမှမဖြစ်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



မေစစ်က ဖန်ခွက်လွတ်ကို ဆက်ကိုင်ထားကာ ရပ်နေမိဆဲ မေစစ်ရှေ့သို့ဖန်ခွက်ရှည်လေးတစ်ခွက် ရောက်ရှိလာလေသည်။ မေစစ်မော့ကြည့်မိတော့ မေစစ်ကို ဖန်ခွက်ကမ်းပေးနေသော လူတစ်ယောက်ကို တွေ့ရ၏။

"ရော့... သောက်လိုက်ပါဦး၊ ဘာမှ မရှိတော့ဘူး မဟုတ်လား"

ဒါဆို သူ စောစောကတည်းက လှမ်းကြည့်နေခဲ့တာပေါ့။

သူ့အကြည့်၊ သူ့အပြုံး၊ သူ့ဟန်ပန်က လူကြီးလူကောင်း ဆန်ဆန် စမတ်တကျရှိသည်။ သူက ယဉ်ကျေးစွာပင် မိတ်ဆက်စကား စ,တင်ခဲ့ပါသည်။

"မမေစစ်မင်းနော်...၊ ခင်ဗျားနဲ့ အင်တာဗျူးဆောင်းပါးတစ်ခုကိုတော့ မဂ္ဂဇင်းတစ်ခုမှာဖတ်ဖူးပါတယ်၊ မြင်ဖူးတယ်လို့ လှမ်းကြည့်နေမိတာ၊ ကျွန်တော့်နာမည် ထိုက်စံပါ"

"ထိုက်စံကုမ္ပဏီကများလား၊ ကျွန်မ ကြားဖူးနေတယ်"

"ဟုတ်ပါတယ်"

မေစစ်တို့ ခပ်ဟဟ ရယ်မောလိုက်မိကြသည်။ အဲဒီညခင်းမှာ သူနဲ့မေစစ် ထွေရာလေးပါး စကားဆိုဖြစ်ကြသည်။ သူက သူသတိထားမိသည့် နိုင်ငံတကာဖက်ရှင်တွေအကြောင်း၊





အနုပညာလောကအကြောင်း၊ သူ့ကုမ္ပဏီနှင့် ကြော်ငြာတွေအကြောင်း အတော်များများပြောဖြစ်၏။ မေစစ်နှင့် အမြင်ချင်းဖလှယ်ကြ၏။

သူက အနောက်တိုင်း ဝတ်စုံအပြည့် ဝတ်ဆင်ထားသည်။ ကုတ်အင်္ကျီက ချော့ကလက်ရောင်၊ နက်ကတိုင်က ပန်းနုရောင်၊ သူ့ဟန်ပန်တွေကြည့်ရတာတော့ မြင့်မားအထက်တန်းကျသည့် အသိုက်အဝန်းမှ ဆင်းသက်လာသည်ဟု ထင်ရသည်။ ထွင့်ရုံခေါင်တုန်းကလို ဟန်ဆောင်ကောင်းတာတော့ မဖြစ်နိုင်ပါ။ ဒီအရွယ်မှာတော့ မေစစ် နည်းနည်း လူကဲခတ်တတ်လာပြီထင်၏။

အဲဒီနေ့က လမ်းခွဲတော့ သူက မေစစ်ကို လေးနက်စွာ တစ်ချက်စိုက်ကြည့်သွားသည်။ မေစစ်က မိန်းမသားတို့၏ အလိုလိုအာရုံသိမှုဖြင့် သိလိုက်သည်။

သူ မေစစ်ကို သာမန်ထက်ပိုစွာ စိတ်ဝင်စားသွားခဲ့ပြီ။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com





❦ ❦ ❦

သူက သူ့စိတ်ဝင်စားမှုကို မဆိုင်းမတွ အကောင်အထည်ဖော်ခဲ့လေသည်။

နောက်နေ့ မနက်ခင်းမှာပင် သူက မေစစ်ရဲ့ဆိုင်ခန်းမှန်တံခါးကို တွန်းဖွင့်ကာ တည်ငြိမ်စွာ ဝင်ရောက်လာပြီး...

"မင်္ဂလာပါ"

ဟု ညင်သာစွာနှုတ်ဆက်လိုက်သည်။ မေစစ်က သူ့ရဲ့ မြန်ဆန်လွန်းသော တိုးဝင်ရောက်ရှိလာမှုကို အံ့ဩသွားမိသည်။ သူကတော့ ဣန္ဒြေရရပင်...

"ကျွန်တော့် ရုံးက အမျိုးသမီး ဝန်ထမ်းတွေအတွက် ယူနီဖောင်း အပ်ချုပ်လို့ပါခင်ဗျာ၊ ဘယ်ကုမ္ပဏီ ယူနီဖောင်း



www.burmeseclassic.com

www.burmeseclassic.com



နဲ့မှ မတူအောင် အကောင်းဆုံးနဲ့ဆွဲဆောင်မှုအရှိဆုံး ဒီဇိုင်း ထွင်ပေးပါ၊ အရောင်ရွေးပေးပါ၊ ပိတ်စရွေးပေးပါ၊ အချိန် ကြာရင် ကြာပါစေ၊ အကောင်းဆုံးဖြစ်အောင်သာ ချုပ်ပေး ပါ"

သူ့ စကားဆုံးတော့ မေစစ်က ရယ်မောလိုက်မိ ရင်း...

"တောင်းဆိုချက်တွေက များလှပါလား ကိုထိုက်စံရယ်"

ဟုပြောတော့ သူကလည်း ရယ်မောလိုက်သည်။ မေစစ်ကို ချဉ်းကပ်လာသည့် သူ့အကြောင်းပြချက်က ကျိုးကြောင်း ခိုင်လုံပြီး ဣန္ဒြေလည်းရတာမို့ မေစစ်က ကောင်းမွန်စွာ ပြန်လည် ဧည့်ခံရသည်။

အဲဒီနေ့မှစကာ သူက ထိုအကြောင်းပြချက်ကို လက် ကိုင်ထားလျက် မေစစ်ထံ အဝင်အထွက်စိပ်လာ၏။ မေစစ်နှင့် အတူဒီဇိုင်းလာရွေးချယ်တာက တစ်ရက်၊ ပိတ်စ လာရွေးတာက တစ်ရက်၊ အရောင်စဉ်းစားဦးမည်ဆိုပြီး နောက်တစ်ခါ ပြန်လာ တိုင်ပင်တာက တစ်ရက်။ ပြီးတော့ သူ့ကုမ္ပဏီသို့ မေစစ်နှင့် စန္ဒီတို့ လိုက်သွားရကာ ဝန်ထမ်းမိန်းကလေးတွေရဲ့ ကိုယ်တိုင်း ယူရပြန်သည်။ ထိုနေ့မှာ သူက မေစစ်တို့ကို နေ့လယ်စာကျွေးပြီး ပြန်လိုက်ပို့ပေးသည်။

စန္ဒီကပင် သူ့ခြေလှမ်းတွေကို ရိပ်မိပြီး စိတ်ပူပန်စွာ ညည်းတွားလိုက်သည်။





"ဒီလူကြီးလုပ်ပုံနဲ့တော့ နိုင်ငံခြားက မမချစ်သူသိရင်တော့ ဒုက္ခပဲ"

စန္ဒီက မေစစ်ချစ်သူဟာ နိုင်ငံခြားမှာလို့ပဲ စွဲမြဲ နေတာမို့ မေစစ် ရယ်မောမိသည်။ စန္ဒီက အတည်ပေါက်ကလေး ဆက်ပြောသည်။

"မရယ်နဲ့ မမရဲ့၊ တကယ်ပြောတာ၊ သူ မမအပေါ် မရိုး တာ အရမ်းသိသာတာပဲ၊ ယူနီဖောင်းအပ်တာ အကြောင်း ပြပြီး အခေါက်ခေါက်လာနေတာ၊ တခြားလူတွေက သူ့လို မှ မဟုတ်တာ၊ ဖုန်းဆက်မေးလည်း ရတဲ့ကိစ္စတွေကို လူကိုယ်တိုင် လာလာမေးနေတာ ဖုန်းမရှိတာကျနေတာပဲ၊ သူ့ကြည့်တော့ ခါးမှာ ဟန်းဖုန်းနဲ့၊ ကျွန်တော့် သူ့ဖုန်းက ကစားစရာဖုန်းပဲ ဖြစ်မယ်"

စန္ဒီက ကလေးဆန်ဆန်ပြောတော့ မေစစ်ရယ်မိပြန် သည်။ အလုပ်နှင့်အောင်မြင်မှုကလွဲရင် သာယာစရာမရှိသော မေစစ်ရဲ့ စိတ်နှလုံးသည် ပြန်လည် လှုပ်ရှားလာသည်။ သို့သော် မေစစ် ကြောက်လည်းကြောက်သည်။ ဂရုစိုက်မှုကိုတော့ ဘယ် အရွယ်မှာပဲဖြစ်ဖြစ် မေစစ်အတွက် လိုအပ်သည်ဟု ထင်သည်။ လူဆိုတာ ပစ္စည်းဥစ္စာ ပြည့်စုံလာတိုင်းလည်း စိတ်လုံခြုံမှုရတာ မဟုတ်။ ချစ်ခြင်းမေတ္တာကသာ စိတ်လုံခြုံမှုပေးနိုင်သည်ဟု ထင် သည်။ မေစစ်သည် နည်းနည်းတော့ စွန့်စားကြည့်ချင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုထိုက်စံသည် ယူနီဖောင်း မပြီးမချင်း မေစစ်ထံ နေ့တိုင်းလာပြီး ယူနီဖောင်းတွေအားလုံး ပြီးသွားသောနေ့မှာပင် အထိမ်းအမှတ်အဖြစ် မေစစ်ကို ညစာကျွေးပါရစေဟု ဆိုသည်။

အဲဒီညမှာပဲ ဖယောင်းတိုင်မီးကလေး ထွန်းထားသော စားပွဲမှာ သူနှင့် မေစစ်တို့ မျက်နှာချင်းဆိုင် ထိုင်မိကြကာ သူက မေစစ်ကို ချစ်ရေးဆိုလေသည်။ မေစစ်က...

"မေစစ် စဉ်းစားပါရစေဦး"

ဟုပြောတော့ သူက...

"စဉ်းစားရင် အချစ်ဟုတ်ပါတော့မလား"

ဟု ဆို၏။

တကယ်တော့ အချစ်ဆိုတဲ့ခံစားမှုကို မေစစ်က သေချာချင်သေးတာမို့ အချိန်ယူရတာပင်။ မေစစ်အရွယ်ဟာ ဂရုစိုက်ခံချင်မှုကို အချစ်ဟုထင်မှတ်မှားနိုင်သောအရွယ်လည်း မဟုတ်တော့။ ဂုဏ်သရေရှိ မိန်းမတစ်ယောက်အဖြစ် အများ အလယ်မှာ ရပ်တည်နေရတာမို့ ဘဝမှာ ရွေးချယ်မှု မမှားယွင်းချင်။

မေစစ်က တစ်နှစ်တိတိ သူ့ကို လေ့လာခဲ့ပါသည်။ သူဟာ မေစစ်ချစ်သူအဖြစ် ရွေးချယ်ထိုက်သူ၊ အိမ်ထောင်ဘက် အဖြစ် လက်ခံနိုင်သူအဖြစ် သေချာလာတော့မှ မေစစ် သူ့အချစ် ကို လက်ခံလိုက်သည်။ သူ့ရဲ့အသေးစိတ်ကျကျ ကြင်နာတတ်မှု





ကလေးတွေကလည်း မေစစ်ကို ညှို့ငင်နိုင်ခဲ့ပါသည်။ တဖြည်း ဖြည်း မေစစ် သူ့ကို ချစ်လာခဲ့မိပါသည်။

ချစ်သူဖြစ်စ အဦးအစကာလမှာလည်း သူ့ရဲ့အချစ် ကို မေစစ်ကြည်နူးစွာ ခံစားခဲ့ရပါသည်။

သို့သော်...

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com





❀ ❀ ❀

ယောကျ်ားဆိုတာ မိန်းကလေးတစ်ယောက်ရဲ့ အချစ်ကို မရခင်က ပျာပျာသလဲ ဂရုစိုက်သလောက်၊ အချစ်ကို ရပြီးသွားတဲ့အချိန်မှာ ဂရုစိုက်မှုတွေ လျော့လာတတ်သလားဟု မေစစ်သံသယဖြစ်မိအောင် မောင်က နည်းနည်းပြောင်းလဲလာသည်။ မေစစ်ကလည်း ထိုပြောင်းလဲမှုကိုနည်းနည်းမှ သည်းညည်းမခံနိုင်ချေ။ အရင်ကဆို လာမယ်ပြောသည့်အချိန်ထက် ၁၅ မိနစ်စောပြီး ရောက်လာတတ်သူက နောက်ကျမှရောက်လာလျှင် မေစစ်သူ့ကို စိတ်တိုသည်။ ပြီးတော့ ဆီးကြိုရန်တွေ့မိ၏။

"ဘယ်အချိန်ရှိပြီလဲ၊ နာရီလည်းကြည့်ပါဦး... မောင်၊ မေစစ်စောင့်ရတာမောနေပြီ၊ စောင့်ရတဲ့အလုပ်လောက် စိတ်မရှည်



www.burmeseclassic.com

www.burmeseclassic.com



တာ မရှိတော့ဘူး၊ နည်းနည်းပါးပါး ဝီရိယထားမှပေါ့ မောင်ရဲ့၊ မေစစ်အချစ်ကို ရနေပြီပဲ အရင်လို ဂရုစိုက်စရာ မလိုတော့ပါဘူးဆိုပြီး ပေါ့ပေါ့ဆဆနေနေတာလား”

“မဟုတ်ပါဘူး မေရာ၊ ကိုယ် အစည်းအဝေးလုပ်နေတာ၊ ကိစ္စလေးတွေ မပြတ်သေးလို့ နည်းနည်းကြာသွားတာပါ၊ တောင်းပန်ပါတယ်၊ မေစစ်ကို ကိုယ်ဘယ်တော့မှ ပေါ့ပေါ့ ဆဆ မထားပါဘူး၊ ဒီလိုသံသယတွေ မကြီးစမ်းပါနဲ့”

အင်း...အဲဒါ မေစစ်အားနည်းချက်ပဲ။ မေစစ်က အတွေးများပြီး သံသယကြီးတတ်သည်။ အဲဒါ မေစစ်ရဲ့အတိတ် အတွေ့အကြုံတွေကြောင့်လည်း ဖြစ်လိမ့်မည်။

မေစစ်တို့ ချစ်သူဘဝက မေစစ်ရဲ့အပြစ်တင်တတ်မှု တချို့ကလွဲရင် အားလုံးအဆင်ပြေခဲ့ပါသည်။ သို့သော် ထိုအဆင်ပြေမှုကို အကြောင်းတစ်ခုက ရိုက်ချိုးပစ်လိုက်သည်။

တစ်ညနေတွင် မေစစ်က ကားမောင်းလာကာ ပုဂ္ဂလိကဆေးခန်းတစ်ခုရှေ့က အဖြတ်တွင် မောင့်ကားကို လှမ်းမြင်လိုက်ရလေသည်။ မောင့်ကားက ထိုဆေးခန်းရှေ့မှာ ရပ်ထားသည်။ မေစစ်က ကားကို back ပြန်ဆုတ်၍ ဆေးခန်းရှေ့မှာရပ်ပြီး လှမ်းကြည့်လိုက်တော့ ဆေးခန်းထဲက ထွက်လာပြီး ကားဆီ လျှောက်လာသော မောင့်ကိုလှမ်းမြင်ရသည်။ မောင်က အမျိုးသမီးကြီးတစ်ယောက်ကို တွဲခေါ်လာသည်။





မေစစ်က နှုတ်ဆက်ရန် မောင်တို့ထံလျှောက်သွားလိုက်ပါသည်။ မောင်က မေစစ်ကို အရင်လှမ်းမြင်ကာ မျက်နှာပေါ်မှာ အရောင်တစ်မျိုးလေး ဖြတ်ပြေးသွားသည်။ ပြီးတော့ နှုတ်ဆက်သည်။

“မေစစ်ပါလား၊ ဒီကိုလာတာလား”

“မဟုတ်ဘူး၊ ကိုထိုက်စံတို့ကို လှမ်းတွေ့လိုက်လို့ ဝင်လာတာ”

မေစစ်က မောင်တွဲထားသော အမျိုးသမီးကြီးကို လှမ်းကြည့်လိုက်တော့မှ မောင်က မိတ်ဆက်ပေးသည်။

“ဒါ ကျွန်တော့်အမေ ဒေါ်ခင်ခင်ကြီးပါ၊ ဆီးချိုနည်းနည်းတက်ပြီး သွေးလည်းတိုးလို့ လာပြတာ၊ မေမေ...ဒါ မေစစ်မင်းတဲ့၊ ဖက်ရှင်ဒီဇိုင်နာလေ၊ သားတို့ကုမ္ပဏီက ယူနီဖောင်းတွေကို သူပဲ ချုပ်ပေးတာ”

မောင်ဟာ မေစစ်နဲ့ ချစ်နေတဲ့အဖြစ်ကို ဖုံးကွယ်ထားချင်သေးပုံရကာ ခပ်စိမ်းစိမ်းဆက်ဆံနေတာမို့ မေစစ် စိတ်ထဲမှာ မခံချင်သလိုဖြစ်မိ၏။ သို့သော် မေစစ်က ချိုချိုသာသာပင် ပြန်ပြောပါသည်။

“တွေ့ရတာ ဝမ်းသာပါတယ် အန်တီ”

မေစစ်က လှိုက်လှဲစွာ ပြုံးပြသော်လည်း ထိုအမျိုးသမီးကြီးက မေစစ်ကို အကဲခတ်သလိုကြည့်ပြီး ပြုံးသည်ဆိုရုံသာ ပြုံးတာမို့ မေစစ်ရင်ထဲ မျက်ခနဲဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



မောင့်အမေက မောင့်ဘက်ကိုလှည့်ကြည့်လိုက်ရင်း...

"ကဲ...သွားကြမယ်လေ သား၊ မေမေ နားချင်လာပြီ"

ဟုပြောကာ ကားတံခါးကို လှမ်းဖွင့်လိုက်သည်။ ပြီးတော့မှ အားနာပါးနာဖြင့်...

"သွားဦးမယ်ကွယ်"

ဟု နှုတ်ဆက်သွားပါသည်။

မေစစ်သည် မေစစ်ရှေ့က မောင်းထွက်သွားသော ကားကို လှမ်းကြည့်လိုက်ရင်း ဒေါသဖြင့် တနုံ့နုံ့နာကျန်ခဲ့သည်။ ပြီးတော့ မာနကလေးလည်း ခေါင်းပြူလာသည်။

မေစစ်သည် သွားစရာရှိတာ ဆက်မသွားတော့ဘဲ ကားကို အိမ်သို့ပြန်မောင်းလာကာ မောင့်ဆီ ဖုန်းခေါ်လိုက်သည်။

"မောင်...မေစစ်ပါ"

"သြော်...ခဏလေးနော်၊ ကိုယ်ပြန်ခေါ်လိုက်မယ်"

မောင်က ခပ်မြန်မြန်ပြောပြီး ဖုန်းပိတ်လိုက်သည်။ မေစစ်က နောက်တစ်ကြိမ် ထပ်ခေါ်ကြည့်တော့ မောင် ဖုန်းမကိုင်တော့ချေ။

နာရီဝက်လောက်စောင့်လိုက်ရသည်။ အဲဒီနာရီဝက် အတောအတွင်းမှာ မေစစ်တစ်ယောက်တည်း အိမ်ရှေ့လျှောက်လိုက် အိမ်နောက်လျှောက်လိုက်ဖြင့် စိတ်လှုပ်ရှားဆူဝေနေသည်။





မောင် ဖုန်းပြန်ခေါ်လာချိန်မှာတော့ မေစစ်က ဒေါသဖြင့် ဆတ်ဆတ်ခါနေပြီ။

"ပြော...မေ၊ ခုန ကိုယ့်မေမေနဲ့ စကားပြောနေလို့ ဖုန်းမပြောနိုင်တာ"

"မောင်...ရှင်နဲ့ကျွန်မ ဆွေးနွေးစရာရှိတယ်၊ ခု လာခဲ့ပါ"

"အခုလား၊ ညနေမှဆို ဖြစ်မလား"

"မဖြစ်ဘူး၊ အခုတွေ့ရမှ ဖြစ်မယ်"

"ကောင်းပြီ...ကောင်းပြီ၊ ကိုယ်လာခဲ့ပါ့မယ်၊ ဘယ်ကို လာရမလဲ"

"Coffe Aroma ကို နာရီဝက်အတွင်း ရောက်အောင် လာခဲ့ပါ"

"ကောင်းပြီ...ကောင်းပြီ"

မေစစ်သည် Coffe Aroma သို့ ကားမောင်းထွက်လာကာ မောင့်ကို ကြိုစောင့်နေလိုက်သည်။ မောင်ရောက်လာတော့ မေစစ်က စိတ်လှုပ်ရှားစွာ မေးလိုက်၏။

"မောင်...မေစစ်ကို မောင့်မေမေနဲ့ တွေ့ပေးဖို့ အစီအစဉ်ရှိလား"

"ရှိပါတယ်၊ ခုနတုန်းက ရုတ်တရက်ကြီးဆိုတော့ ဘာမှ မပြောဘဲ နေလိုက်တာပါ၊ မေမေ့ကိုလည်း ဘာမှ ကြိုပြော မထားရသေးလို့ပါ၊ ပြီးတော့ မေမေက နေလည်း မကောင်းဘူးလေ"



www.burmeseclassic.com

www.burmeseclassic.com



သူက ပြေရာပြေကြောင်းပြောတော့မှ မေစစ်စိတ်တွေ နည်းနည်းငြိမ်သက်လာသည်။ မေစစ်ခန္ဓာကိုယ်မှာတော့ ချွေးစေးတွေ စိမ့်ထွက်လာသည်။ မေစစ်ဟာ မောင်အတည်မကြံချင်သော မိန်းမမျိုးမှမဟုတ်တာ။ မောင် အသိအမှတ်မပြုသော မိန်းမတစ်ယောက်မှ မဟုတ်တာ။ မေစစ်လို မိန်းမတစ်ယောက်ကို ဘယ်သူက နှိမ့်ချစော်ကားရဲမလဲ။

မေစစ်သည် ထိုနေ့မှစကာ မောင့်အမေနှင့်တွေ့ရမည့်ရက်ကို ရင်ခုန်စွာ စောင့်စားနေခဲ့မိပါသည်။

♥ ♥ ♥





❦ ❦ ❦

မျှော်ရသည်မှာ မောပြီဖြစ်သော်လည်း မောင်က သူ့အမေနှင့်တွေ့ဖို့ စကားတစ်ခွန်းမှ ဟမလာချေ။ မေစစ်က ထိုအကြောင်း တစ်ခွန်းမှမဟဘဲ မောင့်အပြောကိုသာ စောင့်ခဲ့တာ သုံးလကြာသွားသည်။ ဒီအတောအတွင်း မောင်က မေစစ်ဆီလာတိုင်း မျက်နှာသိပ်မကောင်းချေ။ အလာလည်း ကျဲသွားသည်။

သုံးလတင်းတင်း ပြည့်ချိန်မှာတော့ မေစစ်က မောင့်ကို စတင်မေးမြန်းလိုက်ပါသည်။

"မောင်...မောင့်အမေက မေစစ်နဲ့ တွေ့မယ်ကဲ့လား"

မောင်က မဖြေချေ။ မောင်မဖြေတော့ မေစစ် ပိုစိတ်လှုပ်ရှားလာသည်။

"ပြောပါဦး မောင်"



www.burmeseclassic.com

www.burmeseclassic.com



"ဟို...မေမေက သိပ်နေမကောင်းသေးလို့ပါ"

"ဆီးချိုတို့ သွေးတိုးတို့ဆိုတာ ပျောက်တဲ့ရောဂါမှ မဟုတ်ဘဲ မောင်၊ အဲဒီရောဂါတွေပျောက်မှ တွေ့ခွင့်ရမှာလား၊ မေစစ်ကို အမှန်အတိုင်း ပြောစမ်းပါ မောင်ရဲ့၊ မောင်ကိုယ်တိုင်က မေစစ်ကို အတည်ကြံဖို့ မရည်ရွယ်တာလား၊ ဒါမှမဟုတ် မောင့်အမေက မေစစ်ကို မကြည်ဖြူနိုင်တာလား"

မောင်က ငြိမ်နေပြန်သည်။

"ဖြေလေ...မောင်"

မောင်က သက်ပြင်းချကာ...

"အမှန်အတိုင်း ပြောရရင် မေမေ့ဆန္ဒက ရှိပြီးသားမို့လို့ပါ မေစစ်ရယ်"

"ဘယ်လို..."

"မေမေက သူ့မိတ်ဆွေရဲ့ သမီးနဲ့ သဘောတူထားတယ်၊ လူကြီးချင်းလည်း ပြောထားဆိုထားတယ်တဲ့"

"ဒါဆို မေစစ်နဲ့သဘောမတူနိုင်ဘူးပေါ့"

မောင်က ငြိမ်နေတော့ မေစစ်ဒေါသက ပိုပေါက်ကွဲလာသည်။

"မောင့်အမေက သဘောမတူရအောင် မေစစ်က ဘာဖြစ်နေလို့လဲဟင်၊ မေစစ်က ဘာနိမ့်ကျနေသလဲ၊ ဟိုအမျိုးသမီးကရော ဘာမို့လို့လဲ၊ မေစစ်ထက် ဘယ်လောက်မြင့်မားနေလို့လဲ"





"ဒီလိုမဟုတ်သေးဘူး မေ...၊ ဒါက နိမ့်တာမြင့်တာနဲ့ မဆိုင်ဘူး၊ မေမေ့စိတ်နဲ့ပဲဆိုင်တယ်၊ မေစစ် စိတ်အေးအေးထားပါ၊ မေစစ်ကို မေမေလက်ခံလာအောင် ကိုယ်ကြိုးစားကြည့်ပါ့မယ်"

"မောင့်အမေက လက်မခံဘူးဆိုရင်ကော"

မောင် ငြိမ်နေပြန်သည်။ မေစစ်က နာကျင်ကြေကွဲလာကာ...

"မောင့်အမေက သဘောမတူရင် မောင် မေစစ်ကို လက်မထပ်ရဲဘူး မဟုတ်လား၊ မေစစ်မှာ ဘာအပြစ်ရှိလို့လဲ၊ မေစစ်ကို မောင်နဲ့ ဘာဖြစ်လို့ သဘောမတူလဲဆိုတာ မေစစ် အခုသွားမေးမယ်"

မေစစ်က ဗြုန်းခနဲ ထရပ်လိုက်တော့ မောင်က မေစစ်လက်ကို ခပ်တင်းတင်း ဆွဲလိုက်ရင်း...

"မင်းမှာ စာနာစိတ်မရှိဘူးလား မေစစ်"

မောင့်စကားက မေစစ်ကို ခဏသေသွားစေသည်။ မေစစ်က ကြက်သေသေကာ ရပ်နေရင်း မောင့်ကို လှမ်းကြည့်မိတော့ မောင်က မေစစ်ကို ခပ်တည်တည် စိုက်ကြည့်ရင်း...

"မင်းမှာ သံသယတွေပဲများနေတယ်၊ အပြစ်မြင်စိတ်တွေပဲရှိတယ်၊ မင်းမှာ အတ္တတွေလည်း များတယ်၊ မင်း မချစ်တတ်သေးပါဘူး မေစစ်ရယ်၊ ရောဂါသည် အမေကြီးကို ငါက ဘယ်လိုနည်းတွေနဲ့ ပြင်းပြင်းထန်ထန် ဆန့်ကျင်



www.burmeseclassic.com

www.burmeseclassic.com



ရမှာလဲ၊ မင်းဖြစ်ချင်တာတစ်ခုပဲ မသိနဲ့၊ မိသားစုဝင် အချင်းချင်း စာနာထောက်ထားငဲ့ညှာမှုဆိုတာကို မင်း နားမလည်ဘူးလား"

"နားမလည်ဘူး၊ မေစစ် နားမလည်ဘူး"

မေစစ် အမှန်တကယ်မသိခဲ့တာပါ။ နားမလည်ခဲ့တာပါ။ မေစစ်တို့မိသားစုမှာ ဘယ်သူက ဘယ်သူ့အပေါ် ငဲ့ညှာခဲ့ကြလို့လဲ။ ငဲ့ညှာမှုဆိုတာ မေစစ်နဲ့ မရင်းနှီးပါ။

"မင်း တော်တော်ရိုင်းတာပဲ မေစစ်"

"ဟုတ်တယ်...မေစစ်က ရိုင်းတယ်၊ မေစစ်တို့မိသားစုမှာ ဒါမျိုးမရှိလို့ အဲဒါကို မေစစ် မသိဘူး၊ မေစစ်ချစ်တာကရော မှားနေတာလား၊ မေစစ်မသိဘူး၊ အချစ်ဆိုတာ ဘာလဲ မေစစ်မသိဘူး၊ ဟုတ်တယ်...မေစစ်က မချစ်တတ်သေးဘူး၊ ယောကျ်ားတစ်ယောက်ကို ဘယ်လိုချစ်ရမလဲ၊ မေစစ် နားမလည်ဘူး"

မေစစ်က နာကျင်စွာ ရေရွတ်နေသည်။

အဲဒီနေ့ကစပြီး မောင်က မေစစ်ကို ကျောခိုင်းသွားသည်။ မေစစ်ကို ဘယ်သူမှ နားမလည်နိုင်တာ သေချာသွားသည်။

အဲဒါ မေစစ်ခံစားခဲ့ဖူးသော ဒုတိယမြောက် 'အချစ်' ဖြစ်သည်။

♥ ♥ ♥





❦ ❦ ❦

BURMESE CLASSIC .com

အဲဒီနောက်တော့ မေစစ် စိတ်နှလုံးသားတွေ နာကျင်ပင်ပန်းလာသည်။ 'ပစ်ပယ်ခံရခြင်း' ဆိုသည့် ခံစားချက်က ပြင်းထန်စွာနေရာယူလာပြီး မေစစ်ကို တုန်လှုပ်စေသည်။ မခံချင်စိတ်နှင့် မာနက မေစစ်ကို နှိုးဆွပြန်သောအခါ မေစစ်သည် မေစစ်ဘဝကို တစ်စုံတစ်ရာ ပြောင်းလဲဖို့ကြိုးစားတော့သည်။

နောက် ၆ လခန့်အကြာမှာတော့ ပြင်သစ်နိုင်ငံမှာ ဖက်ရှင်ဒီဇိုင်းပညာကိုသင်ယူဖို့ မေစစ် မြန်မာနိုင်ငံမှထွက်ခွာသွားခဲ့ပါသည်။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



❖ ❖ ❖

"အဲဒါပါပဲဆရာ...၊ ကျွန်မ ကြုံခဲ့ရတဲ့ အချစ်ဆိုတာ အဲဒါပါပဲ"

သူမရဲ့နိဂုံးချုပ်စကားသံအဆုံးမှာ အခန်းက တိတ်ဆိတ်သွားသည်။ တစ်ဆက်တည်း သက်ပြင်းချသံသဲ့သဲ့ကို ကြားရပြန်သည်။ ဦးလင်းမောင်သည် သူမ ဘာဆက်ပြောဦးမလဲ စောင့်နေသေးသော်လည်း သူမက နှုတ်ဆိတ်ငြိမ်သက်နေခဲ့ပြီ။

သို့သော် သူမ ရင်ထဲမှာ အများကြီးကျန်နေသေးတယ် ဆိုတာကို သူသိသည်။ သူအတွေ့အကြုံအရ သိပါသည်။ သူမထံမှာ ပေါ်ပါးသွားသည့် လက္ခဏာမတွေ့ရ။ သူမ ဆက်လက်မွန်းကျပ်နေသည်။ ပြီးတော့ ထိန်ချန်ထားသည်။ ဒါကို သူမရဲ့မျက်လုံးတွေက ဖော်ပြနေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါပဲလား...မေစစ်မင်း၊ ဆရာ့ကို ဘာများပြောချင်တာ ကျန်သေးလဲ၊ မေစစ်မင်းရဲ့ ခံစားချက်တွေကို အကုန်အစင် သိရမှ ဆရာ့ဘက်က မေစစ်မင်းကို ကူညီလို့ရမှာပေါ့"

သူမက ခဏတွေဝေသွားပြီးမှ သူ့ကို မျက်လုံးချင်း ဆုံမကြည့်တော့ဘဲ...

"အဲဒါပါပဲ ဆရာ"

ဟု ခပ်ပြတ်ပြတ်ဖြေသည်။ ပြီးတော့ ကိုးတိန်ရွှာ ဆက်ပြောသည်။

"ကျွန်မ အခု ဒီပရက်ရှင်ရနေတယ်၊ အလုပ်လုပ်လို့ မရဘူး၊ အရာအားလုံး hopeless ဖြစ်နေတယ်ဆရာ"

"အိုကေ...ဒါကို မေစစ်မင်း သိနေတယ်၊ ကိုယ့်ကိုယ်ကိုယ် နားလည်တယ် မဟုတ်လား"

"ဟုတ်ပါတယ်...နားလည်ပါတယ်ဆရာ"

"ဆရာတော့ အဲဒီလိုမထင်ဘူး"

"ရှင်..."

"ဆရာ့အထင်တော့ ဒီထက်ပိုပြီး မေစစ်မင်းဘက်က ကိုယ့်ကိုယ်ကို သိနားလည်ဖို့ လိုလိမ့်ဦးမယ်၊ ဆရာက မေစစ်မင်း ရောဂါပျောက်ဖို့ ဘာလုပ်ပါ...ဘာလုပ်ပါလို့ ပြောမှာ မဟုတ်ဘူး၊ ဆေးလည်း မပေးဘူး၊ မေစစ်မင်းအနေနဲ့ ကိုယ့်ခံစားချက်ကိုကိုယ် အလုံးစုံနားလည်ပြီး ကိုယ်တိုင်





ဘာလုပ်သင့်တယ်ဆိုတာ အဖြေရှာတွေ့သွားအောင် စကား ပြောပေးရုံပဲ"

"ခုတော့ ကျွန်မကိုယ်ကျွန်မ ပျောက်ဆုံးနေသလိုပဲဆရာ"

"အဲဒါ အရေးကြီးဆုံးပဲလေ၊ ကိုယ့်ကိုယ်ကို ပြန်ရှာတွေ့ဖို့ပဲ အရေးကြီးတယ်၊ အဲဒါကို ဘယ်သူမှ လုပ်ပေးလို့ မရဘူး၊ မေစစ်မင်းကိုယ်တိုင်ပဲ လုပ်ရလိမ့်မယ်"

သူမက တိတ်ဆိတ်သွားပြန်သည်။ သူက သူမထံမှ အလုံးစုံဖွင့်ဟမှုကို မျှော်လင့်နေမိပါသည်။

"ဆရာထင်တယ်လေ...မေစစ်မင်းရဲ့ ငယ်ဘဝ အတွေ့အကြုံတွေ၊ မိဘနဲ့ပတ်သက်ခဲ့တဲ့ စိတ်ခံစားမှုတွေ၊ စိတ်မလုံခြုံမှုတွေ၊ အချစ်ရေးအဆင်မပြေမှုတွေဟာ စိတ်ကျဖို့ အခြေခံကျတဲ့ အချက်အလက်တွေတော့ ဖြစ်နိုင်တယ်၊ ဒါပေမယ့် အဓိကကျတဲ့အချက်အလက်တစ်ခုခုတော့ ရှိရဦးမယ် မဟုတ်လား"

"မရှိပါဘူးဆရာ၊ ကျွန်မက ဂုဏ်သိက္ခာရှိတဲ့ မိန်းမတစ်ယောက်ပါ၊ ကျွန်မသိက္ခာကို ထိခိုက်စေမယ့် အလုပ်မျိုးကို ဘယ်တုန်းကမှ မလုပ်ခဲ့ဖူးပါဘူး"

သူမစကားတွေက ပုံမှန်တော့ မဟုတ်ပါ။ ဒါဟာ သူမကိုယ်သူက ကာကွယ်နေတာပဲပေါ့။

အမှောင်သည် တိတိကျကျ ကျရောက်လာခဲ့ပြီ။



www.burmeseclassic.com

www.burmeseclassic.com



သူလည်း ဒီ counselling ကို နိဂုံးချုပ်ဖို့သင့်ပြီ။ သို့သော် သူမထံမှ အမှန်တရားကို သူမရရှိသေးပါ။ သူမရဲ့ စကားလုံးများ နောက်ကွယ်မှာ ကြီးမားနက်ရှိုင်းသော မြုပ်ကွယ်မှုတစ်ခုရှိနေသေးသည်ဟု သူထင်သည်။

သူမကရော ဘာလို့ ထ,မပြန်သေးတာပါလိမ့်။ သူမက သူ့ရှေ့မှာ တွေဝေလျက်ပင် ရှိသေးသည်။

ဒီတစ်ခါ သူမ မသိအောင် သက်ပြင်းခိုးချမိသူက ဦးလင်းမောင် ကိုယ်တိုင်ဖြစ်၏။

လောကမှာ မိဘတိုင်းကသာ ဆင်ခြင်တုံတရားရှိခဲ့လျှင် ဒီကမ္ဘာကြီးဟာ ဘယ်လောက်သာယာလိုက်မလဲ...။ စိတ်လုံခြုံမှုရှိသော၊ အကောင်းမြင်စိတ်ဖြင့် ကြည့်တတ်သော၊ ပတ်ဝန်းကျင်နဲ့ ညှိနှိုင်းမှုရှိသော၊ နည်းလမ်းမှန်ကန်စွာ ချစ်တတ်သော လူသားတွေကို မိဘတွေကိုယ်တိုင်ကသာ ဖန်ဆင်းပေးနိုင်မည်ထင်သည်။ ကလေးတစ်ယောက်ဟာ ပတ်ဝန်းကျင် လွှမ်းမိုးမှုကြောင့် ပြောင်းလဲသွားနိုင်သတဲ့။ တကယ်တော့ အဲဒီကလေးတွေနဲ့ အနီးကပ်ဆုံး ပတ်ဝန်းကျင်ဟာ သူ့ရဲ့မိဘနှစ်ပါးသာဖြစ်ပါသည်။ မိဘတွေက ကလေးတွေကို ချစ်တတ်အောင်သင်ပေးနိုင်သည်။ ပြီးတော့ နာကြည်းတတ်အောင်၊ စိတ်ဒဏ်ရာရသွားအောင်၊ စိတ်မလုံခြုံမှုဖြင့် ကြီးပြင်းလာအောင်လည်း လုပ်နိုင်ပြန်သည်။

တကယ်တော့ သူ့ရှေ့သို့ စိတ်ပိုင်းဆိုင်ရာ အလဲလဲ





အပြိုပြိုဖြင့် ရောက်ရှိလာသော၊ အလွန်လှပပြီး အလွန်ထက်မြက်အောင်မြင်သော မိန်းမတစ်ယောက်ရဲ့စိတ်ကို သူ့ရဲ့ မိဘများက ပုံသွင်းထုဆစ်ပေးလိုက်တာဖြစ်သည်။

မိဘဆီက မေတ္တာကိုသာရခဲ့လျှင် သူမဟာ ဘယ်လိုယောကျ်ားမျိုးကိုမှ စိတ်ပိုင်းဆိုင်ရာ လုံခြုံမှုအတွက် လိုအပ်ခဲ့မည်မဟုတ်။ အောင်မြင်သောဘဝမှာ မပျော်ရွှင်မှုများဖြင့် နေထိုင်ရမည်လည်း မဟုတ်ပါ။

"သေချာတာတစ်ခုကတော့ ကျွန်မကြောင့် ဘယ်သူ့ကိုမှ ဒုက္ခမရောက်စေချင်တာပါပဲဆရာ၊ ကျွန်မကိုယ်တိုင်ရဲ့ ဂုဏ်သိက္ခာ၊ ကျွန်မသိပ်ချစ်တဲ့သူရဲ့ ဂုဏ်သိက္ခာ၊ အို...အားလုံးရဲ့ ဂုဏ်သိက္ခာကို ကျွန်မ မထိပါးချင်ပါဘူး"

သူမရဲ့ အဆက်အစပ်မရှိသော စကားတွေက သူမရဲ့ မြုပ်ကွယ်မှု တစ်ခုကို အရိပ်အမြွက်ပြလျက်ရှိသည်။

ဦးလင်းမောင်က သူမစကားတွေကို စာနာအလေးအနက်ထားစွာ နားထောင်နေလိုက်သည်။ သူမအခက်တွေ့အောင် မေးခွန်းတွေလည်း မထုတ်ချင်တော့ပါ။ အလိုလို နားလည်သဘောပေါက်ပြီး သူ့အပေါ် ယုံကြည်စွာဖွင့်ဟပြောလာတာကိုသာ စောင့်တော့မည်။ နောက်တစ်ပတ်ပြန်ချိန်းမည်။ နောက်တစ်ပတ်မှ အဖြေရှာမရသေးလျှင် နောက်တစ်ပတ်...နောက်တစ်ပတ်။ တဖြည်းဖြည်းတော့ အဖြေထုတ်နိုင်လာပါလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲလေ...ဆရာ မေစစ်မင်းရဲ့ ခံစားချက်တွေကို နားလည်ပါတယ်၊ ဆရာတို့ နောက်တစ်ပတ်မှ ပြန်တွေ့ကြသေးတာပေါ့"

"ဟုတ်ကဲ့ပါ ဆရာ"

သူမက ညင်သာစွာခေါင်းညိတ်ပြီး ထရပ်လိုက်သည်။ ထိုခဏမှာ သူမ ကိုင်ထားသော ပိုက်ဆံအိတ်လေးထဲမှ ဓာတ်ပုံလေးတစ်ပုံ ထွက်ကျလာပါသည်။ ဓာတ်ပုံကလေးသည် သူ့ဘက်သို့ လွင့်ဝဲလာကာ သူ့ခြေရင်းမှာ ကျသွားသည်။ သူက အမှတ်တမဲ့ပင် ကောက်ယူလိုက်သည်။ သူမကိုလှမ်းပေးမည့်ဆဲဆဲမှာ ထိုဓာတ်ပုံလေးကို ကြည့်မိသွားပါသည်။

ဓာတ်ပုံက အလွန်ချစ်စရာကောင်းသော ကလေးလေးတစ်ယောက်ပုံဖြစ်ပါသည်။ ဓာတ်ပုံဟုဆိုသော်လည်း မြန်မာနိုင်ငံက ကလေးတစ်ယောက်ကို ရိုက်ယူထားသောပုံမျိုးမဟုတ်ပါ။ နိုင်ငံခြားမှ ချစ်စဖွယ် ကလေးများရဲ့ ရောင်းတန်း အလှပုံမျိုး၊ ဝေါ်ရှိတွေရောင်းသည့် ဆိုင်မျိုးမှာ ရနိုင်သည့်ပုံမျိုးဖြစ်သည်။ ဓာတ်ပုံကလေးရဲ့အောက်မှာ သားလေး 'သတိုးစစ်' ဟု လက်ရေးဖြင့် ရေးထားသည်။

ဦးလင်းမောင်၏အကြည့်သည် ဓာတ်ပုံကလေးဆီမှ သူမထံသို့ တဖြည်းဖြည်းရွေ့သွားသည်။ သူမကလည်း သူ့ကို စိုက်ကြည့်နေခဲ့ပါသည်။ အဲဒီအခိုက်မှာပဲ သူမမျက်နှာက ဖြူဖပ်





ဖြူရော်ဖြစ်သွားပြီး မျက်ဝန်းထဲမှာ မျက်ရည်တွေ အိခနဲဝိုင်းလာသည်။

သူမသည် အိပ်နေရာမှ ယောင်ယမ်းထလာကာ မသိစိတ်ဖြင့် လမ်းလျှောက်နေသူ၏ ခြေလှမ်းမျိုးဖြင့် သူ့ထံပြန်လှည့်လာကာ သူ့ရှေ့မှာ ခေါင်းငုံ့ရပ်သည်။ မျက်လွှာချလိုက်စဉ်မှာ မျက်ရည်တချို့က သူမပါးပြင်ပေါ်သို့လိမ့်ဆင်းသွားသည်။ ပြီးတော့ သူမက ရှိုက်သံတစ်ဝက်တစ်ပျက်ဖြင့် ပြောသည်။

"အဲဒါ...အဲဒါ ကျွန်မ မရနိုင်တဲ့၊ မရသင့်တဲ့ ဘဝတစ်ခုပါ ဆရာ"

အခန်းသည် ရုတ်တရက် ပြန်လည်အသက်ဝင်လာခဲ့လေသည်။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com





ခုချိန်မှာ ကျွန်မဟာ အောင်မြင်တဲ့ မိန်းမ တစ်ယောက် ဖြစ်ပြီ။ ပြည့်စုံတဲ့ မိန်းမတစ်ယောက် ဖြစ်ပြီ။

ခုချိန်မှာ ကျွန်မကို ဘဝမှာ ဘာကိုအလိုချင်ဆုံး လဲလို့ တစ်စုံတစ်ယောက်က မေးလာခဲ့ရင်...

'မိသားစု' လို့ မဆိုင်းမတွ ဖြေမိမှာပဲ။ အဲဒီမိသားစုကလေးထဲမှာ ပျော်ရွှင်မှုတွေရှိရမယ်၊ နားလည်မှုတွေရှိရမယ်၊ မေတ္တာတရားနဲ့လည်း ထုံမွှမ်းမွေးပျံ့နေရမယ်။

ကျွန်မ ချစ်ခြင်းမေတ္တာကိုပဲ ငတ်တယ်။

**(မေစမ်းမင်း)**



www.burmeseclassic.com

www.burmeseclassic.com





❦ ❦ ❦

ပြင်သစ်နိုင်ငံမှ ပြန်ရောက်လာခဲ့ပြီးနောက်တွင် ဖက်ရှင်ဒီဇိုင်းပညာရှင် မေစစ်မင်း၏နာမည်သည် တစ်ဟုန်ထိုး ကျော်ကြားလာခဲ့လေသည်။ မင်္ဂလာပွဲများအတွက် သူမ တာဝန်ယူ၍ ဒီဇိုင်းထွင်ရသည်။ ချုပ်ရသည်။ နာမည်ကြီးပုဂ္ဂိုလ်များ၏ ပွဲတက်ဝတ်စုံ အတော်များများသည်လည်း သူမလက်ရာနှင့် မကင်းချေ။ ပြီးတော့ သူမက ဖက်ရှင်ဒီဇိုင်းသင်တန်းကျောင်းတစ်ခု ကိုလည်း အောင်မြင်စွာထူထောင်နိုင်ခဲ့သည်။ ထိုဒီဇိုင်းကျောင်း၏ အမည်ဖြင့်ပင် ကျား မ ဝတ် ရယ်ဒီမိတ်အင်္ကျီများကိုချုပ်ကာ Shopping Mall တွေ၊ Super market တွေမှာ တင်ထားနိုင်သည်။ မကြာခင် ထိုရယ်ဒီမိတ် အင်္ကျီများသည်လည်း ရောင်းရတွင်ကျယ် လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ခုချိန်တွင် သူမဘဝမှာ ဘာလိုတော့သနည်း...။ သူမက ခုချိန်ထိ သူမကိုယ်တိုင် ဘာရယ်လို့ မဝေခွဲနိုင်သေးသော 'အချစ်' ဆိုတာကို မေ့ပစ်ထားသည်။ သူမနံဘေးမှာ ဆွတ်ချင်သူတွေ ဝိုင်းဝိုင်းလည်နေသော်လည်း သူမက မမြင်ချင်ယောင်ဆောင်သည်။ သူမက အချစ်ကိုကြောက်သည်။ ယောကျာ်းတွေကိုကြောက်သည်။

သို့သော် သူမက မိသားစုဘဝကိုတော့ အလွန်အမင်း လိုချင်ပြင်းပြလေသည်။

သူမဘဝသည် အလုပ်လုပ်နေချိန်တွင်သာ အဓိပ္ပာယ်ရှိခဲ့ပြီး အလုပ်ကနားလိုက်တာနဲ့ အဓိပ္ပာယ်မဲ့စွာ အထီးကျန် ခြောက်သွေ့သွားသည်။ ခမ်းနားသော ပရိဘောဂများဖြင့် ပြည့်စုံစွာရှိနေသော ကျယ်ဝန်းသည့်အိမ်ထဲတွင် သူမနှင့် တပည့်မကလေး စန္ဒီရယ်၊ အိမ်ဖော်တစ်ယောက်ရယ်သာ ရှိသည်။ စန္ဒီက အလုပ်အားချိန်များမှာ သူ့ချစ်သူနှင့်အတူ အပြင်ထွက်နေတတ်ပြီး အိမ်ဖော်ကောင်မလေးက အလုပ်ပြီးလျှင် ငိုက်မြည်းနေတတ်ရာ မေစစ်မင်းတစ်ယောက်တည်းသာ အိမ်ထဲမှာ အထီးတည်း ရှိနေသည်။ ထိုအခါမျိုးမှာ အထီးကျန်ခြင်း၊ ဝမ်းနည်း ကြေကွဲခြင်း၊ စိတ်မလုံခြုံခြင်းများက သူမရင်ထဲသို့ ဝင်ရောက် လာတတ်မြဲဖြစ်သည်။ ထိုအခါမျိုးမှာ သူမစိတ်ထဲမှာ ကယောင်ချောက်ချား ဖြစ်ချင်လာသည်။ အဲဒါကြောင့် သူမ အလုပ်နှင့်လက် မပြတ်ဘဲ နေချင်တာပေါ့။ အလုပ်ကသာ သူမဘဝကို ဆောက်တည်ရာ ရစေသည်။





အားလပ်သော ညနေခင်း တချို့တွင် သူမက တစ်ယောက်တည်း ရွှေတိဂုံဘုရားရင်ပြင်တော်ပေါ်သို့ တက်သွားလေ့ ရှိပါသည်။ ရင်ပြင်တော်ကို သူမတစ်ယောက်တည်း ပတ်၍ လမ်းလျှောက်သည်။ ဘုရားကန်တော့သည်။ ပြီးလျှင်တော့ လှူရှင်းသော တစ်နေရာမှာ ငြိမ်သက်စွာထိုင်ရင်း ဘုရားပေါ်တက်လာသည့် မိသားစုတွေကို ငေးကြည့်သည်။ မိသားစု...မိသားစု။ ဒါကို သူမ သိပ်လိုချင်သည်။ ကြည့်စမ်းပါဦး...နွမ်းပါးသည့် မိသားစုလေးတွေလည်း သူတို့ဘဝနဲ့သူတို့ ပျော်ရွှင်နေကြသည်။ အဖေ အမေလက်ကို တစ်ဖက်စီ တွဲလာသော ကလေးတွေကို လိုက်ကြည့်ရင်း သူမ မျက်ရည်ဝဲချင်ဝဲမည်။

အများတကာကတော့ သူမဘဝကို အားကျချင်ကျမည်။ သူမကတော့ သာမန် သူလိုငါလို မိသားစုကလေးတွေကို အားကျနေခဲ့သည်ဆိုတာ ဘယ်သူယုံနိုင်ပါ့မလဲ။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com





❦ ❦ ❦

ခေါင်းစည်းကြိုးကွင်းကလေးကို အသာအယာ ဖြေလျော့လိုက်သောအခါ စုစည်းထားသော ဆံပင်ရှည်များက မေစစ်မင်းရဲ့ ကျောပြင်ပေါ်သို့ ဝဲဖြာကျလာလေသည်။ စန္ဒီက ဘီးတစ်ချောင်းကို လှမ်းယူကာ သူမဆံပင်တွေကို ဖြီးပေးရင်း…

“မမ ဆံပင်တွေက အရမ်းလှတာပဲနော်၊ ဘာမှ မပြုမပြင်ရဘဲ ဖြောင့်စင်းအိတွဲနေတာပဲ၊ ခုခေတ်ဖြောင့်ထားတဲ့ ဆံပင်တွေထက် လှတယ်၊ စန္ဒီတောင်မှ မမဆံပင်တွေကို သဘောကျလို့ မမလိုဖြစ်မလားလို့ ဆံပင်သွားဖြောင့်လိုက်တာ ပါးပါးကပ်ကပ်နဲ့ ဘယ်လိုမှန်းမသိဘူး၊ မမ ဆံပင်က ထူလည်းထူ၊ နက်လည်းနက်၊ အရမ်းလှတာပဲ၊ အင်းလေ…



www.burmeseclassic.com

www.burmeseclassic.com



ဆံပင်မှမဟုတ်ပါဘူး၊ မမက လူလည်း လှတာပဲ၊ ဒါနဲ့ များတောင်…”

စန္ဒီက အခွင့်သာရင် သာသလို မေစစ်အလှကို ချီးမွမ်းစကား တသသဆိုတတ်မြဲမို့ မေစစ်က ပြုံးရသည်။ စန္ဒီဟာ အချိန်ကလေး အားတာနှင့် ခတ်ပြားဟောင်းတွေ ပြန်ဖွင့်တတ်သည်။

“ဒါနဲ့များတောင် ခုထိ အိမ်ထောင်မပြုသေးတာ အံ့ပါရဲ့၊ တစ်သက်လုံး အပျိုကြီးလုပ်သွားရင် မမအလှတွေ နှမြောစရာ”

“သြော်…စန္ဒီရယ်၊ အလှက သူ့ဘာသာနေတာ ဘာလို့ နှမြောရမှာလဲ”

“အဲဒီအလှကို ဘယ်သူမှ ငေးမောခံစားခွင့်…မြတ်နိုးခွင့် မရရင် အလဟဿ ဖြစ်ကုန်မှာပေါ့”

မေစစ်က မှန်ထဲမှ တစ်ဆင့် မြင်ရသော စန္ဒီ့ကို ကြည့်ရင်း ပြုံးမိ၏။

“မမ…ဒီလိုပဲနေရတာ ပျော်သလားဟင်”

စန္ဒီကမေးတော့ မေစစ်က စန္ဒီ့ဘက်သို့ အသာအယာ လှည့်ကြည့်လိုက်မိရင်း…

“စန္ဒီက ဘယ်လိုထင်လို့လဲ”

“မမက မာနကြီးတယ်လို့ ထင်တာပေါ့၊ မမက နာမည်





လည်း ကြီးတယ်၊ ပိုက်ဆံလည်း ရှိတယ်၊ အောင်လည်း အောင်မြင်တယ်၊ လှလည်း လှတယ်၊ မမ ဘဝမှာ ဘာဆို ဘာမှ မလိုအပ်အောင် ပြည့်စုံတယ်၊ ကိုယ့်ခြေထောက်ပေါ် ကိုယ် ရပ်နိုင်တယ်၊ အဲဒါကြောင့် ဘယ်ယောကျ်ားကိုမှ အထင်မကြီးနိုင်ဘဲ ခုလိုမျိုး တစ်ယောက်တည်း နေနေတာ ပေါ့”

“သြော်…စန္ဒီက အဲဒီလို ထင်နေတာကိုး”

“မဟုတ်ဘူးလားဟင်…”

စန္ဒီက မျက်ရည်ဝဲလာသော မေစစ်မျက်လုံးတွေကို တအံ့တသြကြည့်ရင်း မေး၏။ မေစစ်က အသာအယာခေါင်းခါ ပြလိုက်ရင်း…

“မဟုတ်ဘူး စန္ဒီ၊ တကယ်တော့ ခုချိန်မှာ မမဘဝမှာ ဘာကို အလိုချင်ဆုံးလဲလို့မေးရင် မိသားစုဘဝလို့ပဲ ဖြေမိမှာပဲ၊ မမလေ…ယောကျ်ားတစ်ယောက်ကို စစ်မှန် လေးနက်ပြီး အတ္တကင်းတဲ့အချစ်မျိုးနဲ့ ချစ်ချင်တယ်၊ မမကို လည်း ယောကျ်ားတစ်ယောက်က မမစိတ် မမဘဝကို အလုံးစုံ နားလည်ပေးပြီး ချစ်မြတ်နိုးတာ၊ စောင့်ရှောက် တာကိုလည်း ခံယူချင်တယ်၊ မမ ချစ်တဲ့သူရဲ့သွေး၊ မမရဲ့ ရင်သွေးကလေးတွေကို မွေးပြီး တစ်ချိန်က မမ မရခဲ့တဲ့ ချစ်ခြင်းမေတ္တာ တွေကိုပေးပြီး သူတို့ဘဝကို လုံခြုံအေး



www.burmeseclassic.com

www.burmeseclassic.com



ထွေးအောင် စောင့်ရှောက်ပေးချင်တယ်၊ အဲဒါ မမဘဝရဲ့ ပန်းတိုင်ပဲ"

စန္ဒီသည် အံ့သြခြင်းကြီးစွာဖြင့် မေစစ်ကို ငေးမော နေပါသည်။ ထာဝစဉ် မာနဖြင့် ဝင့်ထည်နေသော သူမရဲ့မမသည် ခုလိုစကားမျိုးတွေ ပြောနေချိန်မှာ မိန်းမပီသစွာ သိမ်မွေ့နူးညံ့ နေသည်ဟု ထင်ရသည်။ စန္ဒီ့မျက်စိရှေ့မှာ အမြဲမြင်နေခဲ့ရသော မမကတော့ အလုပ်နှင့်လက် မပြတ်သူ၊ အရာရာကို ဦးစီးဦးဆောင် ညွှန်ကြားနိုင်သူ၊ ဘယ်ယောကျ်ားရဲ့ အကူအညီမှမယူဘဲ မာနဖြင့် ဝင့်ကြွားတောက်ပနိုင်သူဖြစ်သည်။ ခုတော့ မထင်မှတ်ဘဲ မမရဲ့ နူးညံ့သော စိတ်နှလုံးကို မြင်ရသည်။

"မမ...မချစ်ဖူးဘူးလားဟင်"

စန္ဒီက မဝံ့မရဲမေးတော့ မေစစ်က နာကျင်စွာ ပြုံးလိုက်ရင်း...

"ချစ်တယ်လို့ ထင်ခဲ့မိဖူးတယ်၊ အချစ်ခံရတယ်လို့လည်း ထင်ခဲ့မိဖူးတယ်၊ တကယ်တော့ အချစ်ဆိုတာကို မှားယွင်းစွာ ဖွင့်ဆိုမိတာပါပဲ၊ မမက မမအဖေဆီက မရနိုင်ခဲ့တဲ့ မေတ္တာမျိုးကို သူတို့ဆီက မျှော်လင့်မိတယ်၊ ယောကျ်ားတစ်ယောက်ယောက်က မမကို ဂရုစိုက်တာ၊ စောင့်ရှောက်တာခံရရင် စိတ်လုံခြုံမှုရတယ်လို့ ထင်တယ်၊ မမဘက်က ဘာမှပေးဆပ်ခြင်း၊ နားလည်ခြင်းမရှိဘဲ ကိုယ့်စိတ်ချမ်းသာ





မှုတစ်ခုအတွက် သူတို့ကို လိုအပ်ခဲ့တာ၊ သူတို့ကတော့ မမရဲ့အလှအပေါ် ခဏတာစ်ဖြုတ်သာယာယစ်မူးခဲ့တာပဲ ထင်ပါရဲ့၊ တကယ်တမ်း နားလည်သည်းခံပေးဖို့တော့ သူတို့ မကြိုးစားခဲ့ကြဘူးလေ"

မမထံမှ ယခုလောက် ပွင့်လင်းသည့်စကားမျိုး ကြားရလိမ့်မည်ဟု စန္ဒီ မမျှော်လင့်ခဲ့ဖူးပါ။ ခုတော့ စန္ဒီသည် မမကို နားလည်စပြုခဲ့ပြီ။

"မမလေ...အခု...ချစ်နိုင်ချင်တယ်၊ တကယ့်ကို စစ်မှန်လေးနက်တဲ့အချစ်မျိုးနဲ့ ချစ်ဖူးချင်တယ်၊ ဒါပေမယ့် မမမှာ ချစ်တတ်တဲ့ စိတ်နှလုံးမျိုးမှ ရှိသေးရဲ့လား မသိပါဘူး စန္ဒီရယ်၊ မမနှလုံးသားက အရမ်းကို ထုံနေပြီ၊ နာကျင်မှုတွေနဲ့ ထုံထိုင်းလေးလံနေပြီ"

မေစစ်မင်းက တိုးတိုးလေး ညည်းတွားပြောဆိုနေခဲ့ပါသည်။

ထိုနေ့လွန်မြောက်ပြီးနောက် လအနည်းငယ်အကြာမှာတော့ သူမဘဝမှာ နတ်သမီးအိပ်မက်တစ်ခုကို မက်ခဲ့လေသည်။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com



## သူမနှင့် အချစ်

www.burmeseclassic.com

www.burmeseclassic.com



❀ ❀ ❀

ထိုနေ့က မေစစ်မင်းရဲ့ မွေးနေ့ဖြစ်ပြီး စက်တင်ဘာမိုးရေစက်တွေကလည်း သဲသဲမဲမဲ ရွာချနေခဲ့လေသည်။ မိုးကြောင့်ပင် ကမ္ဘာလောကတစ်ခုလုံး စိမ်းလန်းနေသည်ဟု ထင်ရသည်။ မိုးက လန်းဆန်းသော ခံစားမှုကို ပေးနိုင်သလို... လွမ်းဖွယ်ညို့မှောင်သော ခံစားချက်ကိုလည်း ပေးနိုင်သည်။ မိုးထဲတွင်လျှို့ဝှက်ထားသော အရာများစွာရှိသည်ဟု မေစစ် ထင်၏။

မွေးနေ့တိုင်းတွင် မေစစ်က မိဘမဲ့ဂေဟာတစ်ခုခုမှာဒါနပြုမြဲမို့ ထိုနေ့မနက်မှာလည်း မိဘမဲ့ဂေဟာတစ်ခုခုသို့ ထွက်လာခဲ့ကြပါသည်။

ကားနောက်ခန်းထဲမှာတော့ ကလေးတွေကို ဝေပေးဖို့ အဝတ်အစားများ၊ မုန့်များအပြည့် ပါလာခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



မိဘမဲ့ဂေဟာခြံဝန်းဝသို့ ခြေချလိုက်တိုင်း မေစစ်ရင်ထဲမှာ ဘာရယ်မသိသော စိတ်ခံစားမှုတစ်မျိုးဖြင့် နာကျင်လာရမြဲဖြစ်သည်။ ကလေးတွေကို မေစစ်ချစ်သည်။ သူတို့ရဲ့ဘဝမှာ ကောင်းသောမိဘတွေနှင့်သာ ကြုံစေချင်သည်။ စိတ်ဒဏ်ရာ မပေးမယ့် မိဘမျိုးတွေပေါ့။

မေစစ် ခြံဝန်းဝရောက်တော့ ဆရာမတစ်ယောက်က မေစစ်ကို ဆီးကြိုသည်။

"ဩော်...ညီမလေးတောင် ရောက်လာပြီ၊ တစ်ယောက်တည်းလား၊ စန္ဒီကော မပါဘူးလား"

"မပါဘူး ဆရာမ၊ အလုပ်ကိစ္စအရေးကြီးတာလေးတွေ ရှိလို့ သူနဲ့လွဲခဲ့ရတယ်၊ ကလေးတွေရော ထမင်းစားပြီးကြပြီလား"

"စားပြီးပြီ၊ ဒီနေ့ ညီမ ဒါနပြုထားတာက အလှူ့ပယ် ဆိုတော့ သူတို့တွေ အရမ်းစားကြတာပဲ"

"ကားထဲမှာ သူတို့ဖို့ မုန့်တွေရော...ကစားစရာရော၊ အဝတ်အစားတွေရော ပါလာတယ်"

"ထားလိုက်လေ ညီမ၊ တစ်ယောက်ယောက်ကို သယ်ခိုင်းလိုက်ပါ့မယ်၊ ညီမလာတာသိရင် ကလေးတွေ အရမ်းပျော်ကြမှာပဲ"

ဆရာမက အဆောက်အအုံထဲဝင်သွားတော့ မေစစ် နောက်က လိုက်ဝင်လာခဲ့ပါသည်။





"ခဏာထိုင်ဦးနော်၊ ကလေးတချို့ နေမကောင်းလို့ ဆရာဝန်လေး တစ်ယောက် ကြည့်ပေးနေတာ"

"ဟုတ်ကဲ့"

မေစစ်ကို ပြောပြီး ဆရာမက ခပ်သွက်သွက် ထွက်သွားခဲ့သည်။

မေစစ်သည် မိုးတွေဖျန်းပက်နေသော စင်္ကြံလမ်းကလေးအတိုင်း အသာအယာ လျှောက်ခဲ့လေသည်။ မိုးသည် သည်းထန်စွာမရွာဘဲ မနက်ကတည်းက တဖွဲဖွဲစွေနေသည်။ ပတ်ဝန်းကျင်က အေးမြစိုစွတ်နေပါသည်။

မေစစ်က ကလေးတွေ နေသော အဆောင်တစ်ခုရဲ့ တံခါးဝမှာ အသာအယာ ရပ်လိုက်ပြီး အခန်းတွင်းသို့ လှမ်းမျှော်ကြည့်မိလေသည်။

အဲဒီအခိုက်မှာပဲ မြင်ကွင်းတစ်ခုက မေစစ်ကို ဆွဲဆောင်သွားခဲ့တော့တာဖြစ်သည်။

ကလေးတွေရဲ့အလယ်က ယောကျ်ားတစ်ယောက်။ ထိုယောကျ်ားရဲ့မျက်ဝန်းတွေက နူးညံ့လှသည်။ (အဲဒီလောက် နူးညံ့သော မျက်ဝန်းမျိုး မေစစ်မမြင်ဖူးခဲ့တာ သေချာသည်။) သူက ကလေးတွေကို ကြင်နာစွာ ပွေ့ဖက် နှစ်သိမ့်ပေးနေခဲ့သည်။ ပြီးတော့ နားကြပ်တစ်ခုဖြင့် ကလေးတချို့ကို စမ်းသပ်သည်။ ကလေးရဲ့ ခေါင်းကလေးကို ဖွဖွပွတ်သပ်ပေးသည်။ အိတ်ထဲက မုန့်တွေ ထုတ်ယူကာ ကလေးတွေကို ဝေပေးနေသည်။



www.burmeseclassic.com

www.burmeseclassic.com



မေစစ်သည် ရုတ်တရက် ထိုမြင်ကွင်းထံမှ အကြည့်မခွာနိုင်ဘဲ ငေးမောနစ်မျောသွားလေသည်။ သူ့အသံကို မေစစ်မကြားရပါ။ သို့သော် သူ့လှုပ်ရှားပုံ၊ သူ့အပြုအမူ၊ သူ့အကြည့်နှင့် သူ့မျက်နှာက မေစစ်ကို အံ့ဩဖို့ကောင်းလောက်အောင်ဆွဲဆောင်သွားနိုင်သည်။ သူဟာ ကြင်နာတတ်သော ယောကျ်ားတစ်ယောက်ဆိုတာ မေစစ် ထိုနေ့မှာပင် ထိုနေရာမှာပင် ယုံကြည်သွားခဲ့မိပါသည်။

ထိုမြင်ကွင်းက ကြည်နူးဖွယ်တစ်မျိုးကောင်းကာ ကြည့်လို့ကောင်းလှတာမို့ မေစစ်က တိတ်တိတ်ကလေး လိုက်ကြည့်နေမိသည်။ သူက အခန်းတွင်းမှထွက်လာကာ စင်္ကြံလမ်းကလေးအတိုင်း လျှောက်သွားပြီး တစ်ဖက်ခန်းသို့ကူးသွားသည်။ သူ့နံဘေးမှာလည်း ကလေးတွေ ဝိုင်းရံလျက် ပါသွားသည်။ မေစစ်သည် သတိလက်လွတ်ပင် သူ့နောက်မှ တရွေ့ရွေ့လျှောက်လာခဲ့မိသည်။ မိုးရေတွေသည် စင်္ကြံလမ်းသို့ တဖျန်းဖျန်းပက်စင်နေသည်။ မေစစ်ရဲ့ဆံပင်အဖျားစ၊ အင်္ကျီလုံချည်အနားစကလေးတွေမှာပင် မိုးစက်မိုးမွှားတချို့ ခိုတွဲလာခဲ့ပြီ။ ခေါင်းလျှော်ပြီးစမို့ဖားလျားဖြန့်ချထားသော ဆံပင်ရှည်ရဲ့အဖျားစတွေသည် လေအဝှေ့မှာ တဖျပ်ဖျပ်လွင့်လျက်။ ပတ်ထဘီ ဖက်ဖူးစိမ်းပျော့တွဲတွဲကလေးနှင့် အင်္ကျီစိမ်းဖျော့ဖျော့ လက်ရှည်ပွပွကလေးကလည်း မေစစ်ကိုယ်ပေါ်မှာ လူးလွန့်လှုပ်ခတ်လျက်ရှိသည်။





မေစစ်သည် သူ့ကို တိတ်တခိုး လိုက်လံချောင်းမြောင်းငေးကြည့်နေခဲ့မိပါသည်။ မြင်ကွင်းက မေစစ်ကို ဆွဲဆောင်လှသည်။ ကလေးတွေကို ဂရုတစိုက်ကြင်နာယုယနေပုံဟာ ဖခင်ဆန်သည်ဟု ထင်သည်။ သူ့ကိုလိုက်လံငေးမောကြည့်ရင်းကပင်မေစစ်ရင်ထဲသို့ နူးညံ့သောစိတ်ခံစားမှုတစ်ခု ခိုဝင်လာခဲ့ပါသည်။ အဲဒီလိုခံစားမှုမျိုး မေစစ်မှာ မရှိခဲ့တာ ကြာပြီ။ မေစစ်ရဲ့စိတ်သည် သံစဉ်ဂီတတစ်ခုဖြင့် နူးညံ့ပျောင်းညွတ်လာသည်။ ထိုသံစဉ်ဂီတကို သူဖန်တီးခဲ့တာဖြစ်သည်။

ထိုခဏမှာ ကလေးတစ်ယောက်လက်ထဲမှ ဘောလုံးကလေးက မိုးရေထဲသို့ လိမ့်ထွက်လွင့်စဉ်သွားသည်။ ဘောလုံးပိုင်ရှင် ကလေးက ရုတ်တရက် မိုးရေထဲသို့ ပြေးထွက်ကာ ကောက်ယူဖို့ ကြိုးစားဆဲ ချော်လဲ၍သွားလေသည်။

မေစစ်သည် မိုးရွာနေတာကို သတိမထားနိုင်တော့ဘဲ ကလေးဆီပြေးထွက်သွားကာ ထူမပေးလိုက်ရင်း...

"သား...ထ...ထ၊ မနာဘူးနော်၊ ခဏလေး...သားဘောလုံး အန်တီကောက်ပေးမယ်"

မေစစ်က ကလေးကို တစ်ဖက်တွဲကာ ဘောလုံးကိုကောက်ယူဆဲ ထီးရိပ်တစ်ခုက မေစစ်ခေါင်းပေါ်က မိုးစက်တွေကို တားပေးလိုက်သည်။ မေစစ် လှည့်ကြည့်မိတော့ သူ့ရဲ့ကြင်နာနူးညံ့သော မျက်လုံးတွေကို အနီးကပ်မြင်လိုက်ရသည်။ အို... သိပ်ကို နှစ်သက်ယုံကြည်ချင်စရာ ကောင်းတာပဲ။



www.burmeseclassic.com

www.burmeseclassic.com



"မိုးတွေ ဒီလောက်ရွာနေတာ သွားရယ်...၊ သွားရော ဆရာမပါ စိုကုန်ပြီ၊ လာ...လာ ပြန်လိုက်ပို့ပေးမယ်၊ ဆရာမလည်း သွားကြောင့် စိုကုန်ပြီ"

"ရ...ရပါတယ်၊ ကိစ္စမရှိပါဘူးရှင်၊ ဟို...ပြီးတော့ ကျွန်မက ဒီက ဆရာမ မဟုတ်ပါဘူး"

"ကျွန်တော် သိပါတယ်၊ ဆရာမကြီးပြောတဲ့ အလှူရှင်.. ဒီဖိုင်းဆရာမလေးဆိုတာ ထင်ပါရဲ့"

"ဟုတ်ပါတယ်"

"ဒါလည်း ဆရာမပဲပေါ့ဗျာ...၊ ဆရာမလို့ ခေါ်လို့ရပါတယ်၊ ကဲ...ဆရာမရေ၊ ထီးတစ်ချောင်းနဲ့ လူသုံးယောက်နဲ့တော့ ဟုတ်နေပြီ"

"နေ...နေပါစေရှင်၊ ဆရာတို့ပဲဆောင်းပါ"

"ဆရာမ ဆောင်းပါ၊ ဆရာမဆံပင်တွေ စိုကုန်ရင် ပြန်ခြောက်ဖို့ ခက်မယ်"

"ကိစ္စမရှိပါဘူးရှင်...၊ ဆရာတို့ပဲ ဆောင်းပါ"

"ကဲ...ငြင်းနေတာနဲ့ စိုကုန်တော့မယ်၊ လာလာ အတူတူ ဆောင်းသွားကြတာပေါ့"

သူက ကလေးကို တစ်ဖက်ကချိုင်းလိုက်ပြီး တစ်ဖက်က ထီးကိုကိုင်ကာ မေစစ်ဘက်သို့ ထီးကို ယိုင်မိုးပေးလိုက်သည်။

"သွက်သွက်ကလေးမှဖြစ်မယ် ဆရာမရေ"





သူက ပြောပြောဆိုဆို အပြေးတစ်ပိုင်း လှမ်းလိုက်တာမို့ မေစစ်ကပါ အမီပြေးလွှားလိုက်ပါလာရသည်။ ထိုမြင်ကွင်းကလေးက 'မိသားစု' တစ်စုနှင့် တူသည်ဟု ခံစားလိုက်ရသောအခါ မေစစ်တစ်ကိုယ်လုံး ကြက်သီးစိမ့်ဖြာသွားသည်။ ထိုအခိုက်အတန့်ကာလကလေးဟာ အခိုက်အတန့်ကလေးပေမယ့် လုံခြုံခြင်း၊ နွေးထွေးခြင်းရသကို အပြည့်အဝခံစားလိုက်ရသည်။ ထိုခဏလေးမှာပဲ 'သူနဲ့အတူ' ဆိုသည့် မိသားစုဘဝလေးကို စိတ်ကူးယဉ် တမ်းမက်သွားသည်။

သူမိုးပေးသော ထီးတစ်လက်ဟာ မိုးတွေကို အပြည့်အဝ မလုံခြုံခဲ့တာတောင် မေစစ်က ထိုအရိပ်ကို စတင် မက်မောတကြီး ရှိခဲ့ပါသည်။

သူက ဒေါက်တာ 'နိုင်သတိုး' တဲ့။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com





❦ ❦ ❦

ဆရာဝန်တစ်ယောက်ရဲ့ အသိုက်အဝန်းနဲ့ ဖက်ရှင်ဒီဇိုင်နာတစ်ယောက်ရဲ့ အသိုက်အဝန်းက နီးစပ်လှတာတော့ မဟုတ်ပါ။ မေစစ်မင်းနှင့် ဒေါက်တာ နိုင်သတိုးတို့ဟာ ခဏလေး အသိမိတ်ဆွေဖြစ်ခဲ့ပြီး အကြာကြီး ပြန်လည်ဝေးကွာသွားကြပါသည်။ မိဘမဲ့ဂေဟာမှ ဆရာမကြီးအပြောအရ သူဟာ ကလေးတွေကို အင်မတန်ချစ်တတ်သူဖြစ်ကြောင်း၊ ဆေးမကုဘဲ အဖွဲ့အစည်းတစ်ခုမှာ အလုပ်လုပ်သည့်ဆရာဝန်ဖြစ်သော်လည်း မိဘမဲ့ကလေးများကိုတော့ မေတ္တာဖြင့် လာရောက်ကြည့်ရှုကုသပေးတတ်ကြောင်းလောက်သာ မေစစ် သိထားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီနေ့က မေစစ်နှင့်သူဟာ ခဏလေးတွေ့ဆုံ နှုတ်ဆက်ကာ Visiting card ချင်း လဲလှယ်ရုံသာ ရှိခဲ့ပါသည်။

သို့သော် ထိုခဏလေးကိုပင် မေစစ်က နေ့စဉ်ရက်ဆက် သတိရနေခဲ့သည်။ သူ့မျက်လုံးတွေကို မြင်ယောင်သည်။ ကြည်နူးနှုးညံ့သော သူ့အပြုအမူ အပြောအဆိုတွေကို သတိရသည်။ သို့သော် သူ့ကို ဘယ်လောက်ပဲတွယ်ငင်မိပါစေ မေစစ်ကစပြီး ဆက်သွယ်ဖို့တော့ မေစစ်စိတ်မကူးခဲ့ပါ။ တစိမ့်စိမ့်သတိရနေရုံလောက်နှင့်ပင် ဘဝမှာ နေပျော်လာသည်ဟု ခံစားရသည်။

အဲဒါ ဘယ်လောက်ထူးဆန်းသလဲ။ မေစစ်က ယောကျာ်းများရဲ့ ဂရုစိုက်မှုကို လိုချင်ခဲ့သူဖြစ်သည်။ မေစစ်ကို ဂရုစိုက်သည့် ယောကျာ်းများကိုသာ တွယ်ငင်ခဲ့မိသူဖြစ်သည်။ ခုတော့ သူ့ထံက ဘာမှမရဘဲလည်း မေစစ်က သူ့ကို သတိရမိနေကာ ထိုသတိရစိတ်ဖြင့်ပင် ဘဝက လှပလာသည်ဟုထင်သည်။

မေစစ်တို့ စတွေ့ပြီးနောက် ၃ လအကြာ နှစ်တစ်နှစ်ရဲ့အဆုံး ဒီဇင်ဘာ ၃၁ ရက်နေ့ညမှာ မထင်မှတ်ဘဲ သူ့ဇာက ဆက်သွယ်မှုကို မေစစ် ရခဲ့သည်။

အဲဒီညက နှစ်သစ်ကူးညမို့ ခါတိုင်းညတွေထက် လှုပ်ရှားသဏ္ဌာန်ဝင်နေခဲ့သည်။ လမ်းပေါ်မှာ လူများ၊ ကားများ ပိုပြီးများပြားနေသည်။ မေစစ်မိတ်ဆွေ မင်းသမီးတစ်ယောက်က hotel တစ်ခုမှာ ကျင်းပမည့် new year Eve သို့ လာဖို့ မေစစ်ကို





ခေါ်သော်လည်း မေစစ်က ငြင်းပယ်လိုက်သည်။ မေစစ်အတွက်တော့ new year ဆိုတာ ပျော်စရာမဟုတ်ပါ။ တစ်ယောက်တည်း ဖြတ်သန်းလာသည့် နှစ်တစ်နှစ် ကုန်ဆုံးခြင်းသာ ဖြစ်သည်။

အဲဒီညမှာပေါ့...။ မေစစ်သည် ပြတင်းတံခါးတွေကို ကျယ်လွင့်စွာ ဖွင့်ပစ်လိုက်ပြီး ညခင်းဆီ လှမ်းမျှော်ငေးမောရင်း သူ့ကိုသတိရနေခဲ့သည်။ ညထဲတွင် နှင်းရိပ်ပါးပါးကို တွေ့ရသည်။ လေကလည်း အေးလာသည်။ ကောင်းကင်ဆီကို ထိုးတက်လာသော မီးပုံးတချို့၊ မီးရှူးမီးပန်းတချို့ကို လှမ်းမြင်ရသည်။ လမ်းမဆီမှ တရကြမ်းမောင်းနှင်သွားသော ကားများထံမှ သီချင်းသံသဲ့သဲ့ ဖိတ်စဉ်လွင့်ကျ ကျန်ခဲ့သည်။

နာရီကို လှမ်းကြည့်လိုက်တော့ ၁၂ နာရီထိုးဖို့ စက္ကန့်အနည်းငယ်သာ လိုတော့သည်။

"happy new year... ဟေး..."

ခပ်ဝေးဝေးဆီမှ သံပြိုင်အော်လိုက်သံများကို ကြားလိုက်ရသည်။ ထိုခဏမှာ မေစစ်ရဲ့ GSM ဖုန်းကလေးဆီမှ အသံမြည်လာသည်။ ဘယ်သူများ new year wish လုပ်ပါလိမ့်... ဟု တွေးကာ မေစစ် ဖုန်းကိုဖွင့်နားထောင်လိုက်သည်။

"ဟဲလို... ဆရာမ"

အို... ဒါဟာ သူ့အသံပဲပေါ့။ မေစစ်မှတ်မိသည်။ တရုဏာသံ အနည်းငယ်စွက်ပြီး သွက်လက်သည့် အသံမျိုးသာ



www.burmeseclassic.com

www.burmeseclassic.com



သူတစ်ယောက်မှာပဲ ရှိနိုင်သည်ဟု ထင်သည်။ ဆောင်းကြောင့် မဟုတ်ဘဲ မေစစ် လက်ဖျားကလေးတွေရုတ်တရက်အေးလာသည်။

"happy new year ပါ ဆရာမ..."

"same to you ဆရာ..."

မေစစ်က အသံကို မတုန်အောင် ထိန်းပြောရသည်။ သူလည်း မေစစ်ကို သတိရနေခဲ့တယ် ဟူသော အတွေးဖြင့် ကျေနပ်နှစ်သိမ့်ခြင်းအရသာကိုလည်း ခံစားရသည်။ အသေးအမွှား သတိတရရှိမှုလေးတွေကပင် မေစစ်စိတ်ကို လှုပ်ခတ်စေသည်။ နှလုံးသား ထိရှလွယ်သည့်အရွယ်မဟုတ်သော်လည်း မေစစ်စိတ်သည် ခုတော့ တစ်ဖန်ပြန်လည် သစ်လွင်လာသည်။

သူကတိတ်ဆိတ်သွားပြီးမှပင်္ခိုသန္တာရစကားဆိုသည်။

"ဆရာမ နေကောင်းတယ်နော်"

"ဟုတ်ကဲ့...ကောင်းပါတယ်ဆရာ"

"ဆရာမ မနက်ဖြန်ကျရင် ကျွန်တော့်အတွက် အချိန် နည်းနည်းပေးနိုင်မလား"

"ဘာအတွက်များလဲ ရှင်"

"မနက်ဖြန် ဇန်နဝါရီ ၁ ရက်က ကျွန်တော့်မွေးနေ့ပါ ဆရာမ၊ ကျွန်တော် ဆရာမကို ညနေစာ ကျွေးပါရစေ"

"ဇန်နဝါရီ ၁ ရက်ဆို ခုည ၁၂ နာရီကျော်ပြီဆိုတော့ ဒီနေ့ပဲပေါ့၊ ဒါဆို happy birthday ပါ ဆရာ..."





သူ့ဘက်က ရယ်သံ တိုးဖျော့ဖျော့ကို ကြားရသည်။ မေစစ်ကလည်း မည်မည်ရရ အကြောင်းပြစရာမရှိဘဲ ရယ်မောချင်နေခဲ့သည်။

"ဆရာမ အလုပ်တွေ များနေသလား"

"ဟုတ်...ဒီလိုပါပဲဆရာ"

"ကျွန်တော်လည်း အလုပ်များတယ်၊ ခရီးတွေလည်း ခဏခဏ ထွက်ရတော့ ဆရာမကို သတိရပေမယ့် ဖုန်း မဆက်ဖြစ်ခဲ့ဘူး၊ အမြဲတော့ သတိရပါတယ်"

ကျွန်မလည်း သတိရတာပေါ့ဆရာ...။ မေစစ်က ရင်ထဲက တိုးတိုးပြန်ပြောမိပါသည်။ သတိရခြင်းဟာ နူးညံ့နက်ရှိုင်းလွန်းတာမို့ မေစစ်က ကိုယ့်ကိုယ်ကို အံ့သြနေခဲ့မိတာပင်။

"မနက်ဖြန် ဆရာမ အဆင်ပြေမလား"

"ဟုတ်ကဲ့...ပြေပါတယ်ဆရာ"

"ဒါဆို ကျွန်တော် မနက်မှ ဖုန်းထပ်ဆက်လိုက်မယ်နော်"

"ဟုတ်ကဲ့ပါ ဆရာ"

"good night ပါ ဆရာမ"

"good night ဆရာ"

မေစစ်က ဖုန်းမချသေးဘဲ သူ့ဖုန်းချသွားသံကို စောင့်နားထောင်နေလိုက်သည်။ သို့သော် ဖုန်းချသံ မကြားရပေ။ တစ်ဖက်မှ ဂီတသံတိုးတိုးလေးကို သဲ့သဲ့ကြားနေရဆဲပင်။ မေစစ်



www.burmeseclassic.com

www.burmeseclassic.com



သည့် ဖုန်းကို နားမှာကပ်ထားရင်း ငြိမ်သက်စွာ ရပ်တန့်နေသည်။ ခဏကြာတော့ သူ့ဘက်မှ သက်ပြင်းချသံတိုးတိုးကို ကြားရသည်။

"ဆရာမ အရင်ဖုန်းချပါ"

"ဟင့်အင်း...ဆရာ အရင်ချပါ ဆရာ"

သူ့ဘက်က တိတ်ဆိတ်သွားပြီးမှ...

"ဒါဆို အတူတူ ဖုန်းပိတ်လိုက်ကြမယ်"

"ဟုတ်ကဲ့"

ဖုန်းပိတ်လိုက်ရသည့်ခဏမှာ မေစစ်ရင်ထဲ လစ်ဟာသွားသလို ခံစားရသည်။

အဲဒီညက မေစစ် အိပ်မပျော်ခဲ့ပါ။

မေစစ်နဲ့သူဟာ ခဏခဏလည်း မတွေ့ဆုံ၊ စကားလည်း များများမပြောရပါဘဲ အချင်းချင်း အလိုလိုသိနားလည်နေကြတာ၊ နွေးထွေးလိုက်လှဲသော ခံစားချက်တစ်မျိုး ရှိနေကြတာဟာ ထူးတော့ထူးဆန်းသားပင်။ ဒါဟာ ဘာများလဲ...။

♥ ♥ ♥





❀ ❀ ❀

နှစ်တစ်နှစ်ရဲ့ အဦးအစ နေ့တစ်နေ့ဟာ မေစစ်အတွက် အဓိပ္ပာယ်ရှိခဲ့လေပြီ။

ရေသေလို ငြိမ်နေသောဘဝသည် နူးညံ့နက်ရှိုင်းသော ခံစားချက်တစ်ခုဖြင့် သက်ဝင်လှုပ်ရှားလာသည်။

ဇန်နဝါရီလတစ်ရက်နေ့နံနက်ခင်းတွင်ဖြစ်သည်။

ထိုနေ့က မေစစ် အိပ်ရာမှ နိုးနိုးချင်း စဉ်းစားမိသည်မှာ သူ့အတွက် ဘာမွေးနေ့လက်ဆောင် ပေးရမလဲ...ဟူ၍ဖြစ်သည်။ ပြီးတော့ တစ်ဆက်တည်း စဉ်းစားမိသည်မှာ မေစစ်ဘာဝတ်ရင် ကောင်းမလဲဟူ၍ပင်။ မေစစ်ရဲ့စိတ်သည် အံ့ဩဖို့ကောင်းလောက်အောင် လှုပ်ခတ်နေခဲ့သည်။ ထိုနေ့မနက်မှာ



www.burmeseclassic.com

www.burmeseclassic.com



မြောက်လေကပို့ပြင်းကာ ဆောင်းကလည်း ပိုအေးပြီး နှင်းကလည်း အနည်းငယ် ပို၍ သိပ်သည်းနေသည်ဟု ထင်သည်။ သို့သော် မေစစ်ခန္ဓာကိုယ်လေးက ဘာကြောင့်မှန်းမသိ နွေးနေသည်။

မေစစ်သည် ဗီရိုထဲက အဝတ်တွေကို ထုတ်ယူကာ ခုတင်ပေါ်မှာ ဖြန့်ချထားရင်း စဉ်းစားနေသည်။ ဘာဝတ်ရင် ကောင်းမလဲ...။ သူ့ရှေ့မှာသိပ်ပြီးလည်း လှမနေချင်။ ရုပ်လည်း ဆိုးမနေချင်။ ပကတိသဘာဝအတိုင်းပင် ရိုးသားစွာလှနေချင်သည်။ နောက်တော့ မေစစ်က အဝတ်အစားတွေကို ပြန်သိမ်းလိုက်ပြီး ဗီရိုအောက်ဆုံးအဆင့်မှာ သိမ်းဆည်းထားဆဲဖြစ်သော မေစစ် အိမ်ကထွက်လာသည့်နေ့မှာ ဝတ်ခဲ့သည့် ဝတ်စုံလေးကို ထုတ်ယူ လိုက်သည်။

အင်္ကျီက လည်ပင်းတစ်ဝိုက်နှင့် လက်ဖျားကလေး တွေမှာ အတွန့်ကလေးတွေပါသော ပြာဖျော့ဖျော့ အရောင်ကလေး ဖြစ်သည်။ လုံချည်က အပြာနှင့်အဖြူအပွင့်နုပ်နုပ် အသားပျော့ တွဲတွဲကလေးဖြစ်သည်။ အဲဒီနေ့ကို မေစစ်ခုထိ မှတ်မိသည်။ အဲဒီနေ့ဟာ ခုလိုပဲ ဆောင်းတစ်နေ့ဖြစ်၏။ လက်ဆွဲအိတ်တစ်လုံး ဆွဲကာ အိမ်ကထွက်လာချိန်ဟာ မနက်ခင်းမို့ အေးမြနေသည်။ မြောက်ပြန်လေကလည်း မေစစ်ရဲ့ရှေ့ဘက်မှ ဆီးကြိုတိုက်ခတ် နေသည်။ ဆောင်းနှင့်လေက သိပ်မပြင်းထန်လှသော်လည်း မေစစ် ခန္ဓာကိုယ်လေးက တစ်ချက်တစ်ချက်မှာ စိမ့်ခနဲ အေးသွားသည်။





အင်္ကျီကလည်း ပါးသည်။ ဘဝရဲ့အကာအကွယ်ကလည်း ပါးလျား သည်။ စိတ်သည် လုံခြုံမှုမရဘဲ လစ်ဟာမျောလွင့်နေသည်။ အိမ်မှာ ဖေဖေ မေမေတို့နှင့်အတူရှိနေစဉ်ကပင် လုံခြုံမှု မရခဲ့သောစိတ်သည် အိမ်ကတစ်ယောက်တည်းထွက်လာမိချိန်မှာ ပို၍ဆိုးရွားလာသည်။ 'အကာအကွယ်မဲ့ခြင်း' ကို ပြတ်သားစွာ စတင်ခံစားခဲ့ရသည့် အဲဒီနေ့ကို မေစစ် မမေ့ပေ။

မေစစ်သည် ထိုဝတ်စုံလေးကိုပင် ဝတ်ဆင်သွားရန် ဆုံးဖြတ်လိုက်ပါသည်။

မေစစ်က ထိုနေ့တစ်နေ့လုံးနီးပါး ကုန်တိုက်တွေကို သွားကာ သူ့ကို မွေးနေ့လက်ဆောင် ဘာဝယ်ပေးရင် ကောင်း မလဲစဉ်းစား၏။ အံ့ဩဖို့ကောင်းသည်မှာ မေစစ်တန်ဖိုးထားသည့် အချိန်တွေကို သူ့အတွက် ရက်ရက်ရောရော ပေးထားမိခြင်း ဖြစ်သည်။ ခဏတစ်ဖြုတ်လေးသာ တွေ့ခဲ့ရသည့် သူ့အတွက် မေစစ် ပေးထားမိတာတွေ များနေပြီ။ တွေ့ခဲ့ရသည့်အချိန် ခဏ လေးဟာ အံ့ဩဖို့ ကောင်းလောက်အောင် ရင်းနှီးတွယ်ငြိစေတာ ဘာကြောင့်မှန်းတော့ မေစစ် ရေရေရာရာ မသိသေးပါ။

နက်ကတိုင်ညှပ်သည့်ကလစ်၊ ရှပ်အင်္ကျီ၊ ကုတ် အင်္ကျီ၊ နာရီ၊ ဘောလ်ပဲန် စသဖြင့် ဘာဝယ်ရင်ကောင်းမလဲ ဝေခွဲမရစွာ လျှောက်ကြည့်နေမိသော မေစစ်သည် နောက်ဆုံးတော့ အစိမ်းရောင် ဖျော့ဖျော့ အရွက်များရှိသည့် ဂမုန်းပန်းအိုးကလေး



www.burmeseclassic.com

www.burmeseclassic.com



ကို သွားတွေ့လေသည်။ စဥ်သုတ်ထားသည့် ပန်းအိုးကလေး ထဲတွင် စိမ်းလန်းနေသော အစိမ့်ဖျော့ဖျော့အရွက်များ လှပစွာ ဖြာထွက်နေသည်။ မေစစ်က ထိုပန်းအိုးကလေးကိုသာ ဝယ်ယူ လိုက်ပါသည်။ မေစစ်တို့ ရင်းနှီးမှုတွေအချိန်ကြာလာတဲ့အမျှ အရွက်နုသစ်လေးတွေ ထပ်ထွက်ပြီး အပင်ကလေးကြီးထွားလာ လိမ့်မည်။ ဒီအပင်ကလေးက မေစစ်တို့ရဲ့ ခင်မင်မှုသက်တမ်းကို ပြဆိုလိမ့်မည်ဟု မေစစ်က စိတ်ကူးယဥ်စွာ တွေးသည်။

နေ့လယ်ကျတော့ မေစစ်က ဝတ်စုံရိုးရိုးဟောင်း ဟောင်းကလေးကိုပဲဝတ်ကာ ထိုပန်းအိုးကလေးကို ကြိမ်ခြင်း ကလေးထဲထည့်ပြီး ယူဆောင်လာသည်။

သူက အေးမြငြိမ်းချမ်းသည့် စားသောက်ဆိုင် ကလေးထဲမှာ မေစစ်ကို တည်ငြိမ်သောအပြုံးဖြင့် ကြိုနေသည်။ မေစစ်သည် သူ့ကိုတွေ့စဥ်မှာ စိတ်နှလုံးအေးချမ်းငြိမ်သက်သွား သည်။ ဟိုးအရင်ကတည်းက ရင်းနှီးခဲ့ဖူးတဲ့လူတစ်ယောက်ကို ပြန်တွေ့ရသလိုပင်...။

"happy birthday ပါ ဆရာ၊ ဆရာ့အတွက် မွေးနေ့ လက်ဆောင်ပါ"

"သိပ်ကောင်းတဲ့ စိတ်ကူးပဲ...၊ တကယ်လှတယ်၊ ကျေးဇူး ပဲ ဆရာမ၊ ကျွန်တော်က မွေးနေ့လက်ဆောင်ဆိုရင် အသုံး အဆောင်ပစ္စည်းတွေ မကြိုက်ဘူး၊ ဒီလို အဓိပ္ပာယ်တစ်ခုခု ရှိနိုင်တဲ့ သဘာဝဆန်တဲ့ ပစ္စည်းတွေကို ကြိုက်တယ်"





သူက ဂမုန်းပင်ကလေးကို နှစ်သက်စွာလှည့်ပတ် ကြည့်လိုက်ပြီးမှ သူ့ပိုက်ဆံအိတ်ထဲက ပစ္စည်းတစ်ခုကို ထုတ်ယူ လိုက်ပြီး...

"ဒါက ဆရာမအတွက် ကျွန်တော့်ရဲ့ မွေးနေ့အမှတ်တရ လက်ဆောင်ပါ"

မေစစ်က မျက်ဝန်းကလေး ဝိုင်းသွားကာ...

"ဟင်...မဟုတ်တာ ဆရာကလဲ၊ ဒီနေ့က ဆရာ့မွေးနေ့ ဆိုတော့ မေစစ်ကပဲ ပေးရမှာလေ၊ မေစစ်မွေးနေ့မှ မဟုတ် တာ"

"ကျွန်တော်က သူများနဲ့ မတူဘူး ဆရာမရဲ့"

"ဘယ်လိုမတူတာလဲ"

"ကျွန်တော်က ကျွန်တော့်မွေးနေ့မှာ ကျွန်တော့်စိတ်ထဲ ခင်မင်ရင်းနှီးတဲ့သူမျိုးကို လက်ဆောင်ပြန်ပေးတတ်တယ်၊ အထွေအထူးမဟုတ်ပါဘူး၊ သိုးမွေးနဲ့ထိုးထားတဲ့ ဦးထုပ် ကလေးပါ၊ ပြင်ဦးလွင်သွားရင်း ဆရာမအတွက်ဝယ်ထား တာ ကြာပြီ၊ ဆောင်းရာသီတွေမှာ ဆရာမ ခရီးထွက်ရင် ဆောင်းလို့ ရတာပေါ့"

"ကျေးဇူးပါပဲဆရာ"

မေစစ်သည် ကြည်နူးစိတ်တစ်မျိုးဖြင့် ဦးထုပ်ကလေး ကို နှစ်သက်စွာ စိုက်ကြည့်မိ၏။ ပြီးတော့ ကလေးဆန်ဆန် တစ်ချက်ရယ်မိကာ...



www.burmeseclassic.com

www.burmeseclassic.com



"ဆောင်းကြည့်မယ်နော်"

"ဆောင်းကြည့်လေ"

သူက ကလေးတစ်ယောက်ကို လိုက်လျောသလို ပြုံး၍ပြော၏။ မေစစ်က မီးခိုးရောင်နှင့် အဖြူရောင်စပ်၍ထိုးထားသော ဦးထုပ်ကလေးကို ဆောင်းကြည့်လိုက်တော့ နွေးသွားသည်။ လိုတာထက်ပို၍ နွေးသွားလေသည်။

အဲဒီနေ့မှာ စိတ်မလုံခြုံစဉ်က ဝတ်ခဲ့သော အင်္ကျီကလေးကို ဝတ်ထားပါလျက် စိတ်လုံခြုံခြင်းကို ထူးခြားစွာ ခံစားရသည်။ ဦးထုပ်ကလေးကလည်း နွေးသည်။ နွေးထွေးလုံခြုံခြင်းကို တစိမ့်စိမ့် ခံစားရစပြုလာသည်။

ထမင်းစားပြီးတော့ သူက မေစစ်ကို သူ့ကားနားသို့ ခေါ်သွားကာ ကားနောက်ခန်းတံခါးကို ဖွင့်ပြလိုက်သည်။ ကားနောက်ခန်းထဲမှာ ကလေးကစားစရာများ၊ မုန့်ထုပ်များ၊ အင်္ကျီအဝတ်အစားများကို တွေ့ရသည်။

"ကျွန်တော်နဲ့ ဆရာမက စိတ်ကူးချင်းတူတယ်၊ ကျွန်တော်လည်း ကျွန်တော့်မွေးနေ့မှာ မိဘမဲ့ကလေးတွေကို ဒါတွေ သွားဝေမလို့လေ"

"ကောင်းလိုက်တာ ဆရာရယ်၊ ကလေးတွေတော့ အရမ်းပျော်မှာပဲ"

"ဆရာမရော ကျွန်တော့်ကို ကူညီဦးမလား"

"ရှင်..."





"ဒါတွေကို ကူဝေပေးဖို့လေ"

"ရတာပေါ့ဆရာ၊ မေစစ်လည်း ကုသိုလ်ရတာပေါ့"

"အိုကေ... သွားကြစို့"

မေစစ်တို့သည် သဒ္ဓါတူညီစွာပင် မိဘမဲ့ကျောင်းကလေးသို့ ဒုတိယအကြိမ် အတူတကွရောက်ရှိသွားကြသည်။ ကလေးတွေကို ပစ္စည်းတွေဝေရင်း မေစစ်ရင်ထဲ ပျော်ရွှင်ပေါ့ပါးနေသည်။

သူက အပြောအဆို အမူအရာသွက်လက်သော်လည်း မျက်လုံးတွေက နူးညံ့သည်။ စိတ်သဘောထားကလည်း သိမ်မွေ့သည်ဟု မေစစ်ထင်သည်။ သူနှင့် မလှမ်းမကမ်းမှာရှိနေသည့်သူတွေထံ သူ့ရဲ့ပေါ့ပါးလန်းဆန်းမှုနှင့် နူးညံ့မှုက ကူးစက်လာသည်ဟု ခံစားရသည်။

အဲဒီနေ့က မေစစ်သည် ချိန်းထားသည့် အလုပ်ကိစ္စတွေကိုလည်း မေ့၏။ စန္ဒီကိုညွှန်ကြားရမည့် ကိစ္စတွေကိုလည်း မေ့၏။ အလုပ်ဖြင့်တည်ဆောက်ထားသော မေစစ်ဘဝကို တဒင်္ဂမေ့ပျောက်ကာ ကလေးငယ်တစ်ယောက်လို အပြစ်ကင်းစွာ ပေါ့ပါးစွာ ရိုးသားစွာ ပျော်ရွှင်နေခဲ့မိပါသည်။

မိဘမဲ့ကျောင်းကအပြန် လမ်းခွဲခါနီးမှာ မေစစ်နှင့်သူ အကြည့်ချင်းဆုံမိသည်။ ထိုအကြည့်က တစ်စုံတစ်ရာ တွယ်ငြိကာ တော်တော်နှင့် မလွှဲဖယ်နိုင်။

"တာ့တာ ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



မေစစ်က ကလေးဆန်ဆန် လက်ကလေးပြ၍ နှုတ်ဆက်မိ၏။ သူက ဘာမှပြန်မပြောဘဲ အလိုက်သင့် လက်ပြန်ပြသည်။

သူ့ကားထွက်သွားတော့ သူ့အကြည့်က မေစစ်ထံမှာ ငြိကျန်ခဲ့သည်။

သူ့အကြည့်က ဘယ်လိုပါလိမ့်...။ ဝမ်းနည်းခြင်းတစ်မျိုး ရောယှက်သည့်အကြည့်မျိုးဟု မေစစ်ထင်သည်။ ထိုအကြည့်ရဲ့အဓိပ္ပာယ်ကို မေစစ်အဲဒီတုန်းကတော့ မဝေခွဲနိုင်သေးပါ။

မေစစ်ပြန်လာတော့ စန္ဒီက စိတ်ပူပန်စွာ ဆီးကြိုနေခဲ့ကာ...

"မမရယ်...မျှော်လိုက်ရတာ မောတောင်နေပြီ၊ မမ အပြင်သွားတာ စန္ဒီ့ကိုလည်း ဘာမှမမှာခဲ့၊ ဖုန်းလည်း ယူမသွားတော့ စန္ဒီ့မှာ စိတ်ပူလိုက်ရတာ၊ မမနဲ့ချိန်းထားလို့တဲ့ အလုပ်ကိစ္စဖုန်းတွေလည်းဝင်၊ လူတွေလည်း လာ၊ စန္ဒီတစ်ယောက်တည်း ဒိုင်ခံရှင်းနေရတာ ခေါင်းခဲနေတာပဲ၊ မမက တစ်နေကုန် ပျောက်နေလိုက်တာ"

"အခု...မမပြန်ရောက်လာပြီပဲ၊ စန္ဒီနားတော့၊ မမပဲ ဆက်လုပ်လိုက်တော့မယ်"

"မမရဲ့ customer တစ်ယောက်လည်း စိတ်ဆိုးသွားတယ်၊ ဒေါ်ဘက်တီလေ၊ သူ အရမ်းဒေါသကြီးတာလည်း မမအသိပဲ"





"ကိစ္စမရှိပါဘူး၊ မမတာဝန်ယူလိုက်ပါ့မယ်"

မေစစ်က ခပ်အေးအေးပြောပြီး လုပ်စရာရှိသည့် အလုပ်တွေကို ပေါ့ပါးလန်းဆန်းစွာ ဆက်လုပ်နေသည်။ စန္ဒီကတော့ သူ့အလုပ်သူဖြောင့်ဖြောင့် မလုပ်နိုင်ဘဲ မေစစ်ကို အထူးအဆန်းသဖွယ် လိုက်ကြည့်နေပါသည်။ နောက်တော့ မအောင့်နိုင်ဘဲ မေးခွန်းထုတ်လာသည်။

"မမ..."

"အင်ဟင် ?"

"ဒီနေ့ မမကိုကြည့်ရတာ သိပ်ထူးဆန်းတာပဲ"

"ဟင်...ဘာဖြစ်လို့လဲ"

"မမမျက်နှာက အရမ်းကြည်လင်ပြီး နုနေတယ်၊ မျက်လုံးလေးတွေလည်း အရောင်တောက်နေသလိုပဲ၊ အရင်ကဆို မမမျက်နှာက အမြဲလို တည်ပြီး ရင့်ကျက်နေတာ၊ မမစိတ်ထဲမှာ အလုပ်တစ်ခုပဲထည့်ထားသလိုပဲ၊ ခုလိုပေါ့ပါး ကြည်လင်နေတဲ့ပုံမျိုး စန္ဒီတစ်ခါမှ မတွေ့ဖူးဘူး"

မေစစ်က စန္ဒီ့ကို ဘာမှ ပြန်မပြောဘဲ သိုဝှက်စွာ ပြုံးမိ၏။ စန္ဒီထွက်သွားတော့မှ မှန်ရှေ့မှာ သွားရပ်ကြည့်မိသည်။ ဘုရားရေ... တကယ့်ကို နုနယ်နေတာပါလား...။ မေစစ်သည် မျက်ဝန်းတွေ တောက်ပသော၊ အတန်ငယ်ပြုံးရိပ်သမ်းကာ ပို၍ဖျစ် လန်းဆန်းသော ကိုယ့်မျက်နှာကို ကိုယ်တအံ့တသြပြန်မြင်ရသည်။ စိတ်ရဲ့ အရောင်ခြယ်မှုက အလွန်ထူးဆန်းပါသည်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ ဒါဟာ ထူးထွေသည့် တွေ့ဆုံမှုမျိုးလည်း မဟုတ်ခဲ့ပါ။ တွေ့ကြပြီးနှုတ်ဆက်လိုက်ကြချိန်မှာ နောက်တစ်ကြိမ်တွေ့ဖို့၊ ဖုန်းဆက်ဖို့လည်း ဘယ်သူကမှ စကားစခဲ့တာမဟုတ်ပါ။ နောက်တစ်ကြိမ်ဆိုတာ မသေချာ။ သို့သော် မေစစ်စိတ်ထဲမှာတော့ တစ်ခုခုကို နက်ရှိုင်းစွာသေချာနေပါသည်။

မေစစ်သည် ခုမှပင် ချစ်ခြင်းမေတ္တာဆိုသည်မှာ မေစစ်ကြုံခဲ့ရသလို ပေါ့လျှပ်လျှပ်ကလေးမဟုတ်ဘဲ နက်ရှိုင်းသည့် တစ်စုံတစ်ရာလည်း ရှိနိုင်ကြောင်း စဉ်းစားတွေးတောစပြုလေသည်။

♥ ♥ ♥





❧ ❧ ❧

ဒီလိုနဲ့ပဲ တစ်လလောက် ဝေးသွားကြပြန်သည်။ သူကလည်း မေစစ်ကို မဆက်သွယ်။ မေစစ်ကလည်း သူ့ထံ မဆက်သွယ်ခဲ့။ သို့သော် မေစစ်ရင်ထဲမှာတော့ သူက အမြဲရှိနေသည်။ သူဆက် သွယ်လာလိမ့်ဦးမည်ဟု ယုံကြည်မျှော်လင့်စိတ်ဖြင့် ဘဝက ပို၍ နေပျော်စရာကောင်းလာပါသည်။

သူနဲ့နောက်ဆုံးတွေ့ခဲ့ပြီးနောက် နှစ်လခန့်အကြာ... ပေဖော်ဝါရီနှောင်းပိုင်းရဲ့ တစ်ခုသော မနက်ခင်းမှာ မေစစ်ရဲ့ ဖုန်းကလေးသို့ ဖုန်းတစ်ခု ဝင်လာသည်။ Display မှာ ဖုန်းနံပါတ် မပေါ်တာမို့ နိုင်ငံခြားကဆက်သည်ဟုတော့ မေစစ်သိ၏။ မေစစ်က ဖုန်းဖွင့်လိုက်ရင်း...



www.burmeseclassic.com

www.burmeseclassic.com



"ဟဲလို…အမိန့်ရှိပါရှင်"

"ဆရာမ"

အို…သူပဲပေါ့။ သူ့အသံက ရင်းနှီးလိုက်လဲလှသည်။ (မေစစ်တို့ကြားမှာ ထူးဆန်းသည့် ရင်းနှီးမှုတစ်မျိုးရှိသည်။)

"ဆရာ…"

မေစစ်က ပြန်ထူးလိုက်ပြီး ငြိမ်သက်နေသည်။ သူ့ဘက်ကလည်း ငြိမ်သက်နေသည်။ မေစစ်တို့နှစ်ယောက်ကြားမှာ ပြောစရာ စကားများများစားစားတော့ မရှိလှပါ။ ဘာမှမပြောဘဲလည်း စိတ်ချင်းနီးစပ်စွာ ခံစားရသည့် ခံစားမှုမျိုးကို မေစစ်ခံစားရသည်။

"ဆရာမ နေကောင်းရဲ့လား"

သူက ရိုးစင်းသည့် နှုတ်ဆက်စကားကို ဆိုသည်။

"ဟုတ်ကဲ့ဆရာ၊ ဆရာ ဘယ်ကဆက်နေတာလဲ"

"ကျွန်တော် ဘန်ကောက်မှာ၊ အလုပ်ကိစ္စတစ်ခုနဲ့ ရောက်နေတာ"

"သြော်…"

"မနက်ဖြန် ပြန်လာတော့မှာ၊ ဆရာမ ဘာမှာဦးမလဲ"

"ဘာမှ မမှာပါဘူး ဆရာ"

"အားမနာပါနဲ့…မှာစရာရှိရင် မှာပါ"

မေစစ်ရဲ့စိတ်သည် ရုတ်တရက် ကလေးတစ်ယောက်လို နုနယ်သွားကာ…





"ဟို…တစ်ခုခု၊ တစ်ခုခု ဝယ်ခဲ့ပါဆရာ"

"အိုကေ၊ ကောင်းပါပြီ…ဝယ်ခဲ့မယ်နော်"

"ဟုတ်ကဲ့"

အဲဒီနောက် ပြောစရာစကားကုန်သွားပြန်သည်။ သူ့အလုပ်၊ သူ့နယ်ပယ်၊ သူ့ပတ်ဝန်းကျင်ကို မေစစ် ဘာမှ မသိတာမို့ လူမှုရေးအရ ရောက်တတ်ရာရာ စကားဆိုနိုင်စွမ်းလည်း မေစစ်မှာ မရှိပါ။ သူကရော ဖက်ရှင်ဒီဇိုင်နာ တစ်ယောက်ရဲ့အလုပ်ကို ဘယ်လောက် သိနိုင်မှာပါလိမ့်။

"ဆရာမ…ဘာပြောစရာရှိသေးလဲ"

"ဟင့်အင်း၊ ဆရာရော…"

"မရှိပါဘူး"

"ဒါဆို ဖုန်းချလိုက်ကြတော့မယ်လေ"

"ဟုတ်ပါပြီ…"

မေစစ်တို့ အတူတကွ ဖုန်းပိတ်လိုက်ကြသည်။

မနက်ဖြန်ဆို ပြန်လာတော့မယ်တဲ့။ မေစစ်သည် အိမ်ထဲမှာ ကျန်ရစ်ခဲ့ရသည့် ကလေးတစ်ယောက်က လူကြီးပြန်အလာကို မျှော်သလိုမျိုး သူ့ကိုမျှော်နေခဲ့မိပါသည်။

သူက သူပြန်ရောက်သည့်နေ့ရဲ့ ညနေခင်းမှာပင် မေစစ်ထံဖုန်းဆက်လာခဲ့ကာ ညစာအတူစားကြဖို့ ချိန်းဆိုလာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



အလင်းရောင် ကောင်းစွာရှိသော ညနေခင်းမှာပင် မေစစ်တို့တွေ့ဆုံခဲ့ကြသည်။ သူ့ကိုတွေ့တော့ မေစစ်က ပျော်ရွှင်သွားကာ...

"ဆရာ...ဘာပါလဲ"

ဟု ကလေးတစ်ယောက်လို မေးလိုက်သည်။ သူက လှိုင်းတွန့်အနည်းငယ်ပါသော သူ့ဆံပင်တွေကို လက်ဖြင့် သပ်တင်ကာ တစ်ချက်ပြုံးလိုက်ရင်း...

"ပါတာပေါ့"

"တော်ပါသေးရဲ့၊ မေစစ်က ဆရာက အလုပ်များတဲ့သူဆိုတော့ မေ့ခဲ့မလားလို့"

"ဆရာမ မှာတာပဲ၊ မမေ့ပါဘူး၊ ပြီးတော့ ကျွန်တော်က မှာဖို့ တောင်းဆိုလို့သာ ဆရာမက မှာခဲ့ရတာလေ၊ မေ့လို့ ဘယ်ဖြစ်ပါ့မလဲ"

သူက မှန်ဘူးအကြည်လေးကို မေစစ်ရှေ့သို့ချပေးလိုက်သည်။ ရွှေနားကွပ်ကလေးတွေပါသော ခရမ်းရောင် သစ်ခွပွင့် ရင်ထိုးကလေးဖြစ်သည်။

မေစစ်က ရင်ထိုးကလေးကိုလည်း နှစ်သက်သည်။ တကူးတကဝယ်လာခဲ့သည့် သူ့ဂရုစိုက်မှုကိုလည်း နှစ်သက်သည်။ ဘာမဆို ကိုယ်တိုင်ကြိုးစားမှသာ ရယူနိုင်ခဲ့သော၊ ဘယ်သူ့ဆီကဘာကိုမှ အလကား မရခဲ့ဖူးသော မေစစ်သည် မေစစ်နှစ်သက်





သော သူတစ်ယောက်ရဲ့ လက်ဆောင်ဆိုတာကို ရသည့်အတွက် အလွန်ပီတိဖြစ်ရပါသည်။ သူ့ရဲ့လက်ဆောင်တိုင်းဟာ တန်ဖိုးကြီးသည်ဖြစ်စေ၊ မကြီးသည်ဖြစ်စေ မေစစ်အတွက်တော့ အထူးပင် အဖိုး ထိုက်တန်ပါသည်။

"ကြိုက်ရဲ့လား"

"အရမ်း ကြိုက်တယ်ဆရာ၊ ကျေးဇူးပဲနော်"

သူက မေစစ်စိတ်ထဲသို့ တရွေ့ရွေ့ခြေချနေပြီဆိုတာ ထိုနေ့ကတည်းကပင် မေစစ် အသိအမှတ်ပြုရသည်။ မေစစ်တို့သည် အလယ်တွင် စားပွဲတစ်ခုခြားကာ မျက်နှာချင်းဆိုင်ထိုင်ရင်း ထမင်းစားကြသည့်အနေအထားမျိုးဖြင့်သာ တွေ့ဆုံရသော်လည်း သူနဲ့မေစစ်ဟာ နီးကပ်သထက်နီးကပ်လာပြီဟု ခံစားရသည်။ မေစစ်ထက် အနည်းဆုံး ၈ နှစ်လောက်ကြီးနိုင်သော သူ့ကို မေစစ်က အစ်ကိုတစ်ယောက်လိုပင် ဆိုးနွဲ့ချင်လာသည်။ သို့သော် ဣန္ဒြေဆယ်၍သာနေချင်မိသည်။

ထမင်းစားပြီး စားသောက်ဆိုင်ကလေးထဲမှ ထွက်လာကြချိန်မှာ အချိန်အခါမဟုတ် မိုးဖွဲကလေးတွေ ကျလာလေသည်။ အဲဒီနေ့က မေစစ်ကားကိုဝပ်ရှော့ပို့ထားရတာမို့ မေစစ်က တက္ကဆီဖြင့်လာပြီး သူကလည်း သူ့ဒရိုင်ဘာ မလာသဖြင့် တက္ကဆီ ငှား၍လာခဲ့ရခြင်းပင်။

မေစစ်တို့သည် တက္ကဆီငှားရန် လမ်းကျဉ်းကလေး



www.burmeseclassic.com

www.burmeseclassic.com



ရဲ့ ထိပ်သို့ လမ်းလျှောက်ထွက်လာကြသည်။ အဲဒီအခိုက်မှာပဲ မိုးဖွဲကလေးတွေကျလာခြင်း ဖြစ်လေသည်။

"ဆရာမ ... မိုးတွေ စိုကုန်တော့မယ်"

"ရပါတယ်ဆရာ၊ ဖွဲဖွဲလေးပါ၊ ခုလို နေပူရာကနေ မိုးလေးအုံ့ပြီး မိုးဖွဲလေးတွေကျလာတာကို မေစစ်ဖြင့် သိပ်နှစ်သက်တာပဲ၊ ငယ်ငယ်တုန်းကဆို မိုးရွာထဲခဏခဏ လမ်းလျှောက်ထွက်လို့ အဆူခံရတယ်"

"ဆရာမက အလုပ်ကြီးအကိုင်ကြီးသာ လုပ်နေတယ်။ တစ်ခါတစ်ခါကျ ကလေးလိုပဲနော်"

"အံမယ် ... ဆရာက မေစစ်ကို မရင့်ကျက်ဘူး၊ ကလေးဆန်တယ်လို့ ဆိုလိုချင်တာလား"

"မဟုတ်ရပါဘူးဗျာ၊ ဖြူစင်ရိုးသားတယ်လို့ ပြောချင်တာပါ"

"ဆရာက မေစစ်ကို ကလေးလို့မှတ်ရင်လည်း ဘာလို့ဆရာမလို့ ခေါ်နေသေးလဲ"

"သြော် ... ငယ်ငယ်လေးနဲ့ အောင်မြင်နေတဲ့ဆရာမလေးမို့လို့ တလေးတစား တန်ဖိုးထားပြီး ခေါ်ရတာပါဗျာ"

မေစစ်တို့ စကားပြောနေဆဲ ... မိုးကလည်း တဖွဲဖွဲကျနေဆဲပင်။ မေစစ်တို့သည် ကားငှားလို့ရသည့် လမ်းသွယ်ထိပ်တွင် ရပ်မိပြီဖြစ်သော်လည်း ရှေ့ကဖြတ်သွားသည့်ကားတွေကို မတားမိဘဲ ခြေစုံရပ်နေမိကြသည်။





လမ်းသွယ်ကျဉ်းကလေးအတိုင်း အတူယှဉ်၍ လမ်းလျှောက်လာရသော အရသာကို မေစစ်က ထိုခဏလေးမှာပင် ခုံမင်နှစ်သက်သွားခဲ့သည်။

သူနဲ့အတူ ...။

သူနဲ့အတူ ... ခုလိုမိုးဖွဲဖွဲလေးတွေအောက်မှာ လမ်းဆက်လျှောက်ချင်သေးသည်။ ဖြစ်နိုင်ရင် ဟိုးအဝေးကြီးအထိ မနားတမ်းလျှောက်သွားချင်သည်။ မမှန်းဆနိုင်သည့် ... မဆုံးနိုင်အောင်ဝေးကွာသည့် လမ်းတွေပေါ် လျှောက်သွားချင်သည်။ သူ နံဘေးမှာရှိနေခြင်းဟာ မေစစ်စိတ်ကို လုံခြုံစေသည်။

"ဆရာမ ..."

"ရှင် ..."

သူက ခေါ်တော့ မေစစ် သူ့ကိုမော့ကြည့်မိသည်။ သူက မေစစ်မျက်ဝန်းတွေထဲသို့ နက်ရှိုင်းစွာ စိုက်ကြည့်ရင်း ...

"လမ်းလျှောက်ချင်သေးလား"

"ဟုတ်ကဲ့"

မေစစ်က ရိုးစင်းစွာပင် ခေါင်းညိတ်ပြခဲ့မိပါသည်။ မေစစ်စိတ်ကို နားလည်သည့်အတွက် သူ့ကို ကျေးဇူးတင်ရသည်။

အဲဒီနောက်တော့ မေစစ်တို့သည် ကားတွေတစီးစီး ဖြတ်မောင်းနေသည့် ပြည်လမ်းမကြီးရဲ့ ပလက်ဖောင်းအတိုင်း အတူလမ်းလျှောက်လာခဲ့ကြသည်။ အေဒီလမ်းမှသည် ဟိုး ခပ်



www.burmeseclassic.com

www.burmeseclassic.com



ဝေးဝေး အင်းလျားကန်ပေါင်အထိ လျှောက်ကြသည်။ အဲဒီလောက် ဝေးဝေးမလျှောက်ဖူးပါဘဲ မေစစ် လုံးဝမမောတာလည်း ထူးဆန်းသည်။ နှစ်ယောက်လုံးသည် ထူးထူးထွေထွေ ဘာမှစကားမဆို ဖြစ်ကြဘဲ ငြိမ်းချမ်းစွာပင် အတူယှဉ်တွဲ၍ လမ်းတွေကို ဖြတ်ခဲ့ကြသည်။

အဲဒီနေ့ဟာ ဘဝမှာ မေ့ရက်စရာမရှိသောနေ့တစ်နေ့ဟု မေစစ်က မှတ်ယူခဲ့သည်။

ခွဲခါနီးနှုတ်ဆက်ကြချိန်မှာ သူ မေစစ်ကို သမင်လည်ပြန်ကြည့်သွားသောအကြည့်ကလည်း ထူးဆန်းသည်။

ထိုအကြည့်က စတိုးဆိုင်တွေမှာ ချိတ်ဆွဲထားသည့် ကစားစရာပစ္စည်းလေးကို လိုချင်လျက်နှင့် မဝယ်နိုင်သော ကလေးတစ်ယောက်ရဲ့ သမင်လည်ပြန်အကြည့်မျိုး ဖြစ်သည်။

သူ ဘာကြောင့် ဒီလိုကြည့်ရသလဲ...။ မေစစ် စဉ်းစားမရချေ။

♥ ♥ ♥





ထိုနေ့ရဲ့နောက်ပိုင်းမှာတော့ သူက မေစစ်ထံ မကြာခဏ ဖုန်းဆက်တတ်ခဲ့သည်။ သူခရီးသွားတိုင်းလည်း ရောက်ရာအရပ်ကနေ မေစစ်ထံ လှမ်းဆက်တတ်မြဲဖြစ်သည်။ ပြီးတော့ ဘာမှာမလဲ အမြဲတမ်းမေး၏။ မေစစ်ကလည်း 'တစ်ခုခုဝယ်ခဲ့' ဟု မှာမြဲ။ သူကလည်း သော့ချိတ်ကလေးတွေကအစ အမှတ်တရ ပစ္စည်း တိုလီထွာလီလေးတွေ ဝယ်လာခဲ့မြဲ။ ပြန်ရောက်လာတိုင်း မေစစ်ဆီလာပေးပြီး ထမင်းအတူစားဖြစ်ကြမြဲဖြစ်သည်။

သူ့ထံက အဲဒီလောက် ဂရုစိုက်မှုအပြင် မေစစ်အတွက် ဘာကိုမှ ကူညီစောင့်ရှောက်မှု မရခဲ့သော်လည်း သူ့ရဲ့ သတိရခြင်းက မေစစ်ကို ပျော်ရွှင်စေသလို၊ သူ့ကို သတိရခြင်း



www.burmeseclassic.com

www.burmeseclassic.com



ကပင် မေစစ်ကို လုံခြုံနွေးထွေးစေပြန်သည်။ မေစစ်တို့ကြားမှာ 'သတိရခြင်း' တစ်ခုက အခိုင်အမာဖြစ်တည်လာပါသည်။

သူ ရန်ကုန်မှာ ရှိနေတိုင်းလည်း သူနဲ့တွေ့ရတာမဟုတ်၊ မေစစ်ထံ နေ့တိုင်းဖုန်းဆက်တာလည်းမဟုတ်၊ သို့သော် သူခရီးသွားမည်ဟု မေစစ်ထံဖုန်းဆက်ပြောသွားတိုင်း မေစစ် သူ့ကို လွမ်းကျန်ရစ်ရသည်။ သူပြန်လာမည်ဟုပြောလျှင် မတွေ့ရသည့်တိုင် မေစစ် ပျော်ရွှင်သည်။

မေစစ်တို့နှစ်ဦးကြားမှာ အချင်းချင်းနားလည်သော သတိရခြင်းတွေရှိ၏။ တန်ဖိုးထားမှုတွေရှိ၏။ သို့သော် သူ့ဘဝ သူ့ဝန်းကျင်ကို မေစစ်မသိပေ။ သိဖို့လည်း မကြိုးစားမိပေ။ မေစစ် တန်ဖိုးထားသည်မှာ နိုင်သတိုးဖြစ်သည်။ သူ့ရဲ့ဂုဏ်ပုဒ်တွေကို မဟုတ်။ သူ့ဘဝနောက်ခံကလည်း မေစစ်ရဲ့ တန်ဖိုးထားမှုကို ပျက်ပြားစေမည်မဟုတ်ဟု မေစစ်က ရိုးရိုးကလေးသာ တွေးထားခဲ့ပါသည်။

မေစစ်သည် သူ့ထံက ဘာကိုမှမမျှော်လင့်၊ သူ့အတွက် ဘာတွေဖြည့်ဆည်းပေးရမလဲဟုသာ စဉ်းစားတတ်လာခဲ့သည်။ မေစစ်ဘဝမှာ ယောကျ်ားတစ်ယောက်ကို အတွင်းကျကျ တွယ်ငင်မိတာ ဒါ ပထမဆုံးပဲ။ ရင်းနှီးနီးစပ်မှုနည်းလှသည့် အခြေအနေမျိုးမှာ မေစစ်က သူ့ကို နက်ရှိုင်းစွာ တွယ်ငင်သွားခဲ့သည်။





သူဟာ မေစစ် ခိုင်းသမျှကို ပျာပျာသလဲလုပ်ပေးတတ်သူမျိုးလည်းမဟုတ်၊ မေစစ် ဈေးဝယ်တိုင်းလည်း အဖော်လိုက်ပေးနိုင်သူမျိုးလည်း မဟုတ်၊ မေစစ်ရဲ့ ပျော်ရွှင်မှုအတွက် သူ့အချိန်များကို ပုံအောပေးနိုင်သည့်သူမျိုးလည်းမဟုတ်။ သို့သော် မေစစ်က သူ့ထံက ဘာမှမရဘဲလည်း ရောင့်ရဲကျေနပ်ပျော်ရွှင်နေသည်။

မေစစ်မင်းနှင့် နိုင်သတိုးတို့သည် ထိုအနေအထားကလေးအတိုင်းပင် ငြိမ်းအေးသက်သာစွာ အချိန်တွေကို ကျော်ဖြတ်လာနိုင်ခဲ့သည်။ မကြာခဏမတွေ့ရသည့်တိုင် ရံဖန်ရံခါ ဖုန်းဆက်စကားပြောရသည့် အချိန်ကလေးတွေကို တန်ဖိုးထားခဲ့ကြသည်။

နောက် လအနည်းငယ်အကြာမှာတော့ မေစစ် မွေးနေ့ကျရောက်လာခဲ့ပါသည်။ မေစစ်ထံဖုန်းဆက်ပြီး ပထမဦးဆုံး wish လုပ်သူက နိုင်သတိုးပဲဖြစ်သည်။

"ဆရာမ happy birthday ပါ"

"ကျေးဇူးပါပဲဆရာ"

"ဆရာမ မွေးနေ့မှာ ဘာလက်ဆောင် လိုချင်သလဲ"

သူဟာ မေစစ်ကို 'ဆရာမ' လို့သာခေါ်ပေမယ့် တစ်ခါတစ်ရံ ကလေးလိုဆက်ဆံတတ်တာ မေစစ်သိတာပေါ့။ ပြီးတော့ မေစစ်ကရော ဘာထူးသလဲ...မျက်နှာတည်တည်နဲ့ ဆရာခေါ်ပြီးလည်း ကလေးလိုဆိုးနွဲ့ ဂျီကျချင်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲလို မမေးနဲ့ပေါ့ဆရာရဲ့၊ မွေးနေ့ရှင်က ဘာလိုချင်တယ် ပြောရမှာကျတော့ တစ်မျိုးကြီးပေါ့၊ ဆရာပေးချင်တာ ပေးလေ၊ မွေးနေ့ရှင်ဆိုတာ ဘာမဆို လက်ခံရမှာပေါ့၊ မေစစ်ကတော့ ဆရာ့လို ကိုယ့်မွေးနေ့မှာ သူများကို လက်ဆောင်ပေးဖို့ အစီအစဉ်မရှိဘူးနော်၊ ကြိုပြောထားတာ"

"ဟုတ်ပါပြီဆရာမရယ်...၊ ကျွန်တော်ကပဲ ပေးမှာပါ၊ ဒါပေမယ့် ကျွန်တော်က ပေးချင်တာနဲ့ ဆရာမ လိုချင်တာ မကိုက်ညီရင် ဆရာမ မပျော်မှာစိုးလို့ပါ၊ ဆရာမလိုချင်တာပဲ ကျွန်တော်က ပေးချင်တယ်လေ"

"အင်း...ဒါဆို ဘာတောင်းရရင် ကောင်းမလဲ"

မေစစ်က မျက်နှာကလေးမော့ကာ စဉ်းစားနေတော့ သူက မေစစ်ကို ပြုံးငုံ့ကြည့်သည်။

"သိပြီ...Time၊ ဆရာ့ဆီက Time လိုချင်တယ်"

"ဘယ်လို..."

"အချိန်လေ ဆရာရဲ့၊ ဆရာက အမြဲမအားတဲ့သူဆိုတော့ ဆရာ့အတွက် အချိန်က အမြဲရှားပါးနေတာ မဟုတ်လား၊ မေစစ်က မေစစ်မွေးနေ့မှာ ဆရာ့ဆီက အချိန်ကိုပဲ မွေးနေ့လက်ဆောင်အဖြစ် လိုချင်တယ်၊ လက်ဆောင်ရတဲ့အချိန်မှာ မေစစ်လုပ်ချင်တာကို ဆရာလိုက်လုပ်ပေးရမယ်"





"အိုကေ...ကောင်းပါပြီဗျာ"

အဲဒီနေ့မှာ မမေ့နိုင်စရာကောင်းသော အချိန်တစ်ခုကို **သူ့ထံက** မေစစ် လက်ဆောင်ရခဲ့ပါသည်။

ထိုနေ့မှာ သူက မေစစ်ကို ဘာလုပ်ချင်သလဲမေးရာ မေစစ်က 'စွန်လွှတ်ချင်တယ်' ဟု ဖြေခဲ့တော့ သူက ကလေးတစ်ယောက်ကို အလိုလိုက်တော့မည့် လူကြီးတစ်ယောက်မျက်နှာထားမျိုးဖြင့် ကွင်းပြင်စိမ်းစိမ်းတစ်ခုရဲ့ အလယ်သို့ မေစစ်ကို ခေါ်ဆောင်သွားခဲ့လေသည်။ မြက်ခင်းစိမ်းစိမ်းသည် မိုးရေစက်တို့ဖြင့် အနည်းငယ်စိုစွတ်နေပြီး လေကလည်း ပြင်းထန်နေသည်။ ကောင်းကင်ကြီးကတော့ ပြာလွင်လွင်နောက်ခံဖြင့် တိမ်စိုင်ဖြူတို့ မျောနေသည်။

သူက အသင့်ဝယ်လာသော ရစ်လုံးကိုယူလာကာ မေစစ်လက်ထဲထည့်ပေးလိုက်ပြီး ကြိုးစကလေးထုတ်ကာ စွန်ကို ချည်လိုက်သည်။ သူက လက်ကိုမြှောက်ကာ စွန်ကို အလိုက်သင့်ကိုင်ပေးထားတော့ မေစစ်က ရစ်လုံးကို ရစ်လိုက် လျှော့လိုက်လုပ်ပေးရင်း စွန်က ကောင်းကင်ပေါ်သို့ ထိုးတက်သွားလေသည်။

မေစစ်သည် ခေါင်းလျှော်ပြီးစ ဆံပင်များကို ဖြန့်ချထားခဲ့တာမို့ ဆံပင်များက လေဖြင့် လွင့်နေသည်။ သူ အနားမှာ လာရပ်ချိန်မှာ လေဝှေ့တိုက်လိုက်တာမို့ မေစစ် ဆံပင် တချို့က မျောလွင့်ကာ သူ့မျက်နှာမှာ သွားကပ်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆောရီး ဆရာ..."

"ကိစ္စမရှိပါဘူး"

သူက ဆံပင်တွေကို အသာအယာဖယ်ထုတ်လိုက်သည်။ ပြီးတော့ သူ့ရှပ်အင်္ကျီအိတ်ထဲက လက်ကိုင်ပဝါလေး ထုတ်ယူလိုက်ပြီး မေစစ်ဆံပင်တွေကို အသာဖွဖွစည်းနှောင်ပေးလိုက်သည်။

မေစစ်သည် ရင်ထဲတထိတ်ထိတ်ခုန်လာသော်လည်း အားတင်းကာ ဟန်ဆောင်ရင်း ကောင်းကင်မှာ ဝဲပျံနေသော စွန်ကလေးကိုသာ မော့ကြည့်နေသည်။

မေစစ်ကြည့်နေဆဲ စွန်ကလေးက တဖြည်းဖြည်း အနိမ့်ဘက်သို့ ဝဲကျလာသည်။

"ဆရာမ...ကြိုးကို လျှော့လိုက် တင်းလိုက်လုပ်ပေးလေ၊ အဲ့ဒါမှ စွန်က ပြန်တက်မှာပေါ့"

"လုပ်တာပဲဆရာ...ဒါပေမယ့် မရဘူး"

"ကျွန်တော် ကြိုးရစ်ပေးမယ်နော်"

"ဟုတ်ကဲ့"

သူက မေစစ်နောက်မှာ အသာအယာရပ်ခဲ့ပြီး မေစစ်ကိုင်ထားသော ရစ်တံရဲ့တစ်ဖက်စွန်းကို ဆုပ်ကိုင်လာခဲ့သည်။ မေစစ်သည် ရုတ်တရက် လုံခြုံရာ ရသွားသလို ခံစားလိုက်ရသည်။

အဲဒီနောက်တော့ စွန်ကလေးလည်း ကောင်းကင်





ပေါ် ပျံတက်သွားခဲ့ကာ မေစစ်နှင့် သူကတော့ ရစ်လုံးတစ်လုံးကို အတူတကွ ဆက်ကိုင်ထားခဲ့ကြပါသည်။

ကောင်းကင်ထက်တွင် ဝဲပျံနေသော စွန်ကလေးကို နိုင်သတိုးနှင့် မေစစ်မင်းတို့ အတူတကွမော့ကြည့်ရင်း အရာအားလုံးကို ခဏမေ့လျော့ မိန်းမောပျော်ရွှင်နေခဲ့ကြသည်။

ပတ်ဝန်းကျင်သည် စိမ်းလန်းနေပြီး ရာသီဥတုက ကြည်လင် သာယာနေသည်။ ကွင်းပြင်ရဲ့အလယ်မှာတော့ မေစစ်နှင့် သူသာရှိလေသည်။ ထိုခဏမှာပဲ သူက မေစစ်ကို ခပ်တိုးတိုး မေးလာခဲ့ပါသည်။

"ဆရာမ စွန်တွေကို သဘောကျလား"

"သိပ်သဘောကျတာပေါ့ဆရာ၊ အဲဒီလို ကောင်းကင်ပေါ်မှာ ဝဲပျံနေရတဲ့ အရသာမျိုးကို မေစစ် လိုချင်တယ်"

"ကြိုးကိုရော"

"ရှင်...၊ ဆရာ ဘာကိုဆိုလိုတာလဲ"

"စွန်လိုပဲ...နောက်ကနေ ကြိုးနဲ့တုပ်ဆိုင်းချည်နှောင်ထားတာမျိုးကိုရော သဘောကျရဲ့လား၊ ကောင်းကင်ပေါ်မှာ ဝဲပျံနေခွင့် ရတယ်ဆိုပေမယ့် လိုရာသွားလို့မရနိုင်ဘူးလေ၊ ရစ်လုံးက လျှော့ပေးသလောက်ပဲသွားလို့ ရမှာပေါ့၊ ပြန်တင်းရစ်ချည်ပစ်လိုက်တဲ့အချိန်ကျရင် ပြန်နိမ့်ဆင်းလာရမှာပဲ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဒါလည်း တစ်မျိုးကောင်းတာပဲလေ ဆရာ၊ မေစစ်က တော့ ချည်နှောင်ခံရတာကို နှစ်သက်တယ်၊ အဲဒီလိုမှ ချည်နှောင်မထားရင် စွန်ဆိုတာ လွင့်ချင်ရာလွင့်ထွက်သွား နိုင်တာပဲ၊ ကြိုးဆိုတာ ကာကွယ် စောင့်ရှောက်ခြင်းလို့ ယူဆလို့ရတာပဲ၊ ပျံသင့်သလောက် ပျံမယ်လေဆရာ၊ လွင့် ချင်ရာ မလွင့်ဖို့ ကြိုးကလည်း ထိန်းထားပေးသေးတယ်၊ ဘယ်လောက် အဆင်ပြေသလဲ"

"စွန်ကြိုးပြတ်သွားနိုင်တဲ့ အချိန်တွေလည်း ရှိတာပါပဲ ဆရာမရယ်၊ စွန်လွှတ်သူက ကြိုးအလျှော့အတင်း မကျွမ်း ကျင်တဲ့အခါ၊ ဒါမှမဟုတ် ပြိုင်ဘက်စွန်လွှတ်သူ တစ် ယောက်က စွန်ချင်းပြိုင်ပြီး ကြိုးဖြတ်ခံရတဲ့အခါကျရင် လည်း ပြတ်ထွက် လွင့်မျောသွားနိုင်တာပါပဲ"

"ဆရာက ကြိုးကို မကြိုက်ဘူးလားဟင်"

"တစ်ခါတစ်ခါ မကြိုက်ဘူး၊ ကြိုးက စွန်ကို နာကျင် စေတယ်လို့ထင်တယ်"

"အဲဒီလိုလည်း မတွေးနဲ့ဆရာ၊ စွန်ချည်းပဲဆိုရင် ကောင်း ကင်ပေါ်ကို ခုလောက်အမြင့်ထိအောင် တက်လာနိုင်မှာ မဟုတ်ဘူးလေ၊ ကြိုးက အလျှော့အတင်း လုပ်ပေးလို့သာ တက်လာနိုင်တာ မဟုတ်လား"

သူကတိတ်ဆိတ်သွားလေသည်။ မေစစ်က တစ်ခုခု





ကို နက်နက်ရှိုင်းရှိုင်း တွေးနေသော သူ့မျက်နှာကို နားမလည် သလိုကြည့်မိသည်။ အဲဒီအချိန်တုန်းကတော့ သူ့ရင်ထဲမှာ ဘာ ခံစားချက်တွေရှိလဲ၊ သူဒီစကားတွေကို ဘာအဓိပ္ပာယ်နဲ့ ပြောသလဲ။ မေစစ်မသိ။ မေစစ် ဘာမှ မသိခဲ့ပါ။

အဲဒီနေ့က မေစစ်တို့ လမ်းခွဲဖို့နှုတ်ဆက်ကြသော အခါ သူ့မျက်ဝန်းတွေထဲက တစ်စုံတစ်ရာကို မေစစ်တွေ့ရပြန် သည်။ သူ့အကြည့်ဟာ ဝမ်းနည်းရိပ်တွေစွက်သည်။ ယူကျုံးမရ ရိပ်တွေစွက်သည်။ လိုချင်တာကို မရပါဘူးဟု သိနေသော ကလေး တစ်ယောက်ရဲ့ ကြေကွဲရိပ်မျိုးကိုလည်း တွေ့ရသည်။ အဲဒီအကြည့် ကို မေစစ် တိတိကျကျ အဓိပ္ပာယ်မဖော်နိုင်သေးပါ။

ထိုမွေးနေ့ကိုတော့ မေစစ်ကျော်ဖြတ်ခဲ့ရသော မွေးနေ့ များစွာထဲက အဓိပ္ပာယ်အရှိဆုံး၊ အပျော်ရွှင်ဆုံးမွေးနေ့အဖြစ် ရင်ထဲအသည်းထဲစွဲအောင် မှတ်မိခဲ့ပါသည်။ အဲဒီအမှတ်တရဟာ မေစစ်နှလုံးသားရဲ့ အနက်ရှိုင်းဆုံးတစ်နေရာမှာ တွယ်ကပ်ကျောက် ဖြစ်သွားသည်။

ထိုညနေခင်းကို လွန်မြောက်သောအခါ မေစစ်တို့ ပိုပြီး ရင်းနှီးတွယ်ငြိလာသည်။ နက်ရှိုင်းလာသည်။ နားလည်လာ သည်။ ပြီးတော့ များပြားသောခံစားချက်များဖြင့် ရင်ထဲပြည့်ကျပ် အုံဖွဲ့လာလေသည်။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com





❦ ❦ ❦

မေစစ်ရင်ထဲက တစ်စုံတစ်ရာဟာ တိကျသေချာသည့် ချစ်ခြင်းတရားဆိုတာ သေချာသထက်သေချာလာခဲ့လေပြီ။ ထိုချစ်ခြင်းက လေးနက်သည်။ သူ့ထံကဘာမှမရဘဲလည်း ချစ်နိုင်သည့် ချစ်ခြင်း၊ သူနဲ့သာယာနီးစပ်မှုမရှိဘဲလည်း ချစ်နိုင်သည့် ချစ်ခြင်းဖြစ်သည်။

မေစစ်မင်းနှင့် နိုင်သတိုးသည် အသိုက်အဝန်းချင်းမတူ၊ အသက်အရွယ်ချင်းမတူ၊ အတတ်ပညာချင်းမတူ ... စသည့် စသည့် မတူညီမှုများစွာကြားကပင် တူညီမှုများကို ရှာဖွေတွေ့ခဲ့သည်။ သူက ဂီတကိုချစ်သည်။ ရုပ်ရှင်တွေကို စိတ်ဝင်စားသည်။ အနုပညာစိတ်ရှိသည်။ ဒါကပင် မေစစ်နှင့် သူ့ကိုတူညီစေသည်။



www.burmeseclassic.com

www.burmeseclassic.com



နှစ်ဦးသားဆိတ်ငြိမ်သည့်ဆိုင်ကလေးမှာ ထမင်းအတူစားကြရင်း ဆိုင်ကလေးထဲမှာ ဖွင့်ထားသည့်သီချင်းသံကို အတူနားစွင့်ကြရင်း ဘယ်နိုင်ငံက ဘယ်သူဆိုသည့် ဘာသီချင်းဆိုတာကို စဉ်းစားကြမည်။ ငြင်းခုံကြမည်။ အဲဒီလိုငြင်းခုံသည့်အခါတိုင်း သူက လူငယ်လေးတစ်ဦးဖြစ်သွားပြီး မေစစ်ကတော့ ရင့်ကျက်သည့် မိန်းမတစ်ယောက်ဖြစ်သွားသည်။ 'အဲဒီအချိန်တွေဟာ ရံဖန်ရံခါမျှသာ ဖြစ်သော်လည်း မေစစ်ကတော့ ရှည်ကြာလွန်းသည်ဟု ထင်သည်။ သူနဲ့နှစ်ပေါင်းများစွာကပင် ခင်မင်ရင်းနှီးလာခဲ့သည်ဟုလည်း ထင်သည်။

မေစစ်မင်းသည် မေစစ်မင်းချည်းပဲလည်း မဟုတ်။

နိုင်သတိုးသည် နိုင်သတိုးချည်းပဲလည်း မဟုတ်။

နှစ်ဦးပေါင်းမှ တစ်သားတည်းကျကာ မထင်မှတ်လောက်အောင် နီးကပ်လာသည်။

အဲဒီအနေအထားရဲ့ အကျိုးဆက်ဟာ ဘာဖြစ်လာမလဲဟု ညတွေတိုင်း နေ့တွေတိုင်း မေစစ် တွေးသည်။

♥ ♥ ♥





❀ ❀ ❀

တစ်နေ့တော့ မေစစ်မင်းသည် နိုင်သတိုးရဲ့ ရင်ဘတ်ထဲကအရာကို ဟင်းလင်းမြင်လိုက်ရလေသည်။

အဲဒီနေ့က မေစစ်သည် သူ့ရုံးခန်းရှိရာ Hotel ရဲ့ အောက်ထပ်ရှိ စားသောက်ဆိုင်ကလေးတွင် ထမင်းဝင်စားရင်း သူ့ဖို့ဝယ်ထားသော CD တစ်ချပ်ကို ပေးဖို့သတိရလေသည်။ မေစစ် သူ့ GSM ဖုန်းကို ဆက်လိုက်တော့ ဖုန်းပိတ်ထားပြီး ရုံးဖုန်းကိုဆက်တော့လည်း ဖုန်းက မအားတာမို့ သူ့ရုံးခန်းရှိရာ ငါးထပ်သို့ မေစစ် တက်လာခဲ့သည်။

"ဒေါက်တာ နိုင်သတိုး ရှိပါသလားရှင်"

မေစစ်က ရီဆက်ရှင်ကို မေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှိပါတယ်ရှင်၊ သူ meeting ဝင်နေပါတယ်၊ ခုပဲပြီးတော့မှာပါ၊ ခဏလေး စောင့်ပေးပါ"

သူ့အတွင်းရေးမှူးမကလေးက မေစစ်ကို ခရီးဦးကြိုပြုပြီး သူ့ရုံးခန်းတွင်းသို့ မေစစ်ကို ခေါ်ဆောင်သွားခဲ့သည်။

အခန်းတွင်းသို့ ဝင်ဝင်ချင်း မေစစ်တွေ့ရသည်မှာ အစက်အပြောက်တွေ ဝေဖြာလှပနေသော ဂမုန်းပင်ကလေးဖြစ်လေသည်။ အဲဒါ မေစစ် သူ့ကိုမွေးနေ့လက်ဆောင်ပေးခဲ့တဲ့ အပင်ကလေးပဲပေါ့...။ ပန်းအိုးကလေးမှာ သူ့စားပွဲပေါ်တွင် လှပစွာနေရာယူထားခဲ့သည်။ ပေးစနှင့်မတူ အရွက်နုသစ်ကလေးတွေ ဝေကာ စိမ်းလန်းနေပုံက အထူးဂရုပြုစောင့်ရှောက်ခံထားရမှန်းလည်း သိသာစေသည်။

မေစစ်သည် ပြောမပြနိုင်သော ပီတိတစ်မျိုးဖြင့် အသာအယာပြုံးမိကာ အပင်ကလေးရဲ့အရွက်တွေကို တစ်ရွက်ချင်းကိုင်တွယ်ထိတွေ့နေမိဆဲ သူ့အတွင်းရေးမှူးမကလေးက ပြောသည်မှာ...

"အဲဒီအပင်ကတော့ ဆရာ့အသည်းစွဲပဲ မမရဲ့၊ ဆရာက ဘယ်လောက် အလုပ်များများ သူ့အပင်ကို မနက်ရုံးလာလာချင်း တစ်ကြိမ်၊ ညနေရုံးဆင်းချိန်တစ်ကြိမ် ရေလောင်းဖို့ မမေ့ဘူး၊ သူခရီးသွားရင်လည်း သူ့အပင်ကို နေ့တိုင်း မပျက်မကွက် ရေလောင်းပေးဖို့ ကျွန်မကို တဖွဖွမှာသွားတာ"





ထိုစကားကြောင့် မေစစ်ရင်ထဲ လှုပ်ခတ်လာဆဲ... အခန်းဝမှာ သူ့အရိပ်ကိုမြင်ရလေသည်။

"ဟော... ဆရာမ၊ ညီ့သည်ဆိုလို့ ဘယ်သူများလဲလို့"

"အောက်-ိပ်ကဆိုင်မှာ ထမင်းဝင်စားရင်း ဆရာ့အတွက် ဝယ်ထားတဲ့ CD ဝင်ပေးတာပါ ဆရာ၊ ဖုန်းဆက်ကြည့်တော့လည်း မရလို့ အပေါ်တက်လာခဲ့တာ"

မေစစ်က သူ့ကိုပြောပြီး အပင်ကလေးကိုသာ ကြည်ကြည်နူးနူး ပြန်ငေးကြည့်နေမိတော့ သူက မေစစ်အကြည့်ကို သတိပြုမိသွားကာ...

"ဆရာမ ပေးထားတဲ့ အပင်ကလေးလေ"

"တော်တော်တောင် ကြီးနေပြီနော် ဆရာ"

"ဟုတ်တယ်... ဆရာမပေးတုန်းက အရွက်လေးငါးရွက်ပဲပါတာ၊ ဆရာမနဲ့ ကျွန်တော် feel မှာ ထမင်းစားကြတဲ့နေ့က အရွက်သစ်ကလေး တစ်ရွက် ထပ်ထွက်လာတယ်၊ မိုးဖွဲထဲမှာ လမ်းလျှောက်ဖြစ်ကြတဲ့နေ့က တစ်ရွက် ထပ်ထွက်တယ်၊ ဆရာရွှေပြည်အေးရဲ့ နားပန်းဆံ သီချင်းကကော်ပီလား ကိုင်ပိုင်သံစဉ်လား ငြင်းကြတဲ့နေ့က တစ်ရွက်ထပ်ထွက်တယ်၊ ပြီးတော့..."

"ဆရာ..."

သူ့စကားမဆုံးမီပင် မေစစ်သည် ခံစားချက်မျ...



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် မွှန်းကျပ်နင့်သည်းလာကာ တုန်ယင်သောအသံဖြင့် ခေါ်မိ၏။ သူက ပြောလက်စ စကားကိုရပ်ပြီး မေစစ်ကို လှည့်ကြည့်လာသည်။

"ကျေးဇူးပဲ...ကျေးဇူးပါပဲ ဆရာ"

မေစစ်က တုန်ယင်လှိုက်လှဲစွာပြောပြီး တစ်ဆက်ကည်း သူ့ကိုနှုတ်ဆက်ထွက်ခွာလာခဲ့ရသည်။ သူ့ရှေ့မှာ မေစစ် တည်တည်ငြိမ်ငြိမ် ရပ်တည်ဖို့ မသေချာတော့လို့ဖြစ်သည်။

သို့သော် ဘယ်လိုပဲဖြစ်ဖြစ် မေစစ်ပျော်သည်။ သူ့ရင်ကို ဟင်းလင်းမြင်လိုက်ရသည့်အတွက် မေစစ် ပျော်သည်။

အဲဒီပျော်ရွှင်ခြင်းကို တစ်သက်လုံး ပိုင်ရရင် ဘယ်လောက် ကောင်းမလဲ...။

♥ ♥ ♥





❦ ❦ ❦

"နိုင်..."

မေစစ်မင်းသည် ပါးစပ်လှုပ်ရုံ တစ်ခွန်းတည်းခေါ်ကြည့်လိုက်ပြီး သူငယ်မကလေးလို မျက်နှာကို ခေါင်းအုံးနှင့် မှောက်အပ်ငြိမ်သက်ရင်း ပြုံးနေမိသည်။ သူနှင့်သာ ချစ်သူဖြစ်ခဲ့လျှင် မေစစ် သူ့ကို ဒီလိုပဲခေါ်ချင်သည်။

ခုချိန်မှာတော့ မေစစ်ထံတွင် သူနှင့်ပတ်သက်၍ အရာရာ အဆင်သင့်ရှိခဲ့ပြီဖြစ်သည်။ သူ့ကို ခေါ်ဖို့ နာမည်ရှိသည်။ သူနှင့်အတူ မိသားစုဘဝ တည်ဆောက်ကြလျှင် စီစဉ်ရမည့် အစီအစဉ်တွေရှိသည်။ စိတ်ကူးတွေရှိသည်။ ပြီးတော့ မရှက်တမ်း



www.burmeseclassic.com

www.burmeseclassic.com



ပြောရလျှင် သားလေးမွေးခဲ့လျှင် ပေးဖို့ နာမည်ကလေးပင် အဆင်သင့် ရှိခဲ့ပြီဖြစ်သည်။

"သတိုးစစ်"

မေစစ်သည် အလွန်ချစ်စရာကောင်းသည့် ကလေးဓာတ်ပုံကလေးရဲ့နောက်မှာ ထိုနာမည်ကလေး ရေးထားပြီး ဓာတ်ပုံလေးကို မေစစ်ပိုက်ဆံအိတ်ထဲမှာ အမြဲထည့်ထားသည်အထိ စိတ်ကူးဖြင့် ရူးသွားသည်။ နိုင်သတိုးနဲ့ မေစစ်မင်းရဲ့သားကလေးဟာ 'သတိုးစစ်' ပေါ့...။

ထိုသားကလေးထဲတွင် သူလို ဆံပင်လှိုင်းတွန့်ကလေးတွေလည်း ရှိချင်ရှိမည်။ မေစစ်လို ဆံပင်ဖြောင့်ဖြောင့်စင်းစင်းကလေးတွေလည်း ရှိချင်ရှိမည်။ သူ့လို တစ်ဖက်သားအပေါ် နှစ်သက်ဆွဲဆောင် နှစ်လိုစေသည့် အသံမျိုးနှင့် မေစစ်လို လှပသည့် ရုပ်ရည်မျိုးလည်း ရှိချင်ရှိမည်။ သို့သော် ဘယ်လိုပဲဖြစ်ဖြစ် မေစစ်က ချစ်ရမည်ပင်။ အဲဒီကလေးလေး စိတ်ဒဏ်ရာအနာတရ ကင်းစွာ ကြီးပြင်းလာဖို့ မေတ္တာတရားဖြင့် တာဝန်ယူစောင့်ရှောက် ရမည်ပင်။ လုံခြုံမှုပေးရမည်ပင်။ အဲဒီကလေးဟာ ဒုတိယ မေစစ်မင်း မဖြစ်ဖို့ အရေးကြီးသည်။

မေစစ်မင်းသည် ကြိုတင်စိတ်ကူးထားသော... လှပသော စိတ်ကူးများဖြင့် မေစစ်အခန်းနံရံမှာ ချစ်စဖွယ် ကလေးပုံများကို အပြည့်လိုက်ကပ်လေသည်။ စန္ဒီက မေစစ်အခန်းထဲဝင်လာတော့ တအံ့တသြမျက်လုံးပြူးနေကာ...





"ဟယ်...ကလေးပုံတွေ ပြည့်လို့ပါလား၊ မမ ဘာစိတ်ကူးနဲ့ လိုက်ကပ်ထားတာလဲ"

မေစစ်သည် နောက်ဆုံး ကပ်ရမည့်ကလေးပုံကလေးကို ကပ်ပြီးပြီမို့ ဂါဝန်ကလေး ဝေ့ခနဲဝဲသွားအောင် ခုံပေါ်မှ ခုန်ဆင်းလာရင်း...

"အဲဒီလို ချစ်စရာကလေးလေးတွေ လိုချင်လို့ပေါ့ စန္ဒီရဲ့"

"စန္ဒီသိတာတော့ အဲဒီလိုပုံတွေကပ်တယ်ဆိုတာ အိမ်ထောင်ကျပြီး ကိုယ်ဝန်တွေဘာတွေရှိမှ ကပ်ရတာ မဟုတ်လား"

"ခုကတည်းက ကြိုကပ်ထားတော့ရော ဘာဖြစ်သလဲ စန္ဒီရယ်"

"မမဟာက အဆင့်ကျော်နေတဲ့ဥစ္စာ..."

စန္ဒီ့အပြောကြောင့် မေစစ် ရယ်မောမိသည်။ မတတ်နိုင်ဘူး။ မေစစ်စိတ်ကူးတွေက များပြားလွန်းသည်လေ။ မေစစ်မျှော်လင့်ထားသည့်ဘဝဆိုတာ ရှည်လျားလွန်းပြီး ပျော်ရွှင်ခြင်းတွေပဲရှိသည့် ဘဝမျိုး။ မေတ္တာနှင့် လုံခြုံချမ်းမြေ့သည့် ဘဝမျိုး ဖြစ်သည်။ မေစစ်သည် ခုချိန်မှစကာ မလှသော အတိတ်ကို ချန်ထားပြီး ခမ်းနားပြည့်စုံသည့် အနာဂတ်ဘဝကို တည်ဆောက်မည်။ မေစစ်ဘဝမှာ အဲဒီ 'မိသားစုဘဝ' လေးတစ်ခုပဲ လိုအပ်နေခဲ့တာ ဖြစ်သည်။

ဒီတစ်ကြိမ်မှာတော့ မေစစ်လိုချင်သော မိသားစု



www.burmeseclassic.com

www.burmeseclassic.com



ဘ၀ကို ရကို ရလိမ့်မည်ဟု မေစစ်မင်းက အလွန်အမင်း ယုံကြည် မျှော်လင့်ခဲ့လေသည်။

♥ ♥ ♥





နေ့သည် သူ့အလင်းကို တစ်စတစ်စ ရုပ်သိမ်းသွားခဲ့ပြီး ညက နေရာယူကြီးစိုးလာသည်။ ဆိုင်ခန်းထဲတွင် မေစစ် တစ်ယောက်တည်းသာ ရှိနေခဲ့သည်။ ဘယ်အချိန်တွေ ရှိပြီလဲ မေစစ် မသိ။ အပြင်လောကကိုလည်း မှန်ပြတင်းတွေမှတစ်ဆင့် မကြည့်ဖြစ်။ မေစစ်သည် စက်ခုံပေါ်က ကုတ်အင်္ကျီစတွေထဲမှာသာ အာရုံဝင်စားနစ်မျောနေသည်။

ချောကလက်ရောင် ကုတ်အင်္ကျီစတွေ မေစစ်အနားမှာ ပြန့်ကျဲနေသည်။ အပ်ချုပ်စက်ရဲ့ မော်တာလည်ပတ်သံသဲ့သဲ့ကို နံရံကပ် ဆောင်းဘောက်များဆီက ဂီတသံတိုးတိုးကလေးက ဖုံးအုပ်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



မေစစ်ချုပ်ခဲ့ဖူးသော အင်္ကျီများစွာထဲမှာ ဟောဒီ အင်္ကျီကို ချုပ်နေရချိန်လောက် စိတ်ချမ်းသာရတာမျိုး မရှိခဲ့ပါ။

မကြာခင် နိုင်သတိုးရဲ့ မွေးနေ့ရောက်တော့မှာမို့ မေစစ်က ချောကလက်ရောင် ကုတ်အင်္ကျီလေးတစ်ထည်ကို သူ့အတွက် ကိုယ်တိုင်ချုပ်နေခဲ့ခြင်းပင်ဖြစ်သည်။

သူ့မွေးနေ့မှာ ဒီအင်္ကျီကလေး လက်ဆောင်ပေးချင်သည်။ မေစစ် cutting ချပေးပြီး ဝန်ထမ်းတွေကို ချုပ်ခိုင်းလို့ရပေမယ့် မေစစ် ဒီလိုမလုပ်ချင်။ ကိုယ်တိုင်သာ ချုပ်ချင်သည်။ အစအဆုံး မေစစ်လက်ရာဖြင့်သာ သူ့ကိုဆင်မြန်းချင်သည်။ နက်ခ်တိုင်ကအစ၊ ဘောင်းဘီကအစ တစ်စုံလုံး မေစစ်ကိုယ်တိုင် ချုပ်မည်။

မေစစ်က အင်္ကျီလက်ကို ပခုံးနှင့်တွဲနေဆဲ တံခါးတွန်းဖွင့်သံကြားရကာ စန္ဒီ ဝင်လာသည်။

"ဟင်...မမ မပြန်သေးဘူးလား၊ ၉ နာရီတောင် ကျော်နေပြီလေ၊ ဘာလုပ်နေတာလဲ၊ စန္ဒီတောင် အင်္ကျီစတွေ ဝင်ပို့ဖို့ တစ်ခေါက်ပြန်ဝင်လာတာ"

"စန္ဒီ ပြန်ချင် ပြန်နှင့်လေ၊ မမ ဒါလေး ပြီးသလောက် ချုပ်လိုက်ဦးမယ်"

"ဘာလို့ ကိုယ်တိုင်ချုပ်နေရတာလဲ မမရဲ့၊ မမ cutting ချပြီးရင် ဝန်ထမ်းတစ်ယောက်ယောက်ကို ပေးချုပ်လိုက်လေ"





"ဒီအင်္ကျီက မမ အစအဆုံးချုပ်ချင်တဲ့ အင်္ကျီမို့လို့ပါ စန္ဒီရယ်"

"ဟယ်...ကုတ်အင်္ကျီပါလား၊ ဒီလိုဆိုရင်တော့ မမ မရိုးတော့ဘူး"

မေစစ်က ပြုံး၍ပဲနေလိုက်တော့ စန္ဒီက ဆက်လည်း မမေးရဲဘဲ သိချင်စိတ်ဖြင့် အသည်းယားနေသည်။


အဲဒီညက ၁၁ နာရီထိုးသည်အထိ မေစစ် သူ့အင်္ကျီကလေးကို ဆက်ချုပ်နေခဲ့သည်။ သူ့ဖို့ရည်စူးသည့် အင်္ကျီစတွေကို ထိတွေ့နေရခြင်းကပင် မေစစ်ကို ပျော်ရွှင်စေသည်။ အတိတ်က အနာတရများကို မေ့စေသည်။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com





ၾ ၾ ၾ

တကယ်တော့ လူ့ဘဝဆိုတာ ကံကြမ္မာဆိုက အကောင်းတွေ ရမလား၊ အဆိုးတွေရမလားဆိုတာကို ရင်တထိတ်ထိတ်ဖြင့် စောင့်ဆိုင်းနေရခြင်းပဲလား မသိချေ။

မေစစ် ကုတ်အင်္ကျီစ ချုပ်ခဲ့ပြီး သုံးရက်မြောက်နေ့တွင် ဖြစ်ပါသည်။

ညနေစောင်းပြီမို့ Hotel တစ်ခုမှာ ဖွင့်ထားသည့် မေစစ်တို့ရဲ့ ရုံးအခန်းတံခါးကို ပိတ်လိုက်ပြီး မေစစ်က ဆက်ချုပ်ရမည့် ကုတ်အင်္ကျီစတွေကို ဗီရိုထဲမှ ထုတ်ယူလိုက်ပါသည်။ စန္ဒီကတော့ အမျိုးသမီးဝတ် ဘလောက်စ်အင်္ကျီတစ်ထည်ကို cutting ချရင်း မေစစ်ကို စောင့်ပေးနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီညမှာလည်း ခါတိုင်းညတွေကလိုပဲ နိုင်သတိုးအတွက် ရည်ရွယ်သည့်အင်္ကျီကို ကျေနပ်ကြည်နူးသောစိတ်ဖြင့် ချုပ်ရင်း တစ်နေ့တာကို နိဂုံးချုပ်ရမည်ဟုသာ မေစစ်က ထင်ခဲ့သည်။

ထိုအချိန်မှာပင် အခန်းတံခါးခေါက်သံ ထွက်ပေါ်လာခဲ့လေသည်။

"ဒီအချိန်ကြီးကျမှ ဘယ်သူပါလိမ့်..."

မေစစ်က အတွင်းဘက်အခန်းထဲမှာ အင်္ကျီချုပ်နေတာမို့ စန္ဒီက တီးတိုးရေရွတ်ရင်း တံခါးဆီ ထသွားသည်။

"စန္ဒီရေ...မမကိုမေးရင် ပြန်ပြီလို့ပဲပြောနော်၊ ဒီအချိန်ကြီးကျမှ မမ အလုပ်မလုပ်ချင်တော့ဘူး၊ ဒါလေးက ဒီညဆို ပြီးစသတ်လို့ရပြီလေ"

"ဟုတ်ကဲ့ပါ မမ"

မေစစ်အာရုံက အင်္ကျီလေးအပေါ်မှာသာ စူးစိုက်နေပါသည်။ နောက် ၂ ရက်ဆို သူ့မွေးနေ့ရောက်ပြန်ဦးတော့မည်။ မွေးနေ့အမီ ပြီးဖို့သာ အရေးကြီးဆုံးဖြစ်ပါသည်။

တံခါးဖွင့်သံကြားရသည်။ ပြီးတော့ အမျိုးသမီးနှစ်ယောက် ဝင်လာတာကို မေစစ်လှမ်းမြင်နေရသည်။ မေစစ်ကိုတော့ သူတို့လှမ်းမမြင်နိုင်ပါ။ သူတို့အသံတွေကိုလည်း မေစစ်ကြားနေရသည်။





"စန္ဒီရေ...ဒီအချိန်ကြီးမှ လာအပူကပ်ရတာတော့ အားနာပါတယ်၊ သဘက်ခါကျရင် မင်္ဂလာဆောင်တစ်ခု သွားစရာရှိလို့လေ၊ သတို့သမီးက သဉ္ဇာ့သူငယ်ချင်းဆိုတော့ ဒီနေ့တစ်နေ့လုံး ဖိတ်စာတွေ ကူပြီးကမ်းပေးနေရတာနဲ့ နောက်ကျသွားတာ"

"မသဉ္ဇာတို့အကြောင်းတော့ စန္ဒီသိပြီးသားပါ၊ ဒီလိုပဲ အနားနီးမှ လာလာကျိကျတတ်တာ ထုံးစံဖြစ်နေပြီ"

"ဟယ်...စန္ဒီ့ကြည့်ရတာ ပိုလှလာသလိုပဲနော်၊ တို့အတွက် အချိန်မီ ချုပ်ပေးမယ် မဟုတ်လားဟင်"

"လာဖားမနေပါနဲ့နော်"

"မမရော"

"ပြန်ပြီပေါ့"

"မမကိုလည်း လောပေးပါဟယ်နော်"

"လောပေးပါ့မယ်၊ ကိုယ်တိုင်းတော့ စန္ဒီယူထားပေးမယ်၊ ပုံစံလည်း မှတ်ထားပေးမယ်၊ မနက်ဖြန်ကျ မမ cutting ချပေးအောင် ပြောပေးပါ့မယ်"

"စန္ဒီလေးက သိပ်ချစ်စရာကောင်းတာ"

"ဖားပြန်ပြီ"

အသံတွေ ခဏတိတ်သွားသည်။ ခဏကြာတော့ သဉ္ဇာက သူ့အဖော်သူငယ်ချင်းများကို လှမ်းပြောနေသံကြားရသည်။



www.burmeseclassic.com

www.burmeseclassic.com



"စနိုးရေ...နင်နဲ့ငါ ဒီနေရာကပဲ လမ်းခွဲကြမှဖြစ်မယ်၊ ငါ့လက်ထဲမှာ ဖိတ်စာ လေးစောင်ရှိသေးတယ်၊ နင် ၂ စောင် ယူသွားပေး၊ ဒီမှာ ဒါက ဒေါက်တာ နိုင်သတိုးနဲ့ ဖနိုးတဲ့၊ ဒီဖိတ်စာကို နင်ယူသွားပေး"

မေစစ်သည် ကြားလိုက်ရသောစကားကို ဇဝေဇဝါဖြင့် လက်ထဲက အကျီစကို ခပ်တင်းတင်း ဆုပ်လိုက်မိသည်။

"ဦးနိုင်သတိုးအိမ်က ဘယ်မှာလဲ၊ ငါမသိဘူးလေ"

"နင့်အစ်ကို ဒေါက်တာ သူရိန်နဲ့သူငယ်ချင်း မဟုတ်လား၊ သူ့ကို မေးလိုက်ပေါ့"

"ငါ့အစ်ကိုက ဦးနိုင်သတိုး သူငယ်ချင်း မဟုတ်ပါဘူး၊ သူ့အမျိုးသမီးရဲ့ သူငယ်ချင်းပါ"

"အေးလေ...ဘာပဲဖြစ်ဖြစ် ဆက်စပ်မှုတော့ ရှိနေတာပဲ၊ နေ့လယ်က ငါ သူ့ရုံးခန်းရှိတဲ့ Hotel ရှေ့က ဖြတ်သေးတယ်၊ ဝင်ပေးဖို့ လုံးဝသတိမလိုက်တာ၊ ဪ...သတို့သားကလည်း မှာလိုက်တယ်နော်၊ နှစ်ယောက်စလုံး ဆက်ဆက် ကြွပါတဲ့၊ အဲဒါပါ ပြောပေးဦး"

"သူ့အမျိုးသမီးက နိုင်ငံခြားရောက်နေတယ် ထင်တယ်"

"ဟဲ့...ဆက်ဆက်ပေးပေးနော်၊ နင့်အစ်ကိုနဲ့မကြုံရင်လည်း မနက်ဖြန်ကျ (...) ဟိုတယ်ငါးထပ်မှာ သူ့ရုံးခန်းရှိတယ်"

မေစစ်သည် ခဏသေသွား၏။ မျက်လုံးထဲမှာ ဘာမှ





မမြင်တော့ဘဲ မှုန်မိုက်သွား၏။ လက်ထဲက ကုတ်အင်္ကျီစတွေကို အထပ်ထပ် ဆုပ်ချေနေမိ၏။ ထိုခဏမှာ အသိစိတ်ကင်းမဲ့ကာ ခဏလေး ရူးသွပ်သွားပြန်၏။ ကြားရသော အသံတွေသည် လုံးထွေး ဝေဝါးကာ အဝေးသို့ လွင့်သွားသည်။ ဖြစ်နိုင်ရင် ခုန ထွက်ကျလာသည့် စကားလုံးတွေကို ကောက်ယူပြီး ဟောဒီ ဟိုတယ်ရဲ့ ၁၂ ထပ်ကနေ လွှင့်ပစ်လိုက်ချင်သည်။ ခုတော့ မမိတော့ဘဲ ရင်ဘတ်ထဲဝင်သွားကာ ဖြောင်းဆန်အောင် မွှေနှောက်နေလေပြီ။

နှုတ်ဆက်သံတွေကြားရသည်။ တံခါးပြန်ပိတ်သံကြားရသည်။ မေစစ်ကယောင်ကတမ်း ထရပ်လိုက်တော့ စက်ခုံပေါ်က ကတ်ကြေးကို မေစစ်လက်ဖြင့် တိုက်မိသွားကာ ခြေထောက်နားသို့ပြုတ်ကျလာသည်။ မေစစ် ခြေလှမ်းတွေလည်း သွေးရူးသွေးတန်း တုန်ယင်ယိမ်းယိုင်သွားသည်။

"မမ...မမ ဘာဖြစ်သလဲ"

စန္ဒီက နောက်ဘက်ခန်းထဲ ပြေးဝင်လာသည်။

"ဟို...ဟို ကတ်ကြေး ပြုတ်ကျသွားလို့ပါ"

"အမလေး ခြေထောက်နဲ့ သီသီလေးလွဲသွားတာ၊ တော်ပါသေးရဲ့၊ မမကံကောင်းတယ်"

ဟင့်အင်း...မဟုတ်ဘူး။ မမကံမကောင်းပါဘူး။ ကံမကောင်းပါဘူး စန္ဒီရယ်...။



www.burmeseclassic.com

www.burmeseclassic.com



မေစစ်က စက်ခုံအစွန်းကို ခပ်တင်းတင်းဆုပ်ကာ စန္ဒီ့ကို ကြောင်ကြည့်နေမိသည်။ စန္ဒီက မေစစ်ပခုံးနှစ်ဖက်ကို လာဆုပ်ကိုင်လှုပ်ယမ်းလိုက်ရင်း...

"မမ ဘာဖြစ်လို့လဲ၊ လန့်သွားတာလား"

ဟု စိုးရိမ်တကြီး မေး၏။

"ကြောက်တယ်"

မေစစ်က စန္ဒီပြောတာကို မကြားဘဲ တီးတိုးပြောလိုက်သည်။

"မမ လန့်သွားတယ် ထင်တယ်"

"ကြောက်တယ်၊ မမ အရမ်းကြောက်တယ်၊ မမ အရမ်းကြောက်ပါတယ် စန္ဒီရယ်..."

မေစစ်သည် အချစ်ကို ကြောက်သွားသည်။ ကံကြမ္မာကို ကြောက်သွားသည်။ အရာရာအားလုံးကို ကြောက်ရွံ့တုန်လှုပ်စွာ စန္ဒီကို လှမ်းဆွဲ၍ ခပ်တင်းတင်းဖက်လိုက်ရင်း ပြင်းထန်စွာ ငိုကြွေးလေသည်။

"မမ...၊ မမ... သတိထားပါဦး..."

စန္ဒီက တဖွဖွ သတိပေးခေါ်ငင်နေသည်။ မေစစ်က တဖွဖွရေရွတ်ငိုကြွေးနေသည်။

စန္ဒီထွက်သွားတော့ ကုတ်အင်္ကျီစတွေကို လှမ်းဆွဲယူကာ ကြမ်းပြင်ပေါ် ကြဲဖြန့်လွှင့်ပစ်လိုက်လေသည်။





အဲ့ဒီညမှာ မေစစ်သည် သွေးရူးသွေးတန်း ကယောင်ချောက်ချား ဖြစ်နေခဲ့သည်။ ဘယ်လိုမှ မအိပ်နိုင်ဘဲ ကြောင်စီစီဖြစ်နေသည်။

မေစစ်သည် အိပ်ရာထဲမှာ လဲလျောင်းကြည့်သည်။ သို့သော် ဘယ်လိုမှ အိပ်မပျော်နိုင်။ ရင်ထဲပူကာ ဘယ်လိုမှ ရပ်တည်လို့ မရ၊ အိပ်လို့မရသည့် အဆုံးမှာ ဝုန်းခနဲ ထ,ကာ ဗီရိုဆီ ပြေးသွားပြီး တံခါးကို ဆွဲဖွင့်သည်။ ခရီးဆောင်အိတ်ကို ဆွဲယူဖွင့်လိုက်ပြီး ဗီရိုထဲက အဝတ်အစား အသုံးအဆောင်တွေကို ကျုံးပြီး ထည့်လိုက်သည်။

အဲ့ဒီနောက် စာရေးစားပွဲမှာထိုင်ကာ စာတိုလေး တစ်စောင်ကို ကြိုးစားရေးရလေသည်။ မေစစ် လက်တွေ တုန်နေတာမို့ ဘောပင်န်ကိုင်ဖို့ပင် မနည်းကြိုးစားအားထုတ်ခဲ့ရပါသည်။

*ဆရာ...*

*လူတိုင်းမှာ သူ့ကံကြမ္မာနဲ့သူ ရှိပြီးသားပဲ ထင်ပါရဲ့...။*

*ကံကြမ္မာကို ကြိုသိခွင့်ရတဲ့ တန်ခိုးမျိုးကို ဖြစ်နိုင်ရင် လိုချင်တယ်...။*

*မေစစ်မင်းနဲ့ နိုင်သတိုးရဲ့ ရင်းနှီးပတ်သက်မှုကို မေ့ပစ်လိုက်ကြရအောင်ပါ...။*

**မေစစ်မင်း**



www.burmeseclassic.com

www.burmeseclassic.com



မေစစ်သည် စာရွက်ကလေးကို ခေါက်ကာ စာအိတ်ထဲ ထည့်ပြီး သူ့ရုံးလိပ်စာ တပ်လိုက်သည်။

အရုဏ်တက်ချိန်လောက် ရောက်တော့ စန္ဒီ့ကို မေစစ် သွားနှိုးလေသည်။

"စန္ဒီ ... စန္ဒီ ... ထ ... ထ ..."

"အင် ဟင် ... မမ အစောကြီး နိုးနေတာလား"

"မဟုတ်ဘူး ... မအိပ်သေးတာ ..."

"ဟယ် ... တကယ် ..."

"စန္ဒီ ... မမ ခရီးထွက်မလို့ ..."

"ဟင် ... ဘယ်တော့လဲ"

"အခုပဲ ..."

"ဘုရားရေ ... တကယ်လား ..."

စန္ဒီက ရုတ်တရက် မျက်လုံးပြူးကျယ်ကာ ဖြုန်းခနဲ ထလာသည်။ မေစစ်က စန္ဒီလက်ကိုဆွဲကာ ...

"စန္ဒီ ဒီမှာ ... မမပြောတာ နားထောင်စမ်း၊ ဒီစာကို ဒီမနက်ပဲ စာတိုက်ကနေ မြို့တွင်း နေ့ချင်းရောက် အမြန်ချောနဲ့ ပို့ပေးပါ၊ အခု ... မမကို ကားဂိတ် လိုက်ပို့ပါ ..."

"ဘယ် ... ဘယ်ကားဂိတ်လဲ ..."

"တောင်ကြီးထွက်တဲ့ ကားတွေရှိတဲ့ ဂိတ်ကို ပို့ပါ ...၊ အဲဒီမှာ မမသူငယ်ချင်းတစ်ယောက် ရှိတယ်၊ မမ အဲ့ဒီမှာ





ခဏသွားနေမယ်၊ မမ ဘယ်သွားတယ်ဆိုတာ ဘယ်သူ မေးမေး မပြောနဲ့၊ အလုပ်ကိစ္စတွေ အားလုံးကိုလည်း စန္ဒီ့ကိုပဲ လွှဲခဲ့မယ်"

"နေ ... နေပါဦး မမရယ်၊ အဲ့ဒီလောက် အရင်စလိုကြီး မလုပ်ပါနဲ့၊ မိုးလင်းအောင် ခဏစောင့်ပါဦး၊ ကားနဲ့သွားရင် မမ ပင်ပန်းလိမ့်မယ်၊ မမကြည့်ရတာ အရမ်းစိတ်ပင်ပန်းနေတဲ့ ပုံပဲ၊ စန္ဒီ့မိတ်ဆွေတစ်ယောက် လေယာဉ်လက်မှတ် အေးဂျင့်တစ်ခုမှာ ရှိတယ်၊ သူ့ဆီ ဖုန်းဆက်ပြီး မမ ဒီနေ့ပဲ လေယာဉ်နဲ့ သွားလို့ရအောင် စီစဉ်ပေးပါ့မယ် ..."

အဲ့ဒီနောက်တော့ စန္ဒီက မေစစ် ခရီးသွားဖို့အတွက် သွက်သွက်လက်လက်ပင် စီစဉ်ပေးခဲ့ပါသည်။ မနက် ၁၀ နာရီခွဲမှာပင် မေစစ် အမှားတွေလုပ်ခဲ့မိသော မြေမှ ထွက်ခွာခွင့်ရခဲ့၏။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com





❀ ❀ ❀

အဲ့ဒီနေ့မှ စ,ကာ မေစစ်သည် လေလွင့်စိတ်ဖြင့် ခရီးတွေ လျှောက်ထွက်နေခဲ့လေသည်။ မြစ်ကြီးနား၊ တာချီလိတ်၊ မူဆယ်၊ တောင်ကြီး၊ လားရှိုး …၊ နေရာဒေသများစွာ၊ မြို့များစွာကို ကိုယ့်အစီအစဉ်ဖြင့်သွားလိုက်၊ Tour အဖွဲ့ဖြင့် သွားလိုက်။ ရန်ကုန်မှာ ရပ်တည်လို့ မရနိုင်သေးသောစိတ်သည် ခရီးမှမထွက်ရလျှင် ပြုံကွဲကျဆုံးနေကာ အလိုလိုနေရင်း မောဟိုက်တတ်လာသည်။

အတွေးတွေက မေစစ်ကို နှိပ်စက်သည့်အခါ အိပ်မပျော်သည့် ညတွေ များလာသည်။ ပင်ပန်းနာကျင်လာသည်။ တောင်ထိပ်ဖျားကို မောကြီး ပန်းကြီး တတ်နိုင်ခဲ့ပြီးမှ ကန်ချခံ



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရသလို ခံစားချက်မျိုးဖြင့် စိတ်ရော လူပါ ဆုံးရှုံးနိမ့်ပါးနေလေသည်။

မေစစ် အိမ်ပြန်ရောက်တော့ စာတိုကလေး တစ်စောင်က မေစစ်ကို ဆီးကြိုနေခဲ့ပါသည်။

*ဆရာမ ...*

*ဆရာမကို နာကျင်အောင် လုပ်ခဲ့မိရင် ခွင့်လွှတ်ပါ ...။ သိမ်းထားသင့်တာတွေကို သိမ်းထားနိုင်ဖို့ ကျွန်တော် ကြိုးစားပါ့မယ်၊ ကျွန်တော့်မှာ အပြစ်ရှိပါတယ်။*

**နိုင်သတိုး။**

ထိုစာလုံးတွက မေစစ်ရဲ့ ငြိမ်အောင် ထိန်းထားရသော စိတ်တွေကို ဆွဲခါလိုက်လေသည်။

"ဟင့်အင်း ... အပြစ်မရှိဘူး၊ ဆရာ့မှာ အပြစ်မရှိဘူး၊ ဆရာ ဒီလိုမတွေးပါနဲ့ ..."

မေစစ်သည် တစ်ယောက်တည်း ကယောင်ကတမ်း ရေရွတ်ရင်း ငိုကြွေးမိ၏။ သူ့ကို စွန့်ခွာဖို့ ကြိုးစားတိုင်းလည်း မအောင်မြင်ချေ။ တကယ်တော့ မမေ့နိုင်ခြင်းက ဝဋ်ကြွေးတစ်ခုသာ ဖြစ်ပါသည်။ ချစ်ခဲ့မိခြင်းက ဘဝတွေကို ကစဉ့်ကလျား ဖြစ်စေမည့် မုန်တိုင်းတစ်ခုသာဖြစ်ပါသည်။ မေစစ်သည် သူ့ကိုလုံးဝ အဆက်အသွယ် မလုပ်တော့ဘဲ ကိုယ့်ဘဝထဲမှာ အဆင်ပြေစွာ ဆက်လက်နေထိုင်သွားနိုင်ဖို့ နည်းအမျိုးမျိုးဖြင့် ကြိုးစားရလေသည်။





သူ့ကို လွမ်းဆွတ် စိတ်ဖြင့် အိပ်ရာထဲ ပုံကျနုံးခွေနေလျှင် Health club သို့ သွားကာ စက်ပေါ်မှာ အလွန်အမင်း မောဟိုက်ပင်ပန်းသွားအောင် ပြေးလိုက်၏။

ဒီလိုနဲ့ အချိန်တွေကို ပင်ပန်းနာကျင်စွာ ဖြတ်ကျော်ခဲ့ပြီးနောက် ၇ လ အကြာတွင် ...။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com





* * *

အဲ့ဒီနေ့က မေစစ် မွေးနေ့ဖြစ်၏။

ထိုနေ့မှာ တခြားနေ့တွေထက် ပိုပြီး သူ့ကို မေစစ် ပြင်းပြင်းပြပြ သတိရနေခဲ့လေသည်။

ဆိုင်ပိတ်ရက် ဖြစ်သော်လည်း မေစစ်တစ်ယောက်တည်း ဆိုင်သို့ လာခဲ့မိပါသည်။

လပေါင်းအတော်ကြာ ပိတ်ထားခဲ့သော ဗီရိုကလေးရှေ့မှာ မေစစ် ချောက်ချောက်ချားချား ရပ်တန့်နေမိသည်။ အဲ့ဒီ ဗီရိုလေးထဲမှာ မေစစ် ဘယ်တော့မှ ဆက်မချုပ်တော့ဘူးဟု ဆုံးဖြတ်ထားသော ကုတ်အင်္ကျီစ,တွေ ရှိနေသည်။

မွေးနေ့မှာ ဘာလုပ်ချင်သလဲဟု ကိုယ့်ကိုယ်ကို



www.burmeseclassic.com

www.burmeseclassic.com



ပြန်မေးမိသည့်အခါ အဲ့ဒီ အင်္ကျီကိုပဲ ပြီးအောင် ဆက်ချုပ်ချင်သည့် ဆန္ဒက ပြင်းပြခဲ့သည်မို့ မေစစ် ရောက်လာခဲ့ရခြင်း ဖြစ်သည်။

မေစစ်သည် အေးစက်စက် ဇီရိုလက်ကိုင်ကို ကိုင်လိုက်မိပြီးမှ အပြစ်တစ်စုံတစ်ရာ ရှိသလို ခံစားရတာမို့ လက်ကို ဆတ်ခနဲ ပြန်ရုပ်ပြီး နောက်ဘက်မှာ ဝှက်ထားလိုက်သည်။ ပြီးတော့ ချွေးစေးတွေ ထွက်လာသည့် လက်ချောင်းတွေချင်း လိမ်ကျစ်ဆုပ်နယ်နေသည်။ ခဏကြာတော့မှ တစ်ဖန် ပြန်အားမွေးကာ ဇီရိုတံခါးကို ဆတ်ခနဲ ဆွဲဖွင့်လိုက်သည်နှင့် အတွင်းမှ ကုတ်အင်္ကျီစများ ထွက်ကျလာလေသည်။

မေစစ်သည် ကြမ်းပြင်ပေါ် ဒူးထောက်ထိုင်ချမိကာ အင်္ကျီစတွေကို တစ်ခုချင်း လိုက်ကောက်ရင်း မျက်ရည်ကျလေသည်။

အဲ့ဒီနောက်တော့ အခန်းလေးထဲမှာ စက်သံသဲ့သဲ့ ကလေးသာ ပျံ့လွင့်နေတော့သည်။ ထိုနေ့ ညနေခင်းမှာပင် အင်္ကျီနှင့် နက်ခ်တိုင်ကို မေစစ် ပြီးအောင် ချုပ်နိုင်ခဲ့ပါသည်။

မေစစ်သည် ကုတ်အင်္ကျီလေးကို ရင်ဘတ်မှာ အပ်ကာ မျက်စိစုံမှိတ် ငြိမ်သက်နေသည်။ ဒါဟာ တကယ်တော့ သိမ်းထားရမယ့် အင်္ကျီလေးပါပဲ ...။ မျက်ရည်တွေ စိမ့်လာပြန်သည်။ ထိုအခိုက်မှာပဲ နံရံကပ် နာရီဆီက အသံ ၅ ချက်ကို ကြားရသည်။





အို ... ဒီအချိန်ပဲ ... ဒီအချိန်ပဲ။ ဒီလိုနေ့မျိုးရဲ့ ဒီအချိန်မှာပဲ မေစစ်တို့ အတူ စွန့်လွှတ်ခဲ့ကြတာ မဟုတ်လား။

မေစစ်သည် အခန်းထဲမှ လျင်မြန်သော ခြေလှမ်းများဖြင့် ပြေးထွက်လာခဲ့မိပါသည်။ ဆင်းလာနေသော ဓာတ်လှေကားကိုပင် နှေးသည်ဟု ထင်သည်။ ကားတံခါးကို ရီမုဖြင့် လှမ်းဖွင့်ပြီး မေစစ် ကားကို အမြန်မောင်းထွက်လာခဲ့သည်။

အဲ့ဒီနေရာကို ဘာကြောင့်သွားချင်ရသလဲ၊ သူ့ကို တွေ့ရမှာလည်း မဟုတ်ဘဲနဲ့လေ ...။

မေစစ်သည် ကိုယ့်ကိုယ်ကို မေးခွန်းပြန်ထုတ်ရင်း နာကျင်စွာ ဟက်ခနဲ တစ်ချက်ရယ်၏။

မြက်ခင်းပြင်ကတော့ လွန်ခဲ့တဲ့ တစ်နှစ်တုန်းကလိုပဲ ဘာမှ မပြောင်းလဲ၊ စိမ်းလန်းမြဲပင်။

မေစစ်သည် ကားကို မြက်ခင်းစပ်မှာ ရပ်လိုက်သည်။ တစိမ့်စိမ့် မိုးဖွဲကာ ရာသီဥတုက အနည်းငယ် အေးမြသလို ရှိတာမို့ မေစစ် ယူလာခဲ့မိသော ကုတ်အင်္ကျီလေးကို အသာဖြန့်၍ ခြုံထားလိုက်သည်။

ထိုခဏမှာ ... မေစစ်ရဲ့ GSM ဖုန်းကလေးထဲမှ အသံမြည်လာခဲ့လေသည်။

ဖုန်း Display မှာ ပေါ်နေသော နံပါတ်ကို အတွေ့မှာ မေစစ် နှလုံးသားတွေ ပြောင်းဆန်အောင် လှုပ်ရှားသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူပါပဲ ...။

သူလည်း ဒီနေ့ ဒီအချိန်မှာ မေစစ်ကို သတိရနေခဲ့တာပဲပေါ့။

မေစစ်သည် ဖုန်းကို ပိတ်ပစ်လိုက်ဖို့ ကြိုးစားသော်လည်း မလုပ်ရက် ...။ ဖုန်းကို အသာအယာ ဖွင့်ကာ နားနားမှာ ကပ်နားထောင်လိုက်ပြီး အသံမပေးဘဲ ငြိမ်သက်နေသည်။

တစ်ဖက်မှလည်း ဘာသံမှ မကြားရဘဲ ငြိမ်သက်နေလေသည်။

တစ်မိနစ် ... နှစ်မိနစ် ...၊ ငါးမိနစ်ကြာသည်အထိ နှစ်ဖက်လုံး ငြိမ်သက်စွာ နေခဲ့ကြသည်။ အဲ့ဒီအခိုက်မှာ မေစစ်ရင်ထဲ တစ်စစီ ပဲ့ကြွေနေခဲ့သည်။ အို ... ဒီလို အခြေအနေကို မုန်းလိုက်တာ၊ ကျွန်မ ကြားပါရစေ ဆရာ၊ ကျွန်မကို တစ်ခုခု ပြောလိုက်ပါတော့ ...။

"ဆရာ ... ဆရာလားဟင်"

တစ်ဖက်မှ သက်ပြင်းချသံ သဲ့သဲ့ကို ကြားရသည်။

"ဆရာ ... မေစစ်တို့ ... မေစစ်တို့ နောက်ထပ် ငါးမိနစ် ဖုန်းဆက်ကိုင်ထားမယ်၊ ပြီးရင် ဖုန်းချလိုက်ကြမယ် ..."

ငါးမိနစ်ဟူသော အချိန်သည် လျင်မြန်စွာ ကုန်ဆုံးနေခဲ့ပါသည်။

ငါးမိနစ်ပြည့်၍ ဖုန်းပိတ်လိုက်ချိန်မှာ မေစစ် တစ်ကိုယ်လုံး အားအင်ကုန်ခန်းသွားသည်။





ထိုအချိန်မှာပင် back မှန်မှ တစ်ဆင့် တစ်ဖက်မြက်ခင်းရဲ့ အစွန်းမှာ ရပ်ထားသော သူ့ကားကို မေစစ် လှမ်းမြင်လိုက်ရတာဖြစ်သည်။

မေစစ်သည် အသိစိတ်တို့ ရောက်မလာမီမှာပင် ကားတံခါးကို ဖြုန်းခနဲ တွန်းဖွင့်ပြီး ဆင်းလိုက်သည်။ သူကလည်း ကားပေါ်မှ ဆင်းလာနေခဲ့ပြီ။

"ဆရာ ..."

မေစစ်ရဲ့ ခေါ်သံက ကွင်းပြင်ရဲ့ တစ်ဖက်စွန်းဆီ ပဲ့တင်ရိုက်ခတ်သွားသည်။

ဦးနောက်က နောက်ချန်ခဲ့ကာ မေစစ် နှလုံးသားသည် သူ့ထံသို့ ပြေးလေသည်။

စက္ကန့် အနည်းငယ်အတွင်းမှာပင် လက်နှစ်စုံက ညင်သာစွာ ဆုပ်တွဲမိကြသည်။

ဒီတစ်ကြိမ် လက်တွဲဖြုတ်လျှင် ပိုပြီး ခက်ခဲမယ်ဆိုတာကိုတော့ မေစစ် ကြိုမတွေးမိခဲ့ချေ။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com





ကျွန်မတို့ အားလုံးဟာ . . .
လေကသယ်ဆောင်လာတဲ့ . . .
မွှေးရနံ့ကိုဖြစ်စေ . . . အနံ့ဆိုးကိုဖြစ်စေ . . .
ရွေးချယ်ခွင့်မရှိဘဲ ရှူရှိုက်ကြရတယ်။
လေကိုတော့ မမြင်ရပါဘူး . . .
ဒါပေမယ့် သူနဲ့လည်း မကင်းနိုင်ဘူး . . .
အချစ်ဆိုတာလည်း . . .
လေလိုပါပဲ . . . ။

**မေစံမင်း**

www.burmeseclassic.com

www.burmeseclassic.com





❀ ❀ ❀

ဒီလိုမဖြစ်သင့်ပါဘူး ...။

အိုး ... ဘာဖြစ်သေးလဲ။ ဒါဟာ နှလုံးသားရဲ့ အလိုတော် အတိုင်းပဲ ...။

ထိုပဋိပက္ခများဖြင့်ပင် မေစစ်မင်းသည် 'အချစ်'ကို လက်ခံလိုက်ရလေသည်။

လေညင်းက မွှေးရနံ့ကိုရော အနံ့ဆိုးကိုပါ သယ်ဆောင်လာနိုင်တာကို သိသော်လည်း မေစစ်သည် လေနှင့်တူသော အချစ်ထံမှ အကောင်းကို ဖြစ်စေ ... အဆိုးကိုဖြစ်စေ လက်ခံတော့မည်ဟု ဆုံးဖြတ်ခဲ့၏။

မေစစ်သည် အတိတ်ကိုလည်း မတွေး၊ အနာဂတ်



www.burmeseclassic.com

www.burmeseclassic.com



ကိုလည်း မတွေးဘဲ လက်ရှိအချိန်ကလေးထဲမှာ ပျော်ဝင်နေထိုင်ဖို့ ကြိုးစားခဲ့၏။

ချစ်သူ ဘဝရဲ့ ချိုမြိန်ခြင်းကို မေစစ် အလွန်မက်မောလှ၏။ အထူးသဖြင့် သူလို ယဉ်ကျေးသိမ်မွေ့သော ယောကျ်ား တစ်ယောက်ရဲ့ အကြင်နာစွက်သော အပြုအမူများ၊ အပြောအဆိုများ၊ မျက်ဝန်းအကြည့်များက မေစစ်ရဲ့ စိတ်ကို ကြီးစွာသော လုံခြုံမှု ပေးနိုင်လေသည်။

သူက ရုံးသို့ ရောက်ရောက်ချင်း သူရောက်ပြီဖြစ်ကြောင်း မေစစ်ထံ ဖုန်းဆက်ပြောတတ်၏။ ထမင်းသွားစားခါနီးတိုင်း၊ meeting ဝင်ခါနီးတိုင်း၊ ရုံးကပြန်ခါနီးတိုင်း မေစစ်ထံ ဖုန်းဆက်အကြောင်းကြားတတ်၏။ သူ့ထံမှ အဲဒီလောက် ဂရုစိုက်မှု ရတာနှင့်ပင် မေစစ်က အတိုင်းမသိ ပျော်ရွှင်နိုင်ပြီ။

မေစစ်တို့သည် သူ အားလပ်သော ညနေခင်းများတွင် ထမင်းအတူစားကြပြီး လှိုင်တက္ကသိုလ်ဝင်းထဲတွင် စကားတပြောပြောဖြင့် အတူလျှောက်တတ်စမြဲ ဖြစ်သည်။

ညဦးပိုင်းကလေးတွင် လ မပြည့် တပြည့်လေးက ကောင်းကင်ထက်တွင် ရှိနေကာ သစ်ပင် သစ်ရွက်များကို လေ တိုးသံ သဲ့သဲ့လည်း ကြားရ၏။ ကျောင်းဝန်းသည် နီယွန်မီးချောင်း ဖျော့ဖျော့နှင့် လရိပ်ရေးရေးအောက်မှာ မြို့ပြနှင့် ကွာခြားကာ အေးချမ်းဆိတ်ငြိမ်နေတတ်မြဲ ဖြစ်သည်။ သစ်ပင်ရိပ်တွေကြောင့်





ပင် ပြင်ပဝန်းကျင်ထက်ပို၍ အေးမြသည်။ သူက မေစစ်လက်ကို ဖွဖွတွဲဆုပ်ကာ အတူလမ်းလျှောက်ရင်းက မေစစ်ကို ငုံ့ငဲ့ကြည့်ကာ ...

"ဒီလို အတူလမ်းလျှောက်ဖြစ်တဲ့ အချိန်တွေမှာ ကိုယ်အရမ်း စိတ်ချမ်းသာရတယ် မေ ...၊ ကိုယ့်ဘဝမှာ ခုလိုမျိုး သဘာဝရဲ့ အရသာကို ခံစားဖို့ အချိန်မရခဲ့တာ ကြာပြီ၊ လကို ကိုယ် မော့မကြည့်ဖြစ်ခဲ့တာ၊ လေကိုရှိုက်ပြီး မရှူခဲ့မိတာ၊ သစ်ရွက်တွေကို လေတိုးသံကို နားမစွင့်မိခဲ့တာ ဘယ်လောက်ကြာသွားပြီလဲ မသိဘူး၊ တစ်နေ့ တစ်နေ့ မိုးလင်းကနေ မိုးချုပ် အလုပ်ထဲမှာပဲ နစ်မြုပ်နေခဲ့ရတာ ..."

"မေလည်း ဒီလိုပါပဲ နိုင် ...၊ ဒါပေမယ့် အဲဒီလို အလုပ်တွေ လုပ်ရင်း မေ စဉ်းစားတတ်လာတယ်၊ ကဗျာကလေး တစ်ပုဒ် မေ ဖတ်ဖူးတယ် သိလား ...၊ သင်ဟာ ဘယ်လောက်ပဲ ကြီးကျယ်မြင့်မြတ်တဲ့ သူတစ်ယောက် ဖြစ်နေပါစေ ...၊ လရောင်အောက်မှာ ချစ်သူလက်ကို တွဲပြီး လမ်းလျှောက်ခွင့်ကလေးတောင်မှ မရခဲ့ရင်၊ လေပြေလေညင်းကိုမှ ရှူရှိုက်ခွင့် မရခဲ့ရင် ... သင့်ဘဝဟာ ဘာများ အဓိပ္ပာယ်ရှိဦးတော့မှာလဲတဲ့၊ သိပ်မှန်တာပဲနော်၊ ခုလိုမျိုး လမ်းလျှောက်ခွင့်ကလေးကို မေ အရမ်းမက်မောတယ်၊ နိုင်ရော ..."

"ကိုယ်လည်း မက်မောတာပေါ့၊ ကျေးဇူးပါပဲ ... မေ ..."



www.burmeseclassic.com

www.burmeseclassic.com



“ဟင် … ဘာကို ကျေးဇူးတင်တာလဲ …”

“ကိုယ့်ဘဝကို အသက်ဝင် စိတ်ချမ်းသာစေခဲ့တဲ့ အတွက် လေ”

သူက တိုးတိတ်စွာ ပြောတော့ မေစစ်က နက်ရှိုင်းစွာ ပြုံးမိ၏။ အချစ်ရဲ့ အရသာဟာ ဒါပဲလားမသိဟု မေစစ်က တွေးမိရသေးသည်။,

သူက မေစစ်ရဲ့ ဆံပင်ရှည်တွေကိုလည်း သိပ်လှတာပဲဟု မကြာခဏ ချီးမွမ်းတတ်သည်။ ပြီးတော့ ထိုဆံပင်ရှည်များကို ဖွဖွနမ်းမွှေးတတ်သေးသည်။

မေစစ်မင်းနှင့် နိုင်သတိုးသည် အဲဒီလို အရာရာအားလုံးကို မေ့ထားနိုင်သော အချိန်ကာလတချို့ကို ပျော်ရွှင်စွာ ကျော်ဖြတ်ခဲ့ကြဖူးပါသည်။

သို့သော် …

အဲ့ဒါဟာ ခဏတစ်ဖြုတ်ကလေးသာဖြစ်ပြီး အလွန်ရှည်ကြာသော၊ ခံစားချက်များဖြင့် နစ်မွန်းနေသော ကာလသို့ မကြာမီ မေစစ် ရောက်ရှိသွားခဲ့ရပါသည်။

♥ ♥ ♥





❀ ❀ ❀

“နိုင် … မေ ဘုရားသွားချင်တယ် …”

အရာအားလုံး အခြေအနေ အားလုံးကို မေ့ပစ်ထားခဲ့သော မေစစ်သည် ချစ်သူတိုင်း ရယူနိုင်သော သာမန်အခွင့်အရေး တစ်ခုကို သူ့ထံမှ တောင်းဆိုလိုက်လေသည်။ သူက ခဏငြိမ်သက်သွားကာ …

“တခြားသွားပါလား မေ၊ ဘုရားက လူတွေများပါတယ်၊ ကိုယ့်အသိဖြစ်ဖြစ် မေ့အသိဖြစ်ဖြစ် မြင်သွားရင် မေ သိက္ခာကျလိမ့်မယ် …”

သူ့စကားက မေစစ်ကို အိပ်မက်မှ လှုပ်နှိုးလိုက်သည်။ ကိုယ်ချစ်တဲ့သူနဲ့ အတူတွဲသွားရတဲ့ အဖြစ်ဟာ လူမြင်လျှင်



www.burmeseclassic.com

www.burmeseclassic.com



သိက္ခာကျစေတတ်မှန်း မေစစ် ဘယ်တုန်းကမှ မတွေးခဲ့ပါ။ မေစစ်က အများအမြင်မှာ တင့်တယ်သည့် ချစ်သူဘဝကိုသာ အလိုရှိခဲ့သော မိန်းမတစ်ယောက် ဖြစ်ပါသည်။

မေစစ် စိတ်ထဲက ငုပ်နေသော ဗီဇစိတ်နှင့် မာနက အနည်းငယ် ခေါင်းပြူလာသည်။ သို့သော် သူ့ကိုချစ်သည့်စိတ်က မာနစိတ်ကို ချိုးခြေပစ်လိုက်သည်။ မေစစ်သည် ရင်ထဲက တလှိုက်လှိုက် ဆူဝေလာခြင်းကို ပြန်မျိုချကာ ဘာမှမဖြစ်သလို ဟန်ဆောင်လိုက်ရင်း . . .

"အင်းလေ . . . အဲ့ဒါဆိုလည်း မသွားတော့ပါဘူး"

ဟု ပြောလိုက်စဉ်မှာ ရင်ထဲမှာ ဒဏ်ရာတစ်ခု ရသွားသည်။ ပြီးတော့ စိတ်ထဲမှာ တကယ်ရှိတာနှင့် ဆန့်ကျင်၍ ပြုမူပြောဆိုခဲ့ရဖူးသော ငယ်ဘဝကို ပြန်ရောက်သွားသည်ဟုထင်ကာ စိတ်ထဲမှာ ချောက်ချားသွားသည်။

သူက မေစစ်လက်ကို ဖွဖွဆုပ်ကိုင် နှစ်သိမ့်ရင်း . . .

"ကိုယ်အားတဲ့ တစ်နေ့ကျ မေ သွားချင်တဲ့ဆီ လိုက်ပို့မယ်နော်"

မေစစ်သည် နာကျင်စိတ်ကို ဖုံးလျက် လှပစွာ ပြုံးလိုက်ရင်း . . .

"ကိစ္စမရှိပါဘူး နိုင်ရဲ့၊ နိုင့်အလုပ်တွေကိုသာ ဖြောင့်ဖြောင့်လုပ်ပါ၊ မေစစ်က နိုင်နဲ့အတူ လမ်းလျှောက်ရရင်၊ ထမင်း





စားရရင်ပဲ ကျေနပ်နေပါပြီ၊ တခြား ဘယ်မှ မသွားရလည်း ဖြစ်ပါတယ်"

တကယ်တော့ အဲ့ဒီလို မဟုတ်ဘူး၊ မေစစ်က ချစ်သူကို လူသိရှင်ကြား ချစ်ချင်သည်။ မေစစ် အရွယ်ဟာ မိဘမသိအောင် ရည်းစားခိုးထားရမည့် အရွယ်လည်းမဟုတ်။ မေစစ်နဲ့သူ ချစ်နေကြကြောင်း တစ်လောကလုံး သိလည်း ဂရုမစိုက်ချင်။ သို့သော် လက်ရှိ အခြေအနေမှာတော့ မေစစ်ရဲ့ စိတ်ဆန္ဒတွေနှင့် ဆန့်ကျင်စွာ ဖြစ်ပျက်လျက်ရှိသည်။

မေစစ်က ချစ်သူ့လက်ကို ဝံ့ဝံ့စားစား ချိတ်တွဲမှီနွဲ့လိုက်ချင်သည်။ လူတွေအများကြီးရှိသော shopping center တွေထဲမှာ ချစ်သူလက်ကိုတွဲပြီး ဈေးလျှောက်ဝယ်ချင်သည်။ မေစစ်သွားရသည့် ညစ်ခံပွဲတွေကို သူနှင့်အတူ သွားချင်သည်။ 'ဒါကျွန်မချစ်သူပါ' ဟု ရဲရဲဝံ့ဝံ့ မိတ်ဆက်ပေးခွင့်ရချင်သည်။ သို့သော် ခုတော့ ရချင်သမျှ ဘာကိုမှ မရဘဲ 'အချစ်' ဆိုတာတစ်ခုတည်းအတွက် အရာရာကို လဲလှယ်ပေးဆပ်ထားရလေသည်။ မေစစ်သည် မေစစ် ဝမ်းနည်းရသည့် အဖြစ်တွေကို သူ့ကို ပြောမပြချင်။ သူ့ထံမှ ဘာကိုမှလည်း မတောင်းဆိုချင်။ သူပေးသမျှလေးကိုသာ လက်ခံကာ အလွန်အမင်း ကျေနပ်ပျော်ရွှင်သယောင် ဟန်ဆောင်ရသည်။

တစ်နေ့တော့ မေစစ်တို့ ထမင်းအတူစားကြရန်



www.burmeseclassic.com

www.burmeseclassic.com



စားနေကျ တိတ်ဆိတ်ငြိမ်သက်သော စားသောက်ဆိုင်ကလေးသို့ ရောက်လာခဲ့ကြပါသည်။ ဆိုင်တံခါးဝရောက်တော့ ညှော့်ကြို ကောင်လေးက တံခါးကို အသင့်ဆွဲဖွင့်ပေးလိုက်ရာ တံခါးဝနှင့် နီးသော စားပွဲဝိုင်းမှ မေစစ် မိတ်ဆွေ မိသားစုကို လှမ်းမြင်လိုက် ရပါသည်။ မေစစ်နှင့် အဲဒီ မိသားစုက အင်မတန် ခင်မင်တာမို့ မေစစ်က ဝမ်းသာအားရ သွားနှုတ်ဆက်ဖို့ ခြေလှမ်းပြင်လိုက်ရာ သူက မေစစ် လက်ကို ဖျတ်ခနဲ လှမ်းဆွဲလိုက်ရင်း ...

"ဘယ်သွားမလို့လဲ မေ ..."

"ဟိုမှာလေ ... ဟိုဝိုင်းမှာ ထိုင်နေတဲ့ မိသားစုက မေနဲ့ သိပ်ခင်တာ ... သူတို့ အဝတ်အစားတွေ အားလုံး မေ့ဆီမှာပဲ အမြဲအပ်တာ၊ ကလေးလေးတွေကအစ မေနဲ့ ခင်နေတာ၊ မေ သွားနှုတ်ဆက်လိုက်ဦးမယ် ..."

"ခဏ ... ခဏလေး မေ"

"ဟင် ... ဘာလဲ၊ ဘာဖြစ်လို့လဲ နိုင် ..."

"မကောင်းဘူးထင်တယ်၊ ကိုယ်နဲ့ မေ တွဲလာတာကို သူတို့မြင်သွားရင် တစ်မျိုးထင်နေလိမ့်မယ်၊ အဲဒီ အမျိုးသားက ကိုယ့်ကိုသိတယ်၊ မေ သိက္ခာကျမှာ ကိုယ် စိုးရိမ်လို့ပါ၊ ဟော ... သူတို့တောင် ထွက်လာကြပြီ၊ လာ ... ဒီနားလေးမှာ ခဏရပ်ပြီး ကွယ်နေလိုက်ရအောင် ..."

သူက မေစစ် လက်ကိုဆွဲကာ land cruser ကားတစ်စီးရဲ့ နောက်မှာ ကွယ်ရပ်နေလိုက်သည်။





မေစစ်သည် ထိုအဖြစ်ကို ရုတ်တရက် ခါးသည်းသွားလေသည်။ အမှတ်တမဲ့မို့ အရာအားလုံးကို မေ့ကာ ရိုးသားစွာ နှုတ်ဆက်လိုက်ဖို့ ကြံရွယ်ခဲ့သော မေစစ်သည် တကယ့်အဖြစ်မှန်ထဲ ပြန်ရောက်လာကာ မွန်းကျပ်နာကျင်သွားသည်။ အို ... ကြည့်စမ်း ... မေစစ်မှာ ဒီလိုအခွင့်အရေးလေးတောင် မရှိဘူး ...။

အပြေးအလွှား ခိုးကြောင်ခိုးဝှက် ပုန်းကွယ်ရှောင်ဖယ်နေလိုက်ရသော အဖြစ်က မေစစ်ကို သိမ်ငယ်သွားစေသည်။ သေးကျုံ့သွားစေသည်။ မေစစ်ရဲ့ နှလုံးသားသည် မခံမရပ်နိုင်အောင် တဒိန်းဒိန်း ဆောင့်ခုန်လာသည်။ သူက မေစစ်ရဲ့ ပျက်ယွင်းနေသော မျက်နှာကို ငုံ့ကြည့်ရင်း မေစစ် လက်ကို နှစ်သိမ့်သလို ဆုပ်ညှစ်လိုက်သည်။

"ဆောရီး ...၊ ကိုယ် တောင်းပန်ပါတယ်"

မေစစ် သူ့ကို မော့ကြည့်တော့ သူ့မျက်ဝန်းထဲမှာ အိုင်ဖွဲ့နေသော မျက်ရည်စ တချို့ကို မြင်ရသည်။ အို ... သူလည်း နာကျင်နေမှာပဲပေါ့။ မေစစ်သည် ကိုယ့်နာကျင်မှုထက် သူ့နာကျင်မှုကို ပိုပြီး စာနာသွားကာ ဘာမှမဖြစ်သလို ဟန်ဆောင်ပြုံးရယ်လိုက်ရင်း ...

"ဘာမှဖြင့် အမှားမလုပ်ဘဲနဲ့ ဘာကိုတောင်းပန်နေရတာလဲ နိုင်ရဲ့၊ သူတို့ကို နှုတ်မဆက်မိတာလည်း ခပ်ကောင်းကောင်းပဲ၊ သူတို့ လင်မယား နှစ်ယောက်လုံးက အရှမ်း စကားများ



www.burmeseclassic.com

www.burmeseclassic.com



တာ၊ သူတို့ လေကြောမိနေရင် မေစစ်တို့ တော်တော်နဲ့ ထမင်းစားရမှာ မဟုတ်တော့ဘူး၊ လာပါ နိုင်ရဲ့ ... အထဲ ဝင်ကြရအောင်၊ မေစစ် အရမ်းဗိုက်ဆာနေပြီ သိလား ...”

မေစစ်က ပေါ့ပေါ့ပါးပါး ပြောပြီး ဆိုင်ထဲသို့ ဝင်လာခဲ့သည်။ တကယ်တော့လေ ... ဟောဒီဆိုင်နဲ့ ဝေးရာကို မေစစ် ထွက်ပြေးသွားချင်တာ ...။ မေစစ်တို့မှာ လိပ်ပြာလုံလုံ သွားစရာ နေရာ၊ စားစရာ ဆိုင် မရှိတော့ဘူးလားဟု ယူကျုံးမရ တွေးမိနေသည်။ မေစစ်မင်းနဲ့ နိုင်သတို့ရဲ့ ကမ္ဘာဟာ ကျဉ်းသထက် ကျဉ်းလာနေသည်ဟု ခံစားရသည်။

သူကလည်း မေစစ်ကို သူ့ကြောင့် သိက္ခာမကျစေ ချင်။ မေစစ်ကလည်း သူ့ကို မေစစ်ကြောင့် သိက္ခာမကျစေချင်။ အချစ်ဟာ သိက္ခာကျရခြင်းနဲ့ ထပ်တူ စွဲနေလိမ့်မယ်လို့ မေစစ် ဘယ်တုန်းကမှ မတွေးခဲ့မိဖူးပါ။

ဘယ်သူက ဘယ်သူ့အပေါ်မှာမှ မရက်စက်နိုင်သရွေ့ မေစစ်တို့ ဒီလို အနေအထားနဲ့ ဘယ်လောက်ကြာကြာ မွန်းကျပ် နေရဦးမလဲ မသိနိုင်ပါ။

မေစစ်သည် ကိုယ် ရွေးချယ်မိသော လမ်းမထက် မှာ ဘယ်ကိုသွားရမည် မသိဘဲ မျက်စိသူငယ်ဖြစ်၍ နေလေသည်။

“တကယ်ပဲ စိတ်အနှောင့်အယှက် မဖြစ်ဘူးလား မေရယ်”

သူက မေစစ် မျက်နှာကို ငေးကြည့်ရင်း ခပ်တိုးတိုး မေးတော့ မေစစ်က ရယ်မောလိုက်ရင်း ...





“ဘာ စိတ်အနှောင့်အယှက် ဖြစ်စရာရှိသလဲ နိုင်ရယ်၊ မေ ဘာကိုမှ ဂရုမစိုက်ပါဘူး၊ နိုင်က ချစ်နေသေးသရွေ့ မေ ပျော်ပါတယ်၊ ခံနိုင်ရည်ရှိပါတယ် ...”

“တစ်ခါတစ်ခါတော့ မေ့အပေါ်မှာ ကိုယ် မတရားဘူးလို့ ခံစားရတယ်၊ ကိုယ့်ကိုယ်ကို အပြစ်ရှိတယ်လို့လည်း ခံစား ရတယ်၊ တကယ်တော့ ကိုယ့်ချစ်ခြင်းကို သိမ်းထားခဲ့သင့် တာပါ ...”

“နိုင် သိမ်းထားရင်သာ မေ့အပေါ် မတရားကျမှာပါ၊ နိုင့် အချစ်ကို ခံယူရတဲ့အတွက် မေကတောင် နိုင့်ကို ကျေးဇူး တင်မိပါသေးတယ်”

သူက သက်ပြင်းတစ်ချက် ရှိုက်လိုက်ရင်း ...

“ကံကြမ္မာက ကိုယ်တို့တွေကို ဘယ်လိုနေရာချထားပေး မလဲ မသိဘူး၊ ကိုယ်လည်း မေ့ကို ကိုယ့်ရင်ထဲက မြတ်မြတ်နိုးနိုး ချစ်နေရုံအပြင် ဘာမှ မစွမ်းဆောင်နိုင်ခဲ့ဘူး၊ ကိုယ် မေ့ကို အရမ်းချစ်ပါတယ်၊ ဒါပေမယ့် ခုချိန်မှာ ကိုယ်ဘာလုပ်ရမယ်၊ ဘာလုပ်သင့်တယ်ဆိုတာမသိဘူး ...”

မေစစ်ကလည်း နိုင့်ကို ဘာလုပ်ရမယ်လို့ အတင်း အကျပ် မတောင်းဆိုပါဘူး နိုင် ...။ ဒါပေမယ့် တခြား ဘာမှ မတွေးတတ်တဲ့ မိန်းမတစ်ယောက်ဆိုရင်တော့ နိုင်နဲ့အတူ နေချင် တယ်လို့ တောင်းဆိုမိမှာပဲ ...။



www.burmeseclassic.com

www.burmeseclassic.com



မေစစ်သည် အမှန်တကယ် ပြောချင်သော စကားများကိုတော့ ရင်ဘတ်မဆုံအောင် ပြန်မျိုချထားသည်။

သူ့ရဲ့ချစ်ခြင်းမေတ္တာကြောင့် ရရှိခဲ့သော လုံခြုံစိတ်သည် ရင်ဆိုင်ရသော အခြေအနေကြောင့် မလုံမခြုံ ပြန်ဖြစ်လာသည်။ မေစစ်သည် မလုံခြုံစိတ်ဖြင့် ပတ်ဝန်းကျင်မှာ အနေကျုံ့သထက် ကျုံ့လာသည်။

နောက်ရက်အနည်းငယ်အတွင်းမှာပင် နောက်ထပ်အဖြစ်အပျက်တစ်ခုကို ကြုံရပြန်သည်။

အဲ့ဒီနေ့က မေစစ်တို့ နှစ်ယောက် R.C. 2 ဝင်းထဲမှာ စကားတပြောပြောဖြင့် လမ်းလျှောက်နေဆဲ နောက်ဘက်မှ မောင်းလာသော ကားတစ်စီးက မေစစ်တို့ကို ကျော်သွားပြီးမှ နောက်ပြန်ဆုတ်လာကာ ကားထဲမှ လူတစ်ယောက် ဆင်းလာသည်။

"ဟဲလို ... ကိုနိုင်သတိုး ဘယ်လာတာလဲ ..."

"ဩော် ... ကိုထက်မင်းပါလား၊ ကျွန်တော် Research တစ်ခု လုပ်စရာရှိလို့ ဒီက ဆရာမတစ်ယောက်နဲ့ လာတွေ့တာလေ ..."

သူက မေစစ်ဘက်ကို လက်ညှိုးညွှန်ပြရင်း ခပ်တည်တည် ပြန်ပြောလိုက်နိုင်သည်။ မေစစ်ကတော့ ထိုနေရာမှာပင် ရပ်တန့်ရင်း ပြာကျလောင်ကျွမ်းနေသည်။ ဒါ ကျွန်တော့်ချစ်သူလို့ မိတ်ဆက်မပေးနိုင်ဘူး မဟုတ်လား နိုင်ဟု ဒေါသတကြီး အော်ဟစ်လိုက်ချင်သည်။





"ဒါနဲ့ ... အမျိုးသမီးကော နိုင်ငံခြား သွားတယ်ဆို၊ အလုပ်ကိစ္စလား၊ ဘယ်လောက်ကြာမှာလဲ ..."

သူက ရုတ်တရက် ဆွံ့အသွားပြီး ...

"ကြာတော့ ကြာလိမ့်ဦးမယ်၊ ဩော် ... ခင်ဗျားကိုမြင်မှ သတိရတယ်၊ အခမ်းအနား ဖိတ်စာတစ်ခု ခင်ဗျားကိုပေးဖို့ ရှိတယ်၊ မနက်ဖြန်ကျမှ ခင်ဗျားရုံးကို ဝင်ပေးလိုက်မယ်"

"အိုကေလေ ... ဒါဆို သွားပြီနော် ..."

သူ စကားလွှဲလိုက်တာကို မေစစ် သိသည်။

ထိုသူ့ကားက ထွက်သွားခဲ့ပြီ။ မေစစ်ကတော့ ခြေလှမ်းတွေကို လှုပ်မရ၊ ရွေ့မရ ... ကြက်သေသေနေသည်။ မေစစ်မသိချင် မကြားချင်သော အကြောင်းအရာတစ်ခုက မေစစ်ခေါင်းထဲ ဒိုင်းခနဲ ဝင်သွားခဲ့ပြီ ...။

လူလူသူသူ မိတ်ဆက်ပေး မခံရသော အဖြစ်၊ အသိအမှတ်ပြုမခံရသော အဖြစ်က မေစစ်ရဲ့ မာနကို မီးနဲ့ရှို့နေသည်။

စိတ်ကူးယဉ်မှုများရဲ့ နောက်ကွယ်က တကယ့်အဖြစ်အပျက်သည် တရွေ့ရွေ့ ထွက်ပြူလာသည်။

အချစ်အတွက် မေ့ထားရသော အမှန်တရားသည် အချိန်အတိုင်းအတာတစ်ခုအထိပဲ ခဏပုန်းနေကာ ခုတော့ မေစစ်ရဲ့ အသိဉာဏ်ထဲသို့ နည်းနည်းချင်းစီ ပြန်ဝင်လာနေသည်။



www.burmeseclassic.com

www.burmeseclassic.com



မေစစ်သည် မေစစ် နံဘေးက ချစ်သူကို ချစ်သော မျက်စိဖြင့် ကြည့်သည်။ ပြီးတော့ မုန်းသောမျက်စိဖြင့် ကြည့်မိပြန်သည်။ သူ့ကို အရမ်းချစ်ချင်ပြီး အရမ်းလည်း မုန်းချင်လာသည်။ အချစ်နဲ့ အမုန်းသည် အစွန်းတစ်ဖက်စီမှာ ရပ်ကာ လွန်ဆွဲစ ပြုလာသည်။

အို ... ခုချိန်မှာတော့ အချစ်ကသာ အနိုင်ရလို့နေတာပဲ။ မေစစ်သည် ချစ်ခြင်းဖြင့် သူ့စိတ်ချမ်းသာမှုအတွက် ကိုယ့်စိတ်ချမ်းသာမှုကို စတေးထားလိုက်ပြီး အရာရာကို မျိုသိပ်စောင့်စည်းနေသည်။ အဲ့ဒီအတွက်လည်း မခံမရပ်နိုင်အောင် ဒဏ်ရာတွေ ရနေသည်။ သိပ်နက်တဲ့ ဒဏ်ရာတွေပဲ။

သူက အခါများစွာကလိုပဲ တောင်းပန်ရိပ်စွက်သော၊ နီရဲစိုစွတ်သော မျက်ဝန်းများဖြင့် မေစစ်ကို နူးညံ့စွာကြည့်သည်။ အပြစ်ရှိသူတစ်ယောက်ရဲ့ ကြေကွဲမှုမျိုးဖြင့်လည်း သူ့မျက်နှာတစ်ပြင်လုံး အုံ့မှိုင်း ပျက်ယွင်းနေသည်။ အဲ့ဒီအကြည့် အဲ့ဒီမျက်နှာကြောင့်ပဲ မေစစ်ရဲ့ စိတ်ခံစားမှုတွေအားလုံးကို ပြောင်းပြန်လှန်ပစ်လိုက်ရတတ်သည်။

"နိုင်ရေ ... ကြည့်စမ်း ... ခုမှ သေချာကြည့်မိတယ်၊ နိုင့်ဆံပင်တွေ အရမ်းရှည်နေတယ်၊ နိုင့်ဆံပင်က လှိုင်းဘွန့်တွေ ပါတော့ နည်းနည်းလေး ရှည်တာနဲ့ ပွပြီး မသပ်ရပ်တော့ဘူး၊ မညှပ်တာ ဘယ်လောက်ကြာပြီလဲ၊ မနက်ဖြန်ကျ





သွားညှပ်လိုက်နော်၊ ဆံပင် ဘုတ်သိုက်ကြီးနဲ့ မလှရင် မေစစ်က မချစ်ဘူးနော် ..."

မေစစ်က လှပသော မျက်ဆောင်းကလေးကို ဖန်တီးယူကာ ပြောတော့ သူက စိတ်ပေါ့ပါးသွားပုံဖြင့် သူ့ဆံပင်တွေကို လက်နှင့် ဖိကာ ပြုံးနေသည်။ တကယ်တော့ သူ့ရင်ထဲက လေးနေသော အရာတွေကို မေစစ်တစ်ယောက်တည်းက လွှဲပြောင်းယူထားလိုက်တာ ဖြစ်သည်။ ရင်ထဲမှာ လေးလံလွန်းလို့ မလှုပ်ချင်အောင် နုံးချိသွားသည်။

အချစ်ဆိုတာ ကိုယ်ချစ်ရသူအတွက် ကောင်းတာတွေပဲ ပေးပြီး ကိုယ်ကတော့ ဆိုးတာတွေပဲ ယူထားချင်တာမျိုးလား မသိပါ ...။

ဟင့်အင်း ... မေစစ်ရဲ့ မူလစရိုက်က ဒီလိုမှ မဟုတ်ခဲ့တာ။ ကိုယ့်ရင်ထဲက မကျေနပ်တာတွေကို ဖွင့်ဖောက်ပေါက်ကွဲရမှ ကျေနပ်တတ်တာဟာ မေစစ်မင်းရဲ့ မူလစိတ်ရင်း ဖြစ်သည်။ ခုတော့ ကိုယ့်စိတ်ရင်းနဲ့ ဆန့်ကျင်ဘက်တွေကို ပြုမူနေရသည်။

မေစစ် သူ့ကိုချစ်သည်။ သို့သော် ... လက်ရှိအခြေအနေကိုမကျေနပ်။ မေစစ်မင်းဟာ အများအမြင်မှာ မော်ကြွားနိုင်သော မိန်းမတစ်ယောက် ဖြစ်ပါလျက် ခေါင်းငုံ့သိမ်ငယ်နေရသည့် အဖြစ်ဟာ ဘယ်လောက်ဆိုးသလဲ ...။

မေစစ် ရင်ထဲမှာ အချစ်တွေလည်း ပြည့်နေသည်။ မကျေနပ်ချက်တွေလည်း ပြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ဆီကို မေစစ် ဖုန်းဆက်လို့ ဖုန်းမအားလျှင် သူ ဘယ်သူနဲ့ ပြောနေသလဲ တွေးရင်း ရင်ထဲပူလာသည်။ လောလော ဆယ် သူ့အနားမှာ ဘယ်သူမှ ရှိမနေတာကတော့ မေစစ်စိတ်ကို အနည်းငယ် သက်သာရာ ရစေသည်။ သို့သော် ဒါဟာ ဘယ် လောက်ကြာကြာ ဖြစ်နိုင်မလဲ။ မတွေးချင် ...။

မေစစ် စိတ်သည် ချစ်စိတ် မုန်းစိတ်၊ ကျေနပ်စိတ် မကျေနပ်စိတ်၊ စာနာစိတ် ရက်စက်လိုစိတ်တို့ဖြင့် အမြဲ ပဋိပက္ခ တွေ ဖြစ်နေသည်။

တစ်ခါတစ်ရံ အပြစ်ရှိသူ တစ်ယောက်အဖြစ် ခံစား သိမ်ငယ်နေသည်။

သူနှင့်တွေ့လျှင် ပျော်ရွှင်တက်ကြွလာပြီး ကျောခိုင်း တာနှင့် စိတ်မာတ်ကျ မောပန်းညှိုးငယ်သွားသည်။

ခုတော့ဖြင့် မေစစ်မင်းဟူသော အချစ်ကို ယုံစား အားထားချင်သည့် မိန်းမတစ်ယောက်သည် ပန်းတိုင်မရှိသော ပြေးလမ်းပေါ်တွင် ပြေးနေရသူလို မောပန်းကာ မျှော်လင့်ချက်မဲ့ လျက် ခြေကုန်လက်ပန်းကျ၍ နေလေသည်။

♥ ♥ ♥





❦ ❦ ❦

ညတွေ ညတွေမှာ ဘာလို့ အိပ်မက်, မက်မှန်း မသိချေ။

သူနဲ့ ချစ်သူဖြစ်ပြီးနောက်ပိုင်းမှာ မေစစ် အိပ်မက် တွေ မကြာခဏ မက်သည်။ သူနဲ့ ပျော်ရွှင်စွာ တွေ့ဆုံခဲ့သည့် နေ့မှာ မက်သည့် အိပ်မက်တွေဟာ ကြည်နူးစရာ ဖြစ်ရမည့်အစား ချောက်ချားနာကျင်စရာတွေ ဖြစ်နေတတ်သည်။ သူ့လက်ကို အသာအယာ မှီနွဲ့ခဲ့သော မေစစ်သည် အိပ်မက်ထဲကျလျှင် သူ့ကို တွန်းထိုးရိုက်နှက်နေသည်။ အော်ဟစ် ရန်တွေ့နေသည်။ သူ့ရင်ခွင်မှာ ပါးကလေး အသာကပ်ကာ ချွဲနွဲ့ခဲ့သော မေစစ်သည် အိပ်မက်ထဲကျလျှင် သူ့ကို ကျောခိုင်းကာ ဥပေက္ခာပြုနေသည်။



www.burmeseclassic.com

www.burmeseclassic.com



အပြင်မှာ ရယ်ရယ်မောမော စကားတွေဆိုခဲ့သော မေစစ်သည် အိပ်မက်ထဲကျလျှင် နှုတ်ပိတ်နာကြည်းစွာ မျက်ရည်ကျနေသည်။

ပြီးတော့ အိပ်မက်ထဲမှာ မေမေ့ကို ခဏခဏတွေ့သည်။ မေမေက မေစစ်ကို အမြဲတမ်း ဒေါသတကြီး စိုက်ကြည့်နေတတ်သည်။ အဲ့ဒီမျက်လုံးတွေကို မေစစ် ကြောက်သည်။

တစ်ညတော့ မေမေ့ကို အိပ်မက် မက်ပြန်သည်။ အိပ်မက်ထဲမှာ မေမေက မျက်ရည်ကျသည်။ ပြီးတော့ ညင်သာတိုးဖွစွာ ပြောသည်။

"သမီးလေးကို ဂုဏ်သိက္ခာရှိတဲ့ မိန်းမတစ်ယောက်အဖြစ် မေမေမြင်ချင်တယ်၊ တစ်နေ့ကျရင် ဂုဏ်သိက္ခာရှိတဲ့ ယောကျ်ားတစ်ယောက်နဲ့ ဂုဏ်သိက္ခာရှိစွာ လက်ထပ်ရမယ်၊ သိက္ခာမဲ့တဲ့ အလုပ်မျိုးတွေ မလုပ်မိပါစေနဲ့"

ထိုစကားက မေစစ် အသည်းထဲသို့ စူးသွားသည်။ မေစစ်သည် အိပ်ရာမှ ကယောင်ကတမ်း လန့်နိုးလာသည်။ တစ်ကိုယ်လုံး ချွေးတွေရွှဲနစ်နေသော မေစစ်သည် အိပ်ရာခင်းတွေကို ဆုပ်ခြေကာ ...

"မေမေ ... မေမေ၊ မေမေ ပြန်လာပါ ..."

ဟု တီးတိုးရေရွတ် ညည်းတွားနေသည်။

မေမေ ရှိလျှင် မေစစ်ကို ဆုံးမမှာပဲ၊ တားမြစ်မှာပဲ၊ မေစစ်သည် မေမေ့ စကားကို နားထောင်ပါ့မယ်ဟု ကတိပေးပြီး





မေမေ့ရင်ခွင်မှာ ငိုရှိုက်ရင်း သူ့ကို မေ့ဖို့ ကြိုးစားချင်သည်။

မေစစ်ကို မေတ္တာပေးလှည့်ပါ မေမေ ...။

မေစစ် ချစ်တတ်သည်။

ပြီးတော့ ရှက်တတ်သည်။

မေစစ်အတွက် အချစ်က အရေးကြီးသလို ဂုဏ်သိက္ခာကလည်း အရေးကြီးသည်။

မေစစ်ဟာ ဂုဏ်သိက္ခာရှိတဲ့ မိန်းမတစ်ယောက်ပါ မေမေဟု မေမေ့ကို ပြောချင်သော်လည်း လိပ်ပြာမလုံချေ ...။

ထိုအိပ်မက် မက်ပြီး လန့်နိုးလာသော မေစစ်သည် အနားက ဖုန်းကို သွေးရူးသွေးတန်း လှမ်းဆွဲကာ သူ့ GSM phone ကို လှမ်းခေါ်လိုက်သည်။

ဟဲလို ...

သူ့အသံကြားတော့ မေစစ် ဆွံ့အသွားသည်။

မေစစ်တို့ လမ်းခွဲကြရအောင်ဟု မေစစ် ပြတ်ပြတ်သားသား ပြောချင်သည်။ ပြောဖို့ သတ္တိလိုချင်သည်။

"နိုင် ..."

"မေလား ..."

"နိုင် ..."

"မနက်အစောကြီးပါလား၊ ဘာဖြစ်လို့လဲ မေ ..."

"နိုင် ... မေ ... မေတို့ ..."



www.burmeseclassic.com

www.burmeseclassic.com



"ပြောလေ ... မေ ... ဘာပြောမလို့လဲ ..."

မေစစ်သည် သူ့အသံကို နားထောင်ရင်း စကားလုံးတွေကို ပြန်မှိုချလိုက်ကာ ...

"မေတို့ မနက်ဖြန် တွေ့ရအောင် ..."

"ဒါများကွာ ... မနက်မိုးလင်းမှ ပြောလည်း ဖြစ်ပါတယ် မေရဲ့ ... ' ကိုယ်ဖြင့် ဘာများဖြစ်သလဲလို့ လန့်သွားတာပဲ၊ အစောကြီးရှိသေးတယ်၊ ပြန်အိပ်လိုက်ဦးနော်၊ အိပ်ရေးမဝရင် ခေါင်းကိုက်နေဦးမယ် ..."

"ဟုတ်ကဲ့ ... ဟုတ်ကဲ့ပါ နိုင် ..."

မေစစ် ဟန်ဆောင်လိုက်ရပြန်သည်။

ထိုနေ့ မနက်မှာ တွေ့ကြတော့လည်း မေစစ်က ဘာတစ်ခွန်းမှ မပြောဘဲ သူစိတ်ချမ်းသာအောင် ပြုံးရယ်ရွှင်ပြဟန်ကလေးဖြင့် သိပ်သိပ်သည်းသည်း ဟန်ဆောင်နေသည်။ သူ ပြန်သွားတော့မှ လူးလိမ့်မတတ် ငိုပြီး စိတ်ဓာတ်ကျ မောပန်းနေသည်။

ဒီလိုနှင့် ချောက်အိပ်မက်တွေနှင့် အတူ ညတွေကို မေစစ် ပင်ပန်းကြီးစွာ ကျော်ဖြတ်လာရသည်။ အိပ်မပျော်သည့် ညတွေများကာ ဖျော့တော့လာသည်။

တစ်နေ့တော့ မေစစ်သည် သူ့ပခုံးကို အသာအယာ မှီနွဲ့ရင်း တိုးတိုးလေး ပြောလိုက်သည်။

"နိုင့်ကို မေ တစ်နှစ်ပဲ ချစ်မယ် ..."





"မေ ... ဘာကို ဆိုလိုတာလဲ ..."

"နောက်နှစ်ခါ မေတို့ စ,ချစ်တဲ့ နှစ်ပတ်လည်နေ့ကျရင် လမ်းခွဲကြမယ်၊ မေရဲ့အချိန်တွေ၊ ဂုဏ်သိက္ခာတွေ၊ ခံစားမှုတွေ အားလုံးကို နိုင့်အတွက် တစ်နှစ်စာပဲ ပေးနိုင်မယ်"

သူက တိတ်ဆိတ်သွားသည်။ တကယ့်ကို အကြာကြီး တိတ်ဆိတ်သွားပြီးမှ ...

"အချစ်ဆိုတာ ဘယ်အချိန်မှာ စပြီး ဘယ်အချိန်မှာ ဆုံးမယ်လို့ ကြိုတင်ကြံစည်လို့မှ မရတာပဲ မေရယ်၊ ဒါပေမယ့် မေ့သဘောပါ၊ မေ စိတ်ချမ်းသာသလိုသာ လုပ်ပါ၊ ကိုယ်နာခံပါ့မယ်"

သူ့အသံက တုန်ယင်လွန်းတာမို့ မေစစ် မော့ကြည့်တော့ သူ့မျက်ရည်စတွေကို မြင်ရသည်။ သူ့မျက်ရည်က မေစစ်ရဲ့ ဦးနှောက် အသိဉာဏ်တွေ အားလုံးကို ခြစ်ထုတ်ပစ်လိုက်နိုင်သည်။ မေစစ် ခေါင်းထဲမှာ အခွံပဲကျန်ပြီး ရင်ဘတ်ထဲက နှလုံးသားကတော့ အားကောင်းစွာ ရှင်သန်ခုန်လှုပ်နေသည်။ မေစစ်သည် ရုတ်တရက် ရယ်မောလိုက်ရင်း ...

"ဟယ် ... နိုင်ကလည်း ကလေးကျနေတာပဲ၊ မေ နောက်တာကို တကယ်ထင်နေပြယ် ..."

မေစစ်က သူ့မျက်ရည်စတွေကို သုတ်ပေးလိုက်ပြီး သူ့ခေါင်းကို မေစစ် ပခုံးမှာ မှေးမှီစေပြီး နှစ်သိမ့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မေစစ် မျက်ရည်ကိုတော့ သူမမြင်အောင် သိမ်းထား နိုင်သည်။

အဲ့ဒီညက ချောက်အိပ်မက်တွေ မက်ပြန်သည်။

♥ ♥ ♥





❦ ❦ ❦

ပန်းဖျော့သွေး အောက်ခံမှာ အနီရောင် ပန်းပွင့် ကလေးတွေ ဖော်ထားသော လက်သည်းချွန် ထိပ်ဖျားကလေး သည် ဓာတ်ပုံလေးကို အသာအယာ ထိတွေ့လျက်ရှိ၏။ ဓာတ်ပုံ ထဲမှ အလွန် ချစ်စရာကောင်းသော ကလေးလေးရဲ့ နှုတ်ခမ်း ကလေး၊ နှာတံကလေး၊ မျက်လုံးကလေးတွေကို တရွေ့ရွေ့ ထိ တွေ့နေခဲ့၏။

"ဘာဖြစ်လို့ သူလိုငါလို မိသားစုဘဝကို မရရတာလဲ"

"ဘာဖြစ်လို့ သူလိုငါလို ချစ်သူဘဝကို မရရတာလဲ ..."

မေစစ်သည် ဘယ်သူ့ကိုမှန်းမသိ တတွတ်တွတ် မေးရင်း ငိုရှိုက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ချစ်သူထံမှ လက်ထပ်ခွင့်တောင်းမခံရတဲ့ မိန်းမတစ်ယောက်ရဲ့ စိတ်ဟာ ဘယ်လောက်ကြေမွနေမလဲ ...။

ချစ်သူကို လက်ထပ်ရအောင်လို့ ပြောခွင့်လည်း မရနိုင်တဲ့ မိန်းမတစ်ယောက်ရဲ့စိတ်ဟာ ဘယ်လောက် သိမ်ငယ်နိမ့်ကျနေမလဲ ...။

ခက်တာက မေစစ်မင်းနဲ့ နိုင်သတိုးဟာ ချစ်ရုံအပြင် ဘာမှ မတတ်နိုင်ခြင်းပဲဖြစ်သည်။ မေစစ်တို့သည် ဂုဏ်သိက္ခာကို တန်ဖိုးထားတတ်ပြီး တစ်ဖက်သားအပေါ် စာနာတတ်သူများလည်း ဖြစ်သည်။ အဲဒီလို လူတွေအတွက် အချစ်ဟာ အဆိပ်ပဲဆိုတာ မေစစ် နားလည်လာသည်။

သို့သော် တစ်ခါတစ်ခါ မေစစ်မင်းဟာ သိက္ခာမဲ့သော မိန်းမတစ်ယောက်ဖြစ်ချင်သည်။ သို့သော် သူမရဲ့ ဦးနှောက်က ခွင့်မပြုချေ။

မေစစ်မင်းရဲ့ ဆံပင်ရှည်တွေသည် ပါကေးခင်းကြမ်းပြင်ပေါ် ပုံကျနေသည်။ အိမ်နေဝတ် ဂါဝန်ရှည်ကလည်း ပုံအိကျနေသည်။ ကြမ်းပြင်ပေါ်မှာတော့ 'သတိုးစစ်' ဟု ရေးထားသော ဓာတ်ပုံလေးတစ်ပုံ ရှိနေပြီး ထိုဓာတ်ပုံလေးနားမှာ လက်ထောက်၍ ထိုင်ရင်း မေစစ်က ဓာတ်ပုံကလေးကို ငုံ့ကြည့်နေခဲ့တာ ဖြစ်သည်။

ခဏကြာတော့မှ ဖြည်းဖြည်းချင်း ထရပ်လိုက်ပြီး





နံရံပတ်လည်က ကလေးပုံတွေကို တစ်ပုံချင်း လှည့်ပတ်ကြည့်မိပြန်သည်။

ထိုခဏမှာပဲ မေစစ်ရဲ့ GSM ဖုန်းကလေးက အသံမြည်လာသည်။ Display မှာပေါ်လာသော ဖုန်းနံပါတ်ကို တွေ့တာနှင့် မေစစ်က မျက်ရည်တွေကို အကုန်အစင် သုတ်ပစ်လိုက်ပြီး ရေတစ်ခွက် လှမ်းယူကာ အငမ်းမရ သောက်၏။ ပြီးတော့ လည်ချောင်းတစ်ချက်ရှင်းသည်။ ပုံမှန်အသံဖြစ်ဖို့ လိုသည်။

"ဟဲလို ... နိုင် ..."

"မေ ... ဘယ်မှာလဲ ..."

"အိမ်မှာလေ နိုင် ..."

"ဆိုင်မသွားဘူးလား ... ဘာလုပ်နေလဲ ..."

"မေစစ် ရယ်နေတာ နိုင်ရဲ့ ..."

"ရယ်နေတာ ...!"

"ဟုတ်တယ် ... အဟင်း ... ဟင်း ... မေစစ် ရယ်နေတာ၊ ဟာသကား တစ်ကားကြည့်ပြီး အရမ်းရယ်နေတာ ..."

"ဟုတ်ပါပြီ ... ဟုတ်ပါပြီ၊ ဒါဆိုလည်း ဆက်ကြည့်ပါ၊ ကိုယ်က သတိရလို့ ဆက်တာပါ ..."

သူက ဖုန်းချသွားသည်။ မေစစ်ကလည်း ဆက်ပြောနေရင် ဟန်မဆောင်နိုင်တော့မှာ စိုးတာမို့ စကားရှည်မနေတော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းချလိုက်ပြီးတော့ မေစစ် ခဏငိုင်တွေနေသည်။ မကြာခင် မျက်ရည်စတွေ စိမ့်လာပြန်သည်။

ဒီလိုနေ့ရက်မျိုးတွေကို ဘယ်လောက်ကြာကြာ ကျော်ဖြတ်ရဦးမည် မသိချေ။

♥ ♥ ♥





❦ ❦ ❦

"မမ ...ဒီဝတ်စုံက မော်ဒယ် မိုးပုလဲနဲ့ဆိုရင် ပိုလှမယ်ထင်တယ်နော်"

"ဟုတ်တယ် စန္ဒီ၊ မမဖြင့် မိုးပုလဲကိုတောင် ပြောထားပြီးပြီ"

"ပန်းထိုးလက်စ ဝတ်စုံကရော ဘယ်သူနဲ့ လှမယ်ထင်သလဲဟင် ...မမ"

"မမတော့ သက်မွန်မြင့်နဲ့ လိုက်မယ် ထင်တာပဲ"

"မမလည်း Bridal show အတွက် ပင်ပန်းလို့ထင်တယ်၊ အရမ်းဖျော့တော့နေသလိုပဲ၊ ကျန်းမာရေးကိုလည်း ဂရုစိုက်ပါ မမရယ် ..."



www.burmeseclassic.com

www.burmeseclassic.com



"ကိစ္စမရှိပါဘူး စန္ဒီရယ်၊ မမ ဒီ Bridal show လုပ်ဖို့ စိတ်ကူးလာတာ နှစ်တွေ မနည်းတော့ဘူး၊ ခုမှပဲ အကောင်အထည် ဖော်ဖြစ်တာ၊ ပြီးခဲ့တဲ့ နှစ်က လုပ်ဖြစ်ပေမယ် အားလုံးစုပြီး လုပ်ကြတာဆိုတော့ မမ ဒီဇိုင်းတွေချည်း ပြလို့ မရဘူးလေ"

မေစစ်သည် သတိုးသမီး ဝတ်စုံရှည်ကြီးရဲ့ အလယ်မှာ ထိုင်ရင်း ပန်းထိုးထားတာတွေကို အသေအချာ စစ်ဆေးလျက်ရှိပါသည်။ စိတ်က တက်ကြွပေမယ့် လူက ဖြူဖျော့နုံးနေတာကိုလည်း သတိမပြုနိုင်ဘဲ ဇောကပ်လျက်ရှိသည်။

Traders Hotel မှာ လုပ်မည့် Bridal show က မေစစ် ဒီဇိုင်းတွေချည်း တစ်ကိုယ်တော်ဖြစ်သည်။ မေစစ်သည် ကြေမွခြင်းတစ်ဝက် ပျော်ရွှင်ခြင်းတစ်ဝက် စိတ်ကို အလုပ်ထဲမှာ အချိန်ပြည့် နှစ်ထားလိုက်သည်။ လိုချင်တာတွေ မရတော့လည်း ရတာတွေကိုပဲ ကဲ့ယူရဦးမည်။

အလုပ်၏ ဖိစီးမှု၊ ချစ်ခြင်း၏ ဖိစီးမှုတို့ဖြင့် မေစင် ကောင်းကောင်း အိပ်မပျော်သည့် ညတွေလည်း များပြီ။

ပင်ပန်းသည့် နေ့တွေ ညတွေ ဆက်လာသော တစ်နေ့မှာ မေစစ် ဒီဇိုင်းတစ်ခုဆွဲနေရင်း မိုက်ခနဲ ဖြစ်ကာ လဲပြိုသွားသည်။

"မမ ... မမ ..."





စန္ဒီ့ခေါ်သံကို သဲ့သဲ့သာကြားရသည်။ လာတွဲလိုက်တာကိုသာ နောက်ဆုံးသိလိုက်ပြီး မေစစ် သတိလစ်သွားသည်။

မေစစ် သတိပြန်ရလာတော့ ဆေးရုံပေါ်မှာ ရောက်နေခဲ့ပြီး ဒရစ်ချိတ်ထားသည်။ စန္ဒီက စိတ်ပူပန်စွာ တဖွဖွပြောနေသည်။

"မမက အနားမှ မယူတာကိုး၊ အလုပ်ဇောကပ်နေတာကိုး၊ စန္ဒီပြောသားပဲ အနားယူပါဆိုတာကို၊ အခုတော့ သိပ်စိုးရိမ်စရာ မရှိပါဘူး၊ ပရက်ရှာကျပြီး အစာအိမ် နည်းနည်း ရောင်နေတာပါ၊ အဲဒါ စိတ်ဖိစီးလို့ ဖြစ်တာ သိလား၊ ဒါပေမယ့် တော်ပါသေးတယ်၊ ဘာမှ စိုးရိမ်စရာ မရှိဘူး၊ ဒီနေ့ ညနေတောင် ဆင်းလို့ရပြီတဲ့ ..."

မေစစ်သည် စိတ်ပူပန်စွာ ပြောနေသော စန္ဒီ့နေရာတွင် မေစစ်နားမှာ လူသိရှင်ကြား ရပ်တည်မပေးနိုင်သော ချစ်သူကို မြင်ယောင်ရင်း မျက်ရည်ဝဲလာသည်။

စန္ဒီထွက်သွားတော့မှ မေစစ် ခန္ဓာကိုယ်ကို နံရံဘက်သို့ တစောင်းလှည့်ကာ ခေါင်းအုံးနားမှာ ချထားသော GSM ဖုန်းလေးကို ယူပြီး သူ့ထံခေါ်လိုက်သည်။

"ဟဲလို ... နိုင် ..."

"မေ ... မေ့အသံက ဖျော့နေပါလား"

"မေ နေမကောင်းဘူး နိုင်ရဲ့၊ အခု ဆေးရုံမှာ ..."

"ဟင် ... ဘာဖြစ်လို့လဲ ..."



www.burmeseclassic.com

www.burmeseclassic.com



"သွေးပေါင်ကျပြီး မူးသွားလို့ပါ…၊ အစာအိမ်လည်း နည်းနည်းရောင်တယ်တဲ့၊ စိုးရိမ်စရာတော့ မရှိပါဘူး …"

"မေ … နေသာရဲ့လား…"

"နေသာပါတယ်"

သူက ခဏတိတ်သွားပြီး …

"ကိုယ် … လာတော့ လာခဲ့ချင်တယ်၊ ဒါပေမယ့် … ခု meeting ဝင်ခါနီးဆဲဆဲ ဖြစ်နေတယ်၊ ဘယ်အချိန် ပြီးမလဲ မပြောနိုင်သေးဘူး …"

"ရပါတယ် နိုင်၊ အချိန်မရရင်လည်း မလာပါနဲ့တော့၊ မေက ဒီညနေတော င် ဆင်းချင်ဆင်းရမှာ၊ ဆေးရုံက ဆင်းပြီးမှ တွေ့မယ်လေ၊ အတူ ထမင်းစားတာပေါ့၊ နိုင်က ထမင်းစား၊ မေက ခေါက်ဆွဲပြုတ် ပျော့ပျော့ကလေး စားမယ် …"

"ကိုယ် လာဖြစ်အောင်တော့ ကြိုးစားမယ်ကွာ၊ ကိုယ် meeting ပြီးရင် ဖုန်းပြန်ဆက်လိုက်မယ်"

မေစစ်သည် သူ့ကို ဝန်မပိစေချင်တာမို့ မလာဖို့ ပြောရသော်လည်း သူ့ကို မျှော်မိလေသည်။ မေစစ် အားငယ်သည်။ ဝမ်းလည်းနည်းသည်။ မေစစ် သတိပြန်ရလာချိန်မှာ သူ့ကို အရင်မြင်ချင်သည်။ သူ့လက်ကို ဆုပ်တွဲထားချင်သည်။ အဲ့ဒါဆို သိပ်အားရှိမှာပဲ။





သို့သော် ညနေ မေစစ် ဆေးရုံကဆင်းချိန်အထိ သူ ရောက်မလာခဲ့ပါ။ ညကျမှ ဖုန်းဆက်ကာ သူ့အလုပ်ကိစ္စတွေ မပြီးသဖြင့် နောက်ကျသွားကြောင်း ပြောသည်။ မေစစ်ကလည်း နားကျင်စိတ်ကို ဖုံးကာ ကိစ္စမရှိကြောင်း ပြောရသည်။ နောက်တစ်နေ့ တွေ့ကြတော့မှ သူက စိတ်မကောင်းစွာ ပြောသည်။

"မေ့အပေါ် ကိုယ်မတရားဘူး၊ ကိုယ့်ချစ်သူတစ်ယောက်ကို ဘာမှလည်း လုပ်မပေးနိုင်ဘူး၊ ဘာတာဝန်မှလည်း မယူနိုင်ခဲ့ဘူး၊ အရေးကြုံတဲ့အခါမှာလည်း ရပ်တည်မပေးနိုင်ဘူး"

"အဲ့ဒီအတွက် စိတ်မကောင်းမဖြစ်ပါနဲ့ နိုင်၊ နိုင့် အကူအညီ မပါဘဲလည်း မေ ရပ်တည်နိုင်သားပဲ၊ မေ့ဘဝက တစ်ယောက်တည်း ရင်ဆိုင်ရန်းကန်လာရခြင်းမှာ အသားကျနေပြီလေ၊ မေ့အတွက် ဘာမှ စိတ်မပူပါနဲ့"

မေစစ်သည် ချစ်ခြင်းကြောင့် ဖြစ်လာသည့် လောဘစိတ်တွေကို ချိုးနှိမ်ထားရသည်။ ပုထုဇဉ် တစ်ယောက်ရဲ့ ချစ်ခြင်းဟာ အလိုလောဘနဲ့မှ မကင်းနိုင်တာ။ မေစစ်မှာ ချစ်ခြင်းကြောင့် ဖြစ်လာသည့် လောဘတွေ ရှိသည်။ သူ့အချစ်၊ သူ့အကြင်နာ၊ သူ့ဂရုစိုက်မှု၊ သူ့စောင့်ရှောက်မှုတွေကို ရနိုင်သမျှ များများလိုချင်သည်။ ချစ်သူတစ်ယောက် ရသင့်ရထိုက်သည့် အခွင့်အရေးမှန်သမျှ အကုန်ရချင်သည်။



www.burmeseclassic.com

www.burmeseclassic.com



မေစစ် သူ့ကို စိတ်ပိုင်းဆိုင်ရာအရ ပြင်းပြစွာ အားကိုးသည်။ မေစစ် ဘဝမှာ သူ့ကို လိုအပ်သည်။ သို့သော် အဲ့ဒီ လိုအပ်ခြင်းကို သူသိလျှင် စိတ်ဆင်းရဲရုံအပြင် တခြားမရှိချေ။

ဆန္ဒအစစ်အမှန်ကို ဖုံးကွယ်ထားရကာ ဟန်ဆောင်နေရသော မေစစ်မင်းရဲ့ စိတ်သည် တဖြည်းဖြည်း ပြည့်ကျပ်အုံ့ဖွဲ့ကာ ပေါက်ကွဲလုဆဲဆဲ ဖြစ်လာသည်။

ထိုအခြေအနေမှာပင် မေစစ်ကို သွေးပျက်စေသည့် မြင်ကွင်းတစ်ခုကို မြင်နိုင်ဖို့ ကံကြမ္မာက တွန်းပို့လိုက်သည်။

♥ ♥ ♥





❖ ❖ ❖

အဲ့ဒီနေ့က မေစစ် မိတ်ဆွေတစ်ယောက်ရဲ့ အမေ ဆုံးတာမို့ ရေဝေးကို အသုဘလိုက်ပို့ခဲ့သည်။ နာရေးအိမ်မှ ထွက်သည့် ကားနှင့် မလိုက်ဘဲ မေစစ်ကားကို ကိုယ်တိုင်မောင်းကာ ယာဉ်တန်းရဲ့နောက်မှ လိုက်လာခဲ့သည်။

ရေဝေးသို့ ရောက်ပြီး မကြာခင် မိတ်ဆွေရဲ့ အမေ ရုပ်ကလာပ်ကို မီးသဂြိုဟ်စက်ထဲ ထည့်လိုက်ပြီးပြီမို့ လိုက်ပို့သူများ တဖွဲဖွဲ ပြန်နှင့်ကြပြီ။ မေစစ်ကတော့ မေစစ် မိတ်ဆွေကို နှုတ်ဆက်ဖို့ ခဏရပ်စောင့်နေလိုက်သည်။

ထိုအချိန်မှာပင် နောက် ဈာပနတစ်ခုအတွက် ကားများ ရောက်လာခဲ့တာ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပထမဦးဆုံး ဝင်လာသော ကားပေါ်မှ အမျိုးသမီးတစ်ဦး၊ အမျိုးသားတစ်ဦး ဆင်းလာသည်။ ငိုလာသော အမျိုးသမီးကို အမျိုးသားက ဖေးမတွဲခေါ်လာသည်။

ပထမတော့ လူအုပ်ကြားထဲမှာမို့ ဘယ်သူဘယ်ဝါဆိုတာ မသဲကွဲ ...။ မီးသင်္ဂြိုဟ်စက်ရှေ့မှာ ပြင်ထားသော ရုပ်ကလာပ်ရှေ့မှာ ရပ်လိုက်တော့မှ အားလုံးရဲ့အလယ်မှာ ရှင်းလင်းသွားလေသည်။

အဲဒါ မေစစ်ရဲ့ ချစ်သူပါပဲ ...။ အမျိုးသမီးကို ဖေးမလာတာ မေစစ်ကို သိပ်ချစ်ရကြောင်း တဖွဖွပြောတတ်တဲ့ မေစစ် ချစ်ရသူပါပဲ ...။

မေစစ်ရဲ့ ခန္ဓာကိုယ်သည် ရုတ်တရက် ပေါ့ပါးလွတ်ဟာသွားသည်။ ပြီးတော့ အသက်ရှူရပ်မတတ် မွန်းကျပ်သွားသည်။ ထိုနေရာမှာပင် လောင်ကျွမ်းပြာကျသွားလေသည်။

မေစစ်ရဲ့ ခြေလှမ်းတွေသည် သူတို့ရဲ့ နောက်နားသို့ တရွေ့ရွေ့ ရွေ့လျက်ရှိသည်။ သူတို့ကတော့ ကျောခိုင်းလျက်သားမို့ မေစစ်ကို မမြင်ချေ။

မေစစ်သည် သူတို့နောက်နားတွင် ရပ်ကာ သူတို့ကျောပြင်ကို ခပ်ကြောင်ကြောင် စိုက်ကြည့်နေသည်။ ထိုအခိုက်မှာ မေစစ် စိတ်ထဲမှာ ခံစားချက်မျိုးစုံ လောင်ကျွမ်းပေါက်ကွဲဖြောင်းဆန်နေသည်။





မေစစ်လို ဆံပင်ရှည်များ မရှိသော မိန်းမတစ်ယောက်သည် မေစစ် ချစ်သူရဲ့ လက်ကို အားကိုးတကြီး ဖွဖွဆုပ်တွဲထားသည်။

နောက်နား ဆီက စကားပြောသံတွေ ကြားရသည်။

"ဒေါက်တာ နိုင်သတိုးရဲ့ အမေလား ... ယောက္ခမလား မသိဘူးနော်"

"ယောက္ခမတဲ့ ...၊ သူ့အမျိုးသမီးလည်း နိုင်ငံခြားကနေ အမြန်ဆုံးပြန်လာပေမယ့် အသက်မမီလိုက်ဘူးတဲ့ ..."

အို ... သနားစရာပဲ ...။ သူ့ခမျာ ဘယ်လောက်ခံစားနေရရှာမလဲ ...။ မေစစ်သည် စာနာစိတ်ဖြင့် ဖျတ်ခနဲတွေး၏။ ခဏကြာတော့ မုန်းတီးစိတ်ဖြင့် ကြည့်မိပြန်သည်။

ရပ်တန့်နေသော ခြေထောက်တွေသည် ဆက်၍ မရပ်တည်နိုင်လောက်အောင် တုန်ခါလာသည်။ ဟော ... သူက သူမ ပခုံးကို ဖွဖွကလေး ဖက်၍ ခေါ်လာပြီ ...။ မေစစ်မှာ ထိုမြင်ကွင်းကို ဆက်ကြည့်ဖို့ အင်အားမရှိတော့ချေ ...။

အများက သူ့ဇနီးအဖြစ် ဝိုင်းဝန်းအသိအမှတ် ပြုထားသော ထိုအမျိုးသမီးကို ကြည့်လျက်ပင် မေစစ် သိမ်ငယ်လာသည်။ ရှက်ရွံ့လာသည်။ ဘာကိုမှန်းမသိ ကြောက်ရွံ့တုန်လှုပ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



မေစစ် အံကြိတ်ကာ ကားဆီသို့ ချာခနဲ ပြေးထွက်ခဲ့လေသည်။

♥ ♥ ♥





ရှုးတယ်ဆိုတာ ဘယ်လိုနေသလဲတော့ မေစစ် မသိချေ ...။

လောလောဆယ်တော့ မေစစ်သည် အသိစိတ်ကင်းလွတ်လုနီးပါး ဖြစ်နေသည်။ မေစစ် တစ်ကိုယ်လုံး မီးစနဲ့ ထိုးသလို ပူလာသည်။ ရင်ဝဆီမှာတော့ အပူဆုံးပဲ ...။

ခေါင်းထဲမှာ ကျုပ်ခဲနောက်ကျိနေသည်။ အတွေးတွေရှုပ်ယှက်ခတ်နေသည်။ ဘယ်လိုမှ ငြိမ်ငြိမ်ထိုင်နေလို့မရအောင် ယောက်ယက်ခတ်နေသည်။ မျက်လုံးအကြည့်တွေက ကြောင်စီစီနိုင်နေသည်။ မေစစ် အချိန်တိုင်း တွေးသည်။

ခုချိန်ဆို သူ့အနားမှာ တခြား မိန်းမတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ရှိနေလိမ့်မည်။ ထိုမိန်းမကတော့ မေစစ် ရှိနေကြောင်း မသိတာမို့ ဘာမှခံစားရမှာ မဟုတ်။ မေစစ် တစ်ယောက်တည်း ခံစားနေရတာတော့ ဘယ်တရားမလဲ ...။

မေစစ်သည် ထိုအတွေးကို တွေးရင်း သူ့အပေါ် ခါးသီးလာသည်။ သူ့ရဲ့လက်တွေက မေစစ်ကို ဖေးမနိုင်သလို ထိုမိန်းမကိုလည်း ဖေးမနိုင်သည်။ သူ့နှုတ်က မေစစ်ကိုချစ်ကြောင်း တဖွဖွပြောသလို ထိုမိန်းမကိုလည်း ပြောနိုင်သည်။

မေစစ် ဘာဖြစ်ဖြစ် မပျက်မကွက် ရောက်လာဖို့ တာဝန်မရှိသော နိုင်သတိုးသည် သူ့ဇနီးရဲ့ အရေးကိစ္စတွေမှာတော့ မပျက်ကွက်ဖို့ တာဝန်ရှိလိမ့်မည်။

အတွေးတွေက မေစစ်ကို အချိန်တိုင်း ဆွဲခါနေသည်။ မေစစ်ဟာ ဒီလိုကိစ္စမျိုးတွေမှာ ခံနိုင်ရည်ရှိလောက်အောင် ရင့်ကျက်သည့် မိန်းမ မဟုတ်ပါ။

မခံနိုင်သည့်အဆုံးမှာ မေစစ်က ကားကို မြို့ပြင်ဘက်သို့ မောင်းလာခဲ့ပြီး လယ်ကွင်းပြင်ဘက်သို့ ပြေးထွက်ခဲ့သည်။

"အား ..."

မေစစ် အာခေါင်ခြစ်၍ အော်သည်။ အခါခါအော်သည်။ အား ... ပင်ပန်းလှပြီ၊ နာကျင်လှပြီ၊ လွတ်မြောက်ချင်ပြီ။

မေစစ် မြင်ခဲ့ရသော မြင်ကွင်းကလည်း မျက်စိရှေ့က ပျောက်မရချေ။





မေစစ် ရှုံးနိမ့်လှပါပြီ။

ဒီအရှုံးတွေကို လွှင့်ပစ်ချင်ပြီ ...။

ထိုအခိုက်မှာ မေစစ်ရဲ့ GSM ဖုန်းက အသံမြည်လာပြီး သူ့ထံက ဖုန်းဝင်လာလေသည်။ သူ့အသံက ခိုးဆက်ရသလို တိုးတိုးလေး ...။

"မေ ... ကိုယ် ခရီးထွက်ရမယ်၊ တစ်ပတ်လောက် ကြာလိမ့်မယ်"

ရက်လည်တဲ့ အထိပေါ့ ...။ မညာပါနဲ့လား နိုင်။

"အဲ့ဒါလေး လှမ်းပြောတာပါ မေ"

"ကောင်းပါပြီ နိုင် ..."

မေစစ်က ဖုန်းပိတ်ပြီး နာကျင်စွာ ရယ်မောလိုက်သည်။

စာနာစိတ်နှင့် အမုန်းတရား၊ အမှန်နှင့် အမှား၊ အချစ်နှင့်အတ္တသည် မေစစ်ရင်ထဲမှာ ကြီးမားရှုပ်ထွေးစွာ ပဋိပက္ခဖြစ်၍ နေလေသည်။

ဒီအဖြစ် ဒီအချစ်ဟာ မေစစ်မင်းရဲ့အတ္တကို အပြင်းအထန် ထိခိုက်စေပါသည်။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com





❀ ❀ ❀

ဘယ်လိုမှ မခံနိုင်တော့ဘူး ... ရှုံးရတော့မယ်။ နေစမ်းပါဦး ... အိပ်မရတာ ဘယ်နှညရှိသွားပြီလဲ ...။

ဧ ရက်မြောက်နေ့မှာတော့ မေစစ်က မေစစ်ရဲ့ ဖုန်းကလေးကို ဖွင့်ပြီး သူ့ hand phone နံပါတ်တွေကို နှိပ်လိုက်သည်။

"နိုင် ... မေပါ၊ ပြောစရာရှိလို့ပါ"

မေစစ်ရဲ့ အသံက ခုတော့ တည်ငြိမ်အေးစက်နေသည်။ မေစစ် ဝင့်ကြွေးထဲက ရုန်းထွက်ချင်ပြီလေ ...။

"ပြောလေ ... မေ၊ ကိုယ်လည်း ခုပဲ ဖုန်းဆက်တော့မလို့ပဲ ..."



www.burmeseclassic.com

www.burmeseclassic.com



"မေ့စိတ်ရင်း အမှန်ကို နိုင် သိအောင် ပြောပြချင်လို့ပါ၊ တကယ်တော့ မေ့ ဘဝမှာ နိုင်က အပိုပဲ၊ နိုင့်ကို မေ မလိုချင်တော့ဘူး၊ နိုင်က မေ့ ဘဝအတွက် ဘာမှလည်း အသုံးမဝင်ဘူးလေ၊ နိုင့်ကို မေ ချစ်လည်း မချစ်ဘူး၊ မေ့ကို မေ့လိုက်ပါတော့၊ မေက ယောကျ်ားတစ်ယောက်နဲ့ ဂုဏ်သိက္ခာရှိရှိ လက်ထပ်ချင်တာ ...၊ မေ့ ရွေးချယ်မှုထဲမှာ နိုင့်လိုသူ မပါဘူး၊ လမ်းခွဲကြပါစို့ နိုင် ..."

တစ်ဖက်က တုံ့ပြန်တာကို မစောင့်တော့ဘဲ မေစစ် ဖုန်းကို အပြီးပိတ်ပစ်လိုက်သည်။ ပြီးတော့ ဖုန်းကို နံရံဆီ အားကုန် ပစ်ပေါက်လိုက်သည်။

♥ ♥ ♥





❦ ❦ ❦

အချစ်အတွက် ဘဝပျက်မခံနိုင်ဘူး ...။

ငါ့ဘဝက ပိုအရေးကြီးတယ်။

ငါ့အတွက်က ပိုအရေးကြီးတယ်။

ငါဟာ ခပ်ညံ့ညံ့ မိန်းမ မဟုတ်ဘူး ...။

ငါ့ကို သိမ်ငယ်စေမယ့် အလုပ်မျိုးတွေကို ငါ မလုပ်ဘူး ...။

မေစစ်သည် ကိုယ့်ကိုယ်ကို သတိပေးပြီး ... မကြာခင် ပြုလုပ်မည့် Bridal show အတွက် စိတ်နှစ်၍ ပြင်ဆင်လေသည်။

ညနေခင်း တစ်ခုမှာတော့ ဖြန့်ချထားသော အဖြူရောင် wedding dress ရဲ့ အနီးမှာ ထိုင်လျက် ဒီဇိုင်းတစ်ခု



www.burmeseclassic.com

www.burmeseclassic.com



ရေးဆွဲနေသော မေစစ်သည် ရုတ်တရက် ဘာမှမလုပ်နိုင်အောင် ဖြစ်သွားသည်။

ပုံဆွဲခဲတံကို ကိုင်မရတော့။ ကတ်ကြေးကို လှမ်းကိုင်မိတော့ ကတ်ကြေးက အောက်ပြုတ်ကျသွားသည်။

မေစစ် ခေါင်းထဲမှာ ဘာကိုမှ စဉ်းစားမရအောင် လပ်ဟာသွားသည်။

"စန္ဒီ ... စန္ဒီရေ ... ၊ မမ ... မမ ဘာမှလုပ်လို့ မရတော့ဘူး"

စန္ဒီ ပြေးထွက်လာသောအခါ အရုပ်လို မျက်နှာသေဖြင့် ရုပ်တန့်နေသော မေစစ်မင်းကို တွေ့ရလေသည်။

♥ ♥ ♥





❀ ❀ ❀

မေစစ်မင်းသည် ဘာအလုပ်မှ ဆက်လုပ်လို့ မရနိုင်တော့အောင် depression ဝင်၍ သွားခဲ့လေပြီ။

နည်းနည်းချင်းစီ စုဝေးအုံဖွဲ့ကာ ထွက်ပေါက်လည်းမရခဲ့သော ဖိစီးမှုတွေ အားလုံးက မေစစ်ကို လဲပြိုသွားစေသည်။

မေစစ်မင်းသည် မောပန်းနွမ်းဟိုက်လျက် အိပ်ရာထဲမှာ ခွေနေသည်။ ညတွေမှာ အိပ်ဆေးမကူဘဲ အိပ်မပျော်နိုင်၊ အိပ်ပျော်လျှင်လည်း အိပ်မက် မက်ပြီး ယောင်ယမ်းနိုးလာသည်။

စန္ဒီက ရှေ့အပတ်ထဲမှာ Traders Hotel မှာလုပ်ဖို့ ရည်ရွယ်ထားသည့် Bridal show ကို အကန့်အသတ်မရှိ ရက်ရွှေ့လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအချိန်တွေမှာ မေစစ် သူ့အိမ်သို့ ဖုန်းဆက်လို စိတ်ကို မနိုင်မနင်း ထိန်းချုပ်ထားခဲ့ရတာ ဖြစ်ပါသည်။

♥ ♥ ♥



# ပစ္စုပ္ပန်

www.burmeseclassic.com

www.burmeseclassic.com



❀ ❀ ❀

မေစစ်မင်းနှင့် တွေ့ဆုံမှု စတုတ္ထပတ်၏ ညနေခင်း ဖြစ်ပါသည်။

တိတ်ဆိတ်သွားသော အခန်းထဲမှာ သူမရဲ့ သက်ပြင်းချသံ ဖွဖွကို ကြားရသည်။ သူမရဲ့ မျက်ဝန်းများက အရောင် မှိန်ဖျော့စွာ ရီဝေမှေးစင်းနေသည်။ သူမက အိပ်မွေ့ချခံထားရသူတစ်ဦးလိုပင် စကားတွေ ဆက်ပြောပြန်သည်။

"ကျွန်မလောက် မလှတဲ့ ... ကျွန်မလောက် မပြည့်စုံတဲ့ မိန်းမတွေတောင် ရနိုင်တဲ့ မိသားစုဘဝကို ကျွန်မ ဘာလို့ မရနိုင်တာလဲ ဆရာ ...၊ ကျွန်မရဲ့ အကြီးမားဆုံး လိုအင်ဆန္ဒတစ်ခု မပြည့်နိုင်တာဟာ ကျွန်မစိတ်ကို ဒုက္ခအပေးဆုံးပဲ ...။



www.burmeseclassic.com

www.burmeseclassic.com



"တကယ်ဆို ကျွန်မ သူနဲ့ လက်ထပ်ချင်ပါတယ်၊ ဘာကိုမှ ဂရုမစိုက်ဘဲ သူ့လက်ကို တွဲလိုက်ချင်တယ်၊ တခြားသူ တွဲထားတဲ့လက်ကို ရက်ရက်စက်စက် ဖြုတ်ချပစ်လိုက်ချင်တယ်၊ ကျွန်မရဲ့ ခံစားချက်တွေကို အားလုံးသိအောင် ဖောက်ခွဲပြောပြလိုက်ချင်တယ် ...။

"ဒါပေမယ့် ကျွန်မရဲ့ ဂုဏ်သိက္ခာက ခွင့်မပြုဘူး၊ ကျွန်မရဲ့ ချစ်ခြင်းက ခွင့်မပြုဘူး၊ ကျွန်မရဲ့ စာနာစိတ်က ခွင့်မပြုဘူး ...။

"ချစ်ခြင်းကြောင့် ဖြစ်လာတဲ့ အလိုလောဘတွေ၊ အလိုမပြည့်လို့ ဖြစ်လာတဲ့ စိတ်မိုက် စိတ်ရိုင်းတွေကို ကျွန်မ ထိန်းချုပ်ထားရတာ အရမ်းပင်ပန်းလာပြီ ...။

"ကျွန်မ ... အဲ့ဒီ အမျိုးသမီးဆီ ဖုန်းဆက်ချင်တယ်၊ ကျွန်မတို့အကြောင်းကို ပြောချင်တယ်၊ ဒီလိုလုပ်ရင် ဘာတွေဖြစ်လာနိုင်မလဲဟင် ဆရာ၊ အို ... မဖြစ်ပါဘူး ...။

"ကျွန်မလို ဂုဏ်သိက္ခာရှိတဲ့ မိန်းမတစ်ယောက်က ဒါမျိုးလုပ်လို့ ဘယ်ဖြစ်မှာလဲ ...။

"ဆရာရော ဘယ်လိုထင်သလဲဟင် ..."

သူမက မေးခွန်းထုတ်တော့ ဦးလင်းမောင်က ပြုံး၍ ခေါင်းဆတ်ပြလိုက်ရင်း ...

"ဆရာ ဖြေပါ့မယ်၊ မေစစ်မင်းကို ကြည့်ရတာ အရမ်း





ပင်ပန်းနေပြီ၊ ခဏလေး နားလိုက်ပါဦး၊ ဒီမှာ ရေနည်းနည်း သောက်လိုက်ဦး"

ဦးလင်းမောင်က အနားက ရေသန့်ဘူးကို သူမထံ ကမ်းပေးလိုက်သည်။ စတုတ္ထအကြိမ်မြောက်တွေ့ဆုံခြင်းမို့ သူမနှင့် သူလည်း အထိုက်အလျောက် ရင်းနှီးမှုရှိခဲ့ပြီ။ သူမထံမှ ထိုက်သင့်သည့် ယုံကြည်ကိုးစားမှုကိုလည်း ရခဲ့ပြီ။ စတုတ္ထမြောက် ညနေခင်းမှာပင် သူမ၏ သိစိတ်၊ မသိစိတ်နှင့် လိုအင်ဆန္ဒများ ပဋိပက္ခများကို အကုန်အစင် သိခွင့်ရလိုက်သည်။

ဦးလင်းမောင်သည် မေစစ်မင်းကို ခဏအနားယူစေရင်း သူ လက်ထောက်ထားသည့် မှန်စားပွဲအောက်က အငယ်ဆုံး သမီးလေး လင်းသီရိချို့ရဲ့ ဓာတ်ပုံကလေးကို အသာအယာ ငုံ့ကြည့်မိပါသည်။ ၁၀ နှစ်အရွယ် သမီးလေးက သူ့ကို ပြုံးကြည့်နေသည်။

သမီးကလေးလည်း မကြာခင် အရွယ်ရောက်တော့မည်။ သမီး ဓာတ်ပုံကိုကြည့်ရင်း မေစစ်မင်းရဲ့ ငယ်ဘဝကို စာနာကာ သူ သက်ပြင်းရှိုက်မိ၏။

သမီး မိန်းကလေးဆိုတာ အဖေကို တွယ်တာကိုးစားတတ်ကြောင်း စိတ်ပညာသင်ရင်း သူ သိခဲ့သည်။ အဖေထံမှ သူတို့လိုချင်သော မေတ္တာ၊ အကြင်နာနှင့် နားလည်ဖေးမမှုတွေ မရခဲ့လျှင် သူတို့ရဲ့ ကိုးစားမှုကို တခြားယောကျ်ားတစ်ယောက်ထံ



www.burmeseclassic.com

www.burmeseclassic.com



လွှဲပြောင်းလိုက်တတ်သည်။ ဒီလိုမှ လွှဲပြောင်းခွင့် မရလျှင် စိတ်ပိုင်းဆိုင်ရာ ပြဿနာတွေ ဖြစ်မည်။ လွှဲပြောင်းခွင့်ရလျှင်လည်း ကံမကောင်းပါက အချစ်ပြဿနာ အရှုပ်အထွေးတွေထဲ နစ်မွန်းသွားနိုင်သေးသည်။

သမီးကလေးမှာတော့ ဒီလို မဖြစ်စေရပါဘူး သမီးရယ်၊ ဖေဖေ ကတိပေးပါတယ်။ သမီးအတွက် စိတ်လုံခြုံမှုကို ဖေဖေပေးပါ့မယ်။ ဦးလင်းမောင်က စိတ်ထဲက ညည်းတွားမိပါသည်။

"ဆရာ..."

ခေါ်သံကြောင့် ဦးလင်းမောင်က သမီးဓာတ်ပုံမှ အကြည့်ခွာလိုက်ရသည်။ သူမက သူ့ထံက အဖြေကို စောင့်သော မျက်လုံးများဖြင့် ကြည့်သည်။ သူက ခေါင်းတစ်ချက် ဆတ်ရင်း...

"မေစစ်မင်း မေးတာကို မဖြေခင် မေစစ်မင်းကို ဆရာ အရင် မေးချင်သေးတယ်..."

"မေးပါ ဆရာ..."

"မေစစ်မင်း အခု ဘာတွေလုပ်ချင်သလဲ၊ ဒီစိတ်ခံစားမှုတွေက လွတ်မြောက်ဖို့ ဘာတွေလုပ်ဖို့ စိတ်ကူးထားသလဲဆိုတာ ဆရာ့ကို ပြောပြနိုင်မလား..."

"ကျွန်မ ထွက်ပြေးချင်တယ် ဆရာ..."

"ဘယ်ကိုလဲ..."





"ကျွန်မ ဘဝထဲကနေ ထွက်ပြေးချင်တယ်၊ ကျွန်မ ဘဝရှိတဲ့၊ နာကျင်စရာ အဖြစ်အပျက်တွေ ဖြစ်ပျက်ခဲ့တဲ့ သူတို့နှစ်ယောက်အတူ ရှိနေတဲ့ ဒီမြို့နဲ့ အဝေးဆုံးကို ထွက်ပြေးချင်တယ်၊ သူတို့နဲ့ မတွေ့ချင်ဘူး၊ မဆုံချင်ဘူး"

"ဒါနဲ့ပဲ လွတ်မြောက်သွားရောလား..."

"ရှင်..."

"ထွက်ပြေးလည်း ခဏပဲ ရမှာပေါ့၊ ထွက်မပြေးဘဲ ရင်ဆိုင်လိုက်တာက ပိုမကောင်းဘူးလား"

သူမက ငြိမ်သက်တွေဝေသွားသည်။

"သူ့ကို မတွေ့ရလို့ ခံစားချက်တွေ သက်သာပေမယ့် ပြန်တွေ့ရတဲ့ အချိန်မှာ ခံစားချက်တွေ ပြန်ပေါ်လာမှာပဲလေ၊ အဲ့ဒီအခါ ပိုပြီး ပေါက်ကွဲလိမ့်မယ်၊ တွေ့နေရပေမယ့် ဘယ်လိုမှ မခံစားရတော့တဲ့ အခြေအနေမျိုးကို မေစစ်မင်း မလိုချင်ဘူးလား..."

"လိုချင်ပါတယ် ဆရာ"

"ဒါဆိုရင် ထွက်ပြေးဖို့ မကြိုးစားနဲ့တော့၊ ဒီမှာပဲနေပြီး အချိန်ကို စောင့်ရမယ်၊ ရင်ဆိုင်နိုင်တဲ့ တစ်နေ့ကို ရောက်လာပါလိမ့်မယ်၊ မေစစ်မင်းမှာ စိတ်ဓာတ်ခွန်အားတွေ အများကြီး ရှိတာပဲ၊ အဲ့ဒီခွန်အားတွေကို ထုတ်သုံးသင့်တယ်၊ ဘဝကို လက်တွေ့ကျကျ ရင်ဆိုင်ဖို့ သတ္တိမွေးရမယ်..."



www.burmeseclassic.com

www.burmeseclassic.com



သူမက ငြိမ်သက်တွေဝေသွားပြန်သည်။ ပြီးတော့ တိုးတိမ်စွာ ဆက်ပြောသည်။

"ပြီးတော့ ... ပြီးတော့ ကျွန်မ သူ့အိမ်ကို ဖုန်းဆက်ချင်တယ် ဆရာ ..."

"မေစစ်မင်း တွေးကြည့်လေ ...၊ အဲဒီလို ဆက်လိုက်ရင် သူ့အမျိုးသမီး သိသွားမယ်၊ ပြဿနာတွေ ဖြစ်ကြမယ်၊ ကဲ ... သူတို့ ကွဲသွားကြပါပြီတဲ့၊ မေစစ်မင်းက နိုင်သတိုးနဲ့ လိပ်ပြာသန့်သန့် ပျော်ပျော်ရွှင်ရွှင် ပေါင်းသင်းနိုင်မှာတဲ့လား ..."

"ဟင့်အင်း ... မသေချာဘူး ဆရာ"

"ဆရာ နားလည်ပါတယ်၊ မေစစ်မင်းမှာက ကိုယ့်ကိုယ်ကို တစ်ဖိုးထားမှု မြင့်မားတယ်၊ အဲ့ဒါကြောင့်ပဲ တန်ဖိုးထားမှုနဲ့ အချစ်နဲ့ လွန်ဆွဲပြီး ပဋိပက္ခတွေ ဖြစ်ရတာပေါ့ ...။

"မေစစ်မင်း သူနဲ့ ပေါင်းရင်လည်း အလိုမကျမှုတွေ ဆက်ဖြစ်နေရဦးမှာပဲ၊ တစ်သက်လုံးလည်း နောင်တတွေ ရချင်ရနေနိုင်တယ်၊ မေစစ်မင်း လိုချင်တဲ့ ဂုဏ်သိက္ခာရှိတဲ့ မိသားစုဘဝကို နိုင်သတိုးက ပေးချင်မှပေးနိုင်မှာလေ၊ အဲဒီအခါ ပိုပြီး စိတ်ဆင်းရဲရမယ်၊ ဆရာ့အနေနဲ့ အားမနာတမ်း ပြောရရင် ကွဲသွားတာကတောင် ပိုကောင်းတယ်လို့ ထင်တယ် ...။





"မေစစ်မင်းကို ဖုန်းမဆက်ပါနဲ့လို့ ဆရာ မတားဘူး၊ ဒါပေမယ့် ဆရာ နားလည်ထားတာကတော့ ကိုယ့်ကိုယ်ကို တန်ဖိုးထားမှု မြင့်မားတဲ့ သူတွေဟာ ကိုယ့်ကိုယ်ကိုလည်း ထိခိုက်အောင် မလုပ်ဘူး၊ သူတစ်ပါးကိုလည်း ထိခိုက်အောင် မလုပ်ဘူး ..."

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com





❧ ❧ ❧

မေစစ်မင်းသည် စကားလုံးများ၏ စေ့ဆော်မှုဖြင့် လက်ရှိဘဝထဲသို့ တရွေ့ရွေ့ ပြန်ဝင်လာသည်။ အသိစိတ်၏ လက်တံများသည် လွင့်မျောလုဆဲဆဲ သူမကို ပြန်လည်ချုပ်နှောင်ဆွဲယူလိုက်သည်။

အနည်းငယ် ကျဉ်းမြောင်းသော်လည်း အလင်းရောင်နှင့် လေကောင်းစွာရသော အခန်းထဲမှာတော့ counselling တစ်ခုသည် အနုပညာမြောက်စွာ လှပစွာ ရှင်သန်လျက်ရှိပါသည်။

"တကယ်တော့ ချစ်ခြင်းမေတ္တာဆိုတာ ဘယ်လို အချိန်အခါမျိုးမှာမဆို ဘယ်လိုအခြေအနေမျိုးမှာမဆို ပေါက်ဖွားလာတတ်တာပဲ၊ ချစ်မိတဲ့ အဖြစ်ကို နောင်တနဲ့ နာကျင်စရာ



www.burmeseclassic.com

www.burmeseclassic.com



လည်း မလိုဘူး၊ အချစ်ကြောင့် လူတွေရဲ့ဘဝတွေ ကြေမွ ပျက်သုဉ်းရတာမျိုးလည်း မဖြစ်သင့်ဘူး၊ ဘဝမှာ အချစ်က အရေးကြီးတာတော့ မှန်တယ်၊ ဒါပေမယ့် အချစ်ထက်ပိုပြီး အရေးကြီးတာတွေလည်း ရှိသေးတယ် ...။

"လောကကြီးမှာ မေစစ်မင်းအပြင် အသည်းကွဲဖူးတဲ့ သူတွေ အများကြီးရှိမှာပါ၊ မေစစ်မင်းထက်ပိုပြီး အလိုမပြည့်တဲ့သူတွေ၊ ခံစားနာကျင် ခြေကုန်လက်ပန်းကျဖူးကြတဲ့ သူတွေလည်း ရှိမှာပါ ...၊ မေစစ်မင်းလောက် အရည်အချင်း မရှိတဲ့သူတွေတောင်မှ သူတို့နည်း သူတို့ဟန်နဲ့ ကြိုးစားထူမတ်သွားကြသေးတာပဲ ...။

"ဘဝမှာ ကိုယ်မရတာတွေကို စဉ်းစားနေမယ့်အစား ကိုယ်ရထားတာတွေကို ပြန်စဉ်းစားကြည့်ပါလား မေစစ်မင်း၊ မေစစ်မင်း လိုချင်တဲ့ မိသားစုဘဝကို မရပေမယ့် ... အင်း ... မရသေးပေမယ့်လို့ သုံးရမယ်ထင်တယ်၊ တစ်ချိန်ချိန်မှာ ရလာနိုင်သေးတာပဲလေ ...၊ ဒါတွေကို မစဉ်းစားဘဲနဲ့ မေစစ်မင်းရဲ့ ပိုင်ဆိုင်မှုတွေ အရည်အချင်းတွေကို ပြန်စဉ်းစားကြည့်ပါလား ...၊ မေစစ်မင်းမှာ အားနည်းချက်တွေ ရှိသလို အားသာချက်တွေလည်း အများကြီး ရှိနေတယ် ...။

"အားနည်းချက်က စိတ်ခံစားမှုကို ဦးစားပေး





တာပဲ၊ အားသာချက်က မေစစ်မင်းဟာ ကိုယ့်ကိုယ်ကို တန်ဖိုးထားမှု မြင့်မားတယ်၊ မိဘဆီက မှန်ကန်တဲ့မေတ္တာ မရပေမယ့် ပျက်စီးမသွားဘူး၊ ကိုယ်ပိုင် အရည်အချင်းနဲ့ ဒီအခြေအနေထိရောက်အောင် ကြိုးစားဆောက်တည်နိုင်တယ်၊ မေစစ်မင်းမှာ တော်ရုံ မိန်းကလေးမှာ မရှိနိုင်တဲ့ အောင်မြင်မှုတွေ ပိုင်ဆိုင်မှုတွေ ရှိတယ်၊ အချစ်ကို ကိုးစားပေမယ့် သူတစ်ပါးအပေါ် စာနာစိတ်လည်း ရှိတယ်၊ အဲဒီလို မိန်းမတစ်ယောက်ရဲ့ ဘဝဟာ ဘာအတွက် ကျဆုံးရမှာလဲ မေစစ်မင်း ..."

မေစစ်မင်းသည် တဖြည်းဖြည်း ကိုယ့်ကိုယ်ကို ပြန်ရှာတွေ့စ ပြုလာသည်။ ဦးလင်းမောင်၏ စကားလုံးတိုင်းက အိပ်ပျော်နေသော အသိစိတ်ကို ညင်သာစွာ နှိုးဆွနေသည်။ မေစစ်မင်းရဲ့ ခန္ဓာကိုယ်သည် အနည်းငယ်မတ်လာသည်။ မှိန်ဖျော့သော မျက်ဝန်းတွေ အရောင်လက်လာသည်။

"အချစ်ဆိုတာ အိပ်မက်ရှည် တစ်ခုလိုပဲတဲ့၊ ဆရာ ငယ်ငယ်က ဝတ္ထုတစ်ပုဒ်မှာ ဖတ်ခဲ့ဖူးတယ်၊ အိပ်မက်ထဲမှာ ငိုရတယ်၊ ရယ်ရတယ်၊ လွမ်းမောနာကျင်ရတယ်၊ အိပ်မက်က နိုးသွားရင်တော့ ဒါတွေအားလုံးထဲက လွတ်မြောက်သွားနိုင်တာပဲ၊ မေစစ်မင်းကို အိပ်မက်က နိုးစေချင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



နံရံကပ်နာရီဆီက နာရီဝက်တစ်ကြိမ် မြည်သံတစ်ချက် ပေါ်လာသည်။ အခန်းက တိတ်ဆိတ်သွားသည်။ ခန္ဓာကိုယ်သည် ယုံကြည်ခြင်းဖြင့် မတ်လာသည်။ ဦးလင်းမောင်က မေစစ်ကို ယုံကြည်သော အားပေးသော မျက်ဝန်းများဖြင့် နွေးထွေးစွာ ကြည့်နေသည်။

မေစစ်မင်းရဲ့ ဖြူဖျော့သော မျက်နှာသည် တဖြည်းဖြည်း သွေးရောင်လွှမ်းလာသည်။ တင်းတင်းစေ့ထားသော နှုတ်ခမ်းတစ်စုံရဲ့ အစွန်းနှစ်ဖက်သည် ပျော့ပျောင်းစွာ အနည်းငယ် ကော့လာသည်။

"ခုလောလောဆယ်မှာ မေစစ်မင်း ကိုယ့်ကိုယ်ကို ပျောက်ဆုံးနေလိမ့်မယ်၊ ကိုယ့်ကိုယ်ကို ပြန်ရှာတွေ့ချင်ရင် who am I? ဆိုတာ၊ စဉ်းစားကြည့်၊ ငါဘယ်သူလဲဆိုတာ စဉ်းစားကြည့်၊ အဲဒါဆို ကိုယ့်ကိုယ်ကို တန်ဖိုးထားစရာတွေ ပြန်မြင်လာပါလိမ့်မယ်"

ဦးလင်းမောင်၏ စကားသံတွေ ရပ်တန့်သွားသည်။ မေစစ်မင်းရဲ့အကြည့်က ဦးလင်းမောင်ရဲ့နောက်ကျောဘက် နံရံမှာ ချိတ်ဆွဲထားသည့် ဆောင်ပုဒ်ကလေးဆီတရွေ့ရွေ့ရောက်သွားသည်။

*"သင့်ဘဝမှာ နားထောင်ပေးမယ့်သူ တစ်ယောက်သာရှိရင် ကံကောင်းသော ဘဝဟု ဆိုနိုင်ပြီ ..."*

မေစစ်သည် ကျေးဇူးတင်စွာ ပြုံးလိုက်၏။





"အိပ်မက်က နိုးဖို့ ကျွန်မ ကြိုးစားပါ့မယ် ဆရာ"

"သိပ်မကြာခင် နိုးသွားလိမ့်မယ်လို့ ဆရာ ယုံကြည်ပါတယ် မေစစ်မင်း ..."

သူမရဲ့ ခြေသံက တရွေ့ရွေ့ ဝေးသွားသည်။ ဦးလင်းမောင်က ထိုင်ခုံနောက်မှီကို သက်သောင့်သက်သာ မှီရင်း သူ့ရဲ့ အောင်မြင်မှုအတွက် ကျေနပ်စွာ ပြုံးလိုက်သည်။

ဒီနေရာကို သူမ နောက်တစ်ကြိမ် ရောက်မလာနိုင်တော့ဘူးဆိုတာ သူ ယုံကြည်ပါသည်။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com



## ကိုယ့်ကိုယ်ကို ပြန်လည်ရှာဖွေခြင်း
## (သို့)
## အိပ်မက်မှ နိုးထခြင်း

www.burmeseclassic.com

www.burmeseclassic.com



❀ ❀ ❀

အခန်းသည် Air con ဖြင့် အေးစိမ့်ကာ ရနံ့ဖျော့ဖျော့ကလေးလည်း မွှေးနေသည်။ ပန်းဖျော့ရောင် လိုက်ကာစရှည်ကြီးများကို တစ်ဖက်တစ်ချက်စီမှာ ဆွဲကပ်ထားသဖြင့် မှန်တံခါးကျယ်များမှတစ်ဆင့် အပြင်ဘက်မှ လရောင် တစ်ဝက်တစ်ပျက်ကို လှမ်းမြင်နိုင်သည်။

ပန်းဖျော့ရောင် အိပ်ရာဖုံးများဖြင့် လှပကျယ်ပြန့်သော ခုတင်ပေါ်မှာတော့ မေစစ်မင်းသည် မျက်ဝန်းတွေကို မှုမှိတ်ကာ ခန္ဓာကိုယ်ကို ဖြေလျော့ကာ သက်သောင့်သက်သာ လဲလျောင်းနေသည်။ သူမရဲ့ နက်မှောင်သန့်စွမ်းသော ဆံပင်များက ပန်းနုရောင် အိပ်ရာဖုံးပေါ်မှာ လှပစွာ ဖြာဝေနေသည်။ ညအိပ်ဝတ်စုံ ဆင့်ရှယ်



www.burmeseclassic.com

www.burmeseclassic.com



ရောင် ကလေးက သူမ ခန္ဓာကိုယ်ကို သက်သောင့်သက်သာ ရှိရှုံသာ ဖုံးလွှမ်းထားသည်။

night light ပြာဖျော့ဖျော့ကလေးနှင့် တစ်ဝက်တစ်ပျက် လရောင်သည်သာ အခန်းထဲမှာ ဖျော့တော့တော့ လင်းနေသည်။

အရာအားလုံး တိတ်ဆိတ်ငြိမ်သက်နေခဲ့ပြီး CD ကက်ဆက်ဆီမှ ငြိမ်းချမ်းသော အသံတစ်သံသည်သာ ညင်သာစွာ ထွက်ပေါ်လျက်ရှိပါသည်။

"အင်မတန် ငြိမ်းချမ်းတဲ့ နေရာလေးတစ်ခုကို သွားမယ်လို့ စိတ်ကူးထားလိုက်ပါ ...

"အဲဒီနေရာလေးဟာ ကိုယ်နေတဲ့ နေရာနဲ့ သိပ်မဝေးလှဘူး ...

"ကိုယ်နေတဲ့ နေရာနဲ့ မနီးမဝေးမှာ ရှိနေတဲ့ တောင်ကုန်းကလေး တစ်ခုပေါ်မှာ ရပ်နေတယ်လို့ စိတ်ထဲမှာမှန်းပြီး ပုံဖော်ကြည့်ပါ ...

"တောင်ကုန်း ပြေပြေလေးပါ ...

"အဲဒီ တောင်ကုန်းလေးရဲ့ ထိပ်မှာ ရပ်နေတယ်၊ ရာသီဥတုကလည်း အေးချမ်းပြီးတော့ သာယာနေတယ် ...

"ငှက်သံလေးတွေ ကြားရတယ် ...

"လေတိုက်တာလေးကလည်း အေးနေတယ် ...





"စိတ်ထဲမှာ အဲဒီ ငှက်သံလေးတွေကို မှန်းပြီး နားထောင်ကြည့်ပါ ...

"လေတိုက်တာလေး အေးနေတာကိုလည်း စိတ်ကူးထဲမှာ ခံစားကြည့်လိုက်ပါ ...

မေစစ်သည် မျက်လုံးကလေး ဖွဖွမှိတ်ကာ ညင်သာသော ထိုစကားသံထဲတွင် လိုက်ပါစီးမျော ခံစားလျက်ရှိသည်။

ဒါဟာ အိပ်မပျော်သော ညတွေကို သက်သောင့်သက်သာ ဖြတ်သန်းဖို့ နည်းလမ်းတစ်ခုဖြစ်သည်။

မေစစ်မင်းသည် ခံစားရသော ဝေဒနာများကို ကျော်လွှားနိုင်ဖို့ ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ကြိုးစားအားထုတ်နေခဲ့တာ ခုဆို အောင်မြင်စ ပြုခဲ့ပြီ ...။

အသံက အေးအေးသာသာ ဆက်လက်ထွက်ပေါ်နေသည်။ မေစစ်မင်းရဲ့ ခန္ဓာကိုယ်ပေါ်က တောင့်တင်းမှုတွေ ဖြည်းဖြည်းချင်း ပြေလျော့လာသည်။

မေစစ် ဘာကိုမှ မတွေး ...။

အသံကခိုင်းသည့်အတိုင်း လုပ်သည်။

တောင်ကုန်းပြေပြေလေးပေါ်မှာ ရပ်တန့်ကြည့်သည်။ လေညင်းကို ရှူရှိုက်ကြည့်သည်။ ငှက်သံလေးကို နားဆင်ကြည့်နေသည်။

ဘာဖြစ်လို့ အိပ်ဆေးတွေ၊ စိတ်ငြိမ်ဆေးတွေကိုချည်း



www.burmeseclassic.com

www.burmeseclassic.com



အားကိုးနေမလဲ ... ။ ငြိမ်းချမ်းခြင်းကို ရှာဖွေဖို့ နည်းလမ်းတွေ ဒီကမ္ဘာပေါ်မှာ အများကြီး ရှိတာပဲ။ စိတ်ကို စိတ်ချင်းသာ ကုနိုင်သည်။

ဆရာတော် ဦးဇောတိက၏ ငြိမ်းချမ်းခြင်းတရားသံက သူမရဲ့ စိတ်ကို အိပ်စက်ခြင်းဆီ ညို့ခေါ်သွားသည်။

"မျက်နှာမူတဲ့ ဘက်မှာတော့ နောက်ထပ်တောင်ကုန်းလေး တစ်ခု ရှိတယ် ...

"တောင်ကုန်းပြေပြေလေးပဲ ...

"တောင်ကုန်းလေး နှစ်ခုကြားမှာတော့ စမ်းချောင်းလေး တစ်ခု ရှိတယ် ...

"... ...

"... ...

"ကိုယ်ရပ်နေတဲ့ တောင်ကုန်းအဆင်းမှာ လှေကားထစ် ဆယ်ထစ်ရှိတယ် ..."

"... ... ..."

"လှေကားဘေးနားမှာ ပန်းပင်တွေရှိတယ်၊ အဖြူရောင်၊ အနီရောင်၊ အဝါရောင် ပန်းတွေ ပွင့်နေတယ် ...

"မြက်ခင်းလေးကလည်း စိမ်းစိုနေတယ် ...

"... ... ... ..."

"လှေကားထစ်တွေကို တစ်ထစ်ချင်း ဆင်းနေတယ် ...





"... ... ... ..."

"တောင်ကုန်းအောက်ကို ရောက်သွားရင်၊ စမ်းချောင်းလေးနား ရောက်သွားရင် အင်မတန် အေးချမ်းသွားမယ် ...

"ရာသီဥတုကလည်း ပိုပြီး အေးချမ်းသွားမယ် ...

"နောက်တစ်ထစ် ဆင်းလိုက်ဦးမယ် ..."

မေစစ်သည် လှေကားထစ်တွေအတိုင်း တဖြည်းဖြည်း တရွေ့ရွေ့ ဆင်းလျက်ရှိသည်။ လှေကားနံဘေးက ရောင်စုံပန်းပွင့်ကလေးတွေရဲ့ ရနံ့ကို ရှိုက်ရှူသည်။ လတ်ဆတ်သော လေညင်းက မေစစ်ကို ထိတွေ့ ကျီစယ်သွားသည်။

စမ်းချောင်းကလေးနားသို့ မေစစ် ရောက်သွားခဲ့ပြီ။ ကျောက်တုံးတွေကို ထိတွေ့တိုးတိုက် စီးဆင်းသွားသော ရေသံလေးတွေကို ကြားရသည်။ အလွန်ညင်သာပါသည်။ ရေအောက်မှာ လူးလွန့်ကူးခတ်သွားသော ငါးကလေးတွေကိုလည်း မြင်နေရသေးသည်။

မေစစ်ရဲ့ စိတ်သည် ငြိမ်းချမ်းသောနေရာသို့ လွင့်စဉ် ရောက်ရှိသွားသည်။


အိပ်စက်ခြင်းသည် သူမထံသို့ ညင်သာစွာ ပြန်လည် ရောက်ရှိလာခဲ့လေသည်။

▼ ▼ ▼



www.burmeseclassic.com

www.burmeseclassic.com





❦ ❦ ❦

မေစစ်သည် အခန်းနံရံမှ ကလေးပုံများကို ဖြုတ်ယူသိမ်းဆည်းလိုက်သည်။ မှန်တင်ခုံရှေ့မှာ ရပ်မိသောအခါ မှန်ကြည့်ဘူးထဲမှာ ထည့်ထားသော ခရမ်းရောင် သစ်ခွပွင့် ရင်ထိုးကလေးကို မြင်ရသည်။

မေစစ်သည် ထိုရင်ထိုးကလေးကို လက်ညှိုးကလေးဖြင့် အသာအယာ တို့ထိကြည့်ရင်း စိတ်တွေ လွင့်ထွက်သွားသည်။

"အချစ်ဆိုတာ ဘယ်အချိန်မှာ စပြီး ဘယ်အချိန်မှာ ဆုံးမယ်လို့ ကြိုတင်ကြံစည်လို့မှ မရတာဘဲ မေရယ်၊ ဒါပေမယ့် မေ့သဘောပါ၊ မေစိတ်ချမ်းသာသလိုသာ လုပ်ပါ၊ ကိုယ်နာခံပါ့မယ် ..."

ပုညခင် စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



အို ... မတွေးနဲ့ ... ။ မတွေးပါနဲ့တော့ မေစစ်မင်းရယ် ... ။

မေစစ်သည် မျက်လုံးကို ဖွဖွမှိတ်ကာ ကိုယ့်ကိုယ်ကို အမိန့်ပေးလိုက်သည်။ အတွေးတွေကို ချက်ချင်း ရန်တန့်လိုက်ပြီး အသက်ကို ရှိုက်၍ ရှူသည်။

"တစ် ... နှစ် ... သုံး ... လေး ..."

အကြိမ် တစ်ရာ့ငါးဆယ် ပြည့်အောင် လိုက်မှတ်နေသည်။

အသက်ရှူထုတ်လိုက်တိုင်း သောကတွေအားလုံး မေစစ်ရဲ့ ခန္ဓာကိုယ်ထဲမှ၊ နှလုံးသားထဲမှ ယိုစီးထွက်သွားကြပြီဟု တွေးလိုက်သည်။

မေစစ် မက်မောကိုးစားခဲ့ဖူးသော သူ့အကြည့်၊ သူ့စကား၊ သူ့အပြုအမူတွေ အတွေးထဲရောက်လာတိုင်း ... ။ မိန်းမတစ်ယောက်နှင့် အတူရှိနေမည့် သူ့နေ့စဉ်ဘဝကို တွေးမိလိုက်တိုင်း ... အတွေးတွေကို ရပ်တန့်၍ အသက်ရှူသည်။ ပင်ပန်းလှပါသည်။ သို့သော် ... ပင်ပန်းရင်းကပင် ရင်ဆိုင်ကျော်လွှားနိုင်လာသည်။

—

♥ ♥ ♥





✤ ✤ ✤

မေစစ်မင်းရဲ့ ဖြူဖျော့ဖျော့ အသားအရည်တွေ သွေးရောင်လွှမ်းလာသော၊ မျက်ဝန်းလေးတွေ အရောင်လက်ဖြာလာသော သာယာသော နွေဦးတစ်နေ့တွင် မေစစ်ရဲ့ ဆိုင်မှ ဝန်ထမ်းမိန်းကလေးများကို မေစစ် အိမ်သို့ ဖိတ်ကြားကာ gathering ပါတီလေးတစ်ခု လုပ်ဖြစ်လေသည်။

မေစစ်ကို ချစ်ခင်ကြသော ကောင်မလေးတွေက တပျော်တပါးကြီး ရောက်ရှိလာကာ ဆူညံပျော်ရွှင်လျက် စားသောက်ဖွယ်ရာတွေ စီစဉ်နေကြသည်။ စန္ဒီက ဦးဆောင်သူဖြစ်သည်။

စားသောက်စရာတွေ ဝိုင်းဖွဲ့စားသောက်ကြရင်း စကားတတ်သော ချိုမေက စ,တင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ချိုမေတော့ မမမေစစ်ကို အရမ်းအားကျတယ် သိလား၊ မမက တအားလည်း လှတယ်၊ တအားလည်း တော်တယ်၊ ချိုမေတို့ လှတယ်ဆိုတာက ပြင်နိုင်လွန်းလို့ လှတာ၊ မမက ဘာမှ မပြင်ရဘဲလည်း လှနေတာ၊ ချိုမေတော့ မမကို ချစ်လွန်းလို့ ဘယ်ယောကျ်ားနဲ့မှ မတန်ဘူးတောင် ထင်တယ်"

"အံမယ် ... ချိုမေနော်၊ မမကို အပျိုကြီးဖြစ်အောင် ဖိအားပေးမနေနဲ့ ..."

စန္ဒီက မျက်လုံးပြူးကာ အော်လိုက်တော့ ရယ်သံတွေ ဆူညံသွားသည်။ ချိုမေက မေစစ်ကို ချစ်ခင်စွာ ကြည့်ရင်း ...

"ချိုမေ ... အရမ်းသိချင်တာ တစ်ခုရှိတယ် သိလား"

"ဘာလဲ ... ဘာစပ်စုဦးမလို့လဲ၊ မမ သူ့ဘာသာ အေးအေးဆေးဆေး နေပါစေ"

"သိချင်လွန်းလို့ပါဟယ် ... မေးပါရစေ ..."

"မေး ... မေး ... ချိုမေ ဘာသိချင်လဲ၊ မမ ဖြေမယ်"

မေစစ် ဝင်ပြောတော့ ချိုမေက ဟီခနဲ ရယ်ရင်း ...

"ဟိုလေ ... မမမှာ ချစ်သူ ရှိလားလို့ ..."

"ဟဲ့ ... ဘာတွေ လျှောက်မေးနေတာလဲ ..."

တစ်စွန်းတစ်စ ရိပ်မိနေသော စန္ဒီက ဝင်ဟန့်လိုက်တော့ ချိုမေ ဇက်ပုသွားသည်။ မေစစ်သည် ချိုမေ့ မေးခွန်းအတွက် ဘာမှ မဖြစ်သလို ပြုံးနိုင်သော ကိုယ့်ကိုယ်ကို အံ့သြသွားသည်။





"မေးပါစေ စန္ဒီရယ် ... ချိုမေ မေးတာ မမ ဖြေမယ်၊ ဒါပေမယ့် မမ မေးတာကိုလည်း ချိုမေတို့အားလုံး ဖြေရမယ်၊ ဘယ့်နှယ်လဲ ..."

"ဖြေမယ် မမ ..."

"မမမှာ ခု လောလောဆယ် ချစ်သူမရှိပါဘူး၊ ချစ်တော့ ချစ်ခဲ့ဖူးတယ်၊ အသည်းလည်း ကွဲခဲ့ရတယ်၊ ဒဏ်ရာအနာတရတွေ ရခဲ့ဖူးတယ်ပေါ့ ..."

မေစစ် စကားကြောင့် အားလုံး စိတ်မကောင်းသလို တိတ်ဆိတ်သွားသည်။ မေစစ်က ပေါ့ပေါ့ပါးပါး ရယ်မောလိုက်ရင်း ...

"ကဲ ... မမ ဖြေပြီးပြီနော်၊ ချိုမေတို့ ဖြေရမယ့် အလှည့်ပဲ၊ ချိုမေတို့ အားလုံးရဲ့ အချစ်နဲ့ပတ်သက်တဲ့ အတွေ့အကြုံတွေ မမ သိချင်တယ် ..."

"ဝိုး ..."

မိန်းကလေးအုပ်စုက တစ်ပြိုင်နက်တည်း အသံတွေ ထွက်လာသည်။ ပြုံးနေသော ချိုမေ့ မျက်နှာကလေးက တည်သွားကာ ...

"ချိုမေ အရင်ဖြေမယ် မမ ..."

မေစစ်က ချိုမေ့ကို စူးစိုက်ကြည့်မိသည်။ ချိုမေ့ မျက်နှာလေးပေါ်မှာ နာကြည်းရိပ်ကို ဖျတ်ခနဲ တွေ့လိုက်ရသည်။ အားလုံးက ချိုမေ့ထံမှာ အာရုံစူးစိုက်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ချိုမေ ရည်းစား သုံးယောက် ထားဖူးတယ်"

"ဟယ် ... မထင်ရဘူးတော့ ..."

ကျန် မိန်းကလေးတွေက ဝိုင်းအော်လိုက်ကြပြန်သည်။

"သုံးယောက်စလုံးက ချိုမေ့ကို ထားခဲ့တယ်"

"ဟယ် ... တကယ် ..."

"တကယ်ပြောတာပါ၊ ချိုမေ့ ရုပ်ရည်၊ ချိုမေ့ အခြေအနေနဲ့ ချိုမေ့ကို မြတ်နိုးတန်ဖိုးထားတဲ့ ချစ်သူတစ်ယောက်တော့ ရနိုင်မှာပဲလို့ ချိုမေ ထင်ခဲ့တယ်၊ ဒါပေမယ့် အချစ်ဆိုတာလည်း ကံတရားပဲ၊ ပထမတစ်ယောက်က ချိုမေနဲ့ ချစ်သူဖြစ်ပြီး လေးလကြာတော့ ချိုမေ့ကို ထားခဲ့တယ်၊ သူက ပြောတယ်၊ ပျင်းသွားပြီတဲ့၊ အဲဒီလို ပြောပြီး နောက်တစ်ယောက်နဲ့ တွဲတယ်၊ အဲဒီလို အောက်တန်းကျတဲ့ သူမျိုးကိုမှ ချိုမေကချစ်မိတာ ဘယ်လောက် ဆိုးသလဲနော်။

"နောက်တစ်ယောက်ကျတော့ ချိုမေနဲ့ တစ်ပြိုင်တည်း ရည်းစားတွေ အများကြီးထားတယ်၊ ချိုမေကပြောတော့ သူ့အခွင့်အရေးကို ထိပါးတယ်ဆိုပြီး ထားခဲ့ပြန်တယ် ...။

"နောက်ဆုံးတစ်ယောက်ကျတော့ သူအသုံးလိုတိုင်း ချိုမေ့ဆီက ပိုက်ဆံချေးပြီး ပြန်လည်းမပေးဘူး၊





ချိုမေက တောင်းတော့ သူ့အပေါ် နားလည်မှုမရှိဘူး၊ ငွေမက်တယ်လို့ စွပ်စွဲပြီး ထားသွားပြန်တယ်၊ ကဲ ... ဇာတ်လမ်းတွေက တစ်ခုမှ အချိုးပြေတာ မရှိဘူးလေ၊ အခုတော့ ချိုမေ ရည်းစားထားရမှာ ကြောက်နေပြီ"

အားလုံးက တခဲနက် တိတ်ဆိတ်သွားသည်။ မေစစ်သည် ချိုမေ့ကို တအံ့တဩ စိုက်ကြည့်နေမိသည်။ ချိုမေလို အမြဲတမ်း ရွှင်ပျကာ ပေါ့ပါးသွက်လက်နေသော မိန်းကလေးထံမှာ ဒီလို နာကြည်းစရာ အတွေ့အကြုံမျိုး ရှိလိမ့်မည်ဟု မေစစ် မထင်ခဲ့ပါ။

ထိုခဏမှာ ရှိုက်သံလိုလို အသံသဲ့သဲ့လေးကို ကြားလိုက်ရတာမို့ မေစစ်က မိန်းကလေးအုပ်စုဘက်သို့ လှည့်ကြည့်သည်။

"ဟင် ... မိုး ... ဘာဖြစ်လို့လဲဟင်"

မေစစ်က ဝမ်းပန်းတနည်း ငိုရှိုက်နေသော မိုးပန်းလေးကို ဆုပ်ကိုင်လိုက်သည်။

"မိုး ဝမ်းနည်းလို့ပါ မမရယ်၊ မိုးတို့ ဘာဖြစ်လို့ ကံမကောင်းကြတာလဲ ...၊ မိုးအဖြစ်ကျတော့ ချိုမေ့ထက်ဆိုးတယ်၊ မိုးချစ်သူက မိုးနဲ့ လက်ထပ်မယ့်နေ့မှာပဲ အက်ဆီးဒင့်ဖြစ်ပြီး ဆုံးသွားခဲ့တယ်"

"ဘုရားရေ ..."



www.burmeseclassic.com

www.burmeseclassic.com



မေစစ်သည် မျိုးကို အသာအယာ ဖက်ပွေ့နှစ်သိမ့်လိုက်မိသည်။

လောကကြီးမှာ ကိုယ့်ထက် အဖြစ်ဆိုးသူတွေလည်း ရှိနိုင်တာ၊ သူတို့လည်း သူတို့အားအင်နှင့် သူတို့ ဆက်လက် ရပ်တည်နိုင်တာကို တဖြည်းဖြည်း နားလည်လာသည်။

ဒဏ်ရာနဲ့ ကင်းသူ ဘယ်သူရှိနိုင်သလဲ။ ရှိလျှင်လည်း ရှားလိမ့်မည်။

မေစစ်လောက် မအောင်မြင်သည့် မိန်းကလေးတွေတောင် ဟန်မပျက် ရပ်တည်နိုင်သေးရင် မေစစ်က ဘာဖြစ်လို့ မရပ်တည်နိုင်ရမှာလဲ။

မေစစ်သည် ပျောက်ဆုံးနေသောအရာများကို ပြန်ရှာဖွေတွေ့ရှိလာပါသည်။

♥ ♥ ♥





❦ ❦ ❦

စာရွက်ဖြူပေါ်တွင် ပုံဆွဲခဲတံ တစ်ချောင်းက လျှင်မြန်သွက်လက်စွာ ရွေ့လျားနေခဲ့ပါသည်။ အနားမှာ ဆွဲပြီးသား စာရွက်ထပ်တွေ ပြန့်ကျဲနေသည်။ ပြီးတော့ ကတ်ကြေးတစ်ချောင်း ရှိသည်။ ပြန့်ကျဲနေသော ပိတ်စတွေ ရှိသည်။

ညသည် တိတ်ဆိတ်ငြိမ်သက်လျက်ရှိပြီး မေစစ် တစ်ယောက်တည်းသာ သက်ဝင်လှုပ်ရှားနေသည်။

မကြာမီ အလုပ်ခန်းရဲ့ အဝမှာ ခြေသံဖွဖွကြားရသည်။ ခြေသံက မေစစ်နှင့် တဖြည်းဖြည်း နီးလာသော်လည်း မော့မကြည့်မိဘဲ ဆွဲလက်စ ဒီဇိုင်းထဲမှာသာ အာရုံဝင်စားနေသည်။

"ဟယ် ... မမ၊ မမ အလုပ်တွေ ပြန်လုပ်နိုင်ပြီ၊ မမရယ် ဝမ်းသာလိုက်တာ၊ စန္ဒီ ဝမ်းသာလိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



စန္ဒီ့ရဲ့ ဝမ်းသာအားရ အော်သံကြောင့် မေစစ် လန့်ဖျပ်သွားသည်။

"စန္ဒီ ဘာပြောတာလဲ ..."

မေစစ်သည် စန္ဒီ့ကို အမှတ်တမဲ့ ပြန်မေးရင်း ကိုယ့်ကိုယ်ကို သတိထားမိသွားကာ ရင်ထဲ လှပ်ခနဲ အေးသွားသည်။ အနားက ညှပ်ပြီးသား ပိတ်စတွေ၊ ဆွဲပြီးသား ဒီဇိုင်းတွေကို တအံ့တဩ ပြန်ငုံ့ကြည့်မိရင်း ရင်တွေ တဒိန်းဒိန်း ခုန်လာသည်။

ငါ ... ငါ ... တကယ်ပဲ အလုပ်တွေ ပြန်လုပ်နိုင်ပြီ။

"မမ ... မမရယ် ..."

စန္ဒီက မေစစ်ကို အားကုန် ပွေ့ဖက်ဖေ့ယမ်းလိုက်လေသည်။

♥ ♥ ♥

ပုညခင် စာအုပ်တိုက်

# အသည်းကွဲပြီးနောက် ၆ လ အကြာ

www.burmeseclassic.com

www.burmeseclassic.com



❀ ❀ ❀

Traders Hotel ballroom ထဲတွင် ညှို့ပရိသတ်များ တစ်စထက်တစ်စ များပြားလာခဲ့လေပြီ။

ဖက်ရှင်နှင့် အလှအပ ဆိုင်ရာ မဂ္ဂဇင်းများ၊ ဂျာနယ်များမှ သတင်းထောက်များလည်း တဖွဲဖွဲ ရောက်ရှိလာခဲ့သည်။

မကြာမီ အခမ်းအနား စ,တင်တော့မှာမို့ ခန်းမတွင်းမှ မီးရောင်များ တဖြည်းဖြည်း မှိန်ဖျော့သွားကာ stage ပေါ်မှ နေရာလေး တစ်နေရာတွင်သာ မီးရောင်ကလေး လင်းလာသည်။

မကြာမီပင် ထိုမီးရောင်အောက်သို့ အလွန်လှပ စမတ်ကျသော မိန်းမတစ်ယောက်သည် ကိုယ့်ကိုယ်ကို ယုံကြည်မှု အပြည့်ရှိသော ခြေလှမ်းများဖြင့် လှမ်းလာခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ရှည်လျားဖြောင့်စင်းသော ဆံပင်များကို ခပ်မြင့်မြင့် စုစည်းထားလျက်၊ ရိုးရိုးရှင်းရှင်းနှင့် တော်ဝင်ဆန်သော ဖက်ဖူးစိမ်းရောင် ဖျော့ဖျော့ ဂါဝန်ရှည်ရှည်ကို ခါးတွင် ငွေရောင်ခါးပတ် ပျော့လေးဖြင့် ခပ်လျော့လျော့ပတ်ထားသော မေစစ်မင်းသည် ကြော့ရှင်းသော လည်တိုင်မှာ ပုလဲလေး တစ်ကုံးသာ ဆင်မြန်းထားပါသည်။ သူမ ပုံစံက အထွေအထူး မပြင်ဆင်ရဘဲလည်း ကြော့ရှင်းနေသည်။

"အဲဒါ နာမည်ကြီး ဒီဇိုင်နာ မေစစ်မင်းလေ ..."

"သိပ်လှတာပဲနော်"

"အရမ်းလည်း တော်တယ်တဲ့၊ ဒီပွဲက သူ့ရဲ့ တစ်ကိုယ်တော် Bridal show လေ ..."

ပွဲတက်လာသူ တစ်ဦးက အဖော်လိုက်ပါလာသူကို တီးတိုးပြောပြလျက်ရှိသည်။

စင်မြင့်ထက်ဆီမှ သူမ၏ အသံက သာယာစွာ ပျံ့လွင့်လျက်ရှိပါသည်။

"ဒီပွဲဖြစ်မြောက်ဖို့အတွက် ကျွန်မ အခက်အခဲတွေ အများကြီးကို ကျော်ဖြတ်ခဲ့ရပါတယ်၊ ဒီဇိုင်းပညာဆိုတာ ကျွန်မရဲ့ အသက်ပါပဲ၊ ကျွန်မရဲ့ အသက်ကို ကျွန်မ ဘယ်တော့မှ မထိမ်မြင့် မလုပ်ပါဘူး ...၊ ကျွန်မရဲ့ ကြိုးစားအားထုတ်မှု တစ်ခုကို ခုလို အသိအမှတ်ပြု ကြွရောက်ချီးမြှင့်ကြတဲ့ အတွက် ကျွန်မ အများကြီး ကျေးဇူးတင်မိပါတယ်ရှင် ..."





လက်ခုပ်သံတွေ ကြားရသည်။ မကြာမီ stage ပေါ်တွင် မီးရောင်စုံများ လှပစွာ ဖြာကျလာသည်။ မေစစ်၏ လက်ရာ မင်္ဂလာဝတ်စုံများကို ဆင်မြန်းလျက် မော်ဒယ်စုံတွဲတွေ လှပငြိမ့်ညောင်းစွာ လျှောက်လှမ်းလာသည်။ ကင်မရာမီးတွေ တဖျပ်ဖျပ်လက်သွားသည်။

မေစစ်မင်းသည် အနည်းငယ် မီးရောင်ဖျော့သော နေရာတွင် ရပ်တန့်ရင်း စင်မြင့်ထက်ဆီသို့ မျက်ရည်ဝေ့သော မျက်လုံးများဖြင့် လှမ်းကြည့်နေမိပါသည်။ ပီတိက အလွန်ချိုမြိန်သည်။ အောင်မြင်မှုက ဒဏ်ရာတွေကို ကျက်စေသည်။

ထိုပွဲသို့ တက်ရောက်လာသော အထူးဧည့်သည်တော် တစ်ဦးလည်း ရှိခဲ့ပါသည်။

ဦးလင်းမောင်သည် ထိုပွဲဟာ တစ်နည်းအားဖြင့် စိတ်ပညာရှင်တစ်ယောက်ရဲ့ အောင်မြင်မှုဟု ယူဆကာ ပီတိဖြင့် ပြုံး၍ ငေးနေသည်။

ထိုအခိုက်မှာ မေစစ်မင်းရဲ့ အကြည့်တွေက သူ့ထံသို့ ရောက်ရှိလာသည်။ သူက အသာအယာ လက်မထောင်ပြလိုက်တော့ သူမက ဝံ့ကြွားစွာပြုံးလိုက်လေသည်။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com





❦ ❦ ❦

ထိုပွဲအပြီးတွင် ဖက်ရှင်နှင့် အပအလှဆိုင်ရာ မဂ္ဂဇင်းများက မေစစ်မင်းအား အင်တာဗျူး လုပ်ခဲ့ပါသည်။

သူမ၏ ဒီဇိုင်းပညာ၊ Bridal show နှင့် ပတ်သက်သော မေးခွန်းများကို မေးအပြီးမှာ နောက်ဆုံးမေးခွန်းတစ်ခုကို မေးခဲ့၏။

"အောင်မြင်တဲ့ မိန်းမတစ်ယောက်ရဲ့ အချစ်နဲ့ ပတ်သက်တဲ့ အယူအဆ တစ်ခုကို သိချင်ပါတယ်…"

"အချစ် !…"

မေစစ်က မျက်ခုံးကလေးပင့်၍ ပြန်မေးရင်း လှပစွာ ပြုံးကာ…



www.burmeseclassic.com

www.burmeseclassic.com



"အချစ်ဆိုတာ သယ်ဆောင်သွားလို့ ရသလို ချန်ထားခဲ့လို့လည်း ရတဲ့ အရာတစ်ခုပဲ၊ ကျွန်မကတော့ အချစ်ကို မလိုချင်ဘူးလို့ မပြောပါဘူး၊ ဒါပေမယ့် အချစ်မပါဘဲနဲ့လည်း ပျော်ရွှင်စွာ ရှင်သန်ရပ်တည်သွားနိုင်တဲ့ မိန်းမမျိုးပဲ ဖြစ်ချင်ပါတယ် ..."

ဟု ဖြေခဲ့လေသည်။

♥ ♥ ♥



BURMESE CLASSIC .com

# နောက် ၃ နှစ်ကြာသောအခါ

www.burmeseclassic.com

www.burmeseclassic.com



❀ ❀ ❀

ဒီဇင်ဘာ ၃၁ ရဲ့ ညခင်းသည် လှပစွာ လွှမ်းခြုံရှားသက်ဝင် နေခဲ့လေသည်။

ဆောင်းသည် အေးမြလျက်ရှိပြီး နှင်းဖြင့်လည်း စိုစွတ်စ ပြုလာသည်။

Hotel တစ်ခုရဲ့ pool side မှာတော့ New year Eve ပါတီတစ်ခု ကျင်းပနေခဲ့ပါသည်။

မိတ်ဆွေတစ်ဦးက ဖိတ်ကြားသဖြင့် ထိုပွဲသို့ မေစစ်မင်း ရောက်ရှိလာခဲ့ပါသည်။

ထိုပွဲသို့ ရောက်လာသော မိန်းကလေးအတော်များများသည် မေစစ်မင်း၏ လက်ရာကို ဆင်မြန်းထားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



မေစစ်မင်းသည် မေစစ်ကို လာရောက်နှုတ်ဆက်သူတွေကို တုန့်ပြန်နှုတ်ဆက်နေခဲ့ရသည်။

ညခင်းသည် တရွေ့ရွေ့ကုန်ဆုံးလျက် နာရီလက်တံသည် ၁၂ နာရီသို့ ဖြည်းဖြည်းချင်း ချဉ်းကပ်လာသည်။

၁၂ နာရီ ထိုးဖို့ စက္ကန့် အနည်းငယ် အလိုမှာပင် မေစစ်မင်းရဲ့ မြင်ကွင်းထဲသို့ စုံတွဲတစ်တွဲ ဝင်ရောက်လာခဲ့ပါသည်။

အဲ့ဒါဟာ ဒေါက်တာ နိုင်သတိုးတို့ ဇနီးမောင်နှံ ဖြစ်ပါသည်။

နိုင်သတိုးနှင့် မေစစ်မင်းတို့ အကြည့်ချင်းဆုံသွားခဲ့ပါသည်။ ထိုခဏမှာပင် နာရီလက်တံသည် ၁၂ နာရီတိတိသို့ ရောက်ရှိသွားသည်။

"happy new year..."

အချင်းချင်း နှုတ်ဆက်သံတွေ ဆူညံသွားသည်။

မေစစ်မင်းသည် တည်ငြိမ်သော စိတ်နှလုံးဖြင့် နိုင်သတိုးတို့ ဇနီးမောင်နှံ ရှိရာသို့ လှမ်းသွားလိုက်သည်။

ထို့နောက် နိုင်သတိုးတို့ ဇနီးမောင်နှံအား ကြည်လင်စွာ ပြုံးပြလိုက်ရင်း ...

"happy new year ပါ ဆရာ..."

♥ ♥ ♥





အိပ်မက်ရှည်ကြီးတစ်ခု မက်ခဲ့ဖူးတယ်။

ဒါပေမယ့်...

ဤနိမ အခု အိပ်မက်က နိုးသွားပြီ...။

**(မေစစ်မင်း)**

ပုညခင်
7;05 pm
26.11.2005 (Sunday)



www.burmeseclassic.com